# တစ်ကိုယ်တော်ဘာခက်

နှင့်

# ရင်သိမ့်တုန်ဝတ္ထုများ



## ဆွေလှိုင်ဦး

ဒုတိယအကြိမ်

## ဒို့တာဝန်အရေးသုံးပါး

- ☐ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☐ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- ☐ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ဆွေလှိုင်ဦး

## တစ်ကိုယ်တော်ဘခက်နှင့်ရင်သိမ့်တုန်ဝတ္ထုများ


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၇၈၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၃၂၁၀၈၇

**ပုံနှိပ်ခြင်း**

တတိယအကြိမ်

(ဇန်နဝါရီလ - ၂၀၀၈)

အုပ်ရေ (၅၀၀)

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (ဝ၂၉၀၉)

အမှတ် (၁၇၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်တင်တင်ဝေ (၀၃၇၆၀)၊ မိုးမြင့်စာပေ

အမှတ် (၇၅)၊ ၄-လွှာ၊ ဓမ္မစိန္တာလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းဖလင်**

ဇမ္ဗူရာဇ်

**ကွန်ပျူတာစာစီ**

**Asia Born**

**Desktop Publishing & Media Group (727709)**

**မျက်နှာဖုံးပန်းချီ**

(K) ဘသက်း

တန်ဖိုး - ၁၀၀၀ ကျပ်

# ဆွေလှိုင်ဦး

# တစ်ကိုယ်တော်ဘာခက်

## နှင့်

# ရင်သိမ့်တုန်ဝတ္ထုများ

ဖြန့်ချိရေး

**ဘဝအလင်းရောင်စာပေ**

အမှတ် (၁၉)၊ ၄လွှာ၊ တာမွေဈေးလမ်းနှင့်
၁၆၄ လမ်းထောင့်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။

# ဘ၀အလင်းရောင်စာပေမှထွက်ပြီးစာအုပ်များ

၁။ သုသုက (သမ္ဗုဒ္ဓေအမျိုးမျိုးနှင့်တန်ခိုးသိဒ္ဓိများ)
၂။ သုသုက (တော်ဝင်ဂါထာတော်များ)
၃။ ကိုပိုက်(ဝက်ပါတောတွင်းဖြစ်ရပ်ဆန်းနှင့်မုဆိုးများ)
၄။ ဆွေလှိုင်ဦး (မချောဆယ်ယောက် ကိုယ်တစ်ယောက်)
၅။ ကိုပိုက် (ထွေရာတွေးမိ စကားလက်ဆုံ)
၆။ ကိုပိုက် (ဝိညာဉ်ကလဲ့စား)
၇။ ဆွေလှိုင်ဦး (တစ်ကိုယ်တော်ဘဲခက်)ရင်သိမ့်တုန်ဝတ္ထုများ

## (တစ်)

ည.....၊
လမိုက်သည်။
လေတိုက်သည်။
နေသည် ကမ္ဘာ၏ ဟိုမှာဘက်ခြမ်းတွင် ရောက်နေ၏။
ပြီးတော့ မလှသည့် ည။ အရုပ်ဆိုးသည့်ည။
ငွေလသည် တိမ်တိုက်ဖုံးနေ၏။ ကြယ်တွေကလည်း ဘယ်နေရာတွင် ပုန်းနေကြသည် မသိ။
ညမှောင်မှောင်၊ လမိုက်မိုက်၊ လမ်းမဲမဲ။

*

## (နှစ်)

သည်လိုညမျိုးတွင်.....

ဒေါက်တာကျော်ဖံလူ၏ တိုက်ကြီးဆီမှ ငိုရှိုက်သံသဲ့သဲ့ ပျံ့လွင့်လာတတ်၏။ ညည်းညူသံ ပိုးတဝါး ကြားရတတ်ပါချေသည်။

မိုးတစ်ညအ၏ ဝင်းလက်သော လျှပ်စီးတပြက်တွင် ဆံပင်ဖားလျားချထားသော မိန်းမလှတစ်ယောက်ကို ဒေါက်တာ ကျော်ဖံလူ၏ တိုက်ကြီးပေါ်မှ လေသာဆောင်တွင် တွေ့ရဘူးသည်ဟု ပတ်ဝန်းကျင်ရှိ လူအချို့က ဆိုကြသည်။

ဟုတ်...,... မဟုတ်တော့ မသိ။

တကိုယ်တော်ဘခက်သည် အသိရခက်သော ဒေါက်တာကျော်ဖံလူ၏ တိုက်အိုကြီးဆီသို့ ချဉ်းကပ်ခဲ့ပါသည်။ တိုက်အိုကြီးသည် သမိုင်းအလွန် ကျွန်းကာလထား၏ အဝှင်းပိုင်းတွင် ရှိလူနေအိမ်ခြေများနှင့် ဝေးဝေး [illegible]ရှာတွင် ထီးထီးကြီးတည်ရှိနေသဖြင့် ဒီအချိန်မျိုးတွင် လူသွား လူလာပြတ်လျက်ရှိသည်။

မိုးကလည်း ရွာနေသည်။

သို့ပေမယ့် ကျိုးတို့ကျဲတဲ၊ ခပ်ဖွဲဖွဲကလေး။

လမ်းဘေးရှိ မီးတိုင်ကလေးတွေမှ ဝါကျင်ကျင် လျှပ်စစ်မီးရောင်ကလည်း အမှောင်ကို ဖြိုခွင်းနိုင်ခြင်းမရှိ။

'ဘခက်'၏ အကြိုက်ပင်။

ဒီလို ညမျိုးကို 'ဘခက်' တမ်းတခဲ့၏။ မျှော်မှန်းခဲ့၏။ မက်မောခဲ့၏။ သူ့အလုပ်ကလည်း **ညမင်းသား** ဖြစ်သည်။ ဥပဒေ၏ အပြင်အပမှ ဖြစ်သည်။ သို့တစေ ဘခက်တွင် **ဂိုဏ်း** မရှိ '**အုပ်စု**' မရှိ အလုပ်တစ်ခုကို အုပ်နှင့် သင်းနှင့်မလုပ်တတ်ပါချေ။ တစ်ယောက်တည်းဆိုတော့ ပို၍လွတ်လပ်သည်။ စိတ်တိုင်းကျသည်။

သို့မို့ကြောင့် သူ့ကို ဘဝတူ အကြောင်းသိ အပေါင်းအသင်းတွေက နာမည်တခု ပေးထားကြ၏။

'တစ်ကိုယ်တော် ဘခက်' တဲ့။

ဘခက်သည် ဒေါက်တာကျော်ဖံလှ၏ တိုက်အိုကြီးနောက်ဖေးမှ ပိန္နဲပင်အုပ်ထဲတွင် နေရာယူထားသည်။ အမှောင်နှင့် ဘခက်က လင်မယားဖြစ်နေ၍ သူ့ကို ဗိုးတဝါးလေးမျှမမြင်ရ။ အဲ မီးရောင်ဗိုးတဝါးထွက်နေသော ဒေါက်တာကျော်ဖံလှ၏ တိုက်အိုကြီးကိုတော့ ရှေးဟောင်း ရဲတိုက်ကြီးပမာ သူက မြင်နေပါသည်။

ဘခက်သည် အခြေအနေ အရပ်ရပ်ကို အေးဆေးတည်ငြိမ်စွာ စောင့်ကြည့်နေပါသည်။ မည်သည့် ထူးခြားချက်ကိုမျှ မတွေ့ရ။ မီးရောင်လင်းနေသော အပေါ်ထပ်ရှိ အခန်းတစ်ခုမှအပ တိုက်ကြီးတစ်ခုလုံး မဲမဲကြီးဖြစ်နေသည်။

လှုပ်ရှားသက်ဝင်မှု တစ်စုံတစ်ရာကိုမှ မတွေ့ရချေ။

တကယ်ဆိုတော့လည်း သူ့အလုပ်က လောဖြ်မဖြစ်။ အချိန်ယူ၍ အကျအန စီစဉ်ပြီးသားမို့လည်း လစ်ကွက်ကလေးတွေ

ဟာကွက် ကလေးတွေ မရှိစေချင်။

သူသည် လက်ကိုင်ပဝါအနက်ဖြင့် ပတ်ချည်ထားသော 'ရာနီ' ကိုဖြေကြည့်လိုက်သည်။ 'ဖော့ပါးရပ်စ်' ဒိုင်ခွက်များက ညဆယ်နာရီတိတိကို ပြနေသည်။

စောသေးသည်။

လောလို့မဖြစ်သေး။

တိုက်ကြီးအပေါ်ထပ်ရှိ စနေထောင့်မှ အခန်းသည် မီးလင်းလျက်ပင်ရှိနေသေးသည်။ ထိုအခန်းထဲတွင် ဂျာမန်လုပ် 'ဘောဘီဂရင်း' စန္ဒယားကြီးတစ်လုံးရှိနေမည်။ စန္ဒယား ကြီးပေါ်တွင်မတော့.....

ကြွေးပြတ်နေသော စောင်းအိုတလက်။

ကတ္တီပါအဝတ်နက်ဖြင့် အုပ်ဆိုင်းထားသော လူခေါင်း ရိုး တစ်လုံး။ ဒါတွေက အသေအချာကိုရှိနေပါသည်။ မကြာမီ စန္ဒယားသံ သဲ့သဲ့ထွက်ပေါ်လာ၏။ 'မင်းသိုမင်' ၏ ဖယောင်းတိုင်မီးလောင် သံစားသွာ။

ချောက်ခြားဖွယ် ကောင်းလိုက်ပါဘိ။

* * *

(သုံး)

လူခေါင်းကြီးတစ်လုံး။

သည့်အကြောင်းကို ဦးစိန်ဘထံမှတဆင့် ကြားသိရ ခြင်းပင်။ ဦးဘစိန်သည် အင်မတန် လက်ရာမြောက်လှသည်ဟု နာမည်ကျော်ကြားနေခဲ့သော ရွှေပန်းတိမ်ဆရာတဦးပင် ဖြစ်သည်။

ဦးဘစိန်နှင့် ဘခက်သည် အစကတည်းက သိကျွမ်းခဲ့ကြ၏။ ဆက်သွယ်ဖူးကြ၏။ ထိုညတွင်တော့ **'တော်ဝင်ဘား'** တွင် ဦးဘစိန်နှင့် ဆုံဖြစ်ကြ၏။

'တော်ဝင်ဘား'အတွင်းတွင် ဘခက်အကာခံသော အိုဘရမ်ဒီအရက် အတော်ဝင်သွားသည်နှင့် ဦးဘစိန်သည် အာသွက် လျှာသွက်ဖြစ်လာတော့၏။ စကားကိုလည်း မိုးလားကဲလား ပြောလာတော့၏။ သူ့စကားထဲတွင် ဒေါက်တာကျော်ဇံလူ၏ အကြောင်းပါလာသည်။

"ငါ့တစ်သက်မှာတော့ ဒါလောက်အရည်သွေးကောင်းပြီးကြီးမားတဲ့ ပတ္တမြားတွေကို မတွေ့ဘူးတာအမှန်ဘဲ ဘခက်၊ အဲဒီလောက် အရည်အသွေးကောင်းပြီး တန်ဖိုးရှိတဲ့ ပတ္တမြားနှစ်လုံးကို ဒေါက်တာ ကျော်ဇံလူက ငါ့ကိုဘာလုပ်ခိုင်းတယ် မှတ်သလဲ"

ဦးဘစိန်က စကားဖြတ်လိုက်ပြီး ဖန်ခွက်ကို ကိုင်လိုက်သည်။ ဘခက်သည် အိုဘရမ်ဒီ လက်ကျန် တစ်ပက်ခန့်ကို ထပ်၍

ဖြည့်ပေး လိုက်ပြီး ဆော်ဒါရောပေးလိုက်၏။ အဖိုးကြီးက တကျိုက် တည်းနှင့်အပြတ် ရှင်းလိုက်၏။

"ဆက်ပါဦး ဦးစိန်ဘ၊ ခင်ဗျားစကားက စိတ်ဝင်စားဖို့ ကောင်းသား"

"အဲဒီ ပတ္တမြားကြီးနှစ်လုံးကို ဘယ်သချိုင်းက ကောက်လာ မှန်းမသိတဲ့ လူအရိုးခေါင်းကြီးတစ်လုံးရဲ့ မျက်စိ နေရာမှာ ထွေနဲ့ကွင်းပြီး တပ်ခိုင်းခဲ့တယ်ကွ၊ အံ့ရော..... အံ့ရော"

ဘခက်စိတ်ဝင်စားသွားပြီ။

"နေပါဦးဗျ၊ အဲဒီဒေါက်တာကျော်ဖံလူက ဒါလောက်တန်ဖိုး ရှိတဲ့ ပတ္တမြားတွေကို ဘာအဓိပ္ပါယ်နဲ့ အရိုးခေါင်းမှာ တပ်ခိုင်းရတာလဲ ဦးစိန်ဘရဲ့"

"ဟာ ဒါတော့ ငါလဲ ဘယ်သိမလဲကွ၊ အဲ...လက်ခကိုတော့ ဆစ်ထောင်တိတိပေးသွားတယ် မောင်ရေ၊ အတော့်ကို ရက်ရောတဲ့ လူဘဲ"

"ဟုတ်မှလဲပြောပါ ဦးစိန်ဘရယ် မူးမူးနဲ့ ပေါက်နေတာ များလား"

"ခက်ပါ့ကွာ ငါတကယ်ပြောနေတာကွ၊ အခု မင်း တိုက်တဲ့ အရက်တွေ အပင်းဖြစ်စေရရဲ့၊ သူကိုယ်တိုင်စောင့်ကြည့်ပြီး သူ့ရှေ့ ၂ဘတင် လုပ်ပေးလိုက်ရတာပါကွာ၊ ငါမညာပါဘူး။ ကဲ.... မှာအုံး လေကွာ အရက်"

"အန်တော်နီ"

"ဆဝ်"

"နောက်ထပ် ခုနစ်ပက်"

"ရက်စ်.....ဆား"

စားပွဲထိုးလေး အန်ထော်နီ ထွက်သွားသည်နှင့် ဘခက်သည် ဒူးယားတစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ရင်း သူ့ဦးနှောက် ကို အလုပ်အနည်းငယ်ပေးလိုက်သည်။ ဦးစိန်ဘ၏ စကားတွေက အတိအကျ အမှန်ကန် ဖြစ်ခဲ့ပါမူ ဒီပတ္တမြားကြီးနှစ်လုံးသည် သူ့အတွက် စိတ်ဝင်စားစရာ ဖြစ်နေပြီ မဟုတ်လား.....။

သို့တစေ ဦးစိန်ဘလို လူစားမျိုးမှာ အရက်တစ်ခွက် ဝင်သည်နှင့် စကားကြီး စကားကျယ်ပြောတတ်၏။ ကြွားဝါခြင်းနှင့် ချဲ့ကိုင်ပေါက်တတ်၏။ မယုံအခက် ယုံအခက်။ အရက်ရောက်လာသည်။

"ကဲ...ဦးစိန်ဘချ ပြီးတော့...ကျွန်တော်မေးတာ ဖြေစမ်းပါအုံး။ ဒေါက်တာကျော်ဖုံလူဆိုတာ မဂိုလမ်းမှာ ဆေးတိုက်ဖွင့်ထားတယ် မဟုတ်လားဟင်"

"ဆရာဝန် လိုင်စင်ပြုတ်သွားပြီလို့ ကြားတယ်ကွ၊ ဆေးဆိုင်ပိတ်ပြီး သမိုင်းဘက်က သူ့တိုက်အိုကြီးမှာ ဓာတ်မြုပ်ပြီးသွားနေသတဲ့ကွ"

"ဘာဖြစ်လို့ ဆရာဝန်လိုင်စင်ပြုတ်သွားရတာလဲ"

"ဟာ.....ဒါတော့ ငါလဲဘယ်သိပါ့မလဲ.....အဲ ငါပြောနိုင်တာကတော့ ဆရာဝန်ဆိုတဲ့ သိက္ခာနဲ့ မညီတဲ့ အလုပ်မျိုး လုပ်လို့ ဖြစ်မှာပေါ့ ဘခက်ရ"

ဘခက်သည် ဒေါက်တာကျော်ဖုံလူ၏ အကြောင်းကို အစကတည်းက ကြားခဲ့ဖူးပါသည်။ သို့မို့ကြောင့် ဒေါက်တာကျော်ဖုံလူ၏ အကြောင်းကို ဦးစိန်ဘပြောသည်မှာ မှန်သင့်သလောက်မှန်လိမ့်မည်ဟု လက်ခံလိုက်၏။

"ဒီမှာ ဦးစိန်ဘ၊ တစ်ခါတုန်းက ကျွန်တော်ဒေါက်တာကျော်ဖုံလူကို သူကားပေါ်မှာ တွေ့လိုက်ဖူးတယ်ဗျ ကောင်မလေး

တစ်ယောက်နဲ့ အဲဒီကောင်မလေးက ဆယ့်ကိုးနှစ်လောက်ဘဲရှိအုံးမယ်၊ ချောတာကတော့ ရက်ရက်စက်စက်ဘဲ၊ အဲဒါ သူ့သမီးလား"

"ဟား....ဟား....ဟား....ဘယ်ကလာသမီး ဖြစ်ရမှာလဲ၊ ဇနီးကွ.... ဇနီး။ သမီးအရွယ်ကလေးကို ဇနီးအဖြစ် သိမ်းပိုက် ထားတာလေကွာ၊ နာမည်က **အေမီမြိုင်**တဲ့ အရင်တုန်းက သူ့ဆေးတိုက်က '**နပ်စ်**'မလေးပေါ့၊ အဲ.....သူက '**စက်ကင်း**'ကွ၊ ပထမ မယားကြီးက ဆုံးသွားပြီ"

"ကောင်မလေးကို ငွေနဲ့ပေါက်ပြီး အပိုင်သိမ်းသွားလိုက်တာပေါ့၊ ဒါပေမယ့် အလိုတော့ လိုက်တယ်မောင်ရေ စိန်ဆိုလဲ တစ်ဆင်စာ၊ ပုလဲဆိုလဲ တစ်ဆင်စာ၊ အဲဒီလိုကြွေနေအောင် ဆင်ထားတာကွ၊ ငါ့ပန်းထိမ်ဖိုကို ခဏခဏပါလာတာနဲ့ ငါလဲသိနေတာပေါ့။ ဒါနဲ့များတောင် လင်ငယ်နဲ့ လိုက်ပြေးသွားတယ်ဆိုတော့ ..... အင်း"

"ဟင်..... အေမီမြိုင်မရှိတော့ဘူးလား"

"ဘယ်ရှိတော့မလဲ၊ အဲ....လွန်ခဲ့တဲ့ သုံးလလောက်က လင်ငယ်နဲ့ ထွက်ပြေးသွားလို့ ရဲတွေဘာတွေတိုင်ပြီး မြေလှန်ရှာသေးသကော ဘခက်ရာ၊ ကောင်မလေးကလဲ လက်ဝတ်လက်စားတွေယူပြီး မြေတစ်ဆုံး မိုးတစ်ဆုံးလစ်သွားလိုက်တာ အခုထိပေါ်မလာတော့ဘူးတဲ့ကွ"

ဦးစိန်ဘသည် အရက်သောက်လိုက် စကားပြောလိုက်နှင့် ဒေါက်တာကျော်ဖလူ အကြောင်းကို ဖောက်သည်ချနေ၏။ ဘခက်ကမူ လူခေါင်းရိုးတွင် ရွှေနှင့်ကွင်း၍ တပ်ဆင်ပေးလိုက် ပါသည်ဆိုသော ရောမ ပတ္တမြားကြီးနှစ်လုံးအကြောင်းကို တွေးနေမိ၏။

"အဲဒီ..... ခပ်စောစောက ခင်ဗျားပြောတဲ့ ပတ္တမြားနှစ်လုံးဟာ ဘယ်လောက်တန်မယ်ထင်သလဲ ဦးစိန်ဘ"

"အင်း .....ငါ့အထင်ပြောရရင်တော့ ဒါလောက် အရည် အသွေးကောင်းတဲ့ ရတနာမျိုးကို ဝယ်ယူနိုင်တဲ့သူ မြန်မာပြည်မှာ တောင် ရှိမယ်မထင်ဘူး။ သန်းနဲ့ချီပြီး တန်လိမ့်မယ်လို့ဘဲ ခန့် မှန်းနိုင်တယ်၊ အတိအကျ ကြေးဖြတ်လို့တော့ မလွယ်ဘူးကွ"

ထိုညက ဦးစိန်ဘကို ခေါင်းငိုက်စိုက်ကျအောင် သူက ဒကာခံလိုက်သည်။ ဦးစိန်ဘတစ်ယောက် စားပွဲပေါ်တွင်မျက်နှာ အပ်ရင်း ဖလက်ပြသွားလေ၏။

"အန်ထော်နီ"

"ဆပ်"

"ရော့....ငွေနှစ်ဆယ်၊ သူ့ကိုသုံးဘီးနဲ့တင်ပြီး ကန်တော်က လေး နဝရတ်ဓာတ်သွယ် ပန်းတိမ်ဖိုကို ပို့လိုက်၊ ပိုတာ မင်းယူ"

တကယ်တော့ ဘခက်သည် '**တော်ဝင်**' ဘားအပေါ် ထပ် မှ တစ်ယောက်တည်းဆင်းခဲ့ပါသည်။ သူ့ခေါင်းထဲတွင် အကြောင်း ရင်းသုံးရပ်က စွဲငြိပါလာခဲ့၏။

လူအရိုးခေါင်းတပ်ဆင်ထားသော ပတ္တမြားကြီးနှစ်လုံး။
အင်မတန် လှပသည့် အေမီမြိုင်။
လူထူးဆန်းကြီး ဒေါက်တာကျော်ဖဲလူ။

* * *

## (လေး)

ဤတွင်.....

"**တစ်ကိုယ်တော်ဘခက်**"အဖို့ လုပ်စရာ တစ်ခုပဲကျန်တော့၏။ ပန်းထိမ်ဆရာ ဦးစိန်ဘပြောခဲ့သော ဒေါက်တာကျော်ဖံလှ၏ ပတ္တမြားနှစ်လုံးတပ်ဆင်ထားသော လူ့အရိုးခေါင်း ကြီး ကောနိရှိမရှိ သိအောင် စုံစမ်းရန်တည်း။

တကာယ်တန်း ပြောရလျှင် သူလိုရှစ်စပ်ကာ လည်နေ သော '**ညမင်းသား**' တစ်ယောက်အဖို့ သည်ကိစ္စမျိုးမှာ လီမွှော်သီး အခွံခွာရသလောက် မခက်ပါ။ သူ့အခန်းသို့ တစ်ပတ်တစ်ခါ အလည် လာလေ့ရှိသော ဂေါ်လီမလေး 'ဓကာရီ' ၏ ဘရာစီယာကမှ အဖြတ် ရခက်အုံးမည်။

ဦးစိန်ဘနှင့် တွေ့ပြီးသည်နှင့် သူ၏ရှေ့လုပ်ငန်းအတွက် အကွက်ကျကျ အစီအစဉ်ရေးဆွဲပြီး ဖြစ်နေ၏။ ဘခက် သည် တညသော သန်းခေါင်ယံတွင် ဒေါက်တာကျော်ဖံလှ၏ တိုက်ကြီးကို သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများနှင့် တယ်လီဖုန်းလိုင်းကို ဖြတ်ပစ်လိုက်သည်။

အဲ....နောက်တနေ့ နံနက်စောစောတွင် ကိုယ်တော်ချောက

ဒေါက်တာကျော်ဖုလှ၏ တိုက်အိုကြီးသို့ ခပ်တည်တည် ရောက်ရှိသွားတော့၏။ သူ့ကိုယ်ပေါ်တွင်တော့ လုပ်သားဝတ်စုံပြာနှင့် လျှပ်စစ်အမှတ်အသား တံဆိပ်ပါသော ရှာထိုးဦးထုပ်နှင့်၊ အဟဲ။

သူသည် အပေါက်ဝရှိ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။ ကံကောင်းချင်တော့ ဒေါက်တာကျော်ဖုလှကိုယ်တိုင် ထွက်လာ၏။ သူ၏ ပုံသဏ္ဍာန်က ဖြူဖြူဖွေးဖွေး ပိန်ပိန်ပါးပါး အရပ်က ခြောက်ပေလောက်ရှိမည်။ ဆံပင်တွေက နက်မှောင်နေသော်လည်း မျက်လုံးနှစ်လုံးက လူသေလိုအေးစက် နေ၏။ ရုပ်ရှင်ထဲတွင် မြင်ဖူးသော 'ဒရက်ကူလာ'ခေါ် သွေးစုပ် ဖုတ်ကောင်ကြီးနှင့် တူလှသည်။ ဘခက်သည် ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားမိသဖြင့် ကိုယ့်ကိုကိုယ်ကြိတ်၍ ကျိန်ဆဲလိုက် မိသည်။

"ဆို...... မောင်ရင် ဘာကိစ္စလဲ"

"ကျွန်တော်[illegible] လျှပ်စစ်ကော်ပိုရေးရှင်းက 'လိုင်းမင်း'ပါ ခင်ဗျာ၊ မနေ့ညက ဒီဘက်ကို သွယ်တန်းထားတဲ့ ဝါယာလိုင်းတွေ ရှော့ဖြစ်သွားပါတယ်။ အဲဒါ ဦးရဲ့တိုက်မှာကော ဘာမျှားဖြစ်ပါသေးလဲခင်ဗျာ"

"အာ.....ဟုတ်တာပေါ့။ ညသန်းခေါင်လောက်က မီးတွေ ပြတ်သွားတယ်ကွယ်၊ အရေးပေါ်ဌာနကို ဖုန်းဆက်ကြည့် သေးတယ်၊ အဲ.....ဖုန်းလိုင်းပါ ပြတ်နေတယ် ထင်ပါရဲ့ မရဘူး"

"ဟုတ်ပါလိမ့်မယ်ဦး။ ကျွန်တော် ဒီဘက်လမ်းထဲက ကြိုးတွေကို စစ်ကြည့်တော့ အားလုံးကောင်းပါတယ်၊ ဦးရဲ့ တိုက်ကြီးထဲမှာများ တခုခုဖြစ်နေသလားလို့၊ ကျွန်တော်ဝင်ပြီး စစ်ဆေးကြည့်ရှုနိုင်ပါသလား ခင်ဗျာ"

"ရပါတယ် မောင်ရင်၊ မီးလင်းအောင်သာ မြန်မြန်လေး ဆောင်ရွက်ပေးစမ်းပါ။ မင်းကိုဦးက ဘောက်ဆူးပေးပါ့မယ်"

/"မလိုပါဘူး ဦးရယ်၊ ဒါက ကျွန်တော်တို့တာဝန်ပါ"

ဒေါက်တာ ကျော်ဖံလှသည် အခန်းထဲတွင် တံမြက်စီး လှဲနေသော မဲမဲကွကွ ကတုံးပြောင်ကြီးကို လက်ရုပ်တီး၍ ခေါ်လိုက်၏။ "သူ့နာမည်က မဲလုံးတဲ့၊ စကားမပြောနိုင်သလို နားလဲမကြားဘူး။ ဒါပေမယ့် မောင်ရင်လိုတာကို လက်ဟန် ခြေဟန်နဲ့သာပြ၊ လူကောင်း ထက်ပိုပြီး သူက နားလည်သေးတယ်၊ ကဲ..... မဲလုံး မောင်ရင့်ကို မီတာဘောက်စ်ရဲ့ မီးခလုတ်တွေ၊ မီးကြိုးတွေကိုလိုက်ပြပေး လိမ့်မယ်"

ဒေါက်တာကျော်ဖံလှသည် မဲလုံးကို လက်ဟန်ခြေဟန် နှင့် ပြလိုက်၏။ ငနဲကြီးက ပုတ်သင်ညိုလိုခေါင်းကို တဆတ်ဆတ်ညိတ် ရင်း သူ့ကို တိုက်ကြီးထဲသို့ ခေါ်သွင်းသွားခဲ့သည်။

ဘခက်သည် မဲလုံးညွှန်ပြသော မီတာသေတ္တာ မီးခလုတ် များ၊ ဝါယာကြိုးများကို ခပ်တည်တည်ဖွင့်၍ စစ်ဆေးလိုက်သည်။ အောက်ထပ်တွင် ပြီးသွားသည်နှင့် အပေါ်ထပ်ကို လက် ညှိုးညွှန်ပြခဲ့၏။ မဲလုံးက သူ့ကိုဦးဆောင်၍ ခေါ်သွားသည်။ ယခု အချိန်အထိ ပတ္တမြားကြီးနှစ်လုံး တပ်ဆင်ထားပါသည် ဆိုသော လူခေါင်းရိုးကြီးကို မတွေ့သေး။

သို့ဖြင့်၊

တိုက်ကြီးအပေါ်ထပ် စနေထောင့်ရှိ စာကြည့်ခန်းသို့ ရောက်သွားကြ၏။ ဘခက် ရင်တွေတဒိတ်ဒိတ်ခုန်လာသည်။

စာကြည့်ခန်း၏ ထောင့်တွင် စန္ဒရားကြီးတစ်လုံးရှိသည်။ စန္ဒရားပေါ်တွင်တော့ ကြိုးပြတ်နေသော စောင်းအိုတစ်လက်နှင့် ကတ္တီပါအနက်စနှင့် အုပ်ထားသော လုံးဝန်းသော ပုံသဏ္ဍာန် တခုကို မြင်လိုက်ရ၏။

ဝင်းလက်နေသော နံနက်ခင်း၏ နေခြည်သည် ပြတင်း

ပေါက်မှ တိုးဝင်၍ ဓောင်းအိုပေါ်သို့ ကျနေသည်။ ဓောင်းအိုကြီးသည် ဝင်းကနဲ၊ လက်ကနဲ၊ ပြာကနဲ၊ ရဲကနဲ ပြိုးပြိုးပြက်ပြက် အရောင်တွေ ထွက်နေ၏။

စိန်၊ နီလာ၊ ပတ္တမြား၊ ဥဿဖရား၊ မြသား အစစ်တွေကို ဓောင်းအိုကြီးတွင် စီခြယ်၍မွမ်းမံခြင်းပါတကား။ အံ့အားသင့်စရာပင်။

ပြီးတော့ ကတ္တီပါအနက်စ အုပ်ထားသော လုံးဝန်းသည့် သဏ္ဌာန်တခုက ဓောင်းအိုကြီး၏ ဘေးတွင်ရှိနေ၏။ ပန်းထိမ်ဆရာ ဦးစိန်ဘ ပြောကြားခဲ့သော ပတ္တမြားနှစ်လုံး တပ်ဆင်ထားသော လူ့ခေါင်းရိုးကြီးပေလော၊ .မပြောတတ်သေးပါ။

တစ်ကိုယ်တော် ဘခက်သည် [illegible]ခြွေတစ်ခွဲသားကို တစ်ပဲ သားလောက်မှ အပွန်းအပဲ့မခံဘဲ အခန်းထဲရှိ မီးခလုတ်များ ဝါယာ ကြိုးများကို ခပ်တည်တည်ဖွင့်၍ ဖြုတ်၍ စစ်ဆေးနေသည်။ ဟိုဟာ ဖြုတ် ဒီဟာတပ်နှင့် ကလိနေသည်။

မဲလုံးသည် ကတုံးပြောင်ကြီးကို အသားပေးရင်း ခပ် တည်တည် ရပ်နေ၏။ လက်နှစ်ဖက်ကိုပိုက်၍ သူ၏လှုပ်ရှားမှု တွေကို ကျောက်ရုပ်လို ရပ်ကြည့်နေသည်။ သူ့လက်ထဲတွင် ဓားကောက်ကြီး တစ်လက်သာ ထည့်ပေးလိုက်ပါက တစ်တောင့်တစ်ည ပသီပုံပြင် ထဲက 'သင်းကွပ်'ကြီးနှင့် ချွတ်စွတ်။

သည်သတ္တဝါကြီးကို ဘယ်လိုလုပ်ပြီး 'ပ'ထုတ်ရပါ့။

"ကိုမဲလုံး ရေတစ်ခွပ်လောက်သွားခပ်ဗျာ"

ငနဲကြီးက တုပ်တုပ်မျှ လှုပ်တော်မမူ။

အော်.....မှားသွားပါတကော။

နားလည်းမကြား၊ စကားလည်း မပြောတတ်ဆိုတော့ ကမ္ဘာ သုံး အသံတိတ် သင်္ကေတကိုဘဲ သုံးရတော့မည်။ ဘခက်သည် ပြုံးပြရင်း ပါးစပ်ကိုရေသောက်သည့် ပုံသဏ္ဌာန်မျိုး လုပ်ပြလိုက်သည်။

နဲ့ကြီးက ခေါင်းတစ်ချက် ညိတ်၍ အခန်းထဲမှ ခွေ့ကနဲထွက်သွားလေ၏။ ပြေလည်လိုက်ပါဘိ။

ဘခက်သည် မဲလုံးခြေသံပျောက်သွားသည်နှင့် စန္ဒရားကြီးရှေ့သို့ ဖြတ်ခနဲ ရောက်သွားသည်။ ပြီးတော့ ကတ္တီပါ အနက်စနှင့် အုပ်ဆိုင်းထားသော လုံးဝန်းသော သဏ္ဌာန်ကြီးကို လှန်လိုက်သည်။

"အား"

လန့်၍ မအော်မိသော်လည်း သူ့တစ်ကိုယ်လုံး ဆတ်ကနဲ တုန်သွားခဲ့၏။

နီရဲတောက်ပြောင်သော မျက်လုံးနှစ်လုံးက တောက်ပသော မျက်ဝန်းအိမ်ထဲမှ သူ့ကို စိုက်ကြည့်နေသည်။ ပြီးတော့ ကျိုးတို့ကျဲတဲ သွားကြီးတွေက ဖြဲပြနေ၏။

ဟုတ်ပါသည်။

စန္ဒယားပေါ်မှ လူ့ခေါင်းရိုးဖြူဖြူကြီး။

ပတ္တမြားနှစ်လုံးကို ရွှေနှင့်ကွင်း၍ မျက်လုံးနေရာတွင် တပ်ဆင်ထားသည်။ ဦးစိန်ဘသည် သူ့အား မှန်သောစကားကို ပြောခဲ့ပေပြီ။

**ဘခက်သည်** ပတ္တမြား မျက်လုံးကြီး နှစ်လုံးကို ကြောင်၍ကြည့်နေမိသည်။ ညို့ဓာတ်မိနေသလို ပတ်ဝန်းကျင်ကိုလည်း မေ့သွားမိရသည်။

ခြေသံတဖျတ်ဖျတ်သည် သူ၏ သတိသမ္ပဇဉ်ကို လှုပ်နှိုးလိုက်၏။ ဘခက်သည် လူ့ရိုးခေါင်းကြီးကို ကတ္တပါစအနက်နှင့် ကမန်းကတန်း အုပ်လိုက်ရင်း လုပ်လက်စ မီးခလုတ်ဆီသို့ လှစ်ကနဲ ရောက်ရှိသွားခဲ့၏။ မဲလုံးသည် ရေတစ်ခွက်ကိုင်ရင်း အခန်းတွင်းသို့ ရောက်ရှိလာသည်။

"အား..... ကျေးဇူးဘဲ မဲလုံးရေ၊ ရေငတ်နေတာ အတော်

ကြာသွားပြီ"

သူသည် တုန်ရီလှုပ်ရှားနေသောရင်ကို မဲလုံးလက်ထဲမှ ရေတစ်ခွက်ဖြင့် ငြိမ်အေးစေလိုက်၏။ ယခုတော့ သူရည်ရွယ်ချက် အောင်မြင်ခဲ့ပြီ၊ တွေ့လိုမြင်လိုလှသော ပတ္တမြားကြီးနှစ်လုံးနှင့် လူခေါင်း ရှိုးကြီးကို တွေ့မြင်ခဲ့ရလေပြီ။

မကြာခင် အခန်းတွင်းသို့ ဒေါက်တာကျော်ဇံလူ ရောက်ရှိလာပါသည်။

"ဘယ်နှယ့်လဲ ဟေ..... ရှော့မ်ဖြစ်တာ ရှာလို့တွေ့ပြီလား"

"တွေ့ပါတယ်ဦး..... ဟောဒီမီးခလုတ်ထဲက ဝါယာနှစ်စ ရှော့မ်ဖြစ်ပြီး ဖြု(စ်)ဘောက်ထဲက ဖြု(စ်)ပြုတ်သွားတာပါ။ ကျွန်တော် အခုပဲ ပြင်ဆင်ပြီးသွားပါလိမ့်မယ်"

တစ်ကိုယ်တော် ဘခက်က သွက်သွက်လက်လက် ချက်ချက်ချာချာ မှသာဝါဒသုံးရင်း ပြောပြလိုက်တော့ ဒေါက်တာကျော်ဇံလူက သဘောကျသွားဟန်ရှိ၏။

"ရော့ မင်းအတွက်..... လက်ဖက်ရည်သောက်"

ဆယ်တန်တစ်ရွက်ကို သူ့လက်ထဲတွင် မြင်လိုက်ရသည်။

"အာ..... မလိုပါဘူး ဦးရယ်၊ ကိစ္စမရှိပါဘူး"

"ဦးက စေတနာနဲ့ပေးတာပါ၊ မင်းပညာကို ချီးကျူးတဲ့ အနေနဲ့ပါ၊ ဦးတို့ကတော့ 'အီလက်ထရိတ်'အကြောင်းဆိုရင် ဘာမှ နားမလည်ဘူး။ ဘယ်ဟာအဖို၊ ဘယ်ဟာအမဆိုတာတောင် မခွဲခြား တတ်ဘူးကွ၊ အင်း–လူတစ်ယောက် ခန္ဓာကိုယ်ထဲ မှာရှိတဲ့ အသည်း တွေ၊ နှလုံးတွေ၊ ကျောက်ကပ်တွေကို ခွဲရစိတ်ရမယ်ဆိုရင်တော့၊ ဟဲ–ဟဲ ဦးလောက်တော်တဲ့လူ ဒီမြန်မာပြည်မှာ ရှိမယ်တောင် မထင် ဘူး။ ဟား–ဟား–ဟား"

သူ့စကားကို သူဟာသူ သဘောကျစွာရယ်သည်။

ဘခက်သည်လည်း ရောယောင်၍ ရယ်လိုက်ရသည်။ ဒီလိုပင် မရယ်ချင်ပဲ အတင်းရယ်..... မငိုချင်ပဲ အတင်း မျက်ရည်ကျပြရသည့် လောက၏ ဓမ္မတာကို သူကောင်းကောင်း နားလည်ထားပါသည်။

တစ်ကိုယ်တော် ဘခက်သည် သူ့အလုပ်ကို လက်စသတ်၍ ဒေါက်တာကျော်ဇံလှ၏ တိုက်အိုကြီးပေါ်မှ ဆင်းခဲ့သည်။ ပြီးတော့ လမ်းထောင့်ရှိ ဓာတ်တိုင်မှ မိန်းကြိုးကို ပြန်ဆက်ပေးလိုက်၏။

လင်းပေရော့..... ထိန်ထိန်။

အိမ်အပြန်။

အဲ..... သူ့အခန်းသို့ အပြန်တွင်တော့ ဘခက်အူမြူးနေပါ၏။ သူလို အိမ်ခြေ ယာခြေ အတည်တကျမရှိ ဖြစ်သလိုနေ၊ ပျော်သလိုစား၊ ကြုံရာတွင် နားတတ်သော ညမင်းသားတစ်ယောက် အဖို့ အတည်တကျ နေလို့လည်း မဖြစ်ရေးချမဖြစ်။

သို့ပေမယ့် သူက အထက်တန်းစား 'ညမင်းသား'။

ကလေကချေ လမ်းဘေးတွင် ခွေတတ်သော အညတရမဟုတ်။

စားတော့ ပေါ်တယ်၊ သောက်တော့ဘရန်ဒီ၊ ဆက်တီတွေ၊ တစ်ကိုယ်စာ ဆိုဖာရှည်ကြီးတွေ ခင်းကျင်းထားသည့် ခပ်မိမိ တိုက်ခန်းတစ်ခန်းကိုလည်း ငှားလိုက်သေးသည်။

ကေရီသည် သူ့အခန်းဝတွင် နုတ်ခမ်းလှုလှုလေးကို စူရင်း စောင့်နေသည်။

"ဘယ်သွားပေနေတာလဲ..... သူများဖြင့် စောင့်နေရတာ ကြာလှပြီ သိလား၊ သိပ်ဆွေးဖို့ ကောင်းတာဘဲ"

"ဝေ့ သွားဖန်တာပါ ကေရီရယ်"

"ထောခဲ့လား၊ သူများအတွက် ဈေးကိုလိုက်ပို့ပြီး၊ ဖော့

စောင်းဝမ်းဆက် ဝယ်ပေးရမယ်နော်"

"ဝမ်းဆက်မကဘူး နောက်ဆိုရင် မိုလ်ချုပ်ဈေး တစ်ဈေးလုံးဝယ်ပေးနိုင်မယ်"

ကေရီသည် ငွေဆွဲလဲလေး လှိမ့်လိုက်သလို ရယ်သည်။ မို့တာ မြင့်တာတွေ သွက်သွက် သိမ့်သိမ့်ခါကုန်သည်။

"သူများကလည်း သူ့အတွက် လက်ဆောင်တွေတစ်ထောကြီး ပါလာသတဲ့ရှင်၊ ရင်တွေဖိုဖိုသာပြင်ထားသီလား"

သူတို့ အခန်းထဲသို့ ဝင်သွားခဲ့ကြသည်။

တစ်ယောက်က 'ညမင်းသား'။

တစ်ဦးက 'ကေရီ' အထက်တန်းလွှာက ဂေါ်လီမလေး။

အေး.....ကောင်းကြရောပေါ့ကွာ။

* * *

(ငါး)

ပစ်မှတ် (Terget) ကိုတော့ အသေအချာ မြင်နေရပြီ။ ခလုတ်ဖြုတ်ဖို့ပဲ ကျန်တော့သည်။ သို့တစေ ပစ်မှတ်၏ Motion လှုပ်ရှားမှုနှင့် (Characteristic) အမူအကျင့် (Back Ground History) နောက်ကြောင်း ရာဇဝင်ကို သိဖို့လိုသည်။ အဲဒီတော့ တကိုယ်တော် ထောက်လှမ်းရေးလုပ်ခဲ့ရ၏။

**ဒေါက်တာကျော်ဇံလူ**

ငယ်စဉ်ကတည်းက ချမ်းသာသော အမျိုးအနွယ်မှဆင်း သက်လာသည်။ စိတ်ဓာတ်ပြင်းထန်သည့် (Revange) လက်စားချေ လိုမှုကို ခံမင်သည်။ (M.B.B.S.) ဘွဲ့နှင့် (Surgical Specalist) ခွဲစိတ်ကုသမှု ပါရဂူဘွဲ့ကို (London) တွင်ရယူခဲ့၏။

မိဘပေးစားသော ခင်ခင်ကြီးနှင့် လက်ထပ်ခဲ့သည်။ သားသမီးမထွန်းကား။ သူသည် ဆေးကောင်စီမှ သတ်မှတ်ထားသော ဆရာဝန်တို့၏ စည်းကမ်းဥပဒေနှင့် မညီသောအပြု အမူမျိုးကို ကျူးလွန်ခဲ့သဖြင့် လိုင်စင်အသိမ်းခံရသည်။

ဒေါ်ခင်ခင်ကြီးသည် လွန်ခဲ့သော တစ်နှစ်ခန့်က နှလုံး ရော

ဂါဖြင့် ကွယ်လွန်သွားသည်။ အချို့က ဒေါ်ခင်ခင်ကြီး သေဆုံး ရသည်မှာ ဒေါက်တာကျော်ဖံလူ၏ ပယောဂမကင်းဟုပင် ဆိုကြ၏။ အဘယ့်ကြောင့်ဆိုသော် ဒေါ်ခင်ခင်ကြီး သေဆုံး၍ တစ်လမပြည့်မီ သူ၏ဆေးတိုက်တွင် လုပ်ကိုင်ခဲ့ဘူးသော အင်မတန် လှပသည့် သူနာပြု ဆရာမလေး အေးမိမြိုင်ကို အတိအလင်း လက်ထပ်၍ ယူလိုက်သောကြောင့်ပင် ဖြစ်သည်။

မဲထုံး..... ၊

အသုံးမကျသည့် လူအနုကြီးတစ်ယောက်ဟု ထင်ရသော်လည်း၊ သခင့်ပေါ်တွင် ခွေးတစ်ကောင်လို သစ္စာရှိသော ကျွန်ယုံကြီး တစ်ယောက်ပင်ဖြစ်သည်။ နားမကြား၊ စကားမပြောနိုင်သော်လည်း၊ သူ၏အသိအာရုံက သာမာန်လူတွေထက် မြင့်မားနေဟန်ရှိသည်။ ကိုယ်ခန္ဓာ တည်ဆောက်မှု သန်မာထွားကျိုင်းသည်။ သတ်ပုတ်တိုက် ခိုက်ရာတွင် လေးပင်မည့် သထ္တာန်မျိုးဖြစ်သည်။ လောကကြီးမှာ ဒေါက်တာကျော်ဖံလူမှအပ ကိုးကွယ်ရာမရှိဟု မှတ်ယူထားသည့် ဟန်တူသည်။ ဒေါက်တာကျော်ဖံ လူ၏ငယ်မွေး တပည့်ကြီး တစ်ဦးဖြစ်ပြီး သမိုင်းရှိ တိုက်အိုကြီးတွင် ဒေါက်တာကျော်ဖံလူနှင့် နှစ်ယောက်တည်း နေထိုင်၍ ဝေယျာဝစ္စ အားလုံးကို လုပ်ကိုင်ပေးနေရသည်။

ဒါပါပဲ.....၊

တစ်ကိုယ်တော် ဘခက် စုံစမ်းသိရှိရသမျှတော့ ဒါလောက်ပါပဲ။

ဒါဆိုရင် သူ့အတွက် လုံလောက်မှုရှိသွားပါပြီ။

တစ်ခုပဲကျန်တော့သည်။ ခလုတ်ဖြုတ်ရန်.....။

သူ့ပစ်မှတ်ကတော့ ပတ္တမြားကြီးနှစ်လုံးကို မျက်လုံးနေရာတွင်တပ်ဆင်ထားသော လူ့အရိုးခေါင်းကြီးတစ်လုံးနှင့် စိန်၊ ရွှေ

ငွေ၊ ကျောက်သံပတ္တမြားအစစ်တွေ စီခြယ်ထားသော စောင်းအိုတစ်လက်။

ဒီပစ္စည်းနှစ်ခုသည် တိုက်အိုကြီး၏ အပေါ်ထပ်မှ စနေထောင့်ရှိ အခန်းထဲတွင် တိတိကျကျ ရှိနေပြီ မဟုတ်ပါလား။

ယခုတော့ တစ်ကိုယ်တော် ဘခက်သည် ဒေါက်တာကျော်ဇံလှ၏ တိုက်အိုကြီးပေါ်မှ စနေထောင့်ရှိ မီးလင်းနေသော အခန်းမှာ မှောက်မိုက်သွားသလို 'ဗင်သိုဗင်'၏ တေးသွားကလည်း ဆုံးသွားပါပြီ။ ဘခက်သည်နောက်ထပ် တစ်နာရီတိတိ အချိန်ဖြုန်းလိုက်ပြန်၏။ သူတို့တစ်တွေ အိပ်လောက်ပြီဟု ထင်တော့မှ တိုက်အိုကြီး၏ နောက်ဖေးသို့ ကြောင်တစ်ကောင်လို ချဉ်းကပ်ခဲ့သည်။

လေးရှူးတစ်ချက်.....။

မိုးတဖွဲ ....၊

အသည်းထဲတွင် စိမ့်သွားသည်။ ကြက်သီးမွေးညှင်းတွေထသွားသည်။ ဘယ်လိုဖြစ်တာပါလိမ့်။ သည်တိုက်အိုကြီးနှင့်ပတ်သက်၍ ပြောကြားသော စကားတွေက သူ့စိတ်ကို ချောက်ခြားစေတာများလား။

ဟား.....ဟား.....ရီချင်လိုက်ပါဘိ။

ကြောက်မွေးပါရင် ပလာယာနဲ့ ဆွဲနုတ်ပစ်မဟေ့။

ဘာငိုသံလဲ ပြီးတော့ မိန်းမတစ်ယောက် ဆံပင်ဖားလားချလို့တဲ့၊ အလကား စကားတွေ။

ဘခက်သည် ဒေါက်တာကျော်ဇံလှ၏ တိုက်အိုကြီးပေါ်မှ ငိုရှိုက်သံတွေ၊ ညည်းညူသံတွေကြားရသည်။ အကာလ ညအခါ လေသာဆောင်တွင် ဆံပင်ဖားလျားနှင့်ထိုင်နေသော မိန်းမတစ်ယောက် တွေ့ရသည်ဟု ပတ်ဝန်းကျင်က ပြောသည့် စကား တွေကို ပေလာယျ ကန်ထားလိုက်သည်။ မေ့ပစ်လိုက်သည်။ ခေါက်ထား

လိုက်သည်။

မကြောက်......တစ်စက်ကလေးမှ မကြောက်။

သူသည် တိုက်အိုကြီး၏ နောက်ဖေးပေါက်သို့ ခြေသံလုံလုံနှင့် ချဉ်းကပ်ခဲ့သည်။ နောက်ဖေးတံခါးကို သူ၏ သော့ဖွင့်ကိရိယာများ အကူအညီဖြင့် ငါးမိနစ်အတွင်း ဖွင့်နိုင်ခဲ့လေသည်။

ဘခက်သည် သေးငယ်သော ဖောင်တိန်အရွယ် လက်နှိပ်ဓာတ်မီး အငယ်စားကလေးကိုအသုံးပြု၍ တိုက်အိုကြီးအတွင်းသို့ဝင်ခဲ့၏။ သူ့ရှေ့တွင် ရှည်လျားသောစင်္ကြံ တစ်ခုရှိသည်။ စင်္ကြံဆုံးသည်နှင့် ကျယ်ဝန်းသော ညွှန်ခန်းဆောင်ကြီးထဲသို့ ရောက်ရှိသွားပါသည်။

ထိုအချိန်တိုင်အောင် မဲလုံး၏ဟောက်သံလေးမျှမကြားရ။ အသက်ရှူသံလေးမျှမကြားရ၊ တိုက်ကြီးတစ်ခုလုံး တစပြင်ကဲ့သို့ ငြိမ်သက်နေပါသည်။ ဘခက်သည် တိုက်ကြီး၏အနေအထားကို သိရှိပြီးသားမို့ သူ့အတွက်လှုပ်ရှားရသည်မှာ ခက်ခက်ခဲခဲ မရှိလှပါ။

သို့နှင့် အပေါ်ထပ်သို့တက်သော လှေကားကြီးထိပ်သို့ ရောက်ရှိသွားသည်။ သူ၏ လက်နှိပ်ဓာတ်မီးရောင်မှိန်မှိန်ကလေးက လှေ ကားရင်းသို့ ထိုးမိသွားသည်။

ရိုပ်ကနဲ မြင်လိုက်ရ၏။

လူတစ်ယောက်။

ဘခက်သည် ညာခြေဖြင့် 'မေကာရီကစ်' တစ်ချက်ဖြတ်ကနဲ သွင်းလိုက်သည်။ ရန်သူကလည်း သူလှုပ်ရှားမှုနှင့် တစ်သဝေမတိမ်း ညာခြေတဖက်ထွက်လာ၏။ ခြေထောက်နှစ်ချောင်း ဖြောင်းကနဲမထိမီ ဘခက်ကသူ့ခြေကို ပြန်၍ရုတ်သိမ်းလိုက်၏။

တော်ပါသေးရဲ့။

မှန်ကြီးထဲမှ သူ့အရိပ်ကိုပြန်ပြီး ကန့်မိတော့မလို့။

မှန်နှင့် တစ်လက်မခန့်အလိုတွင် ခြေကိုပြန်၍ရုတ်နိုင်ခဲ့လို့သာပေါ့၊ သို့မဟုတ်လျှင် 'ချလွမ်း'ကနဲ မိုးကြိုးပစ်တာထက်အသံကျယ်သွားပေမည်။ လှေကားကြီးအနီးရှိနံရံတွင် ကိုယ်လုံးပေါ်မှန်ကြီးကပ်ထားသည်ကို မီးပြင်သမားအဖြစ်ရောက်ခဲ့စဉ်ကသူမြင်ခဲ့ရသည်။ သတိမထားမိခဲ့။

ဘခက်သည် ကိုယ့်ကိုယ်ကိုကျိတ်၍ အပြစ်တင်ပြီး လှေကားထစ်များကို ချုတ်နင်း၍ တစ်ထစ်ချင်းတက်ခဲ့သည်။ လှေကားထစ်ငါးထစ်လောက် အရောက်တွင် သူ့တစ်ကိုယ်လုံး ထုံသွားသည်။ အကြောအချဉ်တွေ ဆိုင်းသွားသလို ခံစားလိုက်ရသည်။

ငိုရှိုက်သံ သဲ့ သဲ့.....

ညည်းညူသံ သဲ့ သဲ့.....

သူ့နားထဲတွင် အင့်ကနဲ နာနာကျည်းကျည်းရှိုက်လိုက်သောမိန်းကလေးတစ်ယောက်၏အသံကို စက္ကန့်ပိုင်းလောက်ကြားလိုက်ရသည်။ ဘခက်သည် ခန္ဓာကိုယ်ကို ကျောက်ရုပ်လိုငြိမ်၍နားစွင့်ထားလိုက်သည်။

တိုက်အိုကြီးသည် ပကတိ ဆိတ်ငြိမ်လျက်။

ဘခက်လည်း ငြိမ်နေသည်။

အသံမကြားရတော့၊ နောက်ထပ် ဘာသံမှထပ်၍ မကြားရတော့၊ စိတ်ထင်လို့များလား။ သူသည်ဆက်လက်၍ စောင့်နေသည်။ သည်းခံပြီးတော့ စောင့်နေသည်။ အပ်ကျသံမျှ မကြားတော့ပြီ၊ ကောင်စိတ်စွဲလန်းလွန်း၍ဘဲ ဖြစ်ရမည်။ ဘခက်သည် သတိသပ္ပဇဉ်ကိုအစွမ်းကုန်ဖွင့်၍ လှေကားပေါ်သို့ ဆက်၍တက်ခဲ့သည်။ အပေါ်သို့ရောက်သည်နှင့် ဒေါက်တာကျော်ဇံလူ၏ အိပ်ခန်းဘက်သို့ နားစွင့်လိုက်၏။ ဟောက်သံသဲ့သဲ့ ကြားရသည်။

သူသည်စာကြည့်ခန်းဘက်သို့ ခပ်သွက်သွက်လှမ်းခဲ့၏။ ခန်းဆီးစကို အသာလှစ်ဟရင်း အခန်းတွင်းသို့ လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်လိုက်သည်။

ဓောင်းအိုတစ်လက်နှင့် ကတ္တီပါ အနက်စဖြင့် အုပ်ဆိုင်းထားသော လူရိုးခေါင်းကြီးကို စန္ဒရားကြီးပေါ်တွင် အနေအထားမပျက်တွေ့လိုက်ရသဖြင့် အတိုင်းမသိဝမ်းသာသွားရသည်။

ဘခက်သည် အခန်းထဲသို့ လှစ်ကနဲဝင်လိုက်ပြီး စန္ဒားရားကြီးနားသို့ ပေါ့ပါးစွာ ချဉ်းကပ်သွားသည်။ ကတ္တီပါအနက်စကို လှန်ကာနီးတွင်တော့ သူ့လက်က တဆတ်ဆတ် တုန်နေသည်။ ရင်တွေကလည်း တဒိန်းဒိန်း ခုန်နေသည်။

သူသည်ကတ္တီပါစကို ဆတ်ကနဲ ဆွဲလှန်လိုက်၏။

သူတစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထသွား၏။

နီရဲသော မျက်လုံးကြီးနှစ်လုံးက သူ့ကိုစိုက်ကြည့်နေ၏။ သွားကျဲကျဲကြီးတွေက ပြဲဟ၍နေသည်။ ဘခက်သည်ညို့သက်မိနေသလို ငြိမ်သက်စွာ ရပ်ကြည့်နေမိ၏။ သူ၏ သတိသမ္ပဇဉ်ကလည်း လွင့်မျောနေဟန်ရှိသည်။

သူ့စိတ်ကိုပြန်လည် စုစည်းမိချိန်တွင်တော့ အမှားအယွင်းတစ်စုံတစ်ခုရှိနေပြီဖြစ်ကြောင်း ဘခက်သိလိုက်ပါ၏။ သည်အခန်းထဲတွင်သူ့အပြင်အခြားသက်ရှိ သတ္တဝါတစ်ဦးရောက်ရှိနေပြီဟုသူ့စိတ်တွင်အလိုအလျောက်ခံစားလိုက်ရသည်။

သို့တစေ.....

သူ့အသိက စက္ကန့်ဝက်လောက် နောက်ကျခဲ့ပါသည်။ ပြင်းထန်သောရိုက်ချက်က သူ့နောက်စေ့ကို 'ဒုတ်' ကနဲ လာထိသည်ဆိုလျှင်ပင် ကြယ်တွေလတွေ ပြိုးပြိုးပြက်ပြက် ဝင်းလက်သွားသည်ကိုမြင်လိုက်ရပြီး အမှောင်ကမ္ဘာထဲသို့ ခေါက်ထိုးမှောက်ကျသွားခဲ့ပါ၏။

## (ခြောက်)

ခေါင်းထဲတွင် ဒီဇယ်ရထား ဆယ်စင်းဖြတ်သွားသလို တဂျုံးဂျုံးနှင့် ဆူညံကိုက်ခဲနေသည်။ သည်အသိကို ပထမဦးဆုံး ဘခက်ခံစားလိုက်ရပါသည်။ ထို့နောက် လေးလံသော မျက်ခွံကို အားယူဖွင့်လိုက်သည်။ စူးရှသော မီးရောင်က မျက်စိထဲသို့ထိုးဖောက် ကျဆင်းလာသဖြင့် ဘာကိုမှပီပီပြင်ပြင်မမြင်သာ။

မျက်စိကျင့်သားရလာသောအခါတွင်မှ ဘခက်သည် သူရောက်ရှိနေသောနေရာနှင့် သူ့အခြေအနေကို ရုတ်တရက်ပြန် လည် သတိရမိလိုက်သည်။

သူသည်အခန်းကျယ်ကြီး တစ်ခုထဲတွင်ရောက်နေ၏။ ကြမ်းပြင်ပေါ်တွင် ဘေးတိုက်အနေအထားဖြင့် လဲလျောင်းနေရသည်။ သူ့လက်ကိုလက်ပြန်ကြိုး တုပ်ထားသည်။ ခြေထောက်တွေကလည်း လွှတ်မရ။

သူ့ရှေ့တွင် လူနှစ်ယောက်ရှိနေ၏။ တစ်ယောက်ကမိန်းမ သား။ တစ်ဦးက အသက်ကို ခန့်မှန်းရမလွယ်ကူသော ယောက်ျားတစ် ယောက်။ သူတို့နှစ်ဦးစလုံး၏ မျက်နှာမှာမေးရိုးကြီးတွေငေါ်ထွက် နေကြပြီး ရုပ်ပျက်ဆင်းပျက် ပိန်လှီနေကြသည်။ ဟောက်ပက်နေ

သော မျက်လုံးအိမ်ထဲတွင်တော့ အရောင်အဆင်း ကင်းမဲ့နေသော လူသေလိုမျက်လုံးကြီးတွေရှိနေပါသည်။

အမျိုးသမီးသည် လက်ရမ်းပါသော ကုလားထိုင်အိုကြီး ပေါ်တွင်မလှုပ်မယှက်ထိုင်နေ၏။ သူမရှေ့ လူနာတင်ခုတင်ကြီး ပေါ်တွင်မူ လူတစ်ယောက်လဲလျောင်းနေ၏။ သူ၏အောက်ပိုင်းတွင်မူ စောင်တစ်ထည်လွှမ်းခြုံထားသည်။ သူတို့နှစ်ယောက် အခြေအနေက လှုပ်ရှားနိုင်သည့်တော့ မဟုတ်ပါ။ နှစ်ဦးလုံးအား ကြိုးနှင့် ချည်နှောင် ထားသည်။ ပြီးတော့...... ဖြူဖွေးသော လူခြေထောက်ကြီးကြီးတစ် စုံကို နံရံတွင်ဆွဲချိတ်ထားသည်။

"ဩော်.....ရှင်သတိရလာပြီကိုး"

အမျိုးသမီး၏ အသံကကြားရုံလေး ပျံလွင့်လာသည်။

"ဟုတ်.....ဟုတ်တယ်၊ ကျွန်တော်သတိရပြီ၊ ကျွန်တော် ဘယ်ရောက်နေသလဲ"

'ငရဲခန်း'

'ဘာ'

'ဒေါက်တာ ကျော်ဖုံလူရဲ့ ငရဲခန်းကြီးထဲမှာပေါ့'

ယခုတော့ ဘခက်၏အတွေးက ကြည်ကြည်လင်လင်ပြန် ဖြစ်လာပြီ။ သူသည် လူအရိုးခေါင်းကြီးကိုကြည့်နေစဉ် သူ့ခေါင်းကို တစ်ယောက်ယောက်က ကျကျနနကြီး ရိုက်ချလိုက်ခြင်းကိုခံခဲ့ရပြီး သတိမေ့သွားခဲ့သည်။

ယခုသတိရလာတော့ အခန်းတစ်ခုထဲတွင် ကြိုးတုပ်လျက် ရောက်နေ၏။ အခန်းက ငရဲခန်းတဲ့။ တစ်ကိုယ်တော် ဘခက် သည် သူရောက်ရှိနေသော အခန်းကြီးကိုကြည့်လိုက်သည်။ ဝင်ပေါက် တစ်ခုတည်းသာရှိသော ကျောက်တုံးများဖြင့် အခိုင်အမာတည် ဆောက်ထားသော အခန်းကြီးပင်။ ပြတင်းပေါက်ဟူ၍ တစ်ပေါက်မှ

မရှိ၊ ထိန်လင်းတောက်ပသော မီးအုပ်ဆောင်းကြီးတစ်ခုကို မျက်နှာကြက်တွင် ချိတ်ဆွဲထားသည်။

အခန်းထောင့်တွင် ဆေးပုလင်းများ၊ ပြွန်များ၊ ဖန်ပေါင်းအိုးကြီးနှင့် ခွဲစိတ်ရာတွင်အသုံးပြုသော ကိရိယာများထည့်ထားသည့် မှန်ဘီရိုကြီးတစ်လုံးနှင့် လူနာခွဲစိတ် ကုသရာတွင် အသုံးပြုသော ခုတင်တစ်လုံးကို တွေ့ရသည်။

"လူတွေကို အရှင်လတ်လတ် နှိပ်စက်တဲ့ ငရဲနန်းကြီးပေါ့၊ ဒီအခန်းကြီးထဲမှာ မသေရုံတမယ် ဒုက္ခခံရတာသုံးလလောက်ရှိနေပြီ၊ ဒါပေမယ့် ကျွန်မစိတ်ထဲမှာတော့ နှစ်ပေါင်းသုံးရာလောက်ကြာလှပြီလို့ထင်နေတယ်"

အမျိုးသမီးအသံက နာကျည်းတုန်လှုပ်ဖွယ်ကောင်းလှသည်။ ဘခက်သည် အမျိုးသမီး၏မျက်နှာကို အသေအချာ ကြည့်လိုက်၏။ သည့်တွင်တစ်စုံတစ်ရာကို အမှတ်ရလိုက်မိပါသည်။

"မင်း.....မင်း.....၊ အေမီမြိုင် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မဟာ ဒေါက်တာကျော်ဖဲလူ မတရားသိမ်းပိုက်တာကို ခံလိုက်ရတဲ့ အေမီမြိုင်ပါဘဲ၊ ရှင်ကျွန်မကို သိသလား"

ဘခက်ကခေါင်းညိတ်ပြလိုက်သည်။ သို့ရာတွင်အေမီမြိုင်၏ အလှအပဟူသမျှကတော့ ပျောက်ကွယ် ချုပ်ငြိမ်းနေခဲ့ပါပြီ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်နေရှာပါပြီ။

"သူကကော"

သူကကျွန်မချစ်သူ ဆေးကျောင်းသားကိုကိုလတ်လေ၊ ဒေါက်တာကျော်ဖဲလူဟာ ကျွန်မကို မတရားအနိုင်ကျင့်ပြီး သိမ်းပိုက်ခဲ့ပေမယ့် ကိုကိုလတ်ဟာ ကျွန်မကို မေ့ပျောက်ခဲ့ပါဘူး၊ ကျွန်မကို သူ့လက်ကလွတ်အောင် ကြိုးစားခဲ့ရှာပါတယ်၊ ဒါတွေကို သိသွားခဲ့တဲ့

ဒေါက်တာကျော်ဖံလူဟာ.....''

အေမီမြိုင်အသံက တိမ်ဝင်သွားပါသည်။ ပြီးတော့ ရှိုက်သံတွေထွက်ပေါ်လာ၏။

''ဒါ.....ဒါဖြင့် ဒီအခန်းကြီးက ဒေါက်တာကျော်ဖံလူ အိမ်ကြီးထဲကမြေတိုက်ကြီးပေါ့။ ဟုတ်လား အေမီမြိုင်''

သူ့အမေးကို အေမီမြိုင်တစ်ယောက် မဖြေလိုက်ရပါချေ။ ထုထဲသော သံတံခါးကြီးက ပွင့်ဟလာပြီး လူနှစ်ယောက်ဝင်လာကြ၏။

ဒေါက်တာကျော်ဖံလူနှင့် ဆွံ့အနားမကြားသောလူအန္တကြီးမဲလုံးပါတကား။

''အင်း၊ သတိရလာပြီကို။ ဘယ့်နှယ်လဲ..... တော်တော်လေးမှ မြိုးမြိုးမြက်မြက်ရှိရဲ့လားမောင်ရင်၊ အဲ..... ဘယ်သူကွယ့် မင်းအမည်''

''ကျုပ်နာမည် ဘခက်၊ ကျုပ်ကို ဘာလုပ်ကြမလို့လဲ''

''အာ.....အာ.....သိရပါတွယ်၊ မောင်ရင်ကို ဘာလုပ်မယ်ဆိုတာ မကြာခင် ဟောဒီအခန်းထဲကလူတွေကို မောင်ရင်နည်းနည်းပါးပါး သိထားဖို့လိုမယ်ထင်တယ်''

ဒေါက်တာကျော်ဖံလူသည် ဆေးပြင်းလိပ်ကြီးကို အငွေ့တထောင်းထောင်း ထအောင် ရှိုက်ဖွာလိုက်ပြီး အေမီမြိုင် ရှေ့သို့ ရောက်ရှိသွားပါသည်။

''ဟောဒါက ကျုပ်ရဲ့ ဒုတိယဇနီးချောကလေး အေမီမြိုင် ဆိုတာပေါ့။ အရင်တုန်းက ဒီကမ္ဘာမှာ သူ့လောက်ချောတာ လှတာ စွဲမက်စရာကောင်းတာ ဘယ်ရှိပါ့မလဲ''

ထို့နောက် ဒေါက်တာကျော်ဖံလူသည် အေမီမြိုင်ရှေ့ ခုတင်ပေါ်တွင် လဲလျောင်းနေသူအား မှန်းတီးစက်သုတ်စွာ ကြည့်

လိုက်ပါသည်။

'အဲ.....သူကတော့ ကျုပ်ရဲ့ အင်မတန်ချောမောလှပတဲ့ ဖနီးချောကလေးကို တိတ်တိတ်ပုန်း ကြာခိုနေတဲ့၊ ခပ်ရိုင်းရိုင်းပြော ရရင် လင်ငယ်ကလေးပေါ့ကွာ၊ ဟဲ.....ဟဲ'

"မဟုတ်ဘူး.....မဟုတ်ဘူး။ ကိုကိုလတ်ဟာ ကျွန်မချစ်သူ၊ ရှင်သာကျွန်မကို သူ့လက်ထဲက မတရားသိမ်းပိုက်ခဲ့တဲ့ နွားကြီး"

အေမီမြိုင်က အော်လိုက်သည်။

အဖိုးကြီးက တဟားဟားရယ်ပစ်လိုက်၏။ အေမီမြိုင်၏ စကားကို ဥပေက္ခာပြုလိုက်၏။

ဘခက် မင်းဟာငါ့ဘဝမှာ အမြတ်နိုးဆုံးဖြစ်တဲ့ ပတ္တမြားကြီး နှစ်လုံးကို လာခိုးတဲ့ ရတနာသူခိုး"

ဒေါက်တာကျော်ဇံလူအသံက ထန်မာလာသည်။ ပြီးတော့ ကိုကိုလတ်ကို လက်ညှိုးငေါက်ငေါက် ထိုးလိုက်၏။

'သူကတော့ ငါပိုင်ဆိုင်တဲ့ အသွေးအသားတွေကို တိတ် တိတ်ပုန်းခိုးတဲ့ ကာမသူခိုး။ မင်းတို့နှစ်ယောက်စလုံးဟာ အတူတူဘဲ၊ အေး..... ငါဟာ ငါ့အပေါ်မှာ မတရားလုပ်တယ်လို့ ထင်တဲ့လူတွေ မှန်သမျှကို လှလှပပကလေး လက်စားချေတတ် တယ်ကွ"

သူ့အသံက ပြန်လည်၍ တည်ငြိမ်လာသည်။

"ငါငယ်ငယ်တုန်းက အိမ်မှာမွေးထားတဲ့ ကြောင်မကြီးက ငါ့လက်ကိုကုတ်တယ်၊ ငါက အဲဒီကြောင်ကို ဘာပြန်လုပ်ခဲ့တယ် ထင်သလဲ"

ဘခက်၏ရင်ဝယ် စိုးရွံ့တုန်လှုပ်မှုက ထင်ရှားသိသာလာ နေသည်။

"ကြောင်ကို လူကြီးတွေမသိအောင်ဖမ်း၊ ဂုံဒေါင်ထဲမှာမ လှုပ်နိုင် ကြိုးတုပ်ပြီး ခြေတွေလက်တွေကို တစ်ချောင်းချင်း ဓားနဲ့ဖြတ်၊

ရင်ကိုခွဲအသည်းကိုထုတ်ပြီး စိမ်ပြေနပြေ သောက်စားချေသတ်ဖြတ်ပြီး ကစားခဲ့တယ်၊ အဲဒီကတည်းက ခွဲစိတ်ဖြတ်တောက်ရတဲ့ အရသာကို မက်မောခဲ့ရတာကလား”

ဘခက်တစ်ကိုယ်လုံး အေးစက်သွားသည်။ တုန်လှုပ်သွားသည်။

'ခင်.....ခင်များကြီး ကျုပ်ကို ဘာလုပ်မလို့လဲ'

ဒေါက်တာကျော်ဇံလူက အားရကျေနပ်စွာ ရယ်လိုက်သည်။

'နေပါအုံးလေ၊ ငါပြောတဲ့စကားတွေကို ဆုံးအောင် နားထောင်ပါအုံး၊ အဲ.....အဲ ငါဟာ ခွဲစိတ်ကုသမှုဆိုင်ရာ ပါရဂူဘွဲ့ကို လန်ဒန်မှာ ကိုယ်ပိုင်စရိတ်နဲ့ သွားသင်ခဲ့ရတယ်၊ အဲ.....မိဘကလည်း ချမ်းသာခဲ့တာကိုး၊ အဲ.....ဒါပေမယ့် ကံမကောင်း အကြောင်း မလှတော့ ငါ့လိုင်စင် ပြုတ်သွားခဲ့ရပါတယ်ဆိုတော့၊ ဒါပေမယ့် ငါဟာ အင်မတန်တော်တဲ့ ခွဲစိတ်ကုသမှု ဆရာဝန်တစ်ယောက်ပါ၊ ငါ့လက်တွေဟာ မခွဲစိတ်ဘဲ မနေနိုင်တော့ဘူးကွ.....'

ဒေါက်တာကျော်ဇံလူသည် ကိုကိုလတ်လဲလျောင်းနေသော ခုတင်ဖြူကြီး၏ ခြေရင်းသို့ ရောက်ရှိသွားပြီး စောင်ပြာကြီးကို ဆွဲလှန် ပစ်လိုက်သည်။

“အား”

ဘခက်၏ ပါးစပ်မှ စူးစူးဝါးဝါး အသံတစ်ချက် ထွက်သွား သည်။

မမျှော်လင့်သော.....

မထင်မှတ်သော.....

ကိုကိုလတ်ကို လမ်းမလျှောက်နိုင်ရန် ဒုက္ခပေးထားသော လူမဆန်သော အပြုအမူမြင်ကွင်းကို တွေ့လိုက်ရ၏။

* * *

(၃နှစ်)

ဒေါက်တာကျော်ဖုံလှသည် အေးမိမြိုင်ကို မတရား အနိုင်ကျင့်၍ သိမ်းပိုက်ခဲ့သော်ငြားလည်း အေးမိမြိုင်၏ ငယ်ချစ်ဦး ဆေးကျောင်းသားလေး ကိုကိုလတ်မှာ အေးမိမြိုင်ကို မပြတ်နိုင်ခဲ့ပါ။

အေးမိမြိုင်သည် သူ၏ မသန့်စင်တော့သည့် ကိုယ်ခန္ဓာနှင့် ညစ်နွမ်းနေသော နှလုံးသားကို ချစ်သူ၏ လက်သို့ မအပ်နှင်းချင်တော့၊ မပေးရက်နိုင်တော့။ သို့တစေ နှလုံးကွဲမတတ်ခံစား နေရရှာသော ကိုကိုလတ်ကို သနားမိသည့်စိတ်နှင့် တိတ်တဆိတ်ဆက်သွယ်ခဲ့သည်။ အတွေ့ခံခဲ့သည်။

ဒါကို ဒေါက်တာကျော်ဖုံလှက သိရှိသွားသည်နှင့် ကိုကိုလတ်ကို လျှို့ဝှက်စွာ ဖမ်းဆီးပြီး ရက်စက်စွာ လက်စားချေသည်။ ယုတ်ယုတ်မာမာ တုံ့ပြန်ခဲ့သည်။ ကိုကိုလတ်နှင့် အေးမိမြိုင်ကို သူ၏ တိုက်အိုကြီးရှိ မြေအောက်ခန်းထဲတွင် လျှို့ဝှက်စွာ ချည်နှောင်ထားလိုက်၏။ ပတ်ဝန်းကျင်သို့မူ အေးမိမြိုင်တစ်ယောက် လင် ငယ်နောက်လိုက်သွားသည်ဟု သတင်းဖြန့်ခဲ့သေးသည်။

ပြီးတော့ အေဝီမြိုင်၏ ရှေ့တွင်ပင် ကိုကိုလတ်၏ ခန္ဓာကိုယ်ကို [illegible]က်တာ လူစဉ်မမီအောင် လုပ်လိုက်လေသည်။

ရက်ဘက်ယုတ်မာသည့် လူကြီးပင်။

အေဝီမြိုင် ခမျာမှာတော့ ချစ်သူ၏ ဝေဒနာကို စိတ်မချမ်းသာစွာဖြင့်ပင် တွေ့နေရသည်။ သူတို့နှစ်ဦးစလုံးကို အသက်မသေစေရန်တော့ ဒေါက်တာကျော်ဇံလူက ဂရုစိုက်ခဲ့ပါသည်။ ဘခက် သည် လွန်ခဲ့သည့် သုံးလလောက်က "**မျောက်ဆိုးနေသော ဆေးကျောင်းသားတစ်ဦး**"ဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို သတင်းစာများတွင် ဖတ်လိုက်ရသည်။

ယခုတော့ အဖြေပေါ်ပြီ။

ဒီ....ငရဲခန်းကြီးထဲကိုလည်း သူကိုယ်တိုင် ရောက်ရှိနေခဲ့ပြီ။

'ဘယ့်နှယ့်လဲ..... လူတစ်ယောက် အသက်မသေစေဘဲ ဒုက္ခပေးတာကို မြင်ဖူးသွားပြီမို့လား။ နောက်ထပ်နှစ်လလောက် ဆက်ပြီးခွဲစိတ်လိုက်မယ်ဆိုရင် သူဟာ စကားမပြောနိုင်တော့ဘူး။ သူ့နားတွေ မျက်စိတွေဟာလည်း မကြားနိုင် မမြင်နိုင်တော့ဘူး။ အဲဒီတော့မှ လူ့လောကထဲကို ထည့်ပေးလိုက်မယ်။ အဲ....မင်းကိုလည်း ငါမသတ်ပစ်ပါဘူး ဘခက်၊ စိတ်ချပါ၊ဟား....ဟား....ဟား'

အောင်မြင်နက်ကျောသော ဒေါက်တာကျော်ဇံလူ၏ ရယ်သံကြီးသော မြေတိုက်ခန်းထဲတွင် သိမ့်သိမ့်တုန်သွားအောင် ထွက်ပေါ်လာသည်။ ဒေါက်တာကျော်ဇံလူ၏ စိတ်သည် ပင်ကိုယ်စိတ်မဟုတ်တော့ဘဲ စိတ်ဝေဒနာ စွဲကပ်နေပြီကို သိလိုက်ပါပြီ။

'အရူးကြီး.... လူယုတ်မာကြီး။ ခင်ဗျား ကျုပ်အသားကို မထိနဲ့၊ ကျုပ်ကို တရားဥပဒေအတိုင်း ရဲလက်ကို အပ်ပါ'

ဘခက် အသံကုန်အော်လိုက်သည်။

'ဟား....ဟား ငါမရူးပါဘူးကွ၊ ရူးနေတာက မင်းတို့တစ်

ဗွေ ပတ်ဝန်းကျင်ကလူတွေ....တဏှာရူးတွေ၊ ဉစ္စာရူးတွေ၊ ဟား–ဟား–ဟား။ အဲ..... ပြောရဦးမယ် ခင်ခင်ကြီးကို သတ်ပစ်တယ်လို့ လူတွေက ပြောနေကြတယ်၊ အမှန်တော့ ခင်ခင်ကြီးဟာ ငါ့အင်မတန် မြတ်နိုးတွယ်တာခဲ့တဲ့ မိန်းမတစ်ယောက်ကွ၊ ငါက ဘာဖြစ်လို့ သတ်ရမှာလဲ....'

'မင်းလာခိုးတဲ့ အရိုးခေါင်းကြီးဟာ ခင်ခင်ကြီးရဲ့ အရိုးခေါင်းကြီးပေါ့။ သင်္ချိုင်းက ပြန်ဖော်ပြီး ငါ့အမြတ်နိုးဆုံးဖြစ်တဲ့ ပတ္တမြားကြီးနှစ်လုံးကို တပ်ဆင်ပေးထားခဲ့တာပဲ၊ အဲဒီမျက်စိတွေဟာ ငါ့နှလုံးသားကို အေးမြစေခဲ့တယ်။ ခင်ခင်ကြီးကိုယ်တိုင် အသက်ရှင်လျက်က ငါ့ကိုကြည့်နေသလို ရင်ထဲမှာနွေးထွေးစေခဲ့တယ် ဘခက်။

"အဲ...မင်းက ငါ့အမြတ်နိုးဆုံး ပစ္စည်းတွေကိုမှ လာခိုးတဲ့ သူခိုးဆိုတော့"

ဒေါက်တာကျော်ဖုံလူသည် သူ့စကားကို မတင်မကျ အဆုံးသတ်လိုက်ပြီး ဆေးပစ္စည်းများ ထည့်ထားသော ဗီရိုကြီးဆီသို့ လျှောက်သွားပါသည်။ မဲလုံးကတော့ ကျောက်ရုပ်ကြီးလို လက်ပိုက်ကြည့်နေခဲ့၏။

ဘခက်သည် တုပ်နှောင်ထားသော ကြိုးတွေကို သွေးရူးသွေးတန်း ရုန်းကန်ကြည့်သည် မရ၊ ခြေတွေလက်တွေ ပွန်းပဲ့ပြီး အသားနီလန်လာသည်။

ဒေါက်တာကျော်ဖုံလူကတော့ ဆေးထိုးပြွန်တစ်ချောင်းကို ကိုင်ရင်း သူ့ထံအေးအေးဆေးဆေး လျှောက်လာနေ၏။ အထဲတွင်တော့ အမျိုးအမည်မသိ ဆေးတစ်မျိုး။

ထိုစဉ်မှာပင် ဖွင့်ထားသော သံတံခါးကြီးဆီမှ အသံသဲ့သဲ့တစ်မျိုးကို ကြားလိုက်ရသည်။ တယ်လီဖုန်းခေါ်သံလား။ လူခေါ်ခေါင်းလောင်းသံလားတော့ တိတိပပ မပြောတတ်။

"အေး..... မင်းရဲ့လက်တွေကို ဝအောင်ကြည့်ထားနော့်ပေါ့ ဘခက်ရာ"

ဒေါက်တာကျော်ဖံလှသည့် ဆေးထိုးအပ်ကို စားပွဲခုံပေါ်တွင် တင်၍ မဲလုံးအား အချက်ပြလိုက်ရင်း မြေတိုက်ခန်းထဲမှ ထွက်ခွာသွား၏။ မဲလုံးသည် သံတံခါးကြီးကိုပိတ်၍ တံခါးပေါက်ဘေးမှ ခွေးခြေကလေးပေါ်တွင် လက်ပိုက်ပြီး ထိုင်နေ၏။

ဤသတ္တဝါကြီးမှာ ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ကြည်နူးဝမ်းသာခြင်းများ အလျှင်းကင်းမဲ့ နေပုံရသည်။ လူသားတစ်ယောက်၏ ခံစားမှု မှန်သမျှ မဲလုံးတွင် ချုပ်ငြိမ်းနေခဲ့ပုံပင်။ တခဏ်အတွင်း ဆိတ်ငြိမ်မှုက ကြီးစိုးသွားသည်။

တစ်ကိုယ်တော်ဘခက်သည် ခေါင်းအေးအေးဆေးဆေးထားလိုက်ပြီး အခြေအနေကို ပြန်လည်သုံးသပ်လိုက်သည်။ ပင်ကိုယ်စိတ်ထား မရှိတော့သဲ အရုပ်တစ်ပိုင်းဖြစ်နေသော ဒေါက်တာကျော်ဖံလှ၏ လက်ထဲမှ မည်သည့်နည်းများဖြင့် လွတ်မြောက်အောင် စွမ်းဆောင်ရပါလိမ့်။

အေမီမြိုင်သည် ဘခက်ကို အားကိုးတကြီး ကြည့်နေရှာသည်။ ကိုကိုလတ်၏ ညည်းညူသံသဲ့သဲ့က ချောက်ခြားဖွယ်ရာ ထွက်ပေါ်နေသည်။

မဲလုံးကတော့ မတုန်မလှုပ် ကျောက်ရုပ်။

သို့တစေ ထိုင်နေကြီးကို သတ်ပုတ်မည့် အခွင့်အရေး တစ်စက်ကလေးမျှ ရှိမနေခဲ့။

ဤစဉ်မှာပင် ဆန်းကြယ်သော ကံတရား၏ ပေးမှုကြောင့် အခွင့်အရေးတစ်ခုက မိုးပေါ်ကကျလာသလို ဖြစ်ပေါ်လာခဲ့၏။

တစ်ခန်းလုံး ပိန်းပိတ်အောင်မှောင်သွားသည်။

ကိုယ့်လက်ကိုယ့်ခြေတောင် မမြင်သာတော့။

မီးပျက်လေပြီထင့်။

မီးသည် ဒီလိုပင် မကြာခဏ ပျက်လေ့ရှိသည်။

ဘခက်သည် မဲလုံးအသံကို နားစွင့်လိုက်၏။ ဘာသံမှ မကြားရ။ ဘခက်သည် ကွန်ကရစ် ကြမ်းပြင်တလျှောက် သူ့ကိုယ်သူ ပုလင်းတစ်လုံးလို လှိမ့်လိုက်ပါသည်။ တစ်စုံတစ်ခုကို တိုက်မိပြီး သူ့လှုပ်ရှားမှုက ရပ်တန့်သွားပါသည်။ လှုပ်ခတ်သံများ ကြားလိုက်ရသည်။

ခေါးပစ္စည်းများထည့်ထားသော မှန်ဘီဒိုကြီးပါတကား။

ကံကောင်းလေစွ။

ဘခက်သည် မှန်ဘီရိုကြီးကို ခဲခဲယဉ်ယဉ်း နောက်ကျော ဖြင့် မှီ၍ထိုင်လိုက်ရင်း ကြိုးတုပ်ထားသော လက်နှစ်ဖက်ဖြင့် ထိုး ခွဲလိုက်သည်။

"ချလွမ်း"

မှန်ကွဲသံက မိုးခြိမ်းသံအလား ကျယ်လောင်လှသည်ဟု ထင်ရသည်။

ဘခက်သည် အသက်ရှုဖို့ကိုပင် မေ့လျော့သွားမိပြီး မဲထုံး ထံကို နားစွင့်လိုက်သည်။

နားကန်းကြီးသည် မှန်ကွဲသံကို ကြားဟန်မတူ။

သူသည် ဘီရိုထဲသို့ လက်နှစ်ဖက် ထိုးသွင်းလိုက်သည်။ ကွဲ၍ တစ်ပိုင်းတစ်စ ကျန်ခဲ့သော ထောင်နေသည့် မှန်စတစ်ခုက သူ့လက်ကိုထိုးခွဲလိုက်သည်။ နာကျင်ပေမယ့် ဘခက်ဝမ်းသာသွား သည်။

သို့တစေ ဤလုပ်ငန်းမှာ ထင်သလောက် လွယ်ကူခြင်း မရှိလှ။ အထိအရှ များလှသည်။

"အဟမ်း"

မဲလုံး၏ ချောင်းဟန့်သံကြီး ပေါ်ထွက်လာသည်။ ဤအခန်းထဲတွင် မသက်ာစရာ တစ်ခုခုဖြစ်ပေါ်နေပြီကို မဲလုံး၏ အသိစိတ်တွင် ရိပ်မိသွားဟန်တူသည်။ တစ်ချိန်တည်းမှာပင် မဲလုံး၏ ခြေသံကို ကြားလိုက်ရ၏။

ဘခက်၏ တစ်ကိုယ်လုံး ချွေးဖြင့် နစ်နေသည်။

ဇော .....

သေးငယ်သော ဇောချွေးဖြင့် ရှန်းကာန် လှုပ်ရှားရင်း ထွက်ပေါ်လာသော ဇောချွေး။

ဘခက်သည် အံတစ်ချက် ကြိတ်လိုက်ပြီး လက်နှစ်ဖက်ကို မှန်ကွဲစထဲသို့ ဆောင့်ထိုးပစ်လိုက်သည်။ တင်းကျပ်နေသော ကြိုးတွေက ပြုတ်ထွက်သွားပြီး လက်တစ်ဖက် ဘီရိုထဲသို့ ကျုံ့ဝင်သွားသည်။ ပုလင်း၏ လည်ပင်းကို ကိုင်မိသည်။

ထိုစဉ်တွင်၊

ဝင်းလဲ့တောက်ပသော အလင်းရောင်က မျက်စိထဲထိုးဝင်လာ၏။ ဘခက်သည် မီးလင်းလာသည်နှင့် သူ့မျက်လုံးကို ဖြတ်ကနဲ ပိတ်ပစ်လိုက်၏။ ဤသည်မှာ မဲလုံးထက်သာသော အချက်ပင်တည်း။ မဲလုံးသည် ရုတ်ရှသော အလင်းရောင်ကြောင့် မျက်စိတွေ ပြာဝေနေမိုက် ဘခက်၏ အကြည့်က ပိပိပြင်ပြင်ဖြစ် နေပြီ။ မဲလုံးကား သူ့ခြေရင်းတွင် ရပ်နေ၏။

လက်တစ်ကမ်းအလို။

သူ့ကိုယ်ကြီးသည် ဘခက်အပေါ်သို့ ခိုက်ခိုက်ကန်းကန်း ခုန်အုပ်လိုက်၏။ ဒီလိုနေရာမျိုးတွင် ဘခက်က မကြောက်တတ်။ သူ၏ ခန္ဓာကိုယ်ကို တစ်ပတ်လှိမ့်ပေးလိုက်ပြီး အရှိန်နှင့် ပစ်ကျလာသော မဲလုံး၏ ဦးခေါင်းကို လက်ထဲက ပုလင်းနှင့် အားရပါးရ သယ်ထည့် လိုက်သည်။

"ချလွှမ်း"

ပုလင်းကွဲသွားသလို မဲလုံးသည် ကြမ်းပြင်ကို နမ်းလျက် ကြီးမှောက်သွားသည်။ ဘခက်သည် လက်ထဲက ပုလင်းဖင်နှင့် သူ့ခြေထောက်တွေ တုပ်နှောင်ထားသော ကြိုးကို ထိုးဖြတ်လိုက်၏။ ကြိုးက အလွယ်တကူ မြှုတ်မသွား။

သူ့အမှားပင်၊

မဲလုံး၏ ခေါင်းသည် အုန်းသီးတစ်လုံးထက်ပင် မာပြင်းပုံရသည်။ ငနဲကြီးက ကုန်း၍ထလာ၏။ သူ့လက်ထဲတွင် ဘီရှိထဲက နှိုက်ခဲ့ဟန်တူသော ဓားတစ်ချောင်း။

ဓားသွားသည် ဘခက်၏ ကျောပြင်မှ နှလုံးသားတည့်တည့်နေရာသို့ ထိုးစိုက်ကျလာသည်။ ဘခက်သည် ကိုယ်ကို လိမ့်၍ ရှောင်လိုက်၏။

"အင့်....."

ဓားသွားသည် သူ့ပခုံးထဲသို့ စိုက်ဝင်လာသည်။

သည်တစ်ခါတော့ သူ့အလှည့်--

ဘခက်သည် အရှိန်နှင့် ငိုက်ဆင်းလာသော မဲလုံး၏ လည်ပင်းကို ပုလင်းဖင်ပြတ်ကြီးနှင့် ဆောင့်ထိုးပစ်လိုက်၏။

"အား"

ရှူးရှူးဝါးဝါး အော်သံနက်ကြီးနှင့်အတူ လန်ကျသွားသည်။ ရက်စက်လွန်းရာ ကျပေမယ့် သူ့အသက်ကိုယ့်အသက် လုရသည့်ပွဲမို့ ဘခက်မညှာနိုင်တော့။

ပြီးတော့မှ ခြေထောက်က ကြိုးတွေကို အမြန်တိုင် ထိုးဖြတ်လိုက်ရ၏။ ယခုတော့ ကျွတ်ပြီ၊ လွတ်ပြီ။

အေဒီမြင်သည် သတ်[illegible]ပွဲကို ရုပ်တမမနှင့် စောင့်ကြည့်နေရာမှ ကျေနပ်နှစ်သိမ့်သည့် အပြုံးတစ်ခုကို ပြုံးလိုက်ပါသည်။

သည့်အပြုံးမှာ သုံးလအတွင်းမှ တစ်ခုတည်းသော အပြုံးဖြစ်ပါလိမ့်မည်။

"တစ်ယောက်ကျန်သေးတယ်"

အေးမြိုင် အသံက ကျက်ကြွနေသည်။ ဘခက်သည် တရပ်လိုက်၏။ သူ့ခေါင်းထဲတွင် မိုက်ကနဲဖြစ်သွားသည်။ ပခုံးမှ သွေးတွေစီးကျနေသည်။ ဘခက်သည် အေးမြိုင်ကို အသာအယာ ခေါင်းညိတ်ပြလိုက်ပြီး တံခါးဝသို့ ဒယီးဒယိုင်လျှောက်သွားပါသည်။ သူ၏ဘယ်လက်တစ်ခုလုံး နည်းနည်းလေးမှ မလှုပ်နိုင်လောက်အောင်ထုံကျင်နေသည်။

"ဂေါက်..... ဂေါက်..... ဂေါက်"

ကျောက်လှေကားထစ်တွေမှ ကထစ်ချင်းဆင်းလာသည့်ခြေသံသဲ့သဲ့ကို ကြားလိုက်သည်။ ဘခက်သည် တံခါးဝတွင် ကျောမှီရင်းကပ်လိုက်သည်။

"ကျွီ"

ဆီမထည့်သည်မှာ ကြာပြီဖြစ်သော သံတံခါး၏ ပတ္တာများကရှည်လျားစွာ မြည်သွားသည်။ ဒေါက်တာကျော်ဖလှသည် သူ့ကိုကျောပေးရင်း ရပ်နေသည်။

မမျှော်လင့်သော မထင်မှတ်သော အခြေအနေတစ်ခုကသူ့ကိုစောင့်ကြိုနေသည်။

မဲလုံးသည် အခန်းထောင့်တွင် မလှုပ်မယှက် လဲနေသည်။ အေးမြိုင်ကတော့..... ပြုံးလို့။ ဘခက်.....ကော။

"ကျွန်တော်..... ဒီမှာပါ ဒေါက်တာ"

ဒေါက်တာကျော်ဖလှသည် နောက်ကိုဖြတ်ကနဲ ကြည့်လိုက်သည်နှင့် ဘခက်က ညာလက်သီးတစ်လုံးကို သတ်ကွက် နှစ်ကွက်ထည့်၍ သုံးလိုက်သည်။

"အွတ်.....ဒုတ်"

ညာခြေဖြင့် လက်သီးသည် ဒေါက်တာကျော်ဇံလှ၏ အရှိုက်ကို အွတ်ကနဲ တန်းဝင်သွားသလို ငိုက်ကျလာသော နှာယောင်ကို လက်ခုန့်ဖြင့် ခေါက်ထည့်လိုက်ခြင်းပါပဲ။

လဲ.....မသွား။

သည်တော့မှ ညာခြေဖျားတွင် အား အကုန်ထည့်လိုက်ပြီး ဒေါက်တာကျော်ဇံလှ၏ နံဆောင်းကို ကျုံးကန် ထည့်လိုက်၏။

မကောင်းဆိုးဝါးအသံကြီးသည် အခန်းထဲတွင် ပျံ့လွင့်သွားသလို သူ့ကိုယ်ကြီးမှာလည်း လွင့်ထွက်သွားသည်။ ကြမ်းပြင်ပေါ်တွင် သုံးလေးပက်လည်ရင်း ငြိမ်သက်သွားသည်။

ထိုအခါ သူလည်း ဒူးထောက်လျက် ကျသွားသည်။ အားဟူ၍ သူ့ကိုယ်ထဲတွင် တစ်စက်ကလေးမျှ မရှိနေတော့ပါပေ။ ပြာဝေလာသော မျက်လုံး။ ပခုံးမှ စီးကျလာသော သွေးတွေ။

အေဓိမြိုင်သည် သူ့ကို တစ်စုံတစ်ရာ လှမ်းပြောခဲ့သည်။

ဘာပြောလိုက်သည်ကို တိတိပပ မကြားလိုက်ရ။ သူသည် ကျောက်လှေကားထစ်များကို လေးဘက်ထောက်၍ တက်ခဲ့၏။ လှေကား ဆယ့်သုံးထစ် အဆုံးတွင် ပိတ်ထားသော တံခါးတစ်ချပ်ကို တွေ့ရသည်။ တံခါးကို တွန်းဖွင့်လိုက်သောအခါတွင်မူ ငရဲခန်းထဲရှိ ကိုယ်လုံးပေါ် မှန်ကြီးဘေးသို့ ရောက်သွားသည်။ ကနုတ်ပန်းနွယ်များဖြင့် ဘောင်ခတ်ထားသော ဤမှန်ကြီးသည်ပင်လျှင် ဒေါက်တာကျော်ဇံလှ၏ မြေအောက်ငရဲခန်းကို ဝင်သော လျှို့ဝှက်တံခါးပေါက်ကြီး ပါတကား။

အလင်းရောင် ဖျော့ဖျော့သည် ပြတင်းပေါက်များကြားမှ ထိုးဝင်နေ၏။ အမှောင်သည် ကုန်ဆုံးလုနီးလေပြီ။

အရုဏ်ဦး.....

အမှောင်၏ အရှက်ဦး.....

သို့မဟုတ် အမှောင်ငရဲခန်း၏ အရှက်ဦး။

ယခုမူ အဖိုးအနဂ္ဃ ထိုက်တန်သော ပတ္တမြားကြီးနှစ်လုံးကို ယူလိုကယူနိုင်ပါပြီ။ စိန်၊ ရွှေ၊ ငွေ၊ ရတနာတွေကို စီခြယ်ထားသော စောင်းတစ်လက်ကို ပိုင်ဆိုင်လိုက ပိုင်ဆိုင်နိုင်ပါပြီ။

သို့တစေ.....

ရာဇဝတ်မှု ကောင်းကျိုးမပြု.....။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ.....။

ထိုအသိသည် တစ်ကိုယ်တော်ဘခက်၏ နှလုံးသားတိုင်အောင် စွဲငြိတွယ်ကပ်လာပါပြီ။ သူ့ကိုယ်ထဲရှိ လည်ပတ်နေသော သွေးတွေကလည်း တဖြည်းဖြည်း လျော့နည်းလာပါပြီ။

ဘခက်သည် ရှိသမျှ အင်အားတွေကို စုစည်းလိုက်ပြီး သူလုပ်သင့်သည်ဟု တိတိကျကျ ဆုံးဖြတ်ချက်ချလိုက်သည့် အလုပ်တစ်ခုကို လုပ်ဆောင်ရန် ကြိုးစားလိုက်သည်။ သည်အလုပ်မှာ သူ့ဘဝတွင် လူသားအဆန်ဆုံးသော အလုပ်တစ်ခု ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

သူသည် အခန်းထောင့်ရှိ တယ်လီဖုန်းရှိရာသို့ ခဲခဲယဉ်းယဉ်း ရောက်ရှိသွား၏။ တယ်လီဖုန်း ရီသီဗာကို မ,လိုက်ပြီး ဒိုင်ခွက် ဂဏန်းလေးများကို ခပ်သွက်သွက် လှည့်ချလိုက်သည်။

တစ်ကိုယ်တော် ဘခက်၏ ရှင်လန်းတက်ကြွနေသော အသံက ဝါယာကြိုးမှတစ်ဆင့် တစ်ဖက်က နားထောင်သူ ထံသို့ ရောက်ရှိသွားပါသည်။

အနီးဆုံးရဲစခန်း တစ်ခုခုတော့ '**တစ်ကိုယ်တော်ဘခက်**' အား အကူအညီ ပေးနိုင်ကောင်းလေမည်ထင့်.....။

* * *

## သောင်းဆိုင်ကျွံခြင်း

### (တစ်)

ရင်အုံထွားပုံ၊ တင်ဆုံကားမှုက ဗိဗိပြင်ပြင် ရှိသည်။ ပြည့်တင်းသော တင်မြွာစိုင်က ခြေနှစ်ချောင်းကို အတွန့်အလိမ် ပြု၍ လှမ်းလိုက်လေတိုင်း ဝန်း၍ ဝိုက်၍ တုန်ခါခြင်းကို ဖြစ်စေသည်။

အရှိုက်အပဟိုက်က ပုံယန်း ကျုံနေသလို အရွယ်ကလည်း ငယ် ငယ်၊ အလွန်ဆုံးရှိမှ တစ်ဆယ့်ခြောက်နှစ်ကျော်ကျော်၊ အဖျားကော့ သောလည်ပိုက် ဆံပင်အောက်မှ စိုထွေးထွေး ဝင်းအိအိ ဂုတ်သား ပြင်က ဖွေးကာနဲ ဖွေးကာနဲ။

ဝတ်ထားလိုက်သည့် အဝတ်အစားကလည်း အပ်နှင့်ချုပ် ထားသည်ပင် မထင်ရ။ တစ်ကိုယ်လုံး ကော်ပါးပါးသုတ်၍ ကပ်ထား သည့်နှယ်။

ငနဲသားသည် အမျိုးသမီးနောက်မှ လိုက်ချလာသည်။ အကွာအဝေးက ၁၅ပေ ထက်မပို၊ ဆယ်ပေထက်မလျော့၊ သည်

အကွာအဝေးကို ထိန်း၍လိုက်လာပုံရပါသည်။

ငှနဲလေး၏ အဝတ်အဆင်က အပေါ်ပွပွ၊ အောက်ကျပ်ကျပ် တက်ထရက် ရေညှိရောင် ဘောင်းဘီက ပေါင်တွေ တင်တွေ ပြည့်နေအောင် ကျပ်ပုံရသည်။ အပေါ်ပိုင်းကတော့ အစိမ်းရောင် နိုင်လွန်ဂျာကင် အပေါ်စား ကြယ်သီးများကို ဖြုတ်ထားသည်။

ငှနဲလေးသည် ငှနဲမလေး၏ နောက်မှ ရေကာသိုဟ်းရှုသလို ရှုရင်း တစိုက်မတ်မတ် လိုက်လာပါသည်။ ဒါကို ရှေ့က ငှနဲမလေး ကလည်း သိလိုက်မှ သိပ်သိ။

"နာမည်လေး သိပါရစေ"

"လှတယ်နော်..... လှလှသလို နာမည်က လှမှာဘဲ"

"ကျွတ်–ကျွတ်–ကျွတ် လှလိုက်တာ ပျံနေတာပဲ၊ ကလော် ဒီယာကာဒီနေနဲ့ ညီအစ်မလားဟင်"

အခါတိုင်း၊ အခါတိုင်း သူ့မနောက်မှ လိုက်လာလေ့ရှိသော ကော်လံမာနှင့် ငှနဲများသည် သည်လိုမေးတတ်ကြပါသည်။ မထိ တထိ ငေါ့တတ်ကြသည်။ ထေ့တတ်ကြသည်။ သို့သော် ဒီငှနဲ လေးကတော့ တေမိ။

အင်းလျားလမ်းမကြီးမှ ပိတောက်မြိုင် လမ်းကျဉ်းကလေး ထဲသို့ ချိုးကွေ့ဝင်ရောက်လာသည့်တိုင်အောင် ငှနဲက တစ်ခွန်းတစ်ပါ ဒမျှ ဟတော်မမူပေ။

အချိန်ကလည်း နေဝင်ပြီး ခပ်ပျပျ။

လူက ပြတ်ပါဘိသနဲ့။

သို့တစေ သည်ကောင်မလေးက နဲနဲမျှမမူ၊ သည်လို ငှနဲမျိုး ကို သူ့ကိုယ်ပေါက်ခဲ့သည်မှာ တစ်ဖါဖင်ပြည့်ဖို့ တစ်ယောက်ဘဲ လိုတော့ သည်။ ဂျူဒိုသင်တန်းဆင်းလာပြီး ကတည်းက၊ သည်လိုငှနဲမျိုးများကို အစမ်းကွင်းဆင်းခဲ့သည်မှာ မနည်းတော့ဘူး မဟုတ်လား။

## ၄၆ ဆွေလှိုင်ဦး

တစ်ယောက်ချင်းဘဲ ဘာကြောက်စရာ ရှိသလဲ။

မိန်းကလေးသည် ခေါင်းကိုငုံ့သည် ဆိုရုံလေး ငုံ့လိုက်သည် ဖွေ့ကနဲနေသော မျက်နှာက နောက်မှ လိုက်ပါလာသော ငနဲလေးအား တစ်ချက် အကဲခတ်လိုက်ပါသည်။

သည်တွင်ပဲ စီးထားသော ဟိုက်ဟီး ခွာမြင့် ဖိနပ်အဖြူကလေးက ချော်ထွက်သွားသည် ဆိုလျှင်ပင် အိထွေးသော ခန္ဓာကိုယ်က ယိုင်ဆင်းသွားပါသည်။

"အမေ့....."

ငနဲလေးသည် မလှချော်ကလေး၏ ဘေးသို့ ချက်ချင်းကြီးကို ရောက်ချလာသည်။ မီတာတစ်ရာ တာထွက်သည်ထက် မြန်သေး၏။

"နာသွားရင် ကူညီပါရစေ"

ငနဲမလေးက ဒူးတစ်ဖက်ထောက် အနေအထားမှ မျက်တောင်ကော့ကြီးတွေကို ပုတ်ခတ်လိုက်ရင်း မော့ကြည့်သည်။

"ဟင်.....ဒီမှာဖြင့် ခြေထောက်နာသွားပြီ၊ ကူပါဦးလားလို့"

သူမ၏ အသံ မပွင့်တပွင့်၊ မပီတပီ၊ ချာကင်ဝတ် ငနဲလေးသည် ကောင်မလေး၏ တစ်တစ်ကလေး တင်းအိနေသော ပခုံးသားဝင်းဝင်းကလေးကို ကိုင်မ၍ ထူလိုက်သည်။ သူ့အသွင်မှာ ကြွေရုပ် နုနုရွရွလေးကို လွတ်ကျသွားမည် စိုးသကဲ့သို့ သတိထား၍ ကိုင်တွယ်နေသည့် ပုံသဏ္ဌာန်မျိုး။

သည်တွင်ဘဲ ပိတောက်မြိုင် လမ်းကျဉ်းကလေး၏ အတွင်းဘက် တစ်ခေစ်ရိုးကွေ့ဘက်မှ ကားနက်ကြီး တစ်စီးက အရှိန်အဟုန်ပြင်းစွာ မောင်းထွက်လာသည်။ ကားအမျိုးအစားက ဖောက်စ်ဖောဆူပါ၊ လီဗါကိုသာ ဖိနင်းလျှင် တစ်နာရီ မိုင်ခြောက်ဆယ်လောက်တော့ အသာလေးပြေးမည့် ကားမျိုးပင်။

ကားကြီးသည် ငနဲလေးနှင့် ငနဲမလေးတို့ အနားမရောက်မီ၊ ဘရိတ်ကို ဆောင့်နင်းလိုက်ပုံရ၏။ ဘီးလေးဘီးသည် လုံးဝလည်ပတ်ခြင်း မပြုတော့ဘဲ ကျိုးကျိုးကျည်ကျည် အသံမြည်၍ မြေနီလမ်းကို လျှောတိုက်သွားပါသည်။

ကားအရှိန် မသေမီ နောက်တံခါးမှ လူနှစ်ယောက် ထွက်လာပြီး အုံ့အားသင့်နေသော စုံတွဲဆီသို့ ရောက်သွားသည်။ ပြီး..... ခဏခြင်း ရှုပ်ရှုပ်ထွေးထွေးဖြစ်သွား၏။ နောက်တော့ ကားနက်ကြီးက တစ်ရှိန်ထိုးမောင်းထွက်လိုက်သည်။

လမ်းထဲတွင်တော့ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မကျန်ရစ်ခဲ့ပေ၊ ဆတ်ကော့လတ်ကော့ ကောင်မလေးသည်၄င်း၊ ဂျာကင်ဝတ် ငနဲလေးသည်၄င်း အရိပ်အရောင်မျှ မမြင်ရတော့။

စွန်ချီသွားသည့်အလား အောင့်မေ့ရပါသည်။

ထို့အတူ အမှောင်ထုကပါ သိသိသာသာ ကြီးစိုးလာတော့သည်။

"အင်း– အင်မတန်ကြည့်ကောင်းတဲ့ အကွက်ပဲဟေ့၊ ရုပ်ရှင်ရိုက်နေသလား အောင့်မေ့ရတယ်"

ဦးအောင်ဖံသည် နှစ်ထပ်အိမ်မြင့်ကြီး၏ ပြတင်းပေါက်မှ ပီပီပြင်ပြင် မြင်တွေ့လိုက်ရသော တဒင်္ဂမြင်ကွင်းလေးကို ကြည့်ရင်းခိုးကျူးလိုက်ဖြစ်သည်။

ဒါကို ဒေါ်ခင်မကြီးက မကျေမနပ် ဖြစ်နေမိပါသည်။ ကြည့်လေ ညနေစောင်းပြီဆိုလျှင် သူမှာ ဒီပြတင်းပေါက်ကကို ခွာတယ်မရှိတော့။

"ကိုဖံ..... ရှင့်မှာလဲ ဒီပြတင်းပေါက်ကကို ခွာတယ်မရှိဘူး။ ဘာတွေများ ကြည့်ကောင်းနေတာလဲရှင့်.....၊ ဦးအောင်ဖံသည် ဒေါ်ခင်မကြီး၏ စကားကို မကြားသလို သူ့ဟာသူ ဆက်၍ ရေရွတ်

နေပြန်သည်။

"ကောင်မလေးကလဲ ဖြူဖြူဖွေးဖွေး ဝဝတစ်တစ် ကလေးဟာ.....လှတော့ အတော်လှတယ်၊ ကောင်လေးက လမ်းသရဲလေးနဲ့ တူပါတယ်"

ဒေါ်ခင်မကြီးသည် ဦးအောင်ဖံအား အဓိပ္ပါယ်ကင်းမဲ့သလို ကြည့်ရင်း ပြတင်းပေါက်အနားသို့ လျှောက်လာပြီး အောက်သို့ ငုံ့ကြည့်လိုက်သည်။ ပဇာကိုမျှ မတွေ့။

"ဘယ်မလဲ ရှင့်ကောင်လေးနဲ့ ကောင်မလေး၊ ဘာမှမတွေ့ပါလား"

"အာ..... မင်းဘယ်တွေ့မလဲ ခင်မကြီး၊ စွန်ချီသွားတာ ထက်တောင်မြန်သေးတယ်"

ဒေါ်ခင်မကြီးကတော့ အတော့်ကို မကျေမနပ် ဖြစ်သွားပါသည်။

"ကိုဖံ ရှင့်စကားတွေက ဘာတွေလဲရှင့်၊ ရှုပ်ရှင်ရိုက်တာလဲပါတယ်၊ ကောင်မလေးနဲ့ ကောင်လေးလဲ ပါတယ် စွန်ချီသွားတာလဲပါတယ်"

"အင်း.....မင်းတို့ မိန်းမတွေဟာ နေရာတကာ သိချင်ကြတာတွေကြီးဘဲ၊ မျက်စိနဲ့ နားဆိုတာ အလကားမထားရဘူးကွ၊ အမြဲတမ်းဖွင့်ထားရတယ်၊ အဲ..... အခု ဒို့အိမ်ရှေ့မှာ ဘာတွေဖြစ်သွားတယ်ဆိုတာ မင်းမသိလိုက်ဘူး မဟုတ်လား ခင်မကြီး၊ အဲဒါဖြင့် နားထောင်၊ ငါပြောနေတုန်း မင်းဝင်မမေးနဲ့၊ ပြီးမှ မင်းသိချင်တာမေး"

ဦးအောင်ဖံသည် ခပ်စောစောက သူမြင်တွေ့လိုက်ရသော အကြောင်းခြင်းရာအားလုံးကို အစအဆုံး ရှင်းပြခြင်းပြု၏။ ဝိတောက်မြိုင် လမ်းထဲသို့ ကောင်မလေး တစ်ယောက်ဝင်လာပုံ၊ သူမ၏ နောက်ကျောမှ ဂျာကင်ဝတ်ငနဲ ကပ်ပါလာပုံမှအစ

ကားနက်ကြီး နှင့် ပါသွားသည့်အထိဖြစ်သည်။

"အချိန်ကလည်း မှောင်စပျိုးပြီဖြစ်တော့ ဘယ်သူမှ မြင်လိုက်မှာ မဟုတ်ဘူး ခင်မကြီး။ ဒီလမ်းကလဲ လူပြတ်ပါဘိသနဲ့"

ဦးအောင်ဖံက သူ့စကားကို အဆုံးသတ်လိုက်သည်။

"ရှင်ပြောတဲ့ကောင်မလေးကို သူ့ရည်းစားက ကားတင်ပြေးသွားတာဖြစ်မှာပေါ့"

ဒေါ်ခင်မကြီးသည် သူ့ထင်မြင်ချက်ကို ပြောလိုက်သည်။

"မင်းပြောသလို မဖြစ်နိုင်ဘူး ခင်မကြီး။ သူတို့ လုပ်ပုံ၊ ကိုင်ပုံတွေ ကြည့်ရတာ ကြိုတင်စီစဉ်ထားသလို သိပ်အကွက်စေ့တယ်၊ ပြီးတော့ ငါ့စိတ်ထဲမှာ သက်ာမကင်း ဖြစ်နေတာ တစ်ခုရှိတယ်၊ ဘာရယ်လို့တော့ အတိအကျ စဉ်းစားမရဘူးကွ"

ပြင်ပတွင်မူ အမှောင်ထုက ကြီးစိုးမင်းမူနေပြီ ဖြစ်သည်။ ဦးအောင်ဖံသည် သံကုလားထိုင်ကြီးကိုမှီ၍ထိုင်ရင်း သူ၏ထင်မြင်ချက်ကို ဇနီးဖြစ်သူအား ပြောရင်း စဉ်စားနေမိသည်။

"ရှင်က ဘယ်လိုထင်လို့လဲ"

"ငါ့အထင်ကတော့ ကောင်မလေးကို ပြန်ပေးဆွဲသွားတယ်လို့ ယူဆတာဘဲ၊ ဒီအတိုင်းမှန်ရင် ငါ့မှာတာဝန်မကင်းဘူး ခင်မကြီး....."

"အလိုတော်..... သူဟာသူ ပြန်ပေးဆွဲဆွဲ၊ စွန်ချီချီ ရှင်က အနေသာကြီးပါ၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ကျွန်မမကြိုက်ပါဘူး။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေပါ"

ဦးအောင်ဖံသည် သူ၏ခေါင်းကို ကုတ်ရင်း ဝေခွဲမရသလို ဖြစ်နေပါသည်။ ဒေါ်ခင်မကြီးသည် သူမ၏ စကားကိုအဆုံးသတ်လိုက်ပြီး ဧည့်ခန်းထဲမှ ထွက်ခွာသွားပါသည်။

သို့သော် သူမ မီးဖိုထဲမှ ပြန်လာသည့်တိုင်အောင် ဦးအောင်

ဖဲ့က ခေါင်းကုတ်၍ စဥ်းစားနေဆဲပင်။

"ကဲ..... ရှင်ညစာစားတော့မလား ကိုအောင်ဖဲ၊ အချိန်တောင် အတော်လင့်နေပြီ၊ ဒီနေ့ ရှင်ကြိုက်တဲ့ ပဲကြီးအိုးကပ်နဲ့ငါးမြင်းခေါင်းချဥ်ရေဟင်းလေး ကျွန်မပြင်ယူလာခဲ့မယ်နော်"

ဦးအောင်ဖဲ့က ခေါင်းကို သွက်သွက်ခါရမ်းပစ်လိုက်သည်။

"ငါမစားသေးပါဘူး၊ ဒါနဲ့ ခင်မကြီး မင်းဒေါက်တာမင်းကြည်တိုက်ကိုသိတယ် မဟုတ်လား။ ဗိုလ်ခြံနဲ့ နှစ်ခြံကျော်လောက်ကလေ"

"ဟို ဘဝင်မြင့်မြင့် ကပြားမ ရှယ်လီရဲ့ ယောက်ျားကိုပြောတာ မဟုတ်လား"

ဒေါ်ခင်မကြီးက မကျေမနပ်နှင့် မေးလိုက်သည်။

"အေး ဟုတ်တယ်၊ မင်း သူ့တိုက်ကို အခုသွားစမ်း ခင်မကြီး။ သူ့တိုက်မှာ ဖုန်းရှိတယ်၊ အဲဒီကနေ ကမာရွတ် ရဲဌာနကရဲအုပ်ထွန်းဝင်းဆီ ဖုန်းဆက်စမ်း"

ဒေါ်ခင်မကြီးက သူ့ကိုနားမလည်သလို စိုက်ကြည့် နေပါသည်။

"ငါ ဆက်ခိုင်းတယ်လို့ပြော၊ မောင်ထွန်းဝင်းနဲ့ ငါနဲ့က သိပ်ရင်းနှီးတယ်၊ စောစောက ငါပြောတဲ့အတိုင်း ကောင်မလေးကို ကားတင်ပြေးသွားတာကိုပြောပြ၊ ကြားလား ခင်မကြီး။ ဖြစ်နိုင်ရင် ငါ့အိမ်ကို အမြန်ဆုံး လာခဲ့ဖို့ပါထည့်ပြော"

ဒေါ်ခင်မကြီး၏ အမူအသွင်က အင်မတန် စိတ်ပျက်သွားပုံရသည်။ သည်ညနေတွင် သည်လူကြီး ဘာဖြစ်နေပါလိမ့်၊ ခပ်စောစောပိုင်းကစပြီး သူ့ကိုကြည့်ရသည်မှာ တမျိုးကြီးဖြစ်နေသည်ဟု တွေးမိလိုက်ပါသည်။

ယခုသူမ မသွားချင်လွန်းသော အိမ်ကိုမှ ဘာမဟုတ် သည့်

အကြောင်းကို ဖုန်းသွားဆက်ခိုင်းပြန်ပြီ။ အမှန်အားဖြင့် ဒေါ်ခင်မကြီး သည် ဒေါက်တာမင်းကြည်၏ မိန်းမရှယ်လီနှဲ့ သိပ်မျက်နှာကျောမ တည့်လှ၊ ပျံလွန်းသည်၊ နှံ့လွန်းသည်ဟု ထင်ပါသည်။

"ငါပြောတာ ကြားတယ်မဟုတ်လား ခင်မကြီး"

"အဲဒီအိမ်ကိုတော့ ကျွန်မ မသွားနိုင်ဘူး ကိုဖံ"

"ဟေ..... ဘာဖြစ်လို့လဲကွ၊ မင်းက ဒေါက်တာမင်းကြည်ရဲ့ မိန်းမအိမ်ကို ဘာလို့ မသွားချင်ရတာလဲ"

"အို..... ရှင်ဘာသိလို့လဲ၊ အဲဒီဒေါက်တာမင်းကြည်ရဲ့ မိန်းမ ရှယ်လီဆိုတာ ကျွန်မသိပ်ကြည့်လို့ ရတာမဟုတ်ဘူး။ ကောင်မက လူကိုများ အဖက်မတန်သလို၊ တလောက သူ့ကားနဲ့ ကျွန်မကိုဝင် တိုက်မိတော့မလို့"

ဦးအောင်ဖံက သူထိုင်နေသော သီကုလားထိုင်ကြီးကို ထတော့မလို လုပ်ပြီး ဖင်ကို ကြွပြီးမှ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားပြီး ပြန်ထိုင်ချလိုက်ပါသည်။

"ခက်ပါ့ကွာ..... မင်းမလဲ အသက်ကြီးမှ ဒီစိတ်တွေ မွေး တုန်းပဲလား ခင်မကြီး။ ငါခိုင်းတာကိုတာ သွားပြောစမ်း"

သည်တခါ ဦးအောင်ဖံ၏ အသံက သိသိသာသာ မာလာ သည်။ ပြတ်သည်။ ဒီအဖိုးကြီး၏ စိတ်က ဒီလိုပဲဖြစ်၏။ သူလုပ် ချင်တာ ဖွဲ့ဘ်လုပ်လိုက်ရမှ ကျေနပ်သည့် လူစားမျိုးမှန်း ဒေါ်ခင်မကြီး က သိပြီးဖြစ်ပါသည်။

"ကဲ- ရှင်ဒီလောက်တောင် သွားစေချင်ရင်လဲ သွားပြော ပေးပါ့မယ် ကိုဖံရယ်၊ ကျွန်မဘာလုပ်ပေးခဲ့ ရဦးမလဲ"

ဒေါ်ခင်မကြီးသည် နောက်ဆုံးတွင် အလျှော့ပေးလိုက်ရပါ သည်။

သည်တော့မှ အဖိုးကြီးက ကျေနပ်သွားခဲ့သည်။

"အေး.....အိမ်ခန်းထဲက ငါ့ဆေးတံနဲ့ ဆေးဗူးရယ် ဆေးလိပ်ခွက်ရယ် ယူပေးခဲ့၊ ပြတင်းပေါက်ကိုတော့ မင်းပြန်လာမှပဲ ပိတ်တော့"

ဒေါ်ခင်မကြီးသည် အိမ်ခန်းထဲမှ ဆေးတံ၊ ဆေးဗူး၊ ဆေးလိပ်ခွက်များကို ဦးအောင်ဖေ၏ သံကုလားထိုင်ကြီးဘေးရှိ စားပွဲဝိုင်းလေးပေါ်သို့ တင်ပေးလိုက်သည်။

"ကဲ ကျွန်မသွားမယ်၊ နည်းနည်းတော့ ကြာမယ်နော်၊ ခြံက အဝေးကြီး"

"အေး..... အေး ဧည့်ခန်းမီးတွေ ပိတ်သွားကွာ၊ စားပွဲတင်မီးလေးပဲ ဖွင့်ပေးခဲ့၊ သိပ်လင်းလွန်းတော့ မျက်စိတွေ ပြာလာတယ်"

ဦးအောင်ဖေသည် ဇနီးဖြစ်သူ ခြံထဲမှ ထွက်သွားသည့်တိုင်အောင် အိမ်ပေါ်မှ စောင့်ကြည့်နေပြန်သည်။ ဒေါ်ခင်မကြီးသည် အမှောင်ထုထဲတွင် ပျောက်ကွယ်သွားပါသည်။

ဘာလိုလို့နှင့် အချိန်ပင် သိပ်မနည်းတော့ပါကလား၊ ဦးအောင်ဖေက ဆေးတစ်ဆုံကိုထည့်၍ မီးညှိလိုက်သည်။

အေးမြသော လေပြင်းတစ်ချက်နှင့်အတူ မိုးသက်ရနံ့များက ပြတင်းပေါက်မှ တိုးဝင်လာသည်။

"အား..... မိုးများရွာဦးမလား မသိဘူး"

* * *

## နှစ်

ည....

ငွေလရောင် တောက်ပနေသော ကြယ်ပွင့်ကလေးများအား.....

တိမ်မြူများ လွှမ်းခြုံထားပြီဆိုလျှင်....

ညသည်မည်း၍မှောင်၍ အကျဉ်းတန်နေတော့သည်။

ညမှောင်မှောင်။ လမိုက်မိုက်။ လမ်းမည်းမည်း....။

အရှုပ်ဆိုး၍ နေလေတော့သည်။

အလင်းနှင့်အမှောင်၏ စပ်ကူးမတ်ကူးကာလတွင် နုနု ငယ်ငယ် ကောင်မလေးတစ်ယောက်ကို ယောကျ်ားကြီးသုံး ယောက် က သည့်လမ်းမှ 'မ' သွားခဲ့ပေသည်။

သည်ကာမှစ၍....

လှပသော ဆံတိုဂုတ်ဝဲမလေး တစ်ယောက်....

ဂျာကင်ဝတ် ကောင်ကလေး တစ်ဦး.....

ပြီးတော့.....ကားနက်ကြီးထဲမှ လူနှစ်ယောက်က သူ့ခေါင်း ထဲမှမထွက်တော့။

ဦးအောင်ဇံသည် ဆေးတံကိုတစ်ချက် ရှိုက်ဖွာလိုက်သည်။ အခွေလိုက် အလိပ်လိုက် တွန့်လိမ်၍တက်သွားသော မီးခိုးမြွင်ကို စိုက်ကြည့်ရင်း သူ့အသိတွင် တစ်စုံတစ်ခုသော အကြောင်းအချက်က ထင်ဟပ်လာပါသည်။

သူတစ်ကိုယ်လုံး အကြောအခြင်တွေ တင်းသွားပါသည်။ သွေးသား၏ လည်ပတ်မှုက တုံ့ဆိုင်းသွားသည် ကဲ့သို့ထင်မှတ်မိပါသည်။

ကျောက်ပေါက်မာရေးရေး နှုတ်ခမ်းမွေးသက်သက်နှင့် ကားနက်ကြီးထဲမှ လူတစ်ယောက်ကို သူက တိတိပပသိဖူးသည်။ မြင်ဖူးသည်။ ပတ်သက်ဖူးသည်။

သူ့နာမည်က 'လက်ဖြောင့် အောင်သိုက်'

ကမ်းကုန်အောင်မိုက်သော သေနတ်သမား တစ်ယောက်ပါတကား။

ပွိုင့် ၃၈-ပြောင်းတို့အမျိုးအစား စမစ်အင်ဝက်ဆင်ခြောက်လုံးပြူးနှင့်သာ ကိုင်တွယ်ပစ်ခတ်ရပါလျှင် ၁၅-ကိုက်အတွင်း ဒင်္ဂါးပိုင်းကိုပင် အသ[illegible]လေးထိအောင် ပစ်နိုင်စွမ်းရှိသူဟု အဆိုရှိခဲ့ပါသည်။

ဤသည်မှာ အောက်သိုက်၏ စွမ်းရည်၊ အောင်သိုက်၏ အသက်မွေးဝမ်းကျောင်းပညာပင်။ သို့မို့ကြောင့်လည်း 'လက်ဖြောင့်' တူသည့် နာမဝိသေသနကို ဘဝတူ မြေအောက်လောကသား တွေက ကျေကျေနပ်နပ် ပေးခဲ့ကြပုံရပါသည်။

လက်ဖြောင့်အောင်သိုက်ပါဝင်သော အဖွဲ့အစည်းကလေး တစ်ခုက ကောင်မလေးတစ်ယောက်ကို ကားနက်ကြီးနှင့် ဝိဝိရိရိ တင်သွားခဲ့လေပြီ။

ဦးအောင်ဖုံသည် ပင်စင်ရ ရာဇဝတ် တရားသူကြီးဟောင်း တစ်ယောက် ဖြစ်ပါသည်။ ဥပဒေကို အရည်ကျို၍ သောက်ခဲ့သူတစ်ဦးဟုဆိုရင်လဲ မမှား။

အရိပ်ပြတာနှင့် ကျား[illegible] အကောင်ထင်အောင် သိမြင်နိုင်ခဲ့သူသာ ဖြစ်ပါသည်။ သည်တွင် သူ့အတွေးက နိဂုံးချုပ်

လေငါ။

သူအတွေးသော မှန်ကန်ခဲ့ပါလျှင်.....

သူ၏အယူအဆသာ အတိအကျ ဖြစ်ခဲ့ပါလျှင်......

အင်မတန် စိုးရွံ့ထိတ်လန့်ဖွယ်ကောင်းသော အန္တရာယ်စက်ဝိုင်းအတွင်းသို့ တိုးဝင်မိရက်သား ဖြစ်ရသည်ကို ဦးအောင်ဖေက တိတိပပ သိရှိလိုက်မိပါသည်။

ဦးအောင်ဖေသည် ပွင့်ဟနေသော ပြတင်းပေါက်မှ ပြင်ပသို့ ကြည့်လိုက်သည်။ ခင်မကြီး၏ အရိပ်အငွေ့ယောင်ကိုမျှ မမြင်မတွေ့ရသေး။ အမှန်အားဖြင့် သည်အချိန်ဆိုလျှင် ခင်မကြီးတစ်ယောက်ပြန်ရောက်ဖို့သင့်ပြီ။ အသွားအပြန် (၁၀)မိနစ်ထား။ စကားပြောတာက ၅–မိနစ်၊ အလွန်အကျွံ မိနစ် နှစ်ဆယ်ထက်တော့ ကြာလေမည်မဟုတ်။

သည်မိနစ် နှစ်ဆယ် အတောအတွင်း။

* * *

သုံး

လမ်းခင်းကျောက်နှင့် မော်တော်ကား တာယာ၏ ဖိကြိတ်သံက ထွက်ပေါ်လာပါသည်။

မဲမဲနက်နက် ရှည်ရှည်မြောမြော သဏ္ဌာန်တစ်ခုက

'ပိတောက်မြိုင်' လမ်းကလေးထဲသို့ လျှောဝင်လာပါသည်။ စက်သံညင်သာသော်လည်း တိတ်ဆိတ်မှုကို ဖြိုခွင်းနိုင်သည့် စွမ်းရည်ရှိပုံရပါသည်။

ထိုအသွင်သဏ္ဌာန်သည် ဦးအောင်ဖုံ၏ ခြံရှေ့မှကျော်လွန်သွားသည်နှင့် အတွင်းမှ မဲမဲသဏ္ဌာဝါနှစ်ကောင်က လျှင်မြန်စွာ ထွက်လာတော့သည်။

တစ်ဦးက ပုပုဝဝ။

တစ်ကောင်က ပိန်ပိန်ရှည်ရှည်။

သူတို့နှစ်ဦး၏ လှုပ်ရှားမှုတွေက လူနှင့်ပင်သိပ်မတူချင်၊ ယှေ့ပါးဖျတ်လတ်လိုက်သည်မှာလည်း ဩချလောက်သည်။ အကောင်ရှည်သည့် မြွေတစ်ကောင်ကဲ့သို့ မြဲဝသို့ လျှောကနဲရောက်ချလာ၏။ ပုပုဝဝက သူ့နောက်မှ ငါးစက္ကန့်မျှ ခြားချဲ့ထပ်ကြပ်မကွာ လိုက်ပါလာပါသည်။

သိပ်မကြာလှ။ သူတို့နှစ်ဦးစလုံး အသင့်ပွင့်ဟနေသော ဦးအောင်ဖုံ၏ တိုက်ထဲသို့ ရောက်သွားကြသည်။ အကောင်ရှည်ရှည်သည် ပုပုဝဝအား အချက်ပြ လိုက်သည်ဆိုလျှင် ဒုတိယလူက တံခါးကြားတွင် နေရာယူလိုက်ပြီး ဖြစ်နေပါသည်။

အကောင်ရှည်သည် မည်းမှောင်နေသော လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ တဖြည်းဖြည်းတက်သွားသည်။ အလင်းရောင်မရှိသော်လည်း တစ်ချက်တစ်လေမျှ တိုက်မိခိုက်မိခြင်းမရှိ။ သည်အထိတိုင်အောင် ခြေသံကလုံသည်။ ခြေကျလက်ကျ ပိရိခြင်းရှိသည်။

အသံတိတ် ရုပ်ရှင်ပြသနေသည့် အသွင်မျိုး။ လှေကားထစ်နှစ်ဆယ်ခုံးသည်နှင့် အလင်းရောင်တစ်စွန်းတစ်စ ထွက်ပြူနေသော အခန်းတစ်ခုကို သူကရင်ဆိုင်မိပါ သည်။ ကိုလူရှည်သည် ညာလက်တွင် ကိုင်ထားသော မဲမဲတန်ဆာပလာ တစ်ခုဖြင့်ခန်းဆီးကို ထိုးခွဲလိုက်

ပြီး အတွင်းထဲသို့ ဝင်လိုက်ပါသည်။

မှုံတရီ ပိုးတဝါးအလင်းရောင်အောက်တွင် ဦးအောင်ဖကာ သံကုလားထိုင်ကြီးပေါ်တွင် အေးဆေးတည်ငြိမ်စွာဖြင့် စောင့်ကြိုနေခဲ့ပါသည်။

"ကျန်းခံ့ သာလို့မာပါစ.....တရားသူကြီးမင်း"

အကောင်ရှည်က စတင်၍ နှုတ်ဆက်လိုက်ပါသည်။

"အား.....ပို့သတဲ့ မေတ္တာကြောင့် ကျန်းမာပကာတိ ချမ်းသာစွာရှိပါရဲ့။ ဒါနဲ့ မင်းကို မမြင်ရတာ ကြာပါပကောလား အောင်သိုက်။

လက်ဖြောင့်အောင်သိုက်သည် ဦးအောင်ဖ၏ ရှေ့တည့်တည့်တွင် ခြေနှစ်ချောင်းအား ခွဲ၍နေရာယူလိုက်သည်။ သူ၏ညာဘက်လက်တွင် လူသတ်လက်နက် တစ်ခုက အဆင်သင့်ရှိနေပါသည်။

ဝ္ဂိုင့်–၃၈ စမစ်အင်ဝက်ဆင် အမျိုးအစားပြောင်းတို။

"မမြင်တာကြာဆို အစိုးရစရိတ်နဲ့ ၁၀နှစ်လောက် ဖိမ်နဲ့စားသောက်နေခဲ့ရတာကိုးဗျ။ ခင်ဗျားကြီး ကျုပ်ကိုမှတ်မိသားဘဲ၊"

"မှတ်မိတာပေါ့ အောင်သိုက်ရာ၊ သိပ်ကိုမှတ်မိတာပေါ့၊ မင်းအခုထက်ထိ မကောင်းမှုဒုစရိုက်တွေကို လုပ်နေတုန်းဘဲလား အောင်သိုက်၊ ညနေတုန်းက မင်းကို တွေ့လိုက်တော့ ဖါအတော်အံ့ဩသွားတယ်၊ ဒါနဲ့ ကောင်မလေးကို မင်းတို့ဘယ်မှာထားခဲ့သလဲ"

လက်ဖြောင့် အောင်သိုက်က သူ၏ ပရုံးနှစ်ဘက်ကို မြှင့်လိုက်ပြီး ဟက်ကနဲ ရယ်ချလိုက်သည်။ သို့သော် သည်ရယ်သံသည် သေမင်း၏ရယ်သံမှန်း ဦးအောင်ဖကာ ဗေဒင်မမေးဘဲသိလိုက်ပါသည်။

"အဲဒါ ခင်ဗျားကံဆိုးတာဘဲ ဦးအောင်ဖ၊ ကျုပ်ဟာ ခင်ဗျားချလိုက်တဲ့ ထောင်ဆယ်နှစ်ကို ကျေကျေနပ်နပ် ခံယူပြီးတဲ့ အချိန်မှာ ခင်ဗျားကြီးကို လက်စားချေဖို့ လိုက်ရှာနေခဲ့တယ်၊ အဲ..... ဇကွဲ့ချင် တော့ မမျှော်လင့်ဘဲ ကျုပ်တို့ရဲ့ လုပ်ငန်းကလေးတစ်ခုမှာ

ခင်မျှားကြီး က မျက်မြင်သက်သေအဖြစ် စောင့်ကြည့်ခဲ့တာကိုးဗျ၊ ညနေတုန်းက ပြတင်းပေါက်ကကြည့်နေတဲ့ ခင်မျှားမျက်ခွက်ကြီးကို ကျုပ်က သိပ် မှတ်မိတာပေါ့ဗျာ"

"ဒီတော့ မောင်အောင်သိုက် ကျုပ်ကို ဘာလုပ်ချင်လို့လဲ"

"အို.....အို.....သိပ်လှုပ်လှုပ်ရှားရှား မလုပ်နဲ့လေ၊ ကျုပ်က ဒီအကွာအဝေးလောက်တော့ မျက်စေ့မှိတ်ပစ်တာတောင် မလွဲဘူးဗျ၊ တကယ်ဆိုတော့ ကျုပ်ဟာ ကျားရှေ့မှောက်လျက်လဲသလို၊ ခင်မျှားကြီးရှေ့မှာ ရာဇဝတ်မှု တစ်ခုကိုကျူးလွန်လိုက်တာပါပဲ ဒီအတွက် ခင်မျှားရဲ့ ဝေစုကိုပေးဖို့ကျုပ်ပြန်လာတာပါဘဲ၊ ဦးအောင်ဖံ ရာဇဝတ်ကြွေးဆိုတာ ကျေတယ်လို့မရှိဘူး"

သည်စကားနှင့်အတူ လက်ဖြောင့်အောင်သိုက်၏ ညာလက်က မြင့်တက်လာပါသည်။ မဲနက်သော သေနတ်ပြောင်းဝသည် ဦးအောင်ဖံ၏ ဘယ်ဘက်ရင်အုံမှ နှလုံးသားနှင့် တည့်မတ်နေပေပြီ။

"မင်္ဂလာညပါ တရားသူကြီးမင်း"

အောင်သိုက်၏ ညာဘက် လက်ညှိုးက ကွေးညွတ်သွားသည် ဆိုလျှင်ဘဲ ပြင်းထန်သော ပေါက်ကွဲသံ တစ်ခုက ပေါ်ထွက်လာခဲ့သည်။ ဦးအောင်ဖံ၏ ခန္ဓာကိုယ်ကြီးသည် ကျည်အားကြောင့် ကုလားထိုင်ကြီး၏ နောက်မှီပေါ်သို့ လန်ကျသွား၏။ ပြီး သူ၏ ခေါင်းကရှေ့သို့ ငိုက်ကျသွားပါသည်။

သည်တွင် လက်ဖြောင့်အောင်သိုက်၏ အလုပ်က အဆုံးသတ်ပါ၏။ နိဂုံးချုပ်ပါ၏။ အောင်သိုက်သည် အလာတုန်းကထက် လျှင်မြန်သော အရှိန်ဖြင့် လှေကားမှပြေး၍ ဆင်းသည်၊ သူ့ခြေသံတွေက ပြင်းထန်လှသည်။ အသံထွက်ကား ရိုက်ခဲ့မိလေပြီကိုး။

ဦးအောင်ဖံ၏ ခြံဝတွင် ကားနက်ကြီးက စက်နှိုးပြီး ဂီယာသွင်းပြီးအဆင်သင့်၊ သတ္တဝါနှစ်ကောင်သည် ကားနက်ကြီးပေါ်သို့ ရောက်သွားသည်နှင့် ပိတောက်မြိုင် လမ်းတစ်လျှောက် အရှိန်ဟုန်

ပြင်းစွာ မောင်းထွက်သွားပါသည်။

သို့ရာတွင်......

ဝိတောက်မြို့ငလမ်းမှ မထွက်မြစ်မီ၊ ရှေ့တူရူမှ ကားတစ်စီး ဝင်လာပါ၏။ အရောင်က အပြာ၊ အမျိုးအစားက ဝီလီကျစ်၊ တံဆိပ်က နံ့စ်ထပ်ကြယ်နှင့်။

ရှေ့ကားက မီးမှိတ်၍ ဝင်လာသည်မို့ အောင်သိုက်က အမျိုး အစားနှင့် စီးနင်းလိုက်ပါလာသော လူတန်းစားတွေ၏ လုပ်ငန်းကို သိလိုက်ပါသည်။

သူက စ၍ပူနွေးသော ခဲတောင့်များကို ပစ်လွှတ်လိုက် မိပါသည်။ အကျဉ်းအကျပ် မီးထဲရေထဲဆိုတော့ လက်ဦးမှုရစေချင် သည်။

ည၏ တိတ်ဆိတ်မှုကို ဒရစပ်ထွက်ပေါ်လာသော သေနတ် သံများက ဖျက်ဆီးပစ်လိုက်သည်။ ဝိတောက်မြို့သည် မဟာအဝီစိ ငရဲကဲ့သို့ ပွက်လောရိုက်မျှ ဆူညံသွားခဲ့ပါသည်။

ဝင်းလက်သော မီးပွင့်မီးတန်းကလေးများက ကားတစ်စီးမှ တစ်စီးသို့ အပြေးအလွှား ကူးပြေးသွားကြ၏။

သိပ်တော့ မကြာလှ။

ကျည်အားက ကွာသည်။

အတွဲလိုက်ဆွဲလိုက်သော စတင်းသေနတ်သံက လင်းရိုဟာ ၏ နောက်ကွယ်မှ ဆက်တိုက် ထွက်လာသည်ဆိုလျှင်ဘဲ ကားနက် ကြီးဆီမှ ငြိမ်သက်သွားသည်။ တစ်ချက်လေးမှ ပြန်၍ ပစ်ဖော်မရ တော့။

တိုက်ပွဲသည် တစ်ဖက်သက် ပြီးဆုံးသွားပါသည်။

ရဲအုပ်ထွန်းဝင်းသည် လူငယ်တစ်ယောက်။ သွက် လက် ဖျတ်လတ်သည်။ ဖောင်ကြီးဆင်းပေကိုး။ သူက အချိန်မီ

လက်ဖြောင့်အောင်သိုက်နှင့် အပေါင်းအပါနှစ်ဦးအား ထိန်းသိမ်း လိုက်နိုင်ပါသည်။

ရဲတစ်ယောက် ပေါင်ကျိုးသွားသည်။ ကားနက်ကြီးထဲမှ မိုက်သားသုံးဦးအနက် ဒရိုင်ဘာ စိုးအောင်ဆိုသည့် ငနဲ၏နဖူးမှ ကျည်ဆန်ဖြတ်သွား၏။ ပွဲချင်းပြီး။ ဦးနှောက်တွေ ကားတစ်စီးလုံး ဖွေးဖွေးပြူ သွားပါသည်။

လက်ဖြောင့်အောင်သိုက်၏ ညာဘက်လက်သည် ကျည်ဆံ တစ်ခု၏ ထိုးဖောက်မှုကြောင့် တွဲလောင်းကျနေပါသည်။ လက်ဖြောင့် ဆိုသည့်ဘွဲ့ကို စွန့်လွှတ်ရမည့် ကိန်းဘဲဖြစ်ပါ၏။

ရဲအုပ်ထွန်းဝင်းသည် အောင်သိုက်တို့မှ, သွားသော အမျိုးသ မီး၏ နောက်သို့လိုက်ရန် သူ့အဖွဲ့အား တာဝန်ပေး၍ ဦးအောင်ဖ၏ ခြံကြီးဆီသို့ လာခဲ့ပါသည်။

ခြံဝတွင် ဒေါ်ခင်မကြီးနှင့် တွေ့သည်။ အဖွားကြီး၏ အသွင် အပြင်မှာ တုန်လှုပ်ချောက်ခြားလွန်းနေပုံရပါ၏။

"အန်တီလဲ မင်းတို့ဆီ ဖုန်းဆက်ပြီး ဒေါက်တာမင်းကြည် နဲ့ စကားပြောနေတာ အတော်ကြာသွားတယ်၊ ပြန်လဲရောက်လာရော သေနတ်သံတစ်ချက် ကြားရပြီး လူနှစ်ယောက် ပြေးဆင်းလာတာ မြင်လိုက်ရလို့ ခြံဘေးမှာ ပုန်းနေမိတာပါကွယ်၊ ကိုဖကတော့ အသက် မှ ရှိသေးရဲ့လား မပြောတတ်ဘူး"

ဒေါ်ခင်မကြီးသည် ရှိုက်ကြီးတငင် ငိုရင်းပြောလာတော့ သည်။ ရဲအုပ်ထွန်းဝင်းသည် ဒေါ်ခင်မကြီးကို နှစ်သိမ့်ရင်း အိမ်ထဲသို့ ခေါ်ခဲ့သည်။ သူတို့အားလုံး စိုးရိမ်တကြီး တက်ခဲ့ကြပါ သည်။ ဦးအောင်ဖသည် ပွင့်ဟသော ပြတင်းပေါက်ဘေးမှ သံကုလား ထိုင်ကြီးပေါ်တွင် ထိုင်လျက်သားရှိနေရင်းမှ၊

"မောင်ထွန်းဝင်းရေ လာပေ့....၊ဘယ့်နှယ့်လဲ လက်ဖြောင့်

အောင်သိုက်ကို မိလိုက်ရဲ့လားကွဲ့”

တည်ငြိမ်ဝံ့ကြွားသော ဦးအောင်ဖေ၏ အသံကို သူတို့အား လုံးကြားလိုက်ရပါ၏။

* * *

## လေး

မချောလေး၏ အမည်က ဆူဆန့်ဥမ္မာဇော်၊ ဦးဘဇော်နှင့် ဒေါ်သီတာမြင့်တို့၏ တစ်ဦးတည်းသောသမီးလေး ဖြစ်ပါသည်။

သူမကို သမိုင်းဘက်မှ တိုက်အိုကြီးတစ်လုံး၏ အပေါ်ထပ်မှ ပြန်လည်တွေ့ရှိခဲ့ခြင်းပင် ဖြစ်ပါသည်။ တော်သေးပေသည်။ ဒီကောင် မလေးကို အကောင်မပျက် အရာမယွင်းခင် ရဲတပ်ဖွဲ့ဝင်တွေက အုပ်စီး နိုင်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဆူဆန့်ဥမ္မာဇော်၏ တန်ဖိုးက သုံးသောင်း၏ အထက်တွင် ရနိုင်လိမ့်မည်ဟု တွက်ဆပြီး ပြန်ပေးဆွဲခြင်းသာ ဖြစ်ပါသည်။

သည့်အတွက် အောင်သိုက်က အကွက်စေ့စေ့ စီစဉ်ခဲ့ပါ သော်လည်း မမျှော်လင့် မထင်မှတ်ဘဲ မျက်မြင်သက်သေ တစ်ဦး ရှိနေခဲ့ပါ၏။

ထိုသူသည် လွန်ခဲ့သည့် ၂နှစ်က ကားမှောက်၍ ခြေ ထောက်နှစ်ချောင်းစလုံး အကြောသေကာ သွားလာလှုပ်ရှားမှု မပြုနိုင် သည့် အငြိမ်းစား ရာဇဝတ် တရားသူကြီးဟောင်း ဦးအောင်ဖေပင် ဖြစ်၏။

“အောင်သိုက်က ဦးကိုမှတ်မိသွားတယ်၊ လွန်ခဲ့တဲ့ ၁၀နှစ် လောက်က ကိစ္စအတွက် ဦးကိုသူပြန်ပြီး အပြတ်ရှင်းတော့မယ်ဆို တာကို တွေးလိုက်မိတယ် မောင်ထွန်းဝင်းရဲ့၊ ဦးလည်း ဟောဒီ

သံကုလားထိုင် ကြီးပေါ်က မထနိုင်တဲ့ ဒုက္ခိတကြီး မဟုတ်လား"

ဦးအောင်ဖုံ၏ စကားကို ရဲအုပ်ဦးထွန်းဝင်းက အံ့ဩမိ၏။

"ဟုတ်တယ်ဦး။ ကျွန်တော်လဲ ဒါကိုပဲစဉ်းစားနေမိတာ လက်ဖြောင့်အောင်သိုက်လို သေနတ်သမားတစ်ယောက်က ဒီအကွာအဝေးကို မလွဲအောင် ပစ်ခဲ့တယ်ဆိုတော့"

"ဟာ....ဘယ်လွဲလိမ့်မလဲ မောင်ထွန်းဝင်းရာ၊ ဦးရဲ့ဟောဒီ နှလုံးသားတည့်တည့် နေရာကိုပစ်ခဲ့တာပေါ့၊ ဒီကောင်လက်ဖြောင့်လွန်းလို့သာ ဦးမသေခဲ့တာကွ"

"ဗျာ.... ဘယ်လို"

ရဲအုပ်ထွန်းဝင်းသည် နားမလည်သကဲ့သို့ ပြန်လည် ၍ မေးဖြစ်သည်။

"ဟုတ်တယ် မောင်ထွန်းဝင်းရေ၊ ဟောဒီမှာကြည့်စမ်း"

ဦးအောင်ဖုံက ပစ္စည်းတစ်ခုကို ရဲအုပ်ထွန်းဝင်းအား ကမ်းပေးလိုက်ပါသည်။

လက်သန်းလုံးခန့် ထုသော သံမဏိ ဆေးလိပ်ခွက်အပိုင်းကလေး တစ်ခုသာဖြစ်ပါသည်။ အလယ်ဗဟို တည့်တည့်တွင် ချိုင့်ခွက်သွားသော ကျည်ဆံအရာ တစ်ခုက အထင်အရှားရှိနေဆဲပင်။

သည်တွင်.... ရဲအုပ်သည် အဖိုးကြီး၏ ဖြတ်ထိုးဉာဏ် နှင့် သွေးအေးမှုကို ကျိတ်၍ ချီးကျူးလိုက်မိသည်။

"ဒီကောင်လဲ အိမ်ထဲဝင်လာရော....အဲဒီပစ္စည်းလေးကို ဦးရဲ့ ဆွယ်တာ အကျႌအောက်က နှလုံးသားတည့်တည့်နေရာမှာ သွင်းထားပြီး သေမင်းကို ညှော်ခံရတော့တာပဲကွာ"

* * *

## သစ္စာရဲ့သော ဝိန်းဝချော

သုံးနှစ် ....

သုံးနှစ်တိတိ ကြာမြင့်ခဲ့သည့်တိုင်အောင် သူ၏စွမ်းဆောင်ချက်က အကောင်အထည်မပေါ်ခဲ့။

သို့သော်....

သူသည် အနည်းငယ်လောက်မျှ စိတ်ပျက်ခြင်း၊ အားလျှော့ခြင်းမရှိသေးပေ။

သူ၏ လုံ့လသည် လည်းကောင်း၊ ဝီရိယသည်လည်းကောင်း လျှော့နည်းခြင်း မရှိသေးပေ။

သူ....

ဦးဇော်ဝေ....

သို့မဟုတ်....

ဖြောင့်သော....တောင့်သော....တင်းသော....

ဝင်းနေသည့် မချောလေးတစ်ယောက်၏ 'လင်'သို့မဟုတ်...

ချိုမပါသော.....

ဦးဇော်ဝေသည် တိုက်တံခါးကိုဖွင့်၍ ခြံထဲသို့ထွက်ခဲ့သည်။ တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ပတ်ဝန်းကျင် တစ်ခုလုံး ပကတိ ငြိမ်သက်နေသည်။

လေပြေလေညှင်းတို့ပင် ကွယ်ပျောက်နေဟန်ရှိ၏။ သစ်ခက်သစ် ရွက်တို့ပင်လျှင် အလှုပ်အရှားမပြုကြ။

သူသည် ရှုပ်ထွေးနေသော စပယ်ရုံများကြားမှ ခြံကြီး၏ နောက်ပိုင်းသို့ လျှောက်လာခဲ့သည်။

ခြံနောက်ဖေးဒေါ့ ပိတောက်သားများနှင့် တည်ဆောက် ထားသော အိမ်ငယ်လေးတစ်လုံးက တည်ရှိနေသည်။

ဦးဇော်ဝေသည် အိမ်ငယ်လေး၏ တံခါးသော့ကို ဖွင့်၍အ တွင်းသို့ ဝင်လိုက်သည်။ ဦးဇော်ဝေ၏ စိတ်သည်ရွှင်လန်းသွားရ၏။ ခန္ဓာကိုယ်သည် ပေါ့ပါးဖျတ်လတ်သွားချေသည်။

ဟုတ်ပါသည်။

သုံးနှစ်တိုင်တိုင် ပြုလုပ်ကြံစည်ခဲ့သော အလုပ်ခန်းကို ဝင် လေတိုင်း ဤနယ်ခံစားရတတ်၏။ ပတ်ဝန်းကျင်ကို ၄င်း၊ လောကကို ၄င်းဦးဇော်ဝေ စိုးစိမျှသတိမရတော့။

အဆုံးဆိုရသော် ပိတောက်အိမ်လေးထဲသို့ ရောက်နေပြီဆို လျှင် ချစ်ဇနီးမီမီသွင်ကိုပင် သတိမရတော့။

သူ၏ အာရုံဟူသမျှကို 'ပိတောက်အိမ်' အတွင်းမှ 'ခေါင်း နက်ကလေး' တစ်လုံးပေါ်၌ စုန်းစုန်းမြှုပ်ပစ်လိုက်တော့သည်။

**'ခေါင်းနက်ကလေး'**

သည်အမည်ကို ဦးဇော်ဝေက လိုလိုလားလား ပေးထား၏။ ပုံသဏ္ဍာန်ကလည်း ၁၀နှစ် အရွယ်ကလေး အလောင်းထည့်သော ခေါင်းငယ်ပမာ ရှည်ရှည်မျောမျောလေးဖြစ်သည်။

သို့ရာတွင်....

ရှုပ်ထွေးနက်နဲသော 'အီလက်ထရောနစ်' ကိရိယာများ၊ ဝါယာကြိုးများသည် ခေါင်းနက်၏အတွင်း၌ တည်ရှိနေကြသည်။ 'ခေါင်းနက်' ၏ဘေးတွင် မီတာဒိုင်ခွက် သုံးခုနှင့်နီရဲနေသော မျက်စိပမာ မီးလုံးများရှိနေပေသည်။ စားပွဲပေါ်တွင်တော့ 'အေဗိုမီတာ' 'ဝီမက်ဂါ' အစရှိသည့် လျှပ်စစ်အတိုင်းအထွာ ပစ္စည်းများနှင့် ပြည့်နှက်နေသည်။

စားပွဲတစ်ခုလုံး မည်သည့်နေရာမှ အလွတ်မရှိအောင် ရှုပ်ထွေးသော ပစ္စည်းများက နေရာယူထားကြသည်။

ဦးဇော်ဝေ၏ နှုတ်ခမ်းတစ်ဖက်က တွန့်သွား၏။ ကျေနပ်နှစ်သိမ့်သော အပြုံးရိပ်တစ်ခုက နေရာယူထားကြသည်။

"ဒီကနေ့....မင်းအလုပ်စရတော့မယ်၊ ခေါင်းနက်ကလေးရေ....."

ဦးဇော်ဝေအသံက လေသံမျှ ခပ်တိုးတိုးသာ ဖြစ်သည်။ သူသည် ခေါင်းနက်ကလေး၏ ရှေ့တွင်ရှိသော ကုလားထိုင်တစ်လုံးတွင်ထိုင်လိုက်သည်။

ဤသည်မှစ၍ သူ၏ ဦးနှောက်ကစတင် တွေးတောခြင်းပြု၏။ ဦးနှောက်၏အသိသည် အကြောအခြင်များမှတစ်ဆင့် သူ၏လက်များကို လှုပ်ရှားစေသည်။ အီလက်ထရောနစ် ကိရိယာများကို တစ်ခုချင်း ကို ယ်စမ်းသပ်ခြင်းပြု၏။ ချိန်ညှိခြင်းပြုသည်။ 'အီလက်ထရောနစ်' မီးလုံးများ ဝါယာကြိုးများကို တပ်ဆင်ခြင်းပြု၏။

သူ၏လက်များက ကျွမ်းကျင်စွာလှုပ်ရှားနေသည်။ တစ်ခါတစ်ရံ အသက်ရှူရန်ပင် မေ့နေဟန်။ တစ်ခါတစ်ရံခေါင်းကိုမှုမငဲ့မိ။

"အဲ....အဲ....ဒါလေးကိုတပ်လိုက်ရင် မင်းကောင်းကောင်း အသက်ဝင်လာလိမ့်မယ်၊ အို....အင်း ငါများ မှားနေပြီလား၊ မမှားနိုင်ဘူး၊ဘယ်နည်းနဲ့မှ မမှားနိုင်ဘူး"

ဦးဇော်ဝေက ညင်သာစွာ ရှုတ်ခိုမိ၏။ သူ၏ဖောသည့်ဖွင်း၊ ရှာန်သည့်ဖွင်း၊ အပြုန့်အလွှင့်မရှိ။ သူသည် အသက်ရှိသော သတ္တဝါ တစ်ကောင်ကို ကိုင်တွယ်နေရသကဲ့သို့ ခံစားနေရ၏။

အချိန်သည် တဖြည်းဖြည်း အလုံးအခဲဖြစ်လာသည်။ အလင်းသည်အားပျော့လာပြီး အမှောင်အရောအစွက်က ဝင်လာ၏။ ဦးဇော်ဝေသည် ကျေနပ်နှစ်သိမ့်စွာ ခေါင်းလေးတစ်ချက်ညိတ်လိုက်သည်။ ပြီး ခေါင်းနက်ကလေး၏ ပင်မခလုတ်ကို ဖြည်းဖြည်းလှည့်တင် ပေးလိုက်သည်။

ဦးဇော်ဝေ၏ ကျောပြင်က စိမ့်ကနဲအေးသွား၏။

သူ၏အကြောအခြင်များက တောင့်တင်းရပ်ဆိုင်းသွား၏။

တစ်မိနစ်.....

နှစ်မိနစ်.....

သုံးမိနစ်.....

အသံတစ်ခုက သူ၏နားအတွင်းသို့ တိုးဝင်လာသည်။

ကြမ်းပြင်နှင့် ကရိဆိုးတပ် ဘိနပ်အစုံ၏ ထိတွေ့သံ။

ဦးဇော်ဝေသည် ကျောခိုင်းထားသော တံခါးဝဆီသို့ အရှိန် အဟုန်ပြင်းစွာနှင့် လှည့်လိုက်သည်။

တခါးဝတွင် သူမမျှော်လင့်သူ တစ်ယောက်ကရပ်နေသည်။ အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး အသားဖြူဖြူ။

"အား.... ဒေါက်တာ မင်းကြည်"

ဦးဇော်ဝေ၏ နှုတ်ဖျားမှ အသံထွက်သွားသည်နှင့်အတူ တင်းမာနေသော အကြောအခြင်များက ပြေလျော့သွားခဲ့သည်။

သူ၏မိသားစု ဆရာဝန်ဖြစ်သော ဒေါက်တာမင်းကြည်သည် ဆေးအိတ်ကိုဆွဲရင်း လျှောက်လာချေသည်။

"ဟုတ်တယ် ဦးဇော်ဝေ၊ ခင်ဗျားကိုတိုက်ထဲမှာ မတွေ့တာနဲ့

ဒီဘက်များ ရှိမလားလို့ လိုက်လာတာပါ၊ ဘယ့်နှယ့်လဲ ခင်များလည်း ချောင်းနေတာ သက်သာရဲ့လား"

ဦးဇော်ဝေအသွင်က ဒေါက်တာမင်းကြည်အား လိုလိုလားလားလက်ခံလိုဟန်မပြချေ၊ သူ၏အသံက ခပ်ပြတ်ပြတ်ထွက်လာသည်။

"ကောင်းသွားပါပြီဗျာ၊ ခင်များလာစရာ မလိုတော့ပါဘူး"

ဒေါက်တာမင်းကြည်သည် စားပွဲပေါ်မှ သေတ္တာနက်ကလေးအား စူးစိုက်ကြည့်နေ၏။

ကလေး မသာထည့်သော အခေါင်းလေးနှင့် တူလှသည်။

"ဘာတွေလုပ်နေတာတုန်း ဦးဇော်ဝေ၊ ခင်များကို အလုပ်သိပ်မလုပ်ဖို့ ပြောထားတယ်မဟုတ်လား"

ဒေါက်တာ၏လက်က သေတ္တာနက်ကလေးအား ကိုင်မိသည်။ ဒါကို ဦးဇော်ဝေက အနည်းငယ်မျှ နှစ်ခြိုက်ပုံမပေါ်။

"ဒါတွေက ဘာတွေလဲဗျ၊ ခင်ဗျား ရေဒီယိုဆင်နေတာလား"

"ဆိုပါတော့ ကျုပ်စိတ်ဝင်စားစရာလေးတစ်ခုကို စမ်းသပ်နေတာပါ"

"အင်း.....အတော် စိတ်ဝင်စားဘို့တော့ အကောင်းသား။ အဲ..... ဒါပေမယ့်၊ ခင်များသိပ် အညောင်းမထိုင်နဲ့ ဦးဇော်ဝေ၊ အစားအသောက်လဲ ဂရုစိုက်အုံး။ ဒါနဲ့ ခင်များဇနီးကို မမြင်တာကြာပြီ"

"တောင်ကြီးသွားနေတယ်၊ သူ့မိတ်တွေဆီကို တစ်လကိုးသီတင်း သွားလည်နေတာပေါ့၊ အေးလေ၊ကျုပ်ကလဲ သူ့ကိုကောင်းကောင်း ဂရုစိုက်နိုင်တာ မဟုတ်တော့ ဒီမှာဘယ်ပျော်မလဲဗျာ"

ဦးဇော်ဝေ၏မျက်နှာတွင် နာကျည်းခွေးမြေ့မှုများက အထင်းသား ပေါ်လွင်လာသည်။ ဒေါက်တာမင်းကြည်သည် အပေါက်ဝသို့ မျက်နှာမူလိုက်သည်။

## ၆၈ ဆေးခွက်လှိုင်ဦး

"ကဲ.....ကျွန်တော်ပြန်မယ်၊ ဦးဇော်ဝေ လည်ချောင်းသိပ်နာလာရင်၊ ကျွန်တော့်ကို ဖုန်းဆက်ခေါ်ပါ။ ကျွန်တော်လဲ ဒီဘက်ကို လူနာတစ်ယောက်လာတွေ့ရင်း ခရီးကြုံလို့ဝင်လာတာပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာမင်းကြည်"

ဒေါက်တာမင်းကြည်၏ နောက်မှ ဦးဇော်ဝေက ကပ်၍လိုက်ခဲ့၏။

သို့သော်.....

တံခါးဝသို့အရောက်တွင် ဒေါက်တာမင်းကြည်၏ ခြေလှမ်းများက တုန့်ကနဲရပ်သွားသည်။ အုံ့ဩတွေဝေသော အမူအရာက ဒေါက်တာမင်းကြည်၏ မျက်နှာတွင်အထင်းသားပေါ်လွင်လာသည်။ သူ၏ နားနှစ်ဖက် စွင့်ထား၏။ ပြီး ဦးဇော်ဝေ၏ မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ ဦးဇော်ဝေ၏ မျက်နှာကြီးက ဆတ်ကနဲ တွန့်သွားသည်။

"ခင်ဗျား ခုနက ရှိုက်လိုက်သလား ဦးဇော်ဝေ၊ ကျုပ်နားထဲမှာ ငိုသံလိုလို ရှိုက်သံလိုလို ကြားလိုက်တယ်"

"ကြားလိုက်တယ် ဟုတ်လား ဒေါက်တာ"

"အသေအချာပါဘဲဗျာ၊ တစ်ယောက်ယောက် မချိမဆန့်ငိုရှိုက်လိုက်တဲ့အသံဘဲ"

သူတို့နှစ်ဦး၏ မျက်စိအစုံက စားပွဲပေါ်တွင် လဲလျောင်းနေသော လူသေခေါင်းနက်ကလေးဆီသို့ ကျရောက်သွားသည်။

ဦးဇော်ဝေသည် ပါးစပ်မှမပီမသ အသံတစ်ချက်ထွက်ပေါ်လာပြီး၊ စားပွဲပေါ်တွင်တင်ထားသော လူသေခေါင်းငယ်ကလေးဆီသို့ တစ်ဟုန်ထိုး ရောက်ရှိသွားတော့သည်။

သူသည်ခေါင်းနက်ကလေးအား မယုံကြည်နိုင်သလို စူးစိုက်ကြည့်နေသည်။ နောက်တော့ သူ၏အပြုံးက သိသိသာသာတောက်ပ

လာတော့သည်။

"ဟုတ်တယ် ဒေါက်တာမင်းကြည်၊ ခင်ဗျားကြားလိုက်သလို ကျုပ်လဲကြားပါတယ်၊ ဒါဟာ အင်မတန်သေးငယ်တဲ့ ပိုးဟပ်တစ်ကောင်ရဲ့ ငိုရှိုက်သံဘဲ ဖြစ်လိမ့်မယ်"

"ဗျာ......"

ဒေါက်တာ မင်းကြည်၏ မျက်စိအစုံက ပြူးကျယ်ဝိုင်းစက်သွားခသည်။

"ပိုးဟပ်......ဟုတ်လား။ ပိုးဟပ်က ငိုသလား ဦးဇော်ဝေ"

"ပိုးဟပ်ထက်ငယ်တဲ့ သတ္တဝါတစ်ကောင်လဲ ဖြစ်နိုင်တယ် ဦးမင်းကြည်၊ ဥပမာ ခြင်တစ်ကောင်ရဲ့ ငိုရှိုက်သံလို့လဲဆိုနိုင်တယ်ပေါ့"

ဒေါက်တာမင်းကြည်သည် ဦးဇော်ဝေ၏မျက်နှာကို တစ်လှည့် ရှည်မျောမျောခေါင်းနက်ကလေးကို တစ်လှည့် ကြည့်ရင်းမေးလိုက်သည်။

"ခင်ဗျား....နေကောင်းပါတယ်နော်"

"သိပ်ကောင်းတာပေါ့ဗျာ၊ ဘာလဲ ခင်ဗျားက ကျုပ်ပြောတာတွေကို မယုံဘူးမဟုတ်လား။ ဒီအခန်းထဲမှာ ပိုးဟပ်တို့ ခြင်တို့ရှိနေနိုင်တာပဲမဟုတ်လား ဒေါက်တာ"

ထိုစဉ်မှာပင် ခေါင်းနက်၏ အတွင်းပိုင်းဆီမှ လှတစ်ယောက်၏ ပြင်းပြင်းထန်ထန် အံကြိတ်လိုက်သဖြင့် သွားချင်းပွတ်တိုက်ရာမှ ထွက်လာသည့် အသံမျိုးက မြည်ဟီးလာသည်။ ဦးဇော်ဝေသည် သေတ္တာနက်ကလေး၏ ပင်မခလုတ်ကို ကမန်းကတန်း ပိတ်ချလိုက်သည်။ ပြီး.....သူ၏ အောင်မြင်နက်ကျောသော အသံကြီးက ထွက်ပေါ်လာသည်။

"ကျုပ် သုံးနှစ်တိတိ စမ်းသပ်ခဲ့တာ အောင်မြင်ပြီဗျို့"

ဦးဇော်ဝေ၏ အသံက အလွန်အမင်း တက်ကြွနေပေသည်။

"ဒါပေမယ့် ဒီအသံဟာ ပထောမလောက်ဘဲ ရှိသေးတယ် ဒေါက်တာ၊ အစလောက်ဘဲ ရှိသေးတယ်"

ဒေါက်တာမင်းကြည်သည် ဦးဇော်ဝေအား မယုံကြည်နိုင်သလို ကြည့်နေ၏။ သူ၏ အကြည့်၌ အံ့သြခြင်း၊ မဝေခွဲနိုင်ခြင်းတို့က အချိုးအဆတူစွာ ရောယှက်နေသည်။

"အံ့သြသွားသလား ဒေါက်တာ၊ အဲအဲ အသံအကြောင်းမှ ခင်ဗျားက နားမလည်တဲ့ကို။ ဒီလိုဗျာ ကျုပ်တို့နားတွေ အသံတစ်ခုကို ကြားနိုင်တာဟာ အသံရဲ့ တုန်ခါမှု(Vibration)က နားထဲမှာရှိတဲ့ အမြှေးပါးကို ရိုက်ခတ်မှုကြောင့်လို့ အကြမ်းဖျင်း ခင်ဗျားနားလည်ထားတယ် မဟုတ်လား။ အသံလှိုင်း(Frequency) အကြောင်း ခင်ဗျားကြားဖူးမှာပေါ့"

ဒေါက်တာ မင်းကြည်သည် ခေါင်းကို အသာအယာ ညိတ်လိုက်သည်။

ဦးဇော်ဝေသည် အသံအကြောင်းကို စတင်ရှင်းပြခြင်းပြု၏။ သူသည် ယခင်က ဘီအေစီလေကြောင်း ကော်ပိုရေးရှင်းတွင် ရေဒီယို အရာရှိအဖြစ် လုပ်ကိုင်ဖူးသည်။

သည်တော့ အသံလွှင့်အသံဖမ်းအလုပ်များကို ကျွမ်းကျင်သည်မှာ အဆန်းမဟုတ်တော့။

"ဒီလိုဗျာ......ဘယ်အသံမဆို တုန်ခါမှုကြောင့် ကြားရတာဆိုပါတော့၊ ကျုပ်တို့ လူတွေရဲ့နားဟာ '၂၀ကီလိုဆိုက်ကယ်ဖရီကွင်စီ' ပတ်ဝန်းကျင် တုန်ခါမှုမျိုးကိုသာ အသံအဖြစ်ကြားနိုင်တယ် ဒေါက်တာ၊ တစ်စက္ကန့်မှာ ထောင်ပေါင်း၁၅–ကနေ ထောင်ပေါင်း၃၀–အတွင်း အသံရဲ့ လှုပ်ရှားမှု အကြိမ်နှုန်းဆိုပါတော့"

ဒေါက်တာမင်းကြည် ငြိ...နေသည်။

"ဒါပေမယ့် ဒီထက်တုန်နှုန်းများလို့ ဖြစ်စေ၊ လျော့ကျသွားလို့

ဖြစ်စေ ကျုပ်တို့နားတွေဟာ မကြားနိုင်တော့ဘူးဗျ။ အဲ......ဒါပေမယ့် ခွေးတို့၊ လင်းနို့တို့ အစရှိတဲ့ သတ္တဝါတွေကြတော့ လူတွေမကြားနိုင်လောက်တဲ့ အသံမျိုးသူတို့ကြားတယ်ဆိုရင် ဒေါက်တာယုံပါ့မလား”

“ဒါတော့ယုံပါတယ် ဦးဇော်ဝေ”

ဦးဇော်ဝေသည် သူ၏ခေါင်းတံကို မီးညှိ၍တစ်ချက် ရှိုက်ဖွာလိုက်သည်။

“အဲ......အဲ ကျုပ်ရဲ့ ခေါင်းနက်ကလေးဟာ လူတွေမကြားနိုင်လောက်အောင် သန်းပေါင်းကုဋေကုဋာ မြင့်တဲ့ အသံမျိုး နိမ့်ကျတဲ့ အသံမျိုးကို ပြန်ပြီးဖော်ထုတ်ပေးနိုင်လိမ့်မယ် ဒေါက်တာ မင်းကြည်”

“ခေါင်းနက်ကလေး ဟုတ်လား”

ဒေါက်တာမင်းကြည်သည် ရှည်မျောမျောသေတ္တာနက်ကလေးအား စူးစိုက်ရင်း မေးသည်။

“အင်းပေါ့။ ဒီအသံဖမ်းစက်ကို ကျုပ် ပေးထားတဲ့ နာမည်လေ၊ ဟဲ......ဟဲ၊ အထဲမှာ ခင်ဗျားနားမလည်တဲ့ ‘အီလက်ထရောနစ်’ ကိရိယာပေါင်း သန်းနဲ့ချီပြီး တည်ဆောက်ထားတယ်၊ တနေ့မှာ ကျုပ်ရဲ့ ခေါင်းနက်ကလေးဟာ ပန်းပွင့်တစ်ပွင့်ရဲ့ ငိုရှိုက်သံအထိ ကြားရအောင် လုပ်ပေးလိမ့်မယ်”

“ပန်းပွင့်ရဲ့ ငိုသံဟုတ်လားဗျာ”

ဒေါက်တာမင်းကြည်၏ အသံတွင် မယုံကြည်နိုင်မှုက အထိအလင်း ရောစွက်နေခဲ့သည်။ ဒီလူကြီး ရူးများသွားပြီလား။

“ဒီလိုလေဗျား၊ ဥပမာ နှင်းဆီ တစ်ပွင့်ရဲ့ ပွင့်ဖတ်ကလေးကို လက်နဲ့ဖဲ့လိုက်ပြီဆိုပါတော့၊ အကြောအမျှင်တွေနဲ့ ဆက်သွယ်နေတဲ့ နှင်းဆီပွင့်လေးဟာ မခံသာအောင် နာသွားရှာမှာဘဲ၊ အော်ငိုမှာဘဲ၊ ဒါပေမယ့် ဒီအသံဟာ မပြောနိုင်လောက်အောင် နိမ့်လွန်းလို့ ခင်ဗျားတို့ ကျုပ်တို့ရဲ့နားက ကြားရမယ်မဟုတ်ဘူး။ အဲ ကျုပ်ရဲ့ ‘ခေါင်းနက်က

လေး'ဟာ ဒီအသံကို ဖမ်းယူနိုင်လိမ့်မယ် ဒေါက်တာမင်းကြည်"

သွားပြီ......ပေါက်သွားပြီ......။

ဒေါက်တာမင်းကြည်သည် ရယ်ချင်သည့်စိတ်ကို မနည်းဖျောက် လိုက်ရသည်။

သူမရယ်ဝံ့။

ဦးဇော်ဝေ၏ အသွင်အပြင်က အလေးအနက် ပြောဆိုနေခြင်းပါ။ ဒေါက်တာမင်းကြည်သည် ဦးဇော်ဝေအား နှုတ်ဆက်လိုက်သည်။

"အဲအဲ......ကျွန်တော် ပြန်လိုက်အုံးမယ်၊ ကိစ္စလေးတစ်ခုရှိသေးတယ်ဗျို့"

"ခင်ဗျားလဲ သိပ်အပင်ပန်းခံမနေနဲ့အုံး".

ဦးဇော်ဝေသည် ဒေါက်တာ မင်းကြည်အား ပိတောက်အိမ်လေး၏ တံခါးဝသို့တိုင် လိုက်ပို့ခဲ့သည်။

"အကြောင်းထူးရင် ဖုန်းဆက်လိုက်ပါ့မယ် ဒေါက်တာ"

"ကဲ......ပြန်ပေအုံးတော့ဗျို့၊ ကျုပ်လဲ နည်းနည်းပါးပါးဆက်လုပ်စရာရှိသေးတယ်"

ဒေါက်တာမင်းကြည်သည်သမိုင်းရှိ ဦးဇော်ဝေ၏ 'စပယ်မြိုင်' ခြံကြီးထဲမှ ကားကို စိတ်ပျက်လက်ပျက် မောင်းထွက်သွားတော့သည်။

ဦးဇော်ဝေ၏ စိတ်ကသိပ်တက်ကြွနေသည်၊ သုံးနှစ်တိတိ စမ်းသပ်တီထွင်ခဲ့သော ခေါင်းနက်ကလေး၏ အသံက မမျှော်လင့်ဘဲ ထွက်ပေါ်လာခဲ့သည်။

ထိုအသံကို ဒေါက်တာမင်းကြည်လည်း ကြားသွားခဲ့ပြီ။

ဦးဇော်ဝေသည် ခေါင်းနက်ကလေးအား ယဉ်ကျေးလိမ္မာသော တိရစ္ဆာန်တစ်ကောင်ကဲ့သို့ အသာအယာ ပွတ်လိုက်သည်။

"ဟုတ်ပြီ......မင်းစကား စပြောပြီ......ဒါပေမယ့် မင်းအများကြီး လိုသေးတယ်ဟေ့၊ မင်းကို ငါအများကြီး ပြုပြင်ပေးရဦးမယ်၊ မနက်ဖြန်ဆိုရင် မင်းကောင်းကောင်း အသက်ဝင်လာတော့မယ်"

ဦးဇော်ဝေ တစ်ညလုံး မအိပ်တော့။

ထိုည တစ်ညလုံး ပိတောက်အိမ်လေး အတွင်း၌ အချိန်ကုန်ခဲ့သည်။

သူသည် 'ခေါင်းနက်' ကလေးအား အမျိုးမျိုးစမ်းသပ်ပါသည်။ ထွက်လာသမျှ အသံများကို စီစစ်မှတ်ယူခြင်း၊ မီတာဒိုင်ခွက်များကို ချိန်ညှိခြင်းဖြင့် အလုပ်ရှုပ်နေခဲ့သည်။

ပိတောက်အိမ်လေး၏ ပြင်ပတွင်တော့ မည်းနက်သောညကမ္ဘာက လွှမ်းခြုံနေ၏။

ည......၊

* * *

အရုဏ်ဦးတွင် ဦးဇော်ဝေ၏ လုပ်ငန်းက ပြီးဆုံးခြင်းသို့ ရောက်သည်။

သူသည် ပိတောက်အိမ်ကလေး၏ တံခါးကိုဖွင့်၍ အပြင်သို့ ထွက်လိုက်သည်။ သူ၏ အကြောအခြင်များ ဆန့်ထုတ်၍အညောင်းဖြေလိုက်သည်။

"အား......အရုဏ်တောင် တက်ပါပကော၊ ကဲ......စောစောစီးစီး မင်းကို စမ်းသပ်ရလိမ့်မယ်ဟေ့"

ဦးဇော်ဝေသည် ခေါင်းနက်ကလေးအား မနိုင်မနင်း မ၍ ထုတ်လာခဲ့ပြီး ခြံရှေ့ စပယ်ရုံဘေးသို့ယူခဲ့သည်။

လေးဘီးခြင်း။

သို့သော် သူက ရှိသမျှအင်အားကို အစွမ်းကုန်ထုတ်၍ သုံးစွဲ

ခဲ့သည်။

ဒဏ်ရာ ရလာသော မိမိ၏ရင်သွေးကို တယုတယ ပွေ့ချီလာသည့်အသွင်မျိုးပင်။

ဝန်းကျင်တွင် အမှောင်ထုက ကြီးစိုးဆဲသို့သော် အနီရင့်ရင့်က အရှေ့ကောင်းကင်တွင် ချယ်လှယ်စပြုလာပေပြီ။

သူသည် ခေါင်းနက်ကလေးမှ ကောင်းကင်တိုင်း ဇေရိယာကြိုးများကို ထောင်လိုက်သည်။ ဝါယာကြိုးများကို စနစ်တကျ သွယ်တန်းလိုက်သည်။ ပင်မခလုတ်ကို ဖွင့်လိုက်သည်။

ခေါင်းနက်ကလေး၏ မျက်နှာပြင်မှ သေးငယ်သော မီးလုံးကလေးများ လင်းသွားသည်။ ပြီး......အသက်ဝင်လာသော ကလေးမသာ၏ မျက်လုံးကဲ့သို့ တစ်ဖျပ်ဖျပ်ခတ်နေသည်။ ဗိုးတဝါး ညည်းညူသံများက ထွက်အန်လာတော့သည်။

ဦးဇော်ဝေသည် နားကြပ်တစ်ခုကို သူ၏နားတွင်တပ်ဆင်လိုက်၍ ဒိုင်ခွက်သုံးခုမှ ခလုတ်များကို တဖြည်းဖြည်းလှည့်၍ ချိန်ညှိခြင်းပြုသည်။ အသံမျိုးစုံက သူ၏နားထဲသို့ တိုးဝင်လာကြသည်။ 'နိုက်'ဟုခေါ်သည့် လေလှိုင်းသံများ။ နိုင်ငံခြားမှအသံ လွှင့်ချက်များကို သူကြားလာရပါသည်။

ဒါပေမယ့် သူ့စိတ်က ရေဒီယိုအသံဖမ်းစက် မဟုတ်။ ရေဒီယိုထက် အဆပေါင်း သိန်းသန်းမက သာလေသည်။

သူ့လက်က ခေါင်းနက်၏ဘေးမှ မီတာကို တဖြည်းဖြည်း လှည့်၍ တင်ပေးလိုက်သည်။ ဒိုင်ခွက်အတွင်းရှိ လက်တံငယ်က တဖြည်းဖြည်း တက်၍လာသည်။

တစ်သောင်း။

တစ်သိန်း။

တစ်သန်း။

တစ်ကုဋေ။

ကြားနေရသော အသံများက လုံးဝဆိတ်ငြိမ်သွားခဲ့သည်။

"အင်း အမြင့်ဆုံးတော့ ရောက်ပြီ၊ ဘာသံကြားရမလဲတော့ မသိဘူး"

သူက ခပ်တိုးတိုး ရွတ်ဆိုလိုက်ပြီး နားကို စွင့်ထား၏။ ခန္ဓာကိုယ်မှာ ကျောက်ရုပ်လို ငြိမ်သက်နေသည်။

သို့သော်......

နားကြပ် အတွင်းသို့ မည်သည့်အသံမျှ ဝင်မလာခဲ့။

ဘာသံမျှ မကြားရအောင် ဆိတ်ငြိမ်လွန်းလှသည်။

အလင်းသည် ပိပြင်ခြင်း ရှိလာသည်။

မှုန်ရီနေသော ပတ်ဝန်းကျင်သည် တဖြည်းဖြည်းကြည်လင်လာတော့သည်။

ဦးဇော်ဝေ၏ ခန္ဓာကိုယ်ကြီးက ဆတ်ကနဲ တွန့်သွား၏။

ဟုတ်သည်။

သူ၏ နားထဲသို့အသံတစ်ခုက ထင်ထင်ရှားရှား တိုးဝင်လာခဲ့ပါပကော။

လူတစ်ယောက်၏ လည်ပင်းအား ညှစ်လိုက်သဖြင့် ထွက်လာသည့် မချိမဆန့် အသံမျိုးပါတကား။

သို့သော် အသံက တိုသည်။

ပြတ်သည်၊ နာကျည်းဖွယ်ရာလည်း ခံစားရဟန်တူသည်။

ထိုအသံမျိုး ခပ်များများက နားကြပ်တွင်းမှ ပြတ်တောင်း ပြတ်တောင်း ကြားနေရသည်။

လူတွေ တစ်ယောက်ပြီးတစ်ယောက် လည်ပင်းညှစ်၍ သတ်နေသည့် အသံမျိုးပင်။

ဦးဇော်ဝေ၏ အကြည့်က ပတ်ဝန်းကျင်သို့ ပြန့်သွားသည်။

ရှာဖွေမိသည်။ အနီးအနားတွင်တော့ မည်သည့်လှုပ်ရှားမှုမျိုးကိုမှ မမြင်ရချေ။

ခြစည်းရိုးတစ်ခုသာ ခြားနေသော အရေးပိုင်ဟောင်း ဦးမောင်မောင်စ၏ ခြံဘက်သို့ ရောက်ရှိသွားသည်။

"ဘုရား......ဘုရား......မယ်ခင်ပါလား"

ဟုတ်သည်။

တစ်ဖက်ခြံမှ အစေခံမလေး မယ်ခင်ကို သူလှမ်းမြင်လိုက်ရသဖြင့် ပါးစပ်မှ အသံထွက်သွားခဲ့သည်။

မယ်ခင်၏ လက်ထဲ၌ ချွန်ထက်သော ကတ်ကြေးတစ်လက်ကို ကိုင်ထားသည်။

မယ်ခင်သည် ငွားငွားစွင့်စွင့် ပွင့်နေသော နှင်းဆီရုံနံဘေး၌ ရပ်လျက်ရှိသည်။ သူမ၏ လက်ထဲတွင် နှင်းဆီပန်း အချို့ကိုကိုင် လျက်သား။

ဦးဇော်ဝေသည် မယ်ခင်၏ လှုပ်ရှားမှုကို စောင့်ကြည့်နေသည်။

မယ်ခင်သည် နီရဲသော နှင်းဆီပွင့်ကြီး၏ အကိုင်းကို ကတ်ကြေးနှင့် ထိုး၍ ဖြတ်လိုက်သည်။

"အား"

နာကျည်းသော ညည်းညူသံကြီး တစ်ခုက နားထဲသို့ ဝင်လာသည်။

ဦးဇော်ဝေသည် ဆတ်ဆတ်ခါအောင်ပင် တုန်လှုပ်သွားချေသည်။

ဟုတ်ပေပြီ။

ကတ်ကြေးနှင့် အဖြတ်ခံရသော နှင်းဆီပင်၏ နာကျည်း ညည်းညူသံကို သူ ဖမ်းယူနားထောင်နိုင်ခဲ့ပါပကော။

"မယ်ခင်....ဟေ့....မယ်ခင်"

ဦးဇော်ဝေသည် မယ်ခင်အား လှမ်း၍ အော်လိုက်သည်။ မယ်ခင်သည် သေတ္တာနက်တစ်လုံး၏ ဘေးတွင်ဒူးထောက်ထိုင်နေသော ဦးဇော်ဝေအား လှမ်းမြင်သွားသည်။ အကွာအဝေးက ခြေလှမ်း ၅၀-ထက် မပို။

"ဦးလေး....ကျွန်မကို....ခေါ်သလား"

မယ်ခင်....အော်မေးသည်။

"အေး....ဟုတ်တယ်....ဟုတ်တယ်၊ နောက်တစ်ပွင့် ထပ်ဖြတ်စမ်းဟေ့"

သူ....ပြန်အော်ပြောသည်။

"ရှင်"

"ဩော် နှင်းဆီပန်းတစ်ပွင့် ထပ်ပြီး ဖြတ်စမ်းပါဦးလို့ ပြောတာပါ။"

မယ်ခင်သည် မကြုံစဖူး သူမအား အရေးတယူ လှမ်း၍စကားပြောနေသည့် ဦးဇော်ဝေအား မယုံနိုင်သလို ကြည့်ရင်းအော်ပြောသည်။

"ဦးလေး ပန်းလိုချင်လို့လား"

"ဖြတ်မှာသာ မြန်မြန် ဖြတ်စမ်းဟေ့"

ဦးဇော်ဝေ၏ အသံက စိတ်မရှည်သလို ခပ်မာမာထွက်သွားသည်။

မယ်ခင်သည် နှင်းဆီရုံမှ အပွင့်အကြီးဆုံး တစ်ပွင့်ကို ကတ်ကြေးနှင့် ထိုး၍ဖြတ်လိုက်သည်။

ဒါကို ဦးဇော်ဝေက အသေအချာပင် စောင့်ကြည့်နေခဲ့၏။ သို့သော် အကိုင်းက တုတ်သဖြင့် တစ်ကနဲပြတ်မသွားခဲ့။

ဤတွင် ဦးဇော်ဝေ၏ နားကြပ်ထဲသို့ ယခင်ကလို ညည်းညူ

သံက တိုးဝင်လာပြန်၏။

သို့သော် အသံက ပြတ်၍မသွား။

ခွဲခွဲငင်ငင် နာနာကျည်းကျည်းခံစားရသည့်နယ် ဖြစ်သည်။

ဦးဇော်ဝေသည် ခေါင်းမှ နားကြပ်ကို အလောတကြီးဖြုတ်၍ ခြစည်းရိုးဘေးသို့ တိုးကပ်လာသည်။

"ဒီမှာ မယ်ခင်၊ မင်းခပ်စောစောက နှင်းဆီပန်းတွေကို ကတ်ကြေးနဲ့ ဖြတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ဦးလေး။ ရော့လေ ဦးလေး လိုချင်ရင်"

မယ်ခင်က ခြံစည်းရိုးပေါ်မှ နှင်းဆီပွင့်တစ်ပွင့်ကို လှမ်းပေးသည်။

"ဟင့်အင်း။ ဦးလေး မလိုချင်ပါဘူး။ ဒါပေမယ့် မင်းနှင်းဆီပင်ကို ဖြတ်လိုက်တော့ ဦးလေး ဒီဘက်ခြံက အသံကြားရတယ်"

ဦးဇော်ဝေက အလောတကြီး ပြောချလိုက်ခြင်းဖြစ်သည်။ မယ်ခင်၏ မျက်နှာက မဝေခွဲတတ်သလို တွေဝေသွားသည်။

"ဪ ကတ်ကြေးသံကို ဦးလေးကြားတယ် ထင်ပါရဲ့"

'မဟုတ်ဘူး....မဟုတ်ဘူး။ နှင်းဆီပင်ရဲ့ အော်သံ"

"နှင်းဆီပင်က မအော်ပါဘူး ဦးလေး"

"ဟိုကွာ....မင်းက ကတ်ကြေးနဲ့ ဖြတ်လိုက်တော့ နာလို့ အော်လိုက်တဲ့ အသံ ပြီး"

"ရှင်"

မယ်ခင်၏ မျက်လုံးအစုံက ပြူးကျယ်ဝိုင်းစက်သွားသည်။ ပြီး အဖိုးကြီး၏ စကားကို နားမလည်သလို ကြောင်ကြည့်နေရှာသည်။

"ဒီလိုလေ.....အဲ....မင်းယုံချင်မှလဲ ယုံပေါ့။ ခုနက မင်း ကတ်ကြေးနဲ့ ဖြတ်လိုက်တော့ နှင်းဆီပင်က အော်တယ်"

မယ်ခင်၏ လက်မှပန်းဖြတ် ကတ်ကြေးက လွတ်ကျသွား

သည်။

"အဲဒီ နှင်းဆီပင်ရဲ့အော်သံကို ဦးလေးကြားလိုက်ရတယ်ကွဲ့၊ ဟို လူတစ်ယောက်ကို လည်ပင်းညှစ်လိုက်လို့ ထွက်လာတဲ့ ညည်းသံမျိုးကြီးဘဲ"

မယ်ခင်သည် ငူငူကြီး ရပ်နေရာမှ ဆတ်ကနဲ လှုပ်ရှားသွားသည်။

"ကျွန်မ....ကျွန်မ ဘုရားပန်းကပ်ရဦးမယ်"

မယ်ခင်....တုန်တုန်ယင်ယင် ပြော၍ လွတ်ကျသွားသော ကတ်ကြေးကိုမျှ မကောက်တော့ဘဲ တချိုးထဲပြေးထွက်သွား၏။

ဦးဇော်ဝေသည် မယ်ခင်၏ ကျောပြင်အားကြည့်ရင်း သက်ပြင်းကို လေးပင်စွာချလိုက်သော်လည်း အောင်မြင်သော အပြုံးရိပ်တစ်ခုက သူ၏မျက်နှာတွင် ထင်ဟပ်နေဆဲ။

* * *

နေထွက်လာပြီ၊

သို့ရာတွင် ဦးဇော်ဝေသည် တိုက်ထဲသို့ ပြန်ဝင်ရန်စိတ်ကူးမိပုံမရ။

ခေါင်းနက်ကလေး၏ ဘေးတွင် ထိုင်လျက်ပင် ရှိသေး၏။ သူ့ကိုနှောက်ယှက် ဟန့်တားမည့်သူဟူ၍ တစ်ယောက်မျှမရှိ။ တစ်အိမ်လုံး သူတစ်ယောက်ထဲသာရှိ၏။ သူ၏အိမ်မှ ထမင်းချက်ဒေါ်စီမှာ ယမန်နေ့ကပင် ခွင့်ငါးရက်ယူသွားခဲ့သဖြင့် တအိမ်လုံး သူတစ်ယောက်တည်း ရှိနေခြင်းပင်။

သူသည် "ခေါင်းနက်ကလေး"၏မီတာများကို ချိန်ကိုက်ညှိနှိုင်းခြင်းပြု၏။ သူ၏ လက်တစ်ဖက်က ငွားငွားစွင့်စွင့် ဖူးပွင့်နေသော စပယ်ရုံမှ အပွင့်တစ်ပွင့်ကို ရွရွကလေး ကိုင်ထားသည်။

ထို့နောက် စပယ်ပွင့်ဖြူဖြူကလေးကို တဖြည်းဖြည်း ဖိချေ

လိုက်သည်။

ဤတွင် အသံတစ်မျိုးကို နားကြပ်တွင်းမှ ကြားလာရသည်။ သို့သော် နှင်းဆီကိုင်း ဖြတ်စဉ်က ကြားရသည့် အသံနှင့် ခြားနား၏။

စပယ်ပွင့်ကလေး ငိုကြွေးနေပြီလား။

ဦးဇော်ဝေ၏ ရင်က အခုန်မြန်လာသည်။ နာကျည်းခွေးမြေ့ ခြင်းက သူ့မျက်နှာတွင် ထင်ဟပ်လာသည်။

ဟုတ်သည်။

သည်လို အသံမျိုးကို သူ၏ တစ်သက်နှင့် တစ်ကိုယ်မကြား ဘူးခဲ့။

ဆတ်ဆတ်ခါအောင် နာကျင်ခြင်း။

မချိမဆန့် ညည်းညူခြင်း။

တောင်းပန်ခယခြင်းများနှင့် ရောပြွမ်းနေသော စပယ်ပွင့်၏ ငိုရှိုက်သံက ရင်တုန်ဖွယ်ရာပါတကား။ ပမာဆိုရသော် နုနယ်ငယ်ရွယ် သည့် မိန်းမပျိုတစ်ယောက်၏ ငိုရှိုက်တောင်းပန်သံမျိုး။

"အင်း.....ကျွတ်.....ကျွတ် တယ်သနားစရာကောင်းတဲ့ အ သံပါဘဲလားကွယ်။ လူတွေဟာ စပယ်ပွင့်ရဲ့ အသံကို မကြားခဲ့ရဘူး။ အခုငါကြားနေရပြီ၊ သိပ်ကို နာကျည်းဘို့ ကောင်းလှပါတကား"

ကြွေမွသွားသော စပယ်ပွင့်ဖတ်ကလေးအား ကြည့်၍ လှိုက် လှိုက်လှိုက်လှဲလှဲ ညည်းညူမိသည်။ သူ၏ ရင်တွင်တစ်ဆို့သွားသည်။

ပြည့်နှင့်သွားခဲ့လေသည်။

ဦးဇော်ဝေသည် သူ၏ ခေါင်းနက်ကလေးအား ခြံ၏အတွင်း ပိုင်းဆီသို့ မ,၍ယူခဲ့သည်။

ခြံထောင့်တွင်တော့ မြင့်မားတုတ်ခိုင်သော ကညင်ပင်ကြီးက ထီးထီးမားမား ရပ်တည်နေသည်။

"အင်း.....မင်းက အပင်ကြီးတယ်၊ မြင့်တယ်၊ အကိုင်း

အခက်လဲစုံတယ်၊ ကဲ.....မင်းရဲ့ အသံဟာ ဘယ်လိုများ ထွက်လာအုံးမလဲ”

ကညင်ပင်၏ အဝန်းက လူနှစ်ဖက်ခန့်ရှိသည်။ ဖြောင့်စင်းသော ပင်စည်မှာ ပွတ်လုံးကိုးထားသကဲ့သို့ အလုံးအဝန်းညီသည်။ မြင့်မားသော အခက်အလက်များက မိုးသို့ အလုအယက်တက်နေကြသည်။

သူသည် ပင်ခြေတွင် “ခေါင်းနှက်” ကလေးအား ချလိုက်ပြီး တိုက်အတွင်းမှ ထင်းခွဲသော ပေါက်ဆိန်ကြီးတစ်လက်ကို သွားယူခဲ့၏။

ထက်မြသော ပုဆိန်သွားက နံနက်ဦး၏ နေခြည်တွင် ပြိုးပြိုး ပြက်ပြက် ဝင်းလက်နေသည်။

မည်သို့ဆိုစေ.....ကညင်ပင်၏ အစွမ်းအစကို သူကစမ်းတော့မည်ဖြစ်၏။

ဦးဖော်ဝေက သူ့ခေါင်းနှက်ကလေး၏ စက်ခလုတ်ကို ဖွင့်လိုက်သည်။

ရေိယာကြိုးများကို ကညင်ပင်နှင့် ဆက်လိုက်သည်။

ကျေနပ် နှစ်သိမ့်ဖွယ် အနေအထားသို့ ရောက်သည့်တိုင်အောင် သူကပြင်ဆင်ခြင်းပြု၏။

သူ၏ နားနှစ်ဖက်၌ အနက်ရောင် နားကြပ်တပ်ဆင်ပြီး။

“ကဲ.....”

သူ၏လက်နှစ်ဖက်၌ အသွားထက်သော ပုဆိန်ရိုးကို ဆုပ်ကိုင် ပြီး ဦးဖော်ဝေသည် ပင်ခြေတွင်ခြေကိုခွ၍ နေရာယူလိုက်သည်။

လက်တွင်းမှ ပုဆိန်ကို တစ်ချက်လွှဲလိုက်ပြီး ပင်စည်တွင်းသို့ ခုတ်ချလိုက်၏။

“ဒုတ်.....”

ပထမဆုံး တိုးညှင်းသော အသံတစ်ချက်က သူ့နားထဲသို့

ရူးဝင်လာ၏။ ပြီး အသံက တဖြည်းဖြည်း ကျယ်လောင်ပြတ်သားလာသည်။ အလွန်နာကျည်းစွာ အော်မြည်သံက ပီထင်လာ၏။ အသံသည် ပြောပနိုင်ဖွယ် မရှိလောက်အောင် ဆွေးလာ၏။ တစ်ဆို့၏။ နောက်တစ်ဖြည်းဖြည်း တိမ်သွားသည်။ ပျက်ပြယ်သွားသော ပွဲတင်သံလို လှိုင်၍ ကျန်ရစ်သည်။

ဦးဇော်ဝေသည် လက်ထဲမှ နာရီကို ကြည့်လိုက်၏။ စုစုပေါင်း တစ်မိနစ်ခန့်မျှ ကြာအောင် အသံကြားရခြင်းပင်။

သူသည် ပတ်စည်တွင် နှစ်မြုပ်နေသော ပုဆိန်သွားကို အသာအယာနှဲ၍ နုတ်သည်။ လူ၏အသားထဲ၌ စူးဝင်နေသော ဆူးကို ဆွဲနုတ်သည့် သဏ္ဌာန်မျိုးပင်။

"မင်းမှာ တကယ်ဘဲ အသက်ရှိတာယ်၊ နာကျင်တတ်တယ်ဆိုတာ ငါသိပါပြီကွာ"

ဦးဇော်ဝေက တိုက်အတွင်းသို့ ပြေးဝင်သွားသည်။ တယ်လီဖုန်းကိုမ,၍ ဒိုင်ခွက်များကို လှည့်လိုက်သည်။

သူ၏လက်များက မကြုံစဘူးအောင် တုန်ယင်နေသည်။ မကြာခင် တစ်ဖက်မှ စကားပြောခွက်မ,ယူသံကို ကြားရသည်။

"ဟဲလို.....ဒေါက်တာမင်းကြည်လား"

ဦးဇော်ဝေက အလောတကြီး မေးမိသည်။

"ဟုတ်ပါတယ်၊ မင်းကြည် ပြောနေပါတယ်"

"အား.....ဒေါက်တာမင်းကြည်၊ ကျုပ်.....ကျုပ်.....ဇော်ဝေပါ၊ ခင်ဗျား အခုချက်ခြင်း ကျုပ်ခြံကို လာခဲ့ပါ"

ဦးဇော်ဝေ၏စိုးရိမ်မှု လွန်ကဲနေသံကြောင့် ဒေါက်တာမင်းကြည်. အံ့ဩသွားရသည်။ သည်လို အသံမျိုးကို အရေးပေါ်လူနာခန်းမှသော်၎င်း၊ ကားတိုက်ခံရ၍သော်၎င်း၊ အဆိပ်သောက်မိသော လူနာရှင်ကင်း သူ့ထံသို့ ဆက်သွယ်လေ့ရှိဘူးသည်။

"စောစောစီးစီး ဘာဖြစ်နေတာလဲ ဦးဖော်ဝေ ၊ ခင်ဗျား လည်ချောင်း ပြန်ထလာပြန်ပြီလား"

"မဟုတ်ဘူး.....မဟုတ်ဘူး.....ဒေါက်တာ၊ ကျုပ် အသံတစ် ခု ကြားရတယ်၊ ဟို.....ကျုပ်တည်ထွင်ထားတဲ့ စက်.....အဲ၊ 'ခေါင်းနက်' ကလေးထဲကပေါ့၊ အို.....ခင်ဗျားကို.....ပြောရင်ယုံမှာ မဟုတ်ဘူး၊ ကျုပ်ဆီကို အမြန်ဆုံးသာလာခဲ့ဗျာ"

ဒေါက်တာမင်းကြည်က သက်ပြင်းချမိသည်။ စောစောစီး စီး အနှောက်အယှက် ပြုသူကို သူအင်မတန် စိတ်ကုန်သည်။

သို့သော်.....

ဦးဖော်ဝေသည် သူ၏လူနာ၊ သူကုသနေသော ဝေဒနာ သည်။

"ဘာတွေများ ထူးလို့လဲ ဦးဖော်ဝေ"

"ဒီမှာ ဒေါက်တာ ခင်ဗျားလာနိုင် မလာနိုင်ပြောဗျာ"

ဦးဖော်ဝေ၏ အသံက သိသိသာသာ တင်းမာလာသည်။

"ကောင်းပါပြီလေ၊ ကျွန်တော်အခုဘဲ လာခဲ့ပါမယ်"

ဒေါက်တာမင်းကြည်သည် စကားပြောခွက်ကို စိတ်ပျက် လက်ပျက် ပစ်ချလိုက်မိသည်။

* * *

ဒေါက်တာ မင်းကြည်သည် သူ၏စီးယက်ကားကို မောင်း ၍ ဦးဖော်ဝေ၏ သမိုင်းရှိ ခြံကြီးဘက်သို့ထွက်ခဲ့သည်။

အချိန်က ခြောက်နာရီထက် မပိုသေး။

သူ၏မျက်နှာ သုန်မှုန်နေသည်။

သူ့စိတ်က ပွုလွင့်နေသည်။

ဦးဖော်ဝေနှင့် ဒေါ်မိမိသွင်၏ အကြောင်းများက သူ့ခေါင်းထဲ သို့ ဝင်လာသည်။

တကယ့်ဆိုတော့ သည်လင်မယားကို သူသိခဲ့ရသည်မှာ လွန်ခဲ့သည့် တစ်နှစ်ခန့်ကပင် ဖြစ်သည်။

ဒေါ်မီမီသွင် နေမကောင်းစဉ်ကစ၍ ဦးဇော်ဝေ၏ သမိုင်းရှိ စံပယ်မြိုင်ခြံကြီးကို ရောက်ခဲ့ခြင်းပင်။

ကြာတော့ ဦးဇော်ဝေတို့၏ လက်စွဲဆရာဝန် ဖြစ်လာခဲ့သည်။

ကွာခြားလွန်းသော သူတို့နှစ်ဦး၏ အသက်အရွယ်ကို လည်း အံ့သြမိချေသည်။

ဒေါ်မီမီသွင်၏ အသက်မှာ မည်သည့်နည်းနှင့်မျှ သုံးဆယ်မ ကျော်သေး။

အဆင်အပြင် ကြည့်၍ဆိုလျှင် နောက်ထပ်ဆယ်နှစ်ခန့်ထပ် ၍ နုတ်ရပေလိမ့်မည်။

ဒေါ်တပ်၍ ခေါ်ရစေဦး။

မီမီသွင်၏ ခန္ဓာကိုယ်အချိုးအဆက်က နုပျိုသဲ။ ဖွံ့ထွားသဲ။

သူ့အထာနှင့် သူ့အချိုးအဆက်ကျသော အတိုင်းအထွာများ ကို မီမီသွင်က ပိုင်ဆိုင်သည်။

ထိုမီမီသွင်ကို ဦးဇော်ဝေက ပိုင်ဆိုင်ပြန်လေသည်။

ဦးဇော်ဝေ၏ အသက်အရွယ်က ၅၀–ကျော်ကျော်။

ဦးဇော်ဝေနှင့်တွဲလျှင် ဘယ်သူကမျှ လင်မယားမထင်။

သူတို့အတွဲက ဘက်မညီ။

စရိုက်မညီ။

ဒါကိုတော့ ဒေါက်တာမင်းကြည် သိထားသည်။

ကာလကြာလာသောအခါ မီမီသွင်၏ အနေအထိုင်အဆက် အသွယ်ကိုပါ သိုးသိုးသိသိ ကြားလာရသည်။

အညှီနံ့ ရလာသည်။

သူမ၏ သတင်းက မွှေးကြိုင်ခြင်းတော့ မရှိ။

အညှိနှံ့ ဖြစ်သည်မို့လည်း အပျံ့အလွင့် မြန်ပုံရသည်။

အကြောင်းကား.....

မီမီသွင်နှင့် တင်လှမြင့်တို့ တိတ်ဆိတ်တွဲနေကြသည်။

သူ၏ အလုပ်အကိုင်က ရုပ်ရှင်ဆိုက်ပတ်၊ ပြီး ရုပ်ချော၍အပြောကောင်းသည်။

မီမီသွင်နှင့် တင်လှမြင့်တို့ တွဲခုတ်နေကြသည် ဟူသတည်း။

ခက်သည့်က မိန်းမသားတွေသည် ရုပ်ချော၍ အပြောကောင်းသူအား ပစ်ကျတတ်ခြင်းပင်။

ဦးဇော်ဝေသည် မီမီသွင်၏ အနေအထိုင်ကို တစ်ခွန်းတစ်စမျှ သိပုံမပေါ်။

မီမီသွင် လင်ငယ်နေသည်။

မျောက်မ ထားသည်။

ဖောက်ပြားသည်။

သစ္စာမဲ့သည်။

ဦးဇော်ဝေ၏ စရိုက်ကလည်း သူစိတ်ဝင်စားသော အရာကိုလျှောက်လုပ်နေရလျှင် ကျေနပ်သော လူစားမျိုး ဖြစ်၏။

အချိန်က ခြောက်နာရီထက် မပိုသေး။

ကြည့်.....၊

ယခုလည်း အဓိပ္ပာယ်မရှိသော လုပ်ငန်းတစ်ခုကိုရမယ်ရှာ၍ သူ့ကိုခေါ်ချေပြီ။

ဒေါက်တာမင်းကြည်သည် လူနေအိမ်ခြေနှင့် ဝေး၍ သီးသန့်ကျလှသော ဦးဇော်ဝေ၏ ခြံဘက်သို့ ကားကို ချိုးကွေ့ဝင်လိုက်၏။

ဦးဇော်ဝေသည် ဒေါက်တာ မင်းကြည်အား သူ၏ ခြံဝမှထွက်၍ ကြိုလင့်နေသည်။ သူ့အသွင်က ကစားစရာအသစ်အဆန်းတစ်ခုကောက်ရထားသည့် ကလေးငယ်ပမာ။

## ၈၆ ဒေဝွလ္လိုင်ဦး

ဒေါက်တာမင်းကြည် ဆေးအိတ်ကိုဆွဲ၍ ကားပေါ်မှဆင်း လာသည်။

"လာဗျို့.....ခင်ဗျားကို ထူးထူးဆန်းဆန်း တစ်ခုပြရဦးမယ် ဒီကမ္ဘာမှာဘယ်သူမှ မမြင်ဘူး မကြားဘူးတာမျိုးပေါ့"

သူသည်ဦးဇော်ဝေ၏ နောက်မှ တိတ်တိတ်ဆိတ်ဆိတ်ပင် လိုက်သွားသည်။ ခြံနောက်ဖေးရှိ ကညင်ပင်ကြီးနောက်တွင် ဦးဇော်ဝေ ၏ 'ခေါင်းနက်ကလေး'က ရှိနေသည်။

"ကျုပ် စောစောကအသံတွေကို ဖမ်းမိခဲ့တယ်ဒေါက်တာ"

"ဘာလဲ ပိုးဟပ် ငိုတဲ့အသံလား"

"အာ.....ဘယ်ဟုတ်မလဲဗျာ၊ ပိုးဟပ်က လှုပ်ရှားသွားလာနိုင် သေးတာဘဲ၊ ပိုးဟပ်ထက် အဆပေါင်းများစွာ ထူးဆန်းတဲ့အသံမျိုးဗျို့"

ဦးဇော်ဝေသည် ဒေါက်တာမင်းကြည်အား သူခပ်စောစော က ဖမ်းယူ နားထောင်ခဲ့သည့် နှင်းဆီပွင့်၏ အော်သံများ၊ စပယ်ပွင့်၏ ငိုညည်းသံများကို အကျဉ်းချုံး၍ ပြောပြလိုက်ပါသည်။

"ခက်တာက လူတွေဟာ ကျုပ်ပြောတာကို ယုံကြမှာ မ ဟုတ်ဘူး၊ အဲ....အဲ ခုနကပဲ့ဒါက်ခြံက မယ်ခင်လဲ ဒီလိုဘဲ၊ ကျုပ်က နှင်းဆီပင်ရဲ့ အော်သံကို ကြားတယ်လို့လဲပြောရော တစ်ခါထဲထွက်ပြေး တော့တာဘဲဗျို့၊ ခင်ဗျားကတော့ 'အယ်ဂျူဂိတ်တာက်' ဆရာဝန်တစ် ယောက်ဘဲ၊ ကျုပ်လက်တွေ့ပြရင် ယုံမလား"

ဒေါက်တာမင်းကြည်က မသိမသာ ပြုံးမိရင်း ခေါင်းညိတ်ပြ လိုက်ရ၏။

သို့သော် သူ၏ မျက်လုံးတွေက ယုံကြည်မှုမရှိကြောင်း သက်သေခံနေပေသည်။

"ကဲလေ၊ လက်တွေ့ နား[illegible]ကြည့်ရအောင်၊ ခင်ဗျား ပြောတာ ဟုတ်မဟုတ် သိရတာပေါ့"

ဦးဇော်ဝေသည် သူတီထွင်ထားသော အသံလမ်းကြောင်းက်
'ခေါင်းနက်ကလေး'မှ ခလုတ်များ ဖွင့်ခြင်း၊ ညှိခြင်းများပြုလုပ်ပြီး ဒေါက်တာမင်းကြည်အား နားကြပ်ကို ကမ်းပေးလိုက်ရင်း နားတွင် တပ်နိုင်းလိုက်သည်။

"ဟင့်အင်း ဘာမှမကြားရပါလား"

"ကောင်းပြီ၊ ကျုပ်ပင်စည်ကို ပုဆိန်နဲ့ တအားခုတ်ချလိုက်တော့မယ်၊ အသေအချာ နားထောင်တော့ဗျို့၊ ကညင်ပင်ကြီး အော်လိမ့်မယ်"

သူ၏ အသံက တက်ကြွနေသည်။ အနှစ်နှစ်အလလက ကြိုးစားတီထွင်မှု၏ အောင်မြင်ချက်ကို သက်သေ ပြရတော့မည်။

သူသည် ပုဆိန်ရိုးကို လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ်၍ ခြေကိုခွဲကာ ကြွကြွရွရွကလေး ရပ်လိုက်သည်။

ပီတိနှင့် ယုံကြည်ချက်က ဦးဇော်ဝေ၏ မျက်နှာတွင် ပေါ်လွင်နေ၏။

'ကဲ'

ဦးဇော်ဝေသည် ပုဆိန်ကို အထက်သို့မြှောက်၍ အားယူလိုက်၏။

သို့သော်.....

စက္ကန့်ပိုင်းအတွင်း သူ၏ခန္ဓာကိုယ်ကြီးက ဆတ်ကနဲတုံ့ ဆိုင်းသွားသည်။

ဟုတ်သည်။

သူ အားပြု၍ရပ်ထားသော ခြေထောက်အောက်မှ မြေကြီးက ငြိမ့်ကနဲ တုန်သွားသလို ထင်မှတ်လိုက်၏။ အောက်ခံမြေကြီးသည် အနည်းငယ် ရွေ့ရှားသွားကြောင်း ဦးဇော်ဝေ၏ စိတ်ထဲတွင် ထင်မှတ်လိုက်မိသည်။

ပုဆိန်သွားက ဖိုးကန် အော်မြည်လျက် ပင်စည်ထဲသို့ စိုက်ဝင် သွားသည်။

"ဒုတ်....."

ထို့အတူ လေပြင်းကြီး တိုက်လာ၍ တဝေါဝေါ ဆူညံလာသည်။

ဒုတ်ခနဲ စိုက်ဝင်သွားသော အသံနှင့်အတူ တဗျစ်ဗျစ် မြည်သံကြီးက ကညင်ပင်ကြီး၏ အထက်ပိုင်းမှ ထွက်ပေါ်လာသည်။

သူတို့နှစ်ယောက်စလုံးက ကညင်ပင်ပေါ်သို့ မော့ကြည့်လိုက်သည်။

ကြီးမားသော သစ်ကိုင်းကြီးတစ်ခုက တဖြည်းဖြည်း အိ၍ ကျိုးကျလာပေပြီ။

'ပြေးဗျို့.....ပြေး သစ်ကိုင်းကြီး ကျိုးကျလာပြီ'

ဒေါက်တာမင်းကြည်က အော်ဟစ်ရင်း နားကြပ်ကို ဖြုတ်၍ တအားပြေးထွက်သွားသည်။

ဦးဇော်ဝေသည် နောက်သို့ အနည်းငယ် ဆုတ်လိုက်နိုင်သည်။ ပြင်းထန်သော အသံကြီးက ဟိန်းထွက်လာပြီး သစ်ကိုင်းကြီးက ပင်ခြေသို့ ရိုက်ခတ် ကျဆင်းလာ၏။

'ဝုန်း'

ဦးဇော်ဝေက ငူငူကြီး ရပ်နေဆဲ။

သို့ရာတွင်.....

သူ၏ ခေါင်းနက်ကလေးမှာ သစ်ကိုင်းပိ၍ အစိတ်စိတ်အမွှာမွှာ ကြေကွဲသွားချေပြီ။

လေကလည်း ရုတ်တရက် ငြိမ်သက်သည်။

'ကံကြီးလို့ပါလားဗျာ.....ဗျာ ဘာမှမဖြစ်ဘူးနော်'

ဒေါက်တာမင်းကြည်က မေးသည်။

ဦးဖော်ဝေသည် ပျက်စီးနေသော သူ၏ ခေါင်းနက်ကလေးအား မတုန်မလှုပ်စိုက်ကြည့်ရင်း တစ်ဆို့လေးတွဲသော အသံက တစ်ခွန်းချင်း ထွက်ပေါ်လာသည်။

'ခင်ဗျား ဘာသံကြားရသလဲ ဒေါက်တာမင်းကြည်'

'ဘာကို ပြောတာလဲ ဦးဖော်ဝေ'

'ကျုပ် ပုဆိန်နဲ့ ပေါက်လိုက်တော့ နားထဲမှာ ဘာသံကြားသလဲလို့ ကျုပ်မေးတာ'

သူ့ အသံက မာနေသည်။ ဒေါက်တာမင်းကြည်က ခေါင်းကို ခါလိုက်သည်။

'ဘာသံမှ မကြားလိုက်ပါလားဗျာ'

အသေအချာ စဉ်းစားပါဦး ဒေါက်တာ၊ ခင်ဗျား ကြားကိုကြားရမယ်'

ဦးဖော်ဝေ၏အသံက စီးစီးပိုင်ပိုင်ရှိလှ၏။ ဒေါက်တာမင်းကြည်သည် ဦးဖော်ဝေအား နားမလည်နိုင်သလို ကြည့်မိသည်။

"အသေအချာတော့ မပြောနိုင်ဘူး။ နားထောင်နေတုန်းအပေါ် က သစ်ကိုင်းကျိုးသံ ကြားတာနဲ့ ထပြေးမိတာပဲ၊ ဒီသစ်ကိုင်းကနဂိုကတည်းကခွေနေပုံပဲဗျာ၊ တိုက်တိုက်ဆိုင်ဆိုင် အခုမှ ကျိုးကျရတယ်လို့ဗျာ'

ဦးဖော်ဝေသည် သူ၏ ခေါင်းကိုလေးတွဲစွာ ခါယမ်းလိုက်သည်။

မျက်နှာက နီရဲလာသည်။

ခန္ဓာကိုယ်ကြီးက တဆတ်ဆတ် တုန်လာ၏။

ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်း၊ ယူကျုံးမရခြင်းတို့က ဖိစီးလာသည်။

'သွားပြီ'

သူ့အသံက တစ်ဆို့နေသည်။

သူသည် ပင်စည်တွင် စိုက်ဝင်နေသော ပုဆိန်သွားကို ညင်သာစွာ နှုတ်သည်။

မျက်ရည်စီးကြောင်းနှစ်ခုက သူ၏ ပါးပြင်အား ရှပ်တိုက်၍ လျှောဆင်းလာသည်။

သူသည် ပုဆိန်သွားထိ၍ ဟက်တက်ကွဲနေသော နေရာကို လက်နှင့် တယုတယ ပွတ်သပ်ပေးလိုက်သည်။

'ကဲ.....တိုက်ထဲဝင်ကြစို့ ဦးဇော်ဝေ'

'ဒေါက်တာ မင်းကြည်'

ဦးဇော်ဝေ၏ အသံက မာလွန်းနေသည်။

'ခင်ဗျား ဆေးအိတ်ထဲမှာ ဆေးပါတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'ကောင်းပြီ၊ သစ်ပင်က ဒဏ်ရာကို ဆေးထည့်ပေးလိုက်ပါ ဒေါက်တာ'

'ဗျာ'

'ကျုပ်ပြောတာ အရှင်းကြီးပဲ ဒေါက်တာ'

ဒေါက်တာမင်းကြည် ပါးစပ်ဟသွားသည်။ ဦးဇော်ဝေ၏ အနားသို့ အသာခွာကပ်သွားရင်း ညင်သာစွာပြောသည်။

'တိုက်ထဲပြန်ဝင်ကြစို့ ဦးဇော်ဝေ၊ ခင်ဗျား ကြည့်ရတာ သိပ်နေကောင်းပုံ မရဘူး'

ဦးဇော်ဝေက တုတ်တုတ်မျှမလှုပ်၊ စူးရှသော မျက်လုံးအစုံနှင့် ဒေါက်တာမင်းကြည်အား စိုက်ကြည့်၏။ ထို့နောက် သူ၏လက်ထဲတွင် ကိုင်ထားသော ပုဆိန်ရိုးအား တစ်ချက်ဆလိုက်သည်။

ဒေါက်တာမင်းကြည်ကို ခုတ်သတ်တော့မည့် ပုံသဏ္ဌာန်မျိုး။

'ခင်ဗျားကို ကျုပ်အမိန့်ပေးနေတယ်၊ သစ်ပင်က ဒဏ်ရာကို ဆေးထည့်ပေးလိုက်'

စကားအဆုံးမှ လေးလုံးကို ဦးဇော်ဝေက တစ်လုံးချင်းခွဲ၍ ပီပီသသ ပြောချလိုက်သည်။ ဤတွင် ဒေါက်တာ မင်းကြည်အဖို့ အခြေအနေ အရပ်ရပ်ကို နားလည်လိုက်သည်။

သွားပြီ။

ဦးဇော်ဝေ လုံးဝစိတ်ဖောက်ပြန်သွားခဲ့ပြီ။ သူကထွက်ပေါက်ကို ကြည့်လိုက်၏။ သို့ရာတွင် ပုဆိန်သွား၏ အောက်မှလွတ်မြောက်ဖို့ လမ်းမမြင်။ ဒေါက်တာ မင်းကြည်က ခေါင်းကို အသာညိတ်ပစ်လိုက်သည်။

'ကောင်းပြီ.....ကျုပ် ဆေးထည့်ပေးပါ့မယ်'

ဒေါက်တာမင်းကြည်သည် ကျိုးကျနေသော သစ်ကိုင်း အောက်မှ သူ၏ ဆေးအိတ်ကို ပြန်လည်ရှာဖွေရ၏။ သစ်ကိုင်းဖုံးကွယ် နေသဖြင့် အလွယ်တကူ မတွေ့။ သူက သစ်ရွက်များကို ဖယ်လိုက်သည်။

'ဘုရား.....ဘုရား'

ဒေါက်တာ၏နှုတ်မှ တိုးတိုးထွက်သွားသည်။ သူတစ်ကိုယ်လုံးလည်း တုန့်တုန့်ယင်ယင်ကြီး ဖြစ်သွားခဲ့သည်။

လက်တစ်ဖက်။

သစ်ကိုင်းများအကြားမှ လက်တစ်ဖက်ကို သူအသေအချာ မြင်လိုက်သည်။

မြုပ်နှံထားသော အလောင်းတစ်လောင်းမှ လက်တစ်ဖက်က ပေါ်နေသည်။ အကြောင်းကား အမြင့်မှ ကျိုးကျလာသော သစ်ကိုင်း၏ အခက်တစ်ခုက မြေကြီးကို ထိုးဖောက်လိုက်သဖြင့် မြုပ်ထားသည့် အလောင်း၏လက်က ပေါ်လာခြင်းပင်ဖြစ်ပေမည်။

သို့သော် ခန္ဓာကိုယ်၏ တစ်စွန်းတစကိုမျှ သူမမြင်မိ။

“ဆေးအိတ် မတွေ့သေးဘူးလား ဒေါက်တာ”

“အား......တွေ့ပါပြီဗျာ......တွေ့ပါပြီ”

ဒေါက်တာမင်းကြည်သည် သစ်ကိုင်းများအောက်မှ ဆေးအိတ်ကို ဆွဲထုတ်လိုက်ပြီး အထဲမှဂွမ်းလိပ်နှင့် တင်ချာအိုင်အိုဒင်းပုလင်းကို ထုတ်ယူလိုက်သည်။

ထို့နောက် ပုံဆိန်ချက် ထိထားသော ကညင်ပင်မှ ဟက်တက်ကွဲနေသည့် နေရာကို ဆေးရည်ဆွတ်ထားသည့် ဂွမ်းစများ ထိုးသိပ်ထည့်လိုက်၏။

သို့သော်

သူ၏ စိတ်က မြေကြီးထဲမှ ထွက်နေသော လက်တစ်ဖက်ဆီသို့ရောက်နေသည်။ မြင်နေရသည်။

ပုပ်ပွစပြုနေသော လက်ချောင်းကလေး တစ်ခုပေါ်တွင် အရောင်ထွက်နေသော စိန်ခြယ်လက်စွပ်ကလေးက ရှိနေဆဲ။

‘ကောင်းတယ်ဗျို့ မနက်ဖြန်တစ်ခေါက်လာပြီး သစ်ပင်ကဒဏ်ရာကို ဆေးထည့်ပေးပါဦး။ ကျုပ် နှစ်ချက်တောင်ခုတ်လိုက်တာပဲ၊ အင်မတန်နာရှာမှာ၊ ကညင်ပင်ရဲ့ ငိုရှိုက်ညည်းတွားသံကို ကျုပ်တစ်ယောက်တည်း ကြားလိုက်ရတာဆိုတော့ ခင်ဗျားတို့ ဘယ်ယုံမလဲ’

ဦးဇော်ဝေက တိုက်ဘက်သို့ ပြန်လျှောက်လာရင်း လေးတွဲစွာဆိုသည်။ သူ့အသွင်အပြင်က အေးအေးဆေးဆေးဖြစ်စပြုလာသည်။

‘ကဲ ဦးဇော်ဝေ၊ ကျုပ်လဲ ဆေးတိုက်ကို ပြန်လိုက်ဦးမယ်၊ မနက်ဖြန်ကျ တစ်ခေါက်လာခဲ့တာပေါ့၊ ဪ...ဒါနဲ့ စကားမစပ် ဒေါ်မီမီသွင် ဘယ်တော့ပြန်လာမလဲ ဦးဇော်ဝေ’

‘မသိဘူးဗျာ၊ ကျုပ်မိန်းမကလဲ သူထင်သလို နေရမှပျော်

တယ် ထင်တာကိုး ဘယ်တော့ ပြန်လာမလဲတော့ မပြောတက်ဘူး
တောင်ကြီးမှာ သူပျော်သလောက် နေဦးမှာပေါ့'

ဒေါက်တာမင်းကြည်က သက်ပြင်းကို မသိမသာချလိုက်မိသည်။ သူသည် ဦးဖော်ဝေ၏ တိုက်တံခါးဝသို့ တိုင်အောင် လိုက်ပါလာခဲ့ပါသည်။

'ဪ......ဒါနဲ့ ဦးဖော်ဝေ၊ ဟိုဒေါ်မိမိသွင်ရဲ့ ဘယ်ဘက်လက်မှာ စိန်ခြယ်လက်စွပ်ကလေး တစ်ကွင်းရှိတယ်မို့လားဟင်၊ အမှတ်ရလို့ မေးမိတာပါ'

ဦးဖော်ဝေက ခေါင်းတစ်ချက်ညိတ်ပြ၍ တိုက်ထဲသို့ တစ်လှမ်းချင်းဝင်သွား၏။

ဒေါက်တာမင်းကြည်သည် ဦးဖော်ဝေ၏ 'စံပယ်မြိုင်ခြံ' ကြီးထဲမှ ကားကိုအပြင်းမောင်း၍ ထွက်ခဲ့မိသည်။

ဦးဖော်ဝေတိုတွင်သော အသံဖမ်းစက်ကလေး၏ အောင်မြင်မှုကို ဟုတ်၏မဟုတ်၏ ဒေါက်တာမင်းကြည်မသိ။

သူ၏ ဦးတည်ချက်က အနီးစပ်ဆုံး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ရဲစခန်းတစ်ခုသို့။

ထိုမှတစ်ဆင့် စိတ်ရောဂါအထူးကု ဆေးရုံမှ ဆရာဝန်တစ်ယောက်အား......။

* * *

[illegible]

(တစ်)

သည်အသံတွေကို မကြားချင်ဘဲ ကြားနေရသည်။

ကြာတော့ ဒေါ်မြမြ စိတ်ပျက်လာ၏။ သည်လှင်မယား အောက်ထပ်တွင် အိမ်ငှားထားပါကတည်းက ၊ဒေါ်မြမြတစ်ယောက် ဘုရားကိုပင် ဖြောင့်ဖြောင့်တန်းတန်း အာရုံမပြုရတော့။

ကြည့်... ညနေပိုင်း မြန်မာ့အသံ ရေဒီယိုအစီအစဉ်မှ မပြီးသေးခင် သူတို့နှစ်ဦး၏ ခိုးခိုးခစ်ခစ် ရယ်သံက အပေါ်သို့လျှံတက်လာသည်။ ကလှူသံ၊ မြူသံ၊ ခရာသံ၊ တာသံတွေက ဒေါ်မြမြ နားထဲသို့ဝင်လာသည်။

'မိမိရေ'

'ရှင်.....ကိုကို'

'လာပါကွာ.....ဘာလုပ်နေတာလဲ'

'ဟင့်အင်းကွယ်၊ လာချင်ဘူး။ တော်ကြာသူများသနပ်ခါးတွေ ပျက်ကုန်လိမ့်မယ်'

'မိမိကလဲကွာ...... လာပါဆိုနေမှ'

ဒေါ်မြမြသည် နားကို လက်နှစ်ဖက်နှင့် ပိတ်လိုက်မိ၏။ သူတို့နှစ်ဦးအဖြစ်က သဲပဲသဲနိုင်လွန်း။ ကောင်မလေးက ငယ်ငယ်ရွယ်ရွယ်မို့ ထားတော့၊ လူကြီးက အဖေအရွယ်လောက်ကြီးနှင့် ချွဲလွန်းနေသည်၊ ငယ်မူပြန်ချင်နေသည်။

သူတို့နှစ်ဦး အောက်ထပ်သို့ ပြောင်းလာသည်မှာ မကြာသေး။

အိမ်လခ တစ်လခြောက်ဆယ်ရလို့သာ ငှားလိုက်ရသည်။ ဒေါ်မြမြ သိပ်ဘဝင်မကျလှ၊ သူမကိုယ်နှိုက်က လေးဆယ်ကျော်အပျိုကြီးမို့ ဒီအသံတွေကိုလည်း မကြားချင်၊ ငယ်မူပြန်ချင်သည့် စိတ်ကလည်း ကုန်ခန်းနေ၏။

ဒေါ်မြမြသည် စိတ်ပုတီးကို ဂုဏ်တော်ကိုးပါး တစ်ပတ်ပြည့်အောင် စိပ်မည်ဟု အားခဲရင်း သူမ၏အာရုံကို စုစည်းလိုက်ပါ၏။ လက်က ပုတီးလုံးကလေးများကို ဖိချနေ၏။

တခစ်ခစ် ရယ်သံက ကြမ်းခင်းကိုဖောက်၍ အပေါ်ထပ်သို့ ပျံ့လွင့်လာပြန်၏။ ကောင်မလေး၏အသံ။

'ကိုကိုနော် မနက်လဲ အစောကြီး ထရဦးမယ် ဥစ္စာ'

'ကိုယ်စောဖို့ မလိုပါဘူး မိမိရဲ့၊ ပဲခူးကို ခြောက်နာရီကားမီရင် တော်ပါပြီ'

'ဒါပဲနော် တစ်ညပဲအိပ်၊ အလုပ်ကိစ္စပြီးပြီးချင်း ပြန်လာဒီက တစ်ယောက်တည်းဆို မနေဝံ့ဘူး'

'ကြောက်ကွာ မိမိကလဲ၊ အပေါ်ထပ်မှာ ဒေါ်မြမြ တစ်ယောက်လုံး ရှိနေတာပဲဟာ'

'ကဲပါ၊ တော်ပါတော့'

'ဒါကြောင့် မိမိကို ချစ်တာ၊ သိလား'

ဒေါ်မြမြသည် စိပ်ပုတီးကို ခုတင်ခေါင်းရင်းတွင် ထချိတ်ရင်း ခပ်သွက်သွက် အိပ်ရာဝင်လိုက်ရသည်။ သို့ပေမယ့် မျက်လုံးတွေက ကြောင်နေ၏။

* * *

(နှစ်)

'အန်တီမြ၊ ဈေးသွားမလို့လား'

'ဟုတ်တယ် မိမိ၊ ဘာမှာချင်လို့လဲ'

'ကြက်ဥ တစ်ကျပ်ဖိုးလောက်ပါ အန်တီမြ'

'အေးအေး၊ အန်တီမြ ဝယ်ခဲ့မယ်၊ ပြန်လာမှ ပိုက်ဆံပေးပေါ့၊ ဒါနဲ့ မိမိကိုကိုရော ဒီနေ့ ဆိုင်မထွက်ဘူးလား'

'ဒီနေ့ ပဲခူးသွားတယ် အန်တီရဲ့၊ ထရန်စစ္စတာတွေရမယ် ဆိုလို့လေ'

"ဪ......ဪ"

ဒေါ်မြမြသည် ဪနှစ်လုံးချရင်းဈေးခြင်းကို လက်တွင်ချိတ် ၍ လမ်းထိပ်သို့ ထွက်ခဲ့သည့်တိုင်အောင် အောက်ထပ်က မိမိတို့ အကြောင်းကို စဉ်းစားနေမိသည်။ ကောင်မလေးက အသက်ဆယ့် ရှစ်နှစ်ပင် မပြည့်တတ်သေး၊ လူကြီးက လေးဆယ်ကျော်ပြီ။ စင်စစ် အားဖြင့် သူတို့နှစ်ဦး တွဲလျှောက်လို့မှ မတင့်တယ်။ သို့ပေမယ့် လူ ကြီးက ပိုက်ဆံရှိသည်၊ ဝင်ငွေကောင်းသည်၊ မြို့လယ်တွင် ရေဒီယိုပြင် ဆိုင်တစ်ခု ထောင်ထားသည်။

ခင်မိမိတွင် မိဘမရှိ၊ အဒေါ်နှင့် နေရသူဖြစ်သည်။ မိမိ၏ အဒေါ်သည် ထိုလူကြီးထံမှ ငွေအတော်များများကို ချေးငှား၍ သုံးမိ ၏။ ပြန်မဆပ်နိုင်တော့ သူတူမချောကို ဝကွက်၍ အပ်လိုက်ရ၏။

သည်သို့ပင် သူတို့နှစ်ဦး အကြောင်းဆက်ဖြစ်ကြသည်ဟု ဒေါ်မြမြ သိုးသိုးသန့်သန့်ကြားဖူးသည်။ လူကြီးနာမည်က ခပ်ဆန်းဆန်း၊ 'ဦးသက္က' အဲ......ဦးသက္က။

ဦးသက္ကသည် တစ်ခါတစ်ရံ ညဉ့်အိပ်ညဉ့်နေ ပစ္စည်းအဝယ် ထွက်တတ်၏။ ဦးသက္က မရှိချိန်တွင် ခင်မိမိထံသို့ ဆံပင်ရှည်နှင့် ကောင်လေးတစ်ယောက် လာလည်တတ်သည်။ ခင်မိမိကတော့ မောင်နှမတစ်ဝမ်းကွဲဟုတော့ ပြောသည်။

ရော......ခက်တော့နေပြ သည်လင်မယားအကြောင်း ဘယ့် နှယ့်ကြောင့် စဉ်းစားနေမိပါလိမ့်။

ဒေါ်မြမြ ဈေးကပြန်ရောက်လာတော့ ခင်မိမိ တစ်ယောက် ကြော့လို့ မော့လို့။

'ကျေးဇူးပဲ အန်တီမြရေ။ မိမိ ဒီနေ့ ဒေါ်ဒေါ်အိမ်သွားမလို့ နည်းနည်းမိုးချုပ်မယ်'

ခင်မိမိ ကြက်ဥဖိုးပေးရင်း ဆိုသည်။

'အေး....အေး။ အန်တီမြ ခြံတံခါး ဖွင့်ထားလိုက်မယ်နော်'

ဒေါ်မြမြ အပေါ်ထပ်သို့ တက်ခဲ့သည်။

သည်ညတော့ စိပ်ပုတီး ဖြောင့်ဖြောင့် စိပ်ရတော့မည်။

* * *

(သုံး)

ညကိုးနာရီခွဲသည့်တိုင်အောင် အောက်ထပ်က ခင်မိမိအသံ ကို မကြားရ။

ဂုဏ်တော်ကိုးပါးနှင့် သုဒ္ဓသတီမယ်တော်ဂါထာ ခုနစ် ကြိမ်တောင် ပုတီးစိပ်ပြီးလေပြီ။ ဒေါ်မြမြ၏မျက်တောင်တွေက မှေးစင်း လာသည်။ သူမသည် ပုတီးကို ခေါင်းရင်းတွင်ချိတ်ပြီး အိပ်ရာဝင်လိုက်

သည်။ ဪ......စိတ်ချမ်းသာစွ၊ နားအေးပါးအေးရှိလေစွ။ ဒေါ်မြမြ
သည် နှစ်ခြိုက်စွာ အိပ်ရာဝင်လိုက်ပါ၏။

ညသန်းခေါင်ခန့်တွင် ဒေါ်မြမြ နိုးလာ၏။ စင်စစ်အားဖြင့်
တစ်စုံတစ်ခုသော ပယောဂကြောင့် သူမ နိုးခဲ့ရခြင်းပင်။ ပထမတော့
သဲသဲကွဲကွဲ ကြားရလေသည် မဟုတ်။ နောက်တော့ အသံက ပီပီပြင်
ပြင် ရှိလာ၏။ ဟုတ်သည်။ အောက်ထပ်က အသံပဲ ဖြစ်ပါ၏။

ခင်မိမ်၏ အသံ၊ မိမိငိုရှိုက်သံ။

ပြီးတော့ ဝိုးတဝါး ကြိမ်းဝါးသံတွေ ရောယှက်လာသည်။
ဒေါ်မြမြသည် ခုတင်ခေါင်းရင်းမှ ငါးတိုင်အားမီးကို ထွန့်လိုက်သည်
အောက်ထပ်မှ အသံသည် တဒင်္ဂမျှ ငြိမ်သက်သွားသည်။ ကျော
ခြေသံကို အောက်ထပ်ကကြားသွားပြီထင့်။ ဒေါ်မြမြသည် ခုတင်ခေါင်း
ရင်းတွင်မလှုပ်မယှက် ရပ်နေမိသည်။ ခေတ္တအကြာတွင် ခင်မိမိ၏
ငိုသံသဲ့သဲ့နှင့် ကြောက်ရွံ့ထိတ်လန့်ဖွယ် စကားသံအချို့က အပေါ်
ထပ်သို့ လျှံတက်လာသည်။

'အို.....မသတ်ပါနဲ့ ကျော်ကျော်ရယ်၊ မိမိကိုသနားပါဦး'

ဒေါ်မြမြသည် မျက်လုံးပြူးသွားသည်။ နောက်တော့ တအင်း
အင်း ညည်းညူသံသဲ့သဲ့ နှင့်အတူ တိတ်ဆိတ်ငြိမ်သက်ခြင်းက
လွှမ်းမိုးသွားသည်။

'ဘုရား....ဘုရား'

ဒေါ်မြမြသည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။
ကြောက်လိုက်သည်မှာလည်း ပြောဖွယ်ရာပင် မရှိပြီ။ အော်ဟစ်ရန်
နေနေသာသာ ရပ်နေမိသည့် ခုတင်ခေါင်းရင်းမှပင် နေရာမရွေ့မိ။
ဒေါ်မြမြသတ္တိကလည်း သည်မျှအထိ ကောင်းသည်။

အောက်ထပ်ကအသံ လုံးဝပျောက်ကွယ်သွား၏။ ဒေါ်မြမြ
၏ ခြေထောက်တွေကလည်း ထုံကျဉ်ကိုက်ခဲလာလေပြီ။ ခုတင်ပေါ်သို့

အသာတကြ်၍ လှဲမိသည့်တိုင်အောင် အိပ်ချင်စိတ်က ကုန်ခန်းသွားပြီ အောက်ထပ်တွင် ဘာတွေဖြစ်ကုန်ပါလိမ့်။

* * *

(လေး)

နှစ်ထပ်ကြယ်တံခါးနှင့် ဗီလီကျစ်ပြာကလေးကာစီး အိမ်ရှေ့သို့ရပ်လာ၏။ ရဲဝတ်စုံနှင့်လူငယ်တစ်ဦး ဆင်းလာသည်။ ဝင်းသိန်းထွန်း

ဖောင်ကြီးဆင်း ဒုရဲအုပ်ကလေး တစ်ဦးပင်ဖြစ်သည်။ ဒေါ်မြမြ တာဝန်သိစွာ သတင်းပေးမှုကြောင့် ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ သူတို့တစ်တွေ တံခါးကိုဖျက်ပြီး အတွင်းသို့ဝင် လာကြသည်။ အိပ်ခန်းထဲရှိ ခုတင်ပေါ်တွင် မချောလေး တစ်ယောက်ကိုတွေ့ရ၏။ အနေအထားက မိန်းကလေးတစ်ယောက် အတွက် သင့်တင့် လျောက်ပတ်သည့် ပုံသဏ္ဍာန်မျိုး မဟုတ်ပါလေ။

သို့သော် သည်မိန်းကလေးအဖို့ ဟိရိဩတ္တပ္ပတရားကို ဘယ်သောအခါမှ ပြန်လည်တွေးတောနိုင်လိမ့်မည်မဟုတ်။ ပြူးအစ်နေသော မျက်စိများက အသက်ကုန်နေပြီကို အတိအကျ သက်သေပြ နေပေပြီ။

ဝင်းသိန်းထွန်းသည် တပည့်လက်သားများအား ဓလာလော ညည် ဆောင်ရွက်ရမည့် ကိစ္စများကို ညွှန်ကြားပြီးအိမ်ပြင်သို့ ထွက်လာ ခဲ့ပါ၏။ ဒေါ်မြမြသည် ဆိုးရွားသောစကားအချို့ကို ကြားရတော့မည့် ပုံသဏ္ဍာန်မျိုးဖြင့် ရပ်နေ၏။

'အသတ်ခံရတာပဲ ဒေါ်ဒေါ်'

'ဘုရား......ဘုရား......ဖြစ်ရလေခြင်းကွယ်၊ ညက အန်တီ ကြားရတဲ့အသံက မိမိအသံမှ မိမိအသံအစစ်၊ အဲဒီအချိန်က အသတ်ခံ ရတာဖြစ်မှာပါဘဲ'

'ဘယ်အချိန်ကကြားရတာလဲ ဒေါ်ဒေါ်၊ ပြီးတော့ ဘယ်လို အသံမျိုးလဲ'

'ည သန်းခေါင်လောက်ကပဲကွယ့်'

ဒေါ်မြမြသည် ယမန်နေ့ညက ကြားရသော အောက်ထပ်မှ အသံများကို ဒုရဲအုပ်ဝင်းသိန်းထွဋ်အား အစအဆုံး ပြောပြလိုက်သည်။

''မသတ်ပါနဲ့ ကျော်ကျော်ရယ်၊ မိမိကို သနားပါဦးလို့ပြောတဲ့ စကားကို ဒေါ်ဒေါ်သေသေချာချာကြားလိုက်တာနော်''

ဝင်းသိန်းထွဋ်က မေးလိုက်သည်။

'သိပ်ကိုသေချာတာပေါ့ကွယ်၊ အနိုတီနားနဲ့ ဆတ်ဆတ်ကြား လိုက်ရတာ၊ ဒါပေမယ့် အနိုတီက သိပ်ကြောက်တတ်တာကွယ့်၊ အောက်ကိုဆင်းကြည့်ဖို့ နေနေသာသာ အိပ်ခန်းထဲကတောင် မထွက် ရဲဘူး။ ဒါကြောင့်မို့ ရဲဌာနကို မနက်ကျမှ အကြောင်းကြားတာပေါ့ ကွယ်'

'ကောင်းပြီလေ၊ ဒီအမှုကို ကျွန်တော်တို့ အစွမ်းကုန်ကြိုးစား ပြီး လိုက်ပါ့မယ်' ဒေါ်မြမြက သူတို့နှင့်ပတ်သက်ပြီး သိထားသမျှကို မခြွင်းမချန် ပြောပြခဲ့၏။ သူမစကားထဲတွင် 'ကျော်ကျော်' ဆိုသည့် နာမည်ကို စိတ်အဝင်စားဆုံးပင် ဖြစ်သည်။

ဒေါ်မြမြထံမှ စကားကုန်သည်နှင့် ဝင်းသိန်းထွဋ်က လုပ်သင့် သည်များကို ဆက်လက် လုပ်ဆောင်ခဲ့၏။ လက်ပုံစံ ကူးခြင်း သဲလွန် စရှာခြင်း၊ ခင်မိမိ အလောင်းကို ဓာတ်ပုံရိုက်ခြင်းစသည့်တို့ပင်။

ခင်မိမိ အလောင်းတင်ထားသော ကားထွက်သွား၍ မကြာ ခင် သုံးဘီးယာဉ်တစ်စီး ရောက်ရှိလာသည်။

လူကြီးတစ်ယောက် လက်ဆွဲတစ်လုံးကိုဆွဲ၍ ဆင်းလာ၏။ ရဲတွေရှုပ်ယှက်ခတ်နေသော အိမ်ကိုလည်း နားမလည်သလို ကြည့်နေ သည်။ ဟုတ်နေသည်။ ခင်မိမိယောက်ျား ဦးသက္ကူ။

"ဘာဖြစ်တာလဲ၊ ကျူပ်အိမ်မှာ ဘာဖြစ်နေကြတာလဲ"

ဦးသက္က အသံကြီးက အလောတကြီး နိုင်လွန်းမှသည်။

"လူသတ်မှုလေ"

"ဘာ လူသတ်မှု ဟုတ်လား၊ ဘယ်သူအသတ်ခံရတာလဲ"

'ခင်ဗျားမိန်းမ ခင်မိမိပေါ့ ဦးသက္က'

ဝင်းသိန်းထွဋ်၏ စကားအဆုံးတွင် သူ့လက်ထဲမှ ဆွဲလာသော လက်ဆွဲအိတ်ကြီး လွတ်ကျသွား၏။ သူ့တစ်ကိုယ်လုံး ဆိုးဆိုးရွားရွား တုန်လှုပ်သွားသည်။ ပုံပျက်ပန်းပျက် ဖြစ်သွားသည်။ ဆံတစ်ပင်တင်း ချစ်ခြင်းမယားဆိုသည်မှာ မှန်လွန်းလှပါတကား။

* * *

(ငါး)

ကျော်ကျော်။

သူ့ပုံသဏ္ဌာန်က ဘဝင်ကျဖွယ်ရာမကောင်းလှ။ ခေါင်းက စျေးပြောရလျှင် လည်တိုင်တွေ နားရွက်တွေ အုပ်နေသော ဆံပင်စုတ်ဖွား။ နောက်ပြီး ကြယ်သီးတွေ နှစ်ဒါဇင်လောက် တပ်ထားသည့် သံမဏိကော်လံနှင့် အင်္ကျီလက်ကြပ်၊ ထိုမှသည် ချက်အောက် တစ်ထွာခန့်တွင် မိန်းမလို ပတ်ချည်ထားသော ပုဆိုး။

သည် တန်ဆာပလာတွေက ကျော်ကျော်၏ သုံးဆယ့်နှစ် ကောဋ္ဌာသသော ခန္ဓာကိုယ်အစုအဝေးကို ဖုံးလွှမ်းထားပါ၏။

သည်ငနဲလေးသည် ခင်မိမိအတွဲပင်။ ဦးသက္ကနှင့်မရမိက ဆိုလျှင် သူတို့နှစ်ဦးစလုံး ရင်ခုန်နေရသော အနမ်းကလေးတွေက အစ သက်ပြင်းရှည်ကြီးတွေချရသော ချစ်ခန်းအဆုံး ခပ်ပြုံးပြုံး လျှောက်ခဲ့ကြဖူး၏။

အဲ..... ခင်မိမိတစ်ယောက် ဦးသက္ကလက်သို့ လုံးဝဥဿုံ

ရောက်ရှိသွားတော့လည်း သူတို့တွေ့ကြ၏၊ ဆုံကြ၏၊ ရန်ခုန်ကြ၏။ ဦးသက္ကအလစ်တွင် မိုးမပြင်လေမမြင် ဖြစ်ခဲ့ကြ၏။ အခုတော့ ခင်မိမိ မရှိပြီ၊ ဝိညာဉ်ကင်းမဲ့နေသော သူမ၏ ခန္ဓာကိုယ်အစိတ်အပိုင်း အချို့ ကို မှုခင်းဆရာဝန်က နိုက်နိုက်ချွတ်ချွတ် စစ်ဆေးလိုက်သောအခါ သည့်မိန်းကလေးသည် အသက်မခံရမီ ယောကျ်ားသားတစ်ဦးနှင့် ဖွေးရောယှက်တင်နေခဲ့၏။

သို့တစေ ငြင်းပယ်ရန်းကန်သော အသွင်မျိုးမဟုတ်၊ လိုက် လျောလက်ခံသည့် သဘောမျိုးပင်။

ကျော်ကျော်ကား မပြေးသော်လည်း ကန်ရာရှိပြီ။ သူ့ကို ဝင်းသိန်းထွဋ်က ခြေရာခံလိုက်နိုင်သည်။ ဝင်းသိန်းထွဋ်က ကျော်ကျော် ကို လှုပ်မရနိုင်သော မေးခွန်းတွေနှင့် တုပ်နှောင်ခဲ့သည်။ ကျော်ကျော် က အတင်းရုန်းထွက်သည်။

'မင်းဘာဖြစ်လို့ ငြင်းချင်ရတာလဲ ကျော်ကျော်'

'မင်းနဲ့ ခင်မိမိနဲ့ ယယ်ရည်းစား၊ အဘိုးကြီးနဲ့ ရပြီးတော့လည်း မင်းတို့ခဏခဏ ခိုးပြီးတွေ့ကြတယ်၊ ခင်မိမိအသတ်ခံရတဲ့ ညက မင်းနောမည့်ကို ခင်မိမိက ခေါ်တယ်။ ဒါကို ငါသက်သေအခိုင်အလုံ နဲ့ ပြမှာပါကွ'

'ဟုတ်တယ်၊ ကျုပ်ခင်မိမိနဲ့ အဘိုးကြီး အလစ်မှာ တွေ့တာ တော့ မှန်တယ်၊ ဒါပေမယ့် ကျုပ်ခင်မိမိကို မသတ်ဘူး။ သတ်ခြင်း သတ်ရင် ကျုပ်လက်ထဲက ငွေနဲ့ လုဝယ်တဲ့ လူ့ငနွားကြီးကို သတ်မှာပေါ့''

ကျော်ကျော်က ဂျစ်တစ်တစ်ဖြင့် ပြန်၍ပြောသည်။

''ဒါဖြင့် စနေနေ့ညက ခင်မိမိက မင်းနာမည့်ကို ဘာလို့ခေါ် ပြီး မသတ်ပါနဲ့လို့ပြောပြီး တောင်[illegible]ရတာလဲ ကျော်ကျော်''

'ဒါတော့ ကျွန်တော်တယ်သိမလဲ၊ အဲဒီညက ကျုပ်ကွဆံကွင်း

မှာ စိန်အောင်မင်း ကြည့်နေပါတယ်လို့ ခင်ဖျားကို ပြောပြီးပြီပဲ၊ ဒါ ကို သက်သေတွေအများကြီး ပြခဲ့တယ်မို့လား'

'အေးလေ မင်းပွဲကြည့်တာ မှန်ပေမယ့် မင်းပွဲကြည့်ရင်း ညသန်းခေါင်မှာ ပွဲခင်းက လစ်ထွက်နိုင်တာပဲ မဟုတ်လား ကျော် ကျော်'

ကျော်ကျော် ခေါင်ငိုက်စိုက်ကျသွား၏။

သို့ပေမယ့် ခင်မိမိကို မသတ်ဘူးဟု အခိုင်အကျည် ဆိုနေ တုန်း။

ဒုရဲအုပ် ဝင်းသိန်းထွဋ်အဖို့ လွယ်မယောင်နှင့် ခက်နေရ၏။ ကျော်ကျော် စကားအတိုင်း စနေနေ့ညက ပွဲအတူကြည့်သော အလီဘိုင်ကို စစ်ကြည့်ပြန်တော့ ကျော်ကျော်သည် တစ်ညလုံး ပွဲခင်း ထဲတွင် ရှိနေပါသည်ဟု တိတိကျကျဆိုနေကြ၏။

ခက်သည်က လက်ဗွေပုံစံ။

ခင်မိမိ အခန်းမှ ရယူခဲ့သော လက်ဗွေပုံစံသည် ကျော်ကျော် လက်ဗွေပုံစံမဟုတ်၊ ဦးသက္က၏ လက်ဗွေပုံစံနှင့်လည်း မကူပေ။

ဤသို့ဆိုလျှင် စနေနေ့ညက ခင်မိမိ အခန်းတွင်ရှိခဲ့သော ကျော်ကျော်ကား မည်သည့် ကျော်ကျော်ပေနည်း။

သည်အဖြေကို ရှာမတွေ့ခင်တော့ ငနဲလေးကို သံတိုင် နောက်တွင် ထိန်းသိမ်းထားဦးမှ။

* * *

(ခြောက်)

ဦးသက္က ရုပ်မှာ သည်ရက်အတွင်း ယူပစ်လိုက်သလို ကျ ဆင်းသွားခဲ့၏။ သောကမီး၏ လောင်မြိုက်ဒဏ်က သူ့မျက်နှာတွင် အထင်းသား ပေါ်လွင်နေပေသည်။

ဝင်းသိန်းထွဋ်သည် ဦးသက္ကကို မသက်မသာ ကြည့်ရင်းဝင်ထိုင်လိုက်၏။

'ဘယ်နှယ့်လဲ ကိုဝင်းသိန်းထွဋ်၊ ကောင်လေးက မိမိကိုသတ်တဲ့အကြောင်း ဝန်ခံလိုက်ပြီလား။'

'ငြင်းတော့ ငြင်းနေတုန်းပဲ ဦးသက္က၊ ဒါပေမယ့် ကျွန်တော်မရှင်းတဲ့ အချက်လေးတွေရှိနေလို့ ဦးသက္ကဆီ ထွက်လာခဲ့တာပဲ'

'မေးပါ...မေးပါ၊ မိမိနဲ့ပတ်သတ်လို့ ကျုပ်သိထားသမျှ ပြောပါ့မယ်၊ ကျုပ်အနေနဲ့ကတော့ မိမိကို သတ်တဲ့ တရားခံအပေါ်မှာ တရားဥပဒေအရ လက်စားချေရရင် တော်ပါပြီ'

ဦးသက္ကအသံက တုန်ယင်နေ၏။

ဝင်းသိန်းထွဋ်သည် ရွှေရောင် စီးကာရက်ဘူးလေးကို ဘောင်းဘီအိတ်ထဲမှ ထုတ်၍ ဦးသက္ကအား တစ်လိပ်ကမ်းပေးလိုက်သည်။

'သောက်ပါ သောက်ပါ၊ ကျုပ်က ဆေးတံသမား'

ဦးသက္က စားပွဲပေါ်မှ ဆေးတံနှင့် ဆေးဘူးကို ကောက်ယူလိုက်သည်။ ဝင်းသိန်းထွဋ်က သူ၏လှုပ်ရှားမှုတွေကို တစေ့တစောင်းစောင့်ကြည့်ရင်း ဆိုလိုက်၏။

'ဒါဖြင့် ဟောဒီ စီးကာရက်ဘူးဟာ ဦးသက္ကပစ္စည်းတော့ဟုတ်မယ် မထင်ဘူး'

'ဘယ်ကရသလဲ'

'ခုတင် ကြားထဲကပဲ'

'ဟိုကောင်လေးဟာ မြင်ဖူးမှာပေါ့ ကိုဝင်းသိန်းထွဋ်'

'ကျော်ကျော် ပစ္စည်းတော့ မဟုတ်ဘူး ဦးသက္က၊ ဒီ စီးကာရက်ဘူးမှာရှိတဲ့ လက်ဗွေပုံစံက ကျော်ကျော်နဲ့ မတူဘူး'

ဦးသက္က ရွှေရောင် စီးကာရက်ဘူးလေးကို ဝေခွဲမတတ်သလိုကြည့်နေ၏။ ဝင်းသိန်းထွဋ်က စီးကာရက်ဘူးအဖုံးကို ဖွင့်လိုက်သည်။

အတွင်းဘက်တွင် အင်္ဂလိပ်စာလုံးဖြင့် 'ဘီတီ' ဟု အမှတ်အသား တစ်ခု ရှိနေ၏။

'ကဲ ဒါဖြင့် ဦးတို့ အသိအကျွမ်းတွေထဲမှာ ဘသက်ဆိုတာ များ မှည့်ထားတဲ့လူများ ရှိသလား'

"ဘသက်တော့ မရှိဘူး၊ အဲ......ဘသော်ဆိုတာတော့ရှိ တယ်၊ နေပါဦးကွယ့်၊ ဦးတို့ကိစ္စထဲမှာ ဘသော်က ဘယ်လိုပတ် သက်နေလို့လဲ"

ဦးသက္က အံ့ဩသလို မေးလိုက်သည်။ ဝင်းသိန်းထွန်း အပြုံး က တောက်ပလာသည်။

"ကျွန်တော် မေးတာကို အရင်ဖြေပါဦး ဦးသက္က၊ အဲဒီကို ဘသော်က ဦးရဲ့ မိတ်ဆွေလား"

"ဟုတ်ပါတယ်၊ ဦးနဲ့ အတော်ရင်းနှီးပါတယ်၊ သူနေတာက ကြည့်မြင်တိုင်မှာပါပဲ"

"ကောင်းပြီလေ၊ ကျွန်တော့်ကို ဦးဘသော်ရဲ့ လိပ်စာကလေး တဆိတ်လောက် ကျေးဇူးပြုပါ ဦးသက္က"

ဝင်းသိန်းထွန်းသည် ကိုဘသော်၏ လိပ်စာကိုရသည်နှင့် သူ၏ ဗီလီဂျစ်ကို မောင်း၍ ခပ်သွက်သွက် ထွက်သွား၏။

မကြာခင် ကားကလေးသည် 'သော်တာ ဓာရေဒီယိုပြုပြင် ရေး' ဟု ဆိုင်းဘုတ်တပ်ထားသော ဆိုင်တစ်ဆိုင် ရှေ့တွင်ထိုးရပ် လိုက်သည်။ ဘသော်ကား နှစ်ဆယ်ကျော် အစိတ်ပိုင်း လူရွယ်တစ် ယောက်ပင် ဖြစ်ပါသည်။

သူ့ဆိုင်ထဲသို့ ဝင်လာသူ ယူနီဖောင်းဝတ် ရဲတစ်ဦးအား အံ့ဩစွာ ကြိုဆိုရင်း နေရာပေးလိုက်၏။

"ဆရာ ရေဒီယိုလေး ဘာလေးပြင်ချင်လို့လား"

ဝင်းသိန်းထွန်းက ဘာမျှ ပြန်မဖြေ၊ အိတ်ထဲမှ ရွှေရောင်စီးကာ

ရက်ဘူးလေးကိုယုတ်၍ တစ်လိပ်ညှိသောက်လိုက်သည်။ စီးကရက်ဘူးကို မြင်သော်ဘသော်၏ မျက်လုံးက ဂနာမငြိမ် ဖြစ်နေ၏။

ဝင်းသိန်းထွဋ်က သူ့ကို စီးကရက်တစ်လိပ် ကမ်းပေးလိုက်သည်။ စီးကရက်ကို လှမ်းယူသော ဘသော်လက်ကမသိမသာတုန်နေ၏။

'ဒါ ခင်ဗျားပစ္စည်း မဟုတ်လား ကိုဘသော်'

ဟုတ်.....ဟုတ်ပါတယ်။ ကျွန်တော် ဘယ်ကျနေမှန်းတောင် မသိဘူး

'စနေနေ့ညက အမျိုးသမီးလေးတစ်ယောက်ရဲ့ အိပ်ခန်းမှာကျန်ရစ်ခဲ့တာပေါ့ ကိုဘသော်၊ ဒီစီးကရက်ဘူးမှာ ထင်ကျန်ရစ်တဲ့လက်ဗွေပုံစံနဲ့ ကိုဘသော်ရဲ့ လက်ဗွေပုံစံကို တိုက်ကြည့်လိုက်ရင်အဖြေပေါ်လာရမှာပေါ့'

ဘသော်၏ မျက်နှာ သိသိသာသာ ပျက်လာ၏။

'ဟုတ်......ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်နဲ့ ဦးသက္ကက အရောင်းအဝယ်တွေဆိုပါတော့ သူ့အိမ်ကို မကြာခဏ ရောက်ပါတယ်၊ အဲ......ခင်မိမိနဲ့လဲ သူက လိုက်လျောလွန်းလို့ မှားမိကြတာပါ'

သူ့အသံက တုန်ယင်နေသည်။

''ဒါဖြင့် ခင်ဗျား စနေနေ့ည ခင်မိမိအခန်းကို ရောက်တယ်ပေါ့''

''ဟုတ်ကဲ့......ဒါကို ဦးသက္ကသိသွားသလား ခင်ဗျာ''

'ဦးသက္ကတော့ မသိပါဘူး။ ဒါပေမယ့် ခင်ဗျားက ကောင်မလေးကို သတ်ပစ်ခဲ့တာတော့ ကျုပ်တို့ ရဲအဖွဲ့တွေ သိကုန်တာပေါ့ ကိုဘသော်ရာ'

ဘသော်၏ မျက်လုံးကား အထိန်းအကွပ်သာ မရှိပါက ပေါက်ထွက်လာမတတ်ပြူးထွက်လာ၏။

ကဲ....လိုက်ခဲ့ပါဦး ကိုဘသော်ရေ။ ဒွာနှင့်ကျက်တော့မှ အေးအေးဆေးဆေး စကားစမြည် ပြောကြတာပေါ့'

* * *

(ခုနစ်)

သည်သို့ဖြင့်.....

ခင်မိမိဆိုသည့်ကောင်မလေး အသက်ခံရမှုတွင် ယောက်ျားသားနှစ်ဦးနှင့် ပတ်သက်ယှက်နွယ်နေ၏။

ကျော်ကျော်နှင့် ဘသော်။

သူတို့ နှစ်ဦးစလုံး ခင်မိမိနှင့် ရင်းနှီးမှုသူတွေချည်း။ ဒါကိုဘသော်လည်း ဝန်ခံခဲ့၏။ ဘသော်သည် ဦးသက္ကအိမ်သို့ အဝင်အထွက်ရှိ၏။ ဘယ်လိုဘယ်လို သူတို့နှစ်ဦး ငြိစွန်းကြသည်ကိုတော့ ဝင်းသိန်းထွန်း မှတ်ချက်မချတတ်။ ခင်မိမိက မြူသလား၊ ဘသော်က စသလား။ မသိပေမယ့် ဦးသက္ကအလစ်တွင်တော့ ဗိမာန်ဘုံလေးတစ်ခု ဖန်တီးတတ်ကြသည်။

သို့ပေမယ့် ဘသော်ကခင်မိမိကို သူမသတ်မိပါဟု အကြောက်အကန် ဆိုသည်။ စနေနေ့ည သန်းခေါင်အထိ ခင်မိမိနှင့် ရွှေလက်တွဲကြသော်လည်း သူပြန်လာတော့ ခင်မိမိ အိပ်၍ကျန်ရစ်ခဲ့သည်ဟု ပြောသည်။

အပေါ်ထပ်မှ ဒေါ်မြမြကလည်း ကျော်ကျော်နာမည်ခေါ်သံ ကြားပါသည်ဟု အတိအကျ ထွက်ဆိုထားသေးသည်။ ထိုအချိန်တွင် ကျော်ကျော်က ကျိုက္ကဆံကွင်းတွင် စိန်အောင်မင်းကြည့်နေ၏။ ဒါကို သူပြဆိုသော အလီဘိုင်က အခိုင်အလုံ အထောက်အကူ ပြုခဲ့ကြသည်။ ခင်မိမိအခန်းထဲတွင် လက်ဗွေပုံစံများနှင့် စီးကရက်ဘူးပေါ်မှ လက်ဗွေပုံစံကလည်း ဘသော်၏ လက်ရာချည်း။

ဝင်းသိန်းထွန်း စဉ်းစား၏။

ဦးနောက်အရည်မပျော်ခင် တစ်စွန်းတစ်စသော အဖြေကို သူတွေ့လာသည်။

ဦးသက္ကသည် ခင်မိမိ၏ ကရားဝင် ကာမပိုင်။

ကျော်ကျော်ဆိုတဲ့ ချာတိတ်ကလေးက ယခင်ကတည်းက မရှင်းမရှင်းသမား။

အဲ...... ဘသော်က အချောင်ဝင်၍ သိုက်တူးသူ။

ဝင်းသိန်းထွန်းသည် လက်ဖြောက်တစ်ချက်ကို ဖြောက်ကာနဲ တီးလိုက်ပြီး တပည့်ကျော် ဘီးစိတ်ကို ခေါ်လိုက်သည်။ စင်စစ် အားဖြင့် ဘီးစိတ်၏ နာမည်အရင်းက ထွန်းမြင့်၊ သို့သော် အဖြူတစ် လုံးသာပေး ကောက်ရိုးပုံတွင် ကျနေသော အပ်ကလေးကအစ ရအောင် ရှာပြနိုင်ပေလိမ့်မည်။ ထွန်းမြင့်သည်အထိ အရှာအဖွေတော် ၏၊ စိတ်ရှည်၏။ သို့မို့ကြောင့် 'ဘီးစိတ်' ဟူသော နာမဝိသေသနကို ရခဲ့ဟန်တူ၏။

'ဟေ့ကောင်...... ဘီးစိတ်'

'ဆရာ'

'ငါမင်းကို ပစ္စည်းတစ်ခု ရှာခိုင်းမယ်'

'ဘာပစ္စည်းလဲ ၂ရာ၊ ပစိဖိတ်သမုဒ္ဒရာထဲမှာ အပိုလို ယာဉ်မှူးတွေ ကျကျန်ခဲ့တဲ့ ဓာတ်မီးခြစ်လား''

'အား.....ဒါလောက်ခက်ခက်ခဲခဲ မဟုတ်ပါဘူးကွာ၊ မင်းရှာ ရမှာက မဟာရန်ကုန်က ရေဒီယိုပြင်ဆိုင် နှစ်ဆိုင်'

'အိုကေ အကြီးတစ်လုံး ဆရာ'

ဝင်းသိန်းထွန်းသည် ဘီးစိတ်အား ပစ်မှတ်နှစ်ခု ပေးလိုက် သည်။ ငနဲက တဟဲဟဲရယ်ရင်း ထွက်သွားပါလေ၏။

* * *

## (ရှစ်)

လူသားလေးဦးသည် ကျွန်းသားကုလားထိုင် လေးလုံးပေါ်တွင် ထိုင်နေကြ၏။

သူတို့ရှေ့တွင် ဒုရဲအုပ်ဝင်းသိန်းထွန်းက နေရာယူထားသည်။

'ကဲ...... ဒေါ်မြမြက စပြီးပြော'

အပျိုကြီး ဒေါ်မြမြသည် ဦးသက္ကနှင့် ခင်မိမိ အောက်ထပ်သို့ ရောက်လာသည်မှစ၍ ခင်မိမိ အသတ်ခံရသည့်ညက ကြားလိုက်ရသော အောက်ထပ်ကအသံအထိ အစအဆုံးပြောသွား၏။

'မသတ်ပါနဲ့ ကျော်ကျော်ရယ်၊ မိမိကို သနားပါဦးလို့ဆိုတဲ့ ခင်မိမိရဲ့အသံကို တကယ်ပဲ ကြားခဲ့သလား ဒေါ်ဒေါ်'

'တကယ်ပေါ့ကွယ်၊ ဟောဒီနားနဲ့ သတ်သတ်ကို ကြားခဲ့တာ......'

'အလကား။ ဒီအဘွားကြီး ညာတာ၊ ကျုပ် အဲဒီညက ကျိုက္ကဆံမှာ စိန်အောင်မင်း ကြည့်နေတာဗျ'

ကျော်ကျော် ဒေါနှင့်မောနှင့် ဖြတ်ပြောသည်။

'နေဦးချာတိတ်၊ မင်းအလှည့်ရောက်မှ ပြော၊ ကဲ ကိုဘသော်၊ ခင်ဗျားအလှည့်'

ဘသော်သည် ဦးသက္ကအိမ်သို့ မကြာခဏ သွားရောက်လည်ပတ်ရာမှ ခင်မိမိနှင့် မရှောင်သာဘဲ ပတ်သက်မိပုံများကို ခေါင်းငိုက်စိုက်ချရင်း ပြောသွား၏။

'တကယ်တမ်း ပြောရရင် ကျွန်တော်ကသေတို့ ဖြစ်ရတာမဟုတ်ပါဘူး ဗျာ၊ တစ်နေ့မှာ ကျွန်တော် ဦးသက္ကအိမ်သို့ ရေဒီယို မီးလုံးကိစ္စနဲ့ သွားတယ်၊ အိမ်မှာ ခင်မိမိတစ်ယောက်တည်း။ အဲ ရေချိုးပြီးစပေါ့၊ ကျုပ်ကို အခန်းထဲခေါ်ပြီး ဘာရာမီယာ နှုတ်ဆိတ်နိုင်းတယ်ဗျာ၊ ကျုပ်ကလဲ သစ်သားနဲ့ ထုထားတဲ့ ပန်းပုရုပ်မှ မဟုတ်ဘဲ'

ဒါဖြင့် စနေနေ့ညက သန်းခေါင်အထိ ခင်ဖျားနဲ့အတူ ရှိနေ ခဲ့တယ်ပေါ့'

'ဟုတ်ပါတယ်၊ သူက ချိန်းထားလို့ လာတာပါ၊ ညခသယ့် တစ်နာရီလောက်မှာ အသင့်ဖွင့်ထားတဲ့ အိပ်ခန်းကပြတင်းပေါက်က ကျော်ပြီး ဝင်ခဲ့ပါတယ်'

ဝင်းသိန်းထွဋ်က လက်ကာပြလိုက်၏။ ဝင်းသိန်းထွဋ်က ကျော်ကျော်ကို ဦးတည်လိုက်၏။

က...... မင်းကလေးကရော'

'ကျွန်တော် ဦးသက္က မရှိတုန်း ခင်မိမိနဲ့သွားအိပ်တာတော့ မှန်ပါတယ်၊ ဒါပေမယ့် အသတ်ခံတဲ့ညက ကျွန်တော်မသွားဘူး။ ဟောဟို ကိုငါသော်က သူသွားအိပ်တယ်လို့ ဝန်ခံပြီးပြီပဲ၊ ကျွန်တော် က အနေသာကြီးပါ'

'မင်းက......ခင်မိမိကို သတ်မယ်ပုတ်မယ်လို့ ကြိမ်းဝါးဖူး သလား ကျော်ကျော်'

ကျော်ကျော့်မျက်နှာကို စူးစူးဝါးဝါးကြည့်ရင်း ဝင်းသိန်းထွဋ် က မေးခွန်းထုတ်လိုက်၏။

'ဟင့်အင်း၊ မိမိကိုတော့ မကြိမ်းဖူးသေးဘူး၊ ဒါပေမယ့် ဟိုမှာ ထိုင်နေတဲ့ ဦးသက္ကကိုတော့ မိမိရှေ့မှာ ကြိမ်းဖူးတယ်'

'ဘယ်လိုများ ကြိမ်းသလဲ ကျော်ကျော်'

'မင်းကို ငွေနဲ့ပေါက်ပြီး ငါ့လက်ထဲက လုသွားတဲ့ နွားကြီး ကို သတ်ပစ်မယ်လို့'

- ကုလားထိုင်တွင် ထိုင်နေသော ဦးသက္က၏မျက်နှာကြီးမှာ နီရဲလာ၏၊ ကျော်ကျော်ကိုလည်း စားတော့ ဝါးတော့မလို ကြည့်နေ သည်။

'သည်းခံပါ ဦးသက္က၊ မကြာခင် အဖြေပေါ်လာပါလိမ့်မယ်၊

ကဲ ကျော်ကျော်၊ မင်းက ဦးသက္ကကို သတ်ပစ်မယ်လို့ကြိမ်းဝါးတော့ ခင်မိမိ ဘာပြန်ပြောသလဲကွာ'

ဝင်းသိန်းထွဋ်က အောင်မြင်စွာ ပြုံးရင်းမေးလိုက်သည်။

'ဒါကိုတော့ ကျွန်တော် အတိအကျ ဘယ်မှတ်မိပါ့မလဲ'

'အေး......မှတ်မိအောင် ပြရသေးတာပေါ့ကွာ'

ဝင်းသိန်းထွဋ်သည် အခန်းထောင့်တွင် အဆင်သင့် စောင့်ဆိုင်းနေသော တပည့်ကျော် ဘီးစိတ်အား မျက်ရိပ်ပြလိုက်၏။ ဘီးစိတ်သည် အခန်းထဲမှ တိတ်ရီကော်ဒါတစ်လုံး မ,ယူလာပြီး ခလုတ်ကို နှိပ်လိုက်သည်။

လူးလွန့်သံများနှင့်အတူ ရှည်လျားသော သက်ပြင်းရှိုက်သံ ပြင်းပြင်းက တိပ်အတွင်းမှ ထွက်ပေါ်လာ၏။

'ဟင်း......ဒီလိုပဲ တစ်သက်လုံး ခိုးကြောင်ခိုးဝှက် နေသွားရတော့မှာလား မိမိရယ်၊ ဒီလိုမနေချင်လို့ ကျော်ကျော်က ဘယ်လိုများ နေချင်သေးလို့လဲ၊ ထင်ထင်ပေါ်ပေါ် လွတ်လွတ်လပ်လပ်နေချင်တာပေါ့ မိမိ၊ အခုကော မလွတ်လပ်လို့လား ကျော်ကျော်၊ ကျော်ကျော်ဟာ မိမိရဲ့ အချစ်ဦးပါ၊ မိမိရဲ့ အသည်းနှလုံးနဲ့ ကိုယ်ခန္ဓာကို ပထမဆုံး ပိုင်ဆိုင်ခဲ့သူပါ ကျော်ကျော်'

'ဒါပေမယ့် ဟိုခွေးကြီးက မိမိကို ကျော်ကျော်လက်ထဲက ငွေနဲ့ပေါက်ပြီး လုသွားခဲ့တယ်မဟုတ်လား မိမိ၊ တောက်.....ဘာလို့ ဒေါသကြီးချင်ရတာလဲ ကျော်ကျော်၊ အခုတော့ ကျော်ကျော် သဘောရှိမဟုတ်လားလို့ မိမိ အခုချိန်ဆိုရင် ဦးသက္ကကြီး ဘယ်မှာရှိမလဲဟင်၊ ဘာလို့ မေးတာလဲဟင်၊ အခု ဆိုင်မှာ အိုဗာတိုင်ဆင်းနေတယ်လေ၊ မနက်မှ ပြန်လာမှာ၊ အိုကျော်ကျော် ဘယ်သွားမလို့လဲ......မသွဲ့နဲ့ မိမိ၊ ကျော်ကျော်သူ့ကို သွားသတ်မယ်၊ အို......မသတ်ပါနဲ့ ကျော်ကျော်ရယ် ၊ မိမိကို သနားပါဦး။ အင်......အင်......ဟင် မိမိ ကိုချစ်ရင် အခုလို သူမရှိတုန်း လာပေါ့၊ ကဲ?....ကဲ၊ ဒီမျက်နှာကြီး ပုပ်မနေ စမ်းပါနဲ့ မိမိ ကျော်ကျော်ကို အမြဲတမ်းချစ်ပါတယ်၊ ကဲ....'

ဘီးစိတ် တိုင်ပိတ်မြန်သွားသည်။ နည်းနည်းများ နောက်ကြရင် ဘာတွေများ ကြားရလိမ့်မည် မသိ။

ဝင်းသိန်းထွဋ်သည် ရေဒီယိုပြင်ဆိုင် ပိုင်ရှင် နှစ်ဦးကို အကဲခတ်လိုက်ပြီး တစ်လုံးချင်း အေးအေးဆေးဆေး ပြောလိုက်သည်။

'ကျွန်တော်ပည့်က ခင်ဗျားတို့ နှစ်ယောက်ရဲ့ ရေဒီယိုပြင်ဆိုင် နှစ်ဆိုင်ကို ပိုက်စိပ်တိုက်ပြီး ရှာလိုက်တော့၊ လျှို့ဝှက်အံဆွဲတစ်ခုက ခပ်စောစောက ဖွင့်ပြတဲ့ တိပ်ခွေတစ်ခုကို တွေ့လာတယ်၊ ကဲ......ဝန်ခံမလား။ ကျုပ်ကပဲ တရားခံဖော်ရတော့မလား'

'ဟုတ်ပါတယ်၊ ကျုပ်ကိုယ်တိုင် မိမိကို သတ်ခဲ့ပါတယ်ဗျာ'

အသက်ကြီးမှ ရမ္မက်မီးတောက်ခဲ့ရတဲ့ ဦးသက္ကာ၏ ဦးခေါင်းက ငိုက်ကျသွားခဲ့၏။

ဦးသက္ကာ ဝန်ခံရလေပြီ။

မညီမျှပင် အကွက်စေ့စေ့ ၊ အံဝင်အောင်ကြံစည်ခဲ့သော်လည်းချွင်းမကျ အဖြစ်ကာသည်လို။

ပယရတီသည့် ခုနစ်ဆောင် တိုက်ခန်းဝယ် မီးမထွန်းဘဲလင်း၏။

ခင်မိမိက ခေါ်မြူမြူ အိမ်အောက်ထပ်တွင် မီးထွန်း၍လင်းသည်။ သူချာတီတ်က ယေ်ရည်းစား ကျော်ကျော်ပင်။ ဒါကို ဦးသက္ကာ ရိပ်စားမိလာသည်။ သို့သော် လက်ဆုပ်လက်ကိုင် မပြနိုင်သေး၍ငြိမ်နေရ၏။

တစ်နေ့တွင် ဦးသက္ကာသည် ညဉ့်အိပ်ညဉ့်နေ ခရီးထွက်ဟန်ဆောင်၍ စောင့်ဖမ်း၏။ ခုတင်အောက်တွင် မက်ဆင်၍ တိပ်နှင့်ဖမ်း၏။ မကြာပါချေ ကျော်ကျော်ဆိုသော သကောင့်သားက ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ၏။

ကိုယ်တော်ချောကလေးနှင့် မိမိ၏ ကလိသံ၊ ရီသံ၊ ဟီးသံတွေကို ကြားရတော့ ဦးသက္ကာ အံတကျိုက်ကျိုက်မြည်အောင် ကြိတ်မိသည်။ သို့ပေမယ့် ဦးသက္ကာသည် အကြံသမားတစ်ဦး ဖြစ်၏။ အလှပ်တစ်ခုကို

ဟောဟောဒိုင်းဒိုင်း မလုပ်တတ်၊ သည်တော့ ကြံဖန်၊ လူကြံ ဘာခံ၊ နိုင်မတုန်း။

အဲ……စနေနေ့ညတွင် ဦးသက္ကာပဲခူးသို့ ခရီးထွက်မည်ဟု ခင်မိမိအား အယုံသွင်းလိုက်သည်။ ညမိုးချုပ်သည်နှင့် အိမ်ဘေးမှ ဂိုဒေါင်ပျက်ထဲတွင် ဦးသက္ကာ နေရာယူပြီးအဆင်သင့် ဖြစ်နေ၏။ သူ့လက်ဝယ် ကက်ဆက်တိပ်တစ်လုံး အဆင်သင့် ပါလာသည်။

သိပ်မစောင့်ရပါချေ။

ည ဆယ့်တစ်နာရီ သာသာလောက်တွင် မည်းမည်းသဏ္ဌာန် တစ်ခု အိမ်ဘေးရှိ ပြတင်းပေါက်မှ ကျော်ဝင်သွား၏။ ထိုလူကို အတိအလင်း မမြင်ရပေမယ့် ကြာသူခိုးကျော်ကျော်မှန်း ဦးသက္ကာ သိပါချေ၏။ သူက ပြုံးသည်၊ မချိပြုံးမှ မချိပြုံး အစစ်။

သန်းခေါင်ခန့်တွင် မည်းမည်းသဏ္ဌာန်က ပြန်ထွက်သွား၏။ အစာဝ၍ ဌာနေပြန်ပြီထင့်။ ဦးသက္ကာသည် ခေတ္တမျှစောင့်၍ အိမ်တွင်းသို့ ပြတင်းပေါက်မှ ကျော်ဝင်လိုက်သည်။ မချောက ခုတင်ပေါ်တွင် ပိုးလိုးပက်လက် အိပ်လို့။ မောသည် ပန်းသည် ထင်သည်။

ဦးသက္ကာသည် အပေါ်ထပ်မှ ဒေါ်မြမြအသံကို နားစွင့်လိုက် သည်၊ လူးလွန့်သံတစ်ချက် ကြားရ၏။ ကေန္တ ဒေါ်မြမြနိုးနေဟန်တူ သည်။ သူသည် သန်မာသော လက်များဖြင့်ချွေးသီးကာဖလေးများ စို့နေ …… ဂါဒ်ိမိ၏ လည်တိုင်ကြော့ကြော့ကို အားရပါးရ ညှစ်လိုက်ပါ၏။

ခင်မိမိသည် တအင်းအင်း ညည်းညူရင်း ငြိမ်သွား၏။ သည်မှာတင် အပေါ်ထပ်မှ ခြေသံတရှပ်ရှပ်ကို ကြားရသည်။ ဦးသက္ကာသည် အောင်မြင်စွာ ပြုံးလိုက်ရင်း ကက်ဆက်တိပ်ခွေကို ခပ်ကျုယ်ကျုယ် ဖွင့်လိုက်သည်။

'အို….မသတ်ပါနဲ့ ကျော်ကျော်ရယ်၊ မိမိကို သနားပါဦး '

ထိုနောက် ဦးသက္ကာသည် ညည်းညူသံသဲ့သဲ့နှင့် လဲပြိုသ

တစ်ခုကို ဖန်တီးလိုက်သည်။

'ကဲ......ခွေးမသားကျော်ကျော်၊ မင်းလည်းပင်းကော့ ကြိုး ကွင်းစွပ်ဖို့ သေချာသွားပြီပေါ့၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ဆို တာ ဒါမှအစစ်ကွ၊ မနက်ကျရင် တွေ့ကြသေးတာပေါ့ကွာ'

ဦးသက္ကသည် စိတ်ထဲမှကျိတ်၍ ရေရွတ်လိုက်ရင်း ခုတင် ပေါ်မှ ရွှေရောင်စီးကရက်ဘူးလေးကို မြင်သွားတော့၏။ ကောင်း ကျော်ကျော် ကျန်ရစ်ခဲ့သည့် ပစ္စည်းပင်။ သူက လက်အိတ်စွပ်ထားသော လက်ဖြင့် ရွရွကလေးကိုင်၍ ခုတင်အောက် သို့ချလိုက်ပါတော့၏။ စီးကရက်ဗူးခွံ ပေါ်ရှိ လက်ဗွေပုံစံများကို ရဲတွေက ခြေရာခံကြပေမည်။ ကဲ မင်းပြေး လို့လွတ်ဦးမလား ကျော်ကျော်။

ဦးသက္ကသည် ပိပိရိရိလုပ်ဆောင်၍ အိမ်မှပြန်ထွက်သွားခဲ့ ပါတော့၏။

သို့တစေ......

ဦးသက္က တစ်ကွက်မှားခဲ့သည်။

ကလျာချော မိမိသည် ကျော်ကျော် အပြင် ဘသော်ဆိုသော ယောကျ်ားသား တစ်ဦးပါ သဒ္ဒါခဲ့ကြောင်း ဦးသက္က မသိခဲ့ပါပေ။

ခင်မိမိသည် စနေနေ့ညက ကျော်ကျော်ကို မချိန်းခဲ့၊ ကျော်ကျော်က ချာတိတ်ဆိုတော့ ကမူးရှူးထိုးသမားလေး။ တစ်ခါတ လေကျပြန်တော့ ကိုဘသော်လို ကမ္ဘာရင့်သူနှင့် တွေ့ချင်သေးသည်။ သည်မှာတင်.....

ဦးသက္ကဆင်ထားသော အကွက်မဝင်လာတော့။ ယခုမှ ဦးသက္က ဝန်ခံရလေပြီ။

ဦးသက္ကသည် ပိရိသေသပ်စွာ စီစဉ်ခဲ့ပါ၏။ သို့စဉ်တိုင်အောင် ရာဇဝတ်မှုဟူသည် ခြေထွေးယှက်နွယ် နေလေသည်တကား။

* * *

(ကိုး)

ဒေါ်မြမြသည် ဂုဏ်တော်ပုတီးကို စိတ်အေးလက်အေး စိပ်နေမိ၏။

ယခုသော် အောက်ထပ်က အသံကို မကြားရတော့ပြီ။

'မိခွေအမေ..... အပျိုကြီးမြမြသို့'

* * *

## ပဒေါ်ယာငြှက် မှဲ့နက်တစ်လုံး

ကမ္ဘာပေါ်တွင်ကျန်တော် အမုန်းတီးဆုံးသော မိန်းမတစ်ယောက်ကို လက်ညှိုးညွှန်ပြပါဆိုလျှင် 'မသီတာလှိုင်' ဖြစ်ပေလိမ့်မည်။

မသီတာလှိုင်။

လှတယ်။ တောင့်တယ်။ ဖြောင့်တယ်။

ညက်စင်းဝင်းပသော မျက်နှာ၊ ဝင်းမို့မို့နှင့် တင်းတင်းမို့သောရင်၊ ထွားကားမိုးစွင့်သော တင်သားစိုင်အစရှိသည်တို့ဖြင့် အပြည့်အနင့် ရှိနေသော မိန်းမတစ်ယောက်ကို မသီတာလှိုင်ဟု ခေါ်ပါသည်။

မသီတာလှိုင်၏ အပြုံး အနွဲ့အလှည့်အစရာတို့သည် ပုရိသတည်းဟူသော ဆန့်ကျင်ဘက်တို့ကို ညှို့ယူနိုင်စွမ်း ရှိကြပါသည်။

မသီတာလှိုင်နှင့်တွေ့လျှင် မမြင်ရသော အားမာန်တွေ တက်ကြွလာရလေမည်မှာ မုချ။

ဤသည်မှာ မသီတာလှိုင်၏ စွမ်းအင်။

ထိုသို့သော မသီတာလှိုင်ဟု ခေါ်ဆိုသည့် မိန်းကလေး တစ်ယောက်ကို ကျွန်တော်မုန်းပါ၏။ ခါးခါးသီးသီး အသည်းနှလုံး ထဲမှကို မုန်းတီးမိခြင်းလည်း ဖြစ်ပါသည်။

ဒါကလည်း အကြောင်းမဲ့ သက်သက်တော့ မဟုတ်ပါ။ သည်အကြောင်းကို ကျွန်တော်ပြောပါမည်။

မသီတာလှိုင်၏ အလှအပတွေနှင့် ပြည့်နေသော ခန္ဓာကိုယ် တွင် မှဲ့နက်သုံးလုံးက တည်ရှိနေပါသည်။

ညက်အိ ဝင်းစင်နေသော ပါးပြင်ထက်တွင် တစ်လုံး။

စပယ်တင်မှဲ့ဟု တင်စားကြလေမလားတော့ မသိ။

နောက်တစ်လုံးက ရင်မွှာစိုင်နှစ်ခု၏ အလယ်ဗဟို တည့် တည့်တွင် ရှိနေပါသည်။

နောက်ဆုံး တစ်လုံးကမူ......။

ဒါကိုတော့ ကျွန်တော်မပြောလို။

အဘယ့်ကြောင့်ဆိုသော် မသီတာလှိုင်သည် ကျွန်တော်ပိုင် ဆိုင်သော ဇနီးတစ်ယောက် ဖြစ်သောကြောင့် ပါတည်း။

သို့ရာတွင် မသီတာလှိုင်၏ တတိယမြောက် မှဲ့နက်တစ် လုံး၏ တည်နေရာကို ကျွန်တော့်အပြင် သိရှိနေသူတစ်ဦးက ရှိနေပါ သေးသည်။

ထိုသူမှာ ဦးသက္ကဆိုသည့် ရတနာ သူဌေးတစ်ယောက်ဘဲ ဖြစ်ပါသည်။

ထို့ကြောင့်....

ကျွန်တော် မသီတာလှိုင်ကို မုန်း၏။

သည်တွင် ....။

တာဝန်ပိုင်း တစ်ရပ်က ထင်ဟပ်လာရသည်။

ထိုတာဝန်ကား လူသားနှစ်ယောက်ကို သတ္တလောကမှ အပြီးတိုင်ထွက်ခွာသွားဖို့ဘဲ ဖြစ်ပါသည်။

တစ်ဦးက ဦးသက္က။

တစ်ယောက်က မသီတာလှိုင်။

* * *

ည…,

လမသာ၊ ကြယ်မလင်း။ နှင်းမှုံလင်းလေသည့်ည။

သို့တစေ သည်ညသည် လှပနိုင်လွန်းလှသည်။ သာယာချမ်းမြေ့နိုင်လွန်းလှပါသည်။

သည်ညကို အမည်နာမပညတ်ရမည် ဆိုပါသော် မသီတာလှိုင်နှင့် ကိုအံ့မောင်တို့၏ မင်္ဂလာဦးညဟု ဆိုရပါလိမ့်မည်။

ကိုအံ့မောင် ဆိုသော နာမ်စားကို ကျွန်တော်က ပိုင်ဆိုင်ထားပါသည်။ ထို့အတူ မသီတာလှိုင်ကို ကျွန်တော်က အပြီးတိုင်ပိုင်ဆိုင်လေသည့်ညဟု ဆိုချင်ကဆို။

သီတာနှင့် ကျွန်တော်သည် နို့ပူပူ နှစ်ခွက်ကိုသောက်ရင်း မီးလင်းဖိုဘေး၌ စကားပြောနေမိကြသည်။

"အေးတယ်ကွယ်၊ သိပ်အေးတာပဲ၊ မြို့သာယာမှာလောက် အေးလိမ့်မယ်လို့ သီတာ မထင်မိဘူးကို"

ဟုတ်သည်၊ ဆောင်းလေသည် မြစူးစူး အေးလွန်းနေပါသည်။ ကျွန်တော်သည် သီတာ၏ ပခုံးကစ်ကစ်လေးကို ထွေးပွေ့လိုက်မိသည်။

"အေးရင်လဲ အိပ်ခန်းထဲဝင်ပြီး ကွေးကြရအောင်လား သီတာ"

"ဟင့်အင်းကွယ်….ဒါတော့ သီတာမှ မအိပ်ချင်သေးဘဲနဲ့

ဥစ္စာ"

ကြည့်....သီတာ ဘယ်လောက်များ ကလေးဆန်နေပါ လိမ့်၊ ပြီးတော့ မျက်စောင်းထိုးသည်၊ နှုတ်ခမ်းစူသည်၊ သို့သော်လည်း မုန်းစရာတော့မကောင်း။ အသည်းတွေ အူတွေ ပြောင်းဆန်အောင် ချစ်စရာ ကောင်းလွန်းနေပါသည်။

ကျွန်တော်သည် သီတာ၏ နုညက်သော နဖူးပြင်လေးအား မွှေးလိုက်ရင်း ချော့ရ၏။

"လာပါကွယ်၊ သီတာလေးက ဇိမ်မှာသားနဲ့"

သီတာ့ကို ပွေ့ဖက်ရင်း ခေါ်ရပါသည်။ သီတာ ရင်ခုန် နေမလား၊ စိုးရွံ့နေမလားတော့ ကျွန်တော်မသိတတ်။

ဒါကလည်း သဘာဝဆိုတော့ မိန်းမသားတိုင်း ရင်ဖိုလှိုက် မောတတ်ကြပေမည်။

သို့တစေ ကျွန်တော်သည် သီတာ့အချစ်ကို ငြင်သာ အေး ချမ်းစွာ ရယူနိုင်စွမ်းရှိခဲ့ပါသည်။

သီတာ ရင်ဖိုသည်၊ ငိုမလိုမဲ့သည်၊ ပြုံးမလို ရှင်သည်၊ နောက်တော့ ကျွန်တော့်ရင်ခွင်တွင် မှေးစင်းရလေပြီ။

"ကို...."

"ဘာလဲ....သီတာ"

"ဒါ....ဘာလဲဟင်"

"မှဲ့လေးပေါ့ သီတာ၊ ဒီစပယ်တင် မှဲ့လေးကြောင့် သီတာ ပိုလှနေသလိုဘဲ"

ကျွန်တော်သည် သီတာ၏ မေးစေ့ တစ်စာစ်လေးကို ဆွဲရင်း ပြောဖြစ်သည်။ မှဲ့နက်တစ်လုံးက သူမ၏ ညာဘက်ပါးပြင်ပေါ်တွင် ထင်ထင်ရှားရှား ရှိနေပါသည်။

"ဟွန်း....သူသိပ်မြှောက်တာဘဲ၊ ကဲ....ဒါဖြင့် ဒီတစ်လုံး

ဘဲလား''

ကျွန်တော်သည် သီတာ၏ ဒုတိယမြောက် မုံ့နှက်ကလေး တည်နေရာကို ပြလိုက်တော့ သီတာက တခစ်ခစ် ရယ်သည်။

"ကို သိပ်မြင်တက်တာဘဲ၊ ကဲ....သီတာမှာ မှဲ့တစ်လုံး ရှိသေးတယ်၊ ဒါကိုတော့ ကိုတွေ့မှာမဟုတ်ပါဘူး''

သီတာ့အသံက မပီတပီ ရီတရီ။ ဒါလောက်တော့ ကျွန်တော်မညံ့ပါချေ။ ပြာလဲ့လဲ့ နီယွန်မီးကလေး အိပ်ခန်းထဲတွင် ဖြာဆင်းနေ ပေသကို။ ကျွန်တော်သည် သီတာ၏ နားဝသို့ ခပ်တိုးတိုး ရွတ်ဆိုလိုက်ပါသည်။

ဒီတော့ သီတာက ကျွန်တော့် ရင်ခွင်ကျယ်ကြီးကို တဘုံး ဘုံး ထု၏။

"ကိုနော်....ဟွန်း''

နှစ်ယောက်သား သိမ့်သိမ့်တုန်မျှ ရယ်မိကြ၏။ သီတာ့ရုက် ပြုံးကလေးက ချစ်စဖွယ်ကောင်းပါဘိ။

စင်စစ်အားဖြင့် နှင်းလွှမ်းသည့် ဆောင်းညသည် မအေး။ ပူးနွေးသော မေတ္တာထုက လွှမ်းခြုံထားရလေသည်ကိုး။

သည်ဖြစ်ရပ်မှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ဖြစ်ပါ၏။

ယခုတော့ သည်လို မဟုတ်တော့ပြီ။

သီတာသည် ကျွန်တော်၏ မျက်ကွယ်တွင် ဖွေးမြူရေးလုပ် ငန်း လုပ်ကိုင်နေကြောင်း ကြားသိခဲ့ရသည်။ သည်အကြောင်းကို ကြားရရုံ နှင့် ကျွန်တော့သွေးသားတွေ ပွက်ပွက်ဆူအောင် လှုပ်ရှားလာ ရ၏။ ဒေါသအမျက် ခြောင်းခြောင်းထွက်လာ၏။ အကြောင်းမဲ့ သက် သက် တော့မဟုတ်ပါ။ သီတာမွေးထားသည်မှာ 'မျောက်'

နာမည်က....သက္က၊ 'ဒီ' ကပ်ခေါ်ရလောက်အောင် ဂုဏ်တွေဒြပ်တွေ ရှိနေသော ဦးသက္က။

သီတာ မျောက်မွေးခဲ့ပြီ။ ခပ်ရှင်းရှင်းဆိုရသော် ကျွန်တော့် မျက်ကွယ်တွင် ယောက်ျားသားတစ်ယောက်၏ ရင်ခွင်၌ အတိုင်းအဆမရှိ နိဝင်နေခြင်းပင်။

သည်အကြောင်းကို သိရသော အချိန်မှာ ကျွန်တော် 'မြိုင်သာ' တွင် ရှိမနေခဲ့။ မြိုင်သာမှ မိုင်တစ်ရာဝေးသော'နောင်လိုင်' ဆိုသည့် နယ်ခြားမြို့လေးတစ်မြို့သို့ ရွှေအရောင်းအဝယ်နှင့် ရောက်နေခဲ့ပါ၏။

နောင်လိုင်တွင် မမျှော်လင့်ဘဲ နွဲ့ယဉ်မြိုင်နှင့် သွားတွေ့သည်။ သည်တွင် နွဲ့ယဉ်မြိုင်အကြောင်း အနည်းအကျဉ်း ပြောဖို့ လိုအပ်လာပါသည်။

နွဲ့ယဉ်မြိုင်သည် မြိုင်သာ၏ ကြယ်တစ်ပွင့် ဖြစ်ခဲ့ပါသည်။ သို့ရာတွင် နွဲ့ယဉ်မြိုင်အဖို့ သူမ၏ အလှအပကို ထိုက်ထိုက်တန်တန် အသုံးမပြုလိုက်ရရှာပါ။ ဦးသက္ကသည် နွဲ့ယဉ်မြိုင်၏ အလှအပတွေကို ငွေအတိုင်းအဆမရှိသုံး၍ ဝယ်ယူခဲ့ပါ၏။

သည်တွင် နွဲ့ယဉ်မြိုင်သည် ဦးသက္က၏ ဘဝိယမြောက် မယားငယ်ဘဝသို့ ကျဆင်းခဲ့ရလေသည်။ ကျွန်တော်နှင့် နွဲ့ယဉ်မြိုင်မှာ ငယ်စဉ်က စ၍ ရင်းနှီးခဲ့ကြသော တစ်မြို့ထဲသားချင်းလည်း ဖြစ်သည်။

နောင်လိုင်လို နေရာမျိုးတွင် သည်လိုအခြေအနေနှင့် နွဲ့ယဉ်မြိုင်ကို တွေ့ရလိမ့်မည်ဟု ကျွန်တော် မမျှော်လင့်ခဲ့ပေ။

တွေ့သည့်နေရာကလည်း နောင်လိုင်တွင် နာမည်ကြီးလှသော ဟော်တယ်တစ်ခုဖြစ်သည့် 'မြစိမ်းရောင်'တွင် ဖြစ်ပါသည်။ မြစိမ်းရောင် ဟော်တယ်၏ အရက်ကောင်တာတွင် ရှန်ပိန်အရက်ခွက် ကိုကိုင်ရင်း ရီဝေနေသော နွဲ့ယဉ်မြိုင်။

သူမဘေးတွင်ကား အကောင်းစားကျာကင် ဝတ်ထားသော ငနဲသားတစ်ယောက်။

နွဲ့ယဉ်မြိုင်သည် ကျွန်တော့်ကို မြင်သည်နှင့် သူမ၏ အတွဲကို ခပ်တိုးတိုးပြော၍ ကျွန်တော်ထိုင်နေသော စားပွဲသို့ လှုပ်လှဲ့လှုပ်လှဲ့ လျှောက်လာခဲ့၏။

ကြီးမားသော်လည်း တင်းရင်း ပြည့်ဖြိုးခြင်း မရှိတော့သည့် ရင်မွှာများ ဘရာစီယာအတွင်းမှ သိမ့်သိမ့်ခါနေသည်။

"အစ်ကို့ကို ဒီမှာ တွေ့လိမ့်မယ်လို့ မိမြိုင် မထင်မိဘူး"

နွဲ့ယဉ်မြိုင်က ကျွန်တော့် စားပွဲတွင် ဝင်ထိုင်ရင်း ဆိုသည်။

"အေး....ဟုတ်တယ် မိမြိုင်၊ အစ်ကိုလည်း မိမြိုင်ကို ဒီလို ပုံစံမျိုးနဲ့ တွေ့ရလိမ့်မယ်လို့ မထင်မိဘူး။ ဟိုငနဲက ဘယ်သူလဲ မိမြိုင် အတွဲလား"

"ဟုတ်တယ် အစ်ကို၊ မိမြိုင်ရဲ့ တစ်ညတာ ပါတနာဘဲ ဆိုပါ တော့။ ဒါတွေထားပါအုံး။ အစ်ကို မြိုင်သာယာက ထွက်လာတာ ဘယ်လောက်ကြာပြီလဲ"

"တစ်လ...."

"ဘာကိစ္စ ဒီကို ရောက်နေတာလဲ"

"ရွှေအရောင်းအဝယ် ဆိုပါတော့ မိမြိုင်၊ ဒါပေမယ့် အဆင် မပြေသေးလို့ ဒါလောက်ကြာနေတာ၊ နောက်တစ်ပတ်လောက် ကြာလိမ့်အုံးမယ်"

"အစ်ကို မြိုင်သာကို မြန်မြန်ပြန်ရင် ကောင်းလိမ့်မယ်"

နွဲ့ယဉ်မြိုင်၏ အသံက စိုးရိမ်တစ်ဝက်၊ ရတက်တခြမ်း။ ကျွန်တော်က ပြုံးရင်း ရမ်တမြုံကို စုပ်လိုက်သည်။

"ဒါက မိမြိုင်အပူ မဟုတ်ပါဘူးကွာ။ ကဲ....ပြောစမ်း။ မိမြိုင် ဒီကိုဘာလို့ ရောက်နေတာလဲ၊ ဘာလာလုပ်တာလဲ၊ မိမြိုင် မေးတာတွေ အစ်ကိုဖြေပြီးပြီ၊ အစ်ကိုမေးတာ ဖြေပေတော့"

နွဲ့ယဉ်မြိုင်သည် စီးကရက်တလိပ်ကို မီးညှိလိုက်၏၊ သူမ၏

နီရဲစွတ်စိုနေသော နှုတ်ခမ်းထောင့်တွင် ဖိညှပ်၍ အားရပါးရ တစ်ချက် ရှိုက်ဖွာလိုက်ပြီး မီးခိုးများကို အပေါ်သို့ မှုတ်ထုတ်လိုက်ပါသည်။

သူမ၏ အမူအသွင်က ကြေးစားအပျော်မယ် တစ်ယောက် ဆန်လွန်းနေသည်။

"ကောင်းပါပြီတဲ့ရှင်၊ အစ်ကိုမေးတာတွေကို မိမြိုင်ဖြေပါ့မယ်၊ မိမြိုင် ဒီကိုရောက်နေတာ အပြီးအပြတ် ထွက်လာခဲ့တာဘဲ အစ်ကို တစ်နည်းအားဖြင့်ဆိုရင် ဦးသက္ကလက်က ရုန်းထွက်ခဲ့တာ ဘဲ....ဆိုပါတော့"

"အခု၊ ဘာလုပ်နေသလဲ မိမြိုင်"

"ရောင်းဈေးသယ်"

"ဘာရောင်းတာလဲ"

သည်အမေးကိုတော့ နွဲ့ယဉ်မြိုင် မဖြေ၊ ပခုံးနှစ်ဘက်တွန့်၍ ပြသည်။

ကျွန်တော်သည် သက်ပြင်းပုတစ်ချက်ကို မသိမသာ မှုတ်ထုတ် လိုက်မိပါသည်၊ နွဲ့ယဉ်မြိုင်သည် ကျွန်တော် တွေးဆခဲ့သည့်အတိုင်း တစ်သဝေမတိမ်း ဖြစ်လေပြီ။

"ဒါကို ဦးသက္ကက ခွင့်ပြုမယ်တဲ့လား မိမြိုင်" –

နွဲ့ယဉ်မြိုင်က တစ်ချက်ရယ်လိုက်သည်။ လှိုက်လှဲ ဝမ်းသာသည့် အသံမျိုးတော့ မဟုတ်ပါပေ။

"မိမြိုင်ဟာ ဦးသက္ကရဲ့ မယားအငယ်ပါ အစ်ကို၊ မယားငယ် တစ်ယောက်ရဲ့ ရှိသင့် ရှိထိုက်တဲ့ အရည်အချင်းတွေ လျော့နည်းလာတဲ့ အခါမှာ မိမြိုင်လုပ်စရာ ဘာရှိတော့သလဲ၊ အခု ဦးသက္ကက မိမြိုင်ကို ပထုတ်လိုက်ပြီလေ၊ အဲ....အသစ်တစ်ယောက် ထပ်တွေ့နေပြီ ဆိုပါတော့။ အဲဒီ အသစ်ရဲ့ နာမည်ကိုတော့ .... သိချင်သေးသလား"

သည်တွင်ဘဲ နွဲ့ယဉ်မြိုင်၏ ငနဲက ကျွန်တော်တို့ စားပွဲသို့

လျှောက်လာချေသည်။

"မင်းငနဲ လိုက်လာပြီ၊ သွားတော့ မိမြိုင်"

"သွားပါ့မယ် အစ်ကို၊ ဒါပေမယ့် မိမြိုင် စကားလေး တစ်ခွန်းလောက်တော့ ပြောခဲ့ပါရစေအုံး၊ အဲ....သက္ကရဲ့ နောက်ဆုံးတိတ်တိတ်ပုန်း တွဲခုတ်နေသူဟာ မြိုင်သာယာက မသီတာလှိုင်တဲ့။ စပယ်တင်မှဲ့လေးနဲ့လေ"

* * *

သည်စကားကို ကြားရရုံမျှနှင့် နွဲ့ယဉ်မြိုင်ပြောသော 'ဖြစ်ရပ်ယုံကြည်လိုက်နာရန် ခဲယဉ်းပါလိမ့်မယ်။

ဟုတ်ပါသည်။ ကျွန်တော် မယုံကြည်ခဲ့ပါ။ သီတာနှင့်ကျွန်တော် ထားရှိသော မေတ္တာ၏ ထုထည်သည် ယနေ့တိုင်အောင် အခိုင်အကျဉ် ရှိနေသဲ၊ သီတာသည် ကျွန်တော့်အပေါ်တွင် သစ္စာမဲ့လေမည်မဟုတ်ဟု ယုံစားတာဘဲ။

သို့တစေ....

သံသယဆိုသည်မှာ ရင်ဝယ် နိတွယ်လာခဲ့လျှင် အမျှင်မပြတ်တော့၊ သည်သံသယ၏ အကျိုးဆက်ကြောင့် နွဲ့ယဉ်မြိုင်နှင့် ထပ်တွေ့ရန် ကျွန်တော်ကြိုးပမ်းခဲ့ပါသည်၊ ထို့ပြင် ဦးသက္ကအကြောင်း ကျွန်တော် လုံးဝဥသုံနီးပါး သိထားသူတစ်ယောက် ဆိုပြန်တော့ "ဖြစ်များ ဖြစ်နိုင်လေမလား"တွေးခဲ့မိသည်။

ဦးသက္ကသည် မိန်းမဆိုလျှင် အိမ်တွင် နိုင်းစေသည့် အစေခံကိုပင် ရှောင်လေသည် မဟုတ်၊ ပြီး မဂ်ဇင်နှင့် ပတ်သက်လျှင် ဦးသက္ကသည် ငွေကို အတိုင်းအဆမရှိ ရက်ရက်ရောရော သုံးတတ်သူတစ်ဦးလည်းဖြစ်ပါသည်။

ခက်သည်က ငွေဆိုသည့် အလျားအနံညီသော စက္ကူရွက်တွေကို မိန်းမသားတွေက ထပ်မက်ခြင်းပင်။ ကျွန်တော့်အနေနှင့်

ဖနီး မသိတာလို့ရှိင် လက်ဖြန့်တောင်းတိုင်း ငွေတွေကို ဖောဖောသီသီ ပေးနိုင်စွမ်းအား မရှိခဲ့ပါ။

ထို့ကြောင့်လည်း ဦးသက္က၏ မယားငယ်ဖြစ်သော နွဲ့ယဉ်မြိုင်နှင့် ဒုတိယအကြိမ် ပြန်လည်တွေ့ရှိခဲ့ပါသည်။ မမေးချင်သော အကြောင်းကို ပြန်၍မေးရပြန်ပါသည်။ သည်တော့ နွဲ့ယဉ်မြိုင်က လျောင်ပြုံးပြုံးပါသည်၊ ခနဲ့သည်။

"အကို မိမြိုင်စကားကို မယုံဘူး မဟုတ်လား"

"မယုံဘူးတော့ မဟုတ်ဘူး မိမြိုင်၊ ဒါပေမယ့် ဒီလိုစကားမျိုးကို မိမြိုင်ပြောတာ အကြောင်းရှိမယ်၊ အဲဒီအကြောင်းကို အကို သိချင်တယ်"

နွဲ့ယဉ်မြိုင်သည် ရင်မောနေဟန်ရှိ၏။ ပြောရမည့်စကားအတွက်၊ ချီတုံချတုံ ဖြစ်နေသည်လည်းရှိ၏။

"ခက်တယ် အကို၊ ဒီအကြောင်းကို ပြောရမှာ မိမြိုင်သိပ်ဝန်လေးမိတာဘဲ၊ ဒါပေမယ့် အကို မယုံမှာစိုးလို့သာ ပြောရမှာ"

ပြီးတော့ နွဲ့ယဉ်မြိုင်က ကျွန်တော့်ကို မေးခွန်းထုတ်တော့၏။

"အကို့ မိန်းမမှာ မှဲ့ဘယ်နှစ်လုံးရှိသလဲ"

ကျွန်တော်တွင် အထိတ်တလန့် ဖြစ်သွားသည်။ အလောတကြီးလည်း ဖြေမိသည်။

"သုံးလုံး....အဲဒါ ဘာဖြစ်သလဲ မိမြိုင်"

နွဲ့ယဉ်မြိုင်၏ အသံက တစ်ခွန်းချင်း ထွက်ပေါ်လာပါသည်။

"အဲဒီ မှဲ့သုံးလုံးရဲ့ တတိယမြောက် မှဲ့တစ်လုံးရဲ့ နေရာကို အကို သိသလို၊ ဦးသက္ကကလဲ သိနေတယ် အကိုရေ"

"ဘာ...."

"ဟုတ်တယ် အကို၊ ဦးသက္ကဟာ မိန်းမနဲ့ ပတ်သက်ရင် အင်မတန်စွံတတ်တာသိလား၊ မိမြိုင်ကိုရအောင် ယူခဲ့တာဘဲ

ကြည့်တော့၊ မိမြိုင်ဟာ ဦးသက္ကလို လူမျိုးရဲ့ မယားငယ် တစ်ယောက် ဖြစ်ရလိမ့်မယ်လို့ ဘယ်ပုဒ်နှုန်းကမျှ စိတ်ကူးခဲ့တာ မဟုတ်ဘူး။ ဒါနဲ့ တောင် သူ့စက်ကွင်းထဲ ဝင်မိသေးတာဘဲ''

ကျွန်တော် အကြောအချဉ်များက တင်းကနဲ ဖြစ်သွား၏။ လည်ပတ်နေသောသွေးများ ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။

''ဦးသက္ကက သီတာ့မှာ မှဲ့သုံးလုံးရှိတာ မိမြိုင်ကိုပြောပြခဲ့ သလား၊ သူက ဘယ်လိုလုပ်သိတာတဲ့လဲ''

''ဟုတ်တယ်၊ ဦးသက္ကဟာ သူ့မြာစွံတဲ့အကြောင်းအင်မတန် ကြွားချင်တာသိလား အကို၊ မိမြိုင်ကို ပြောတယ်၊ မှဲ့နက်သုံးလုံးရှိတဲ့ မိန်းမတစ်ယောက်ကို သိသလားတဲ့၊ ပြီးတော့ အဲဒီမှဲ့တွေနေရာတို ပြောတယ်၊ ညာဘက်ပါးမှာတလုံး ရင်ဘတ်မှာတလုံး၊ နောက်ဆုံး တလုံးက....''

''တော်တော့ မိမြိုင်''

ကျွန်တော်သည် အော်ဟစ်ဟန့်တားလိုက်ပါသည်။ ထို့ နောက် နွဲ့ယဉ်မြိုင်၏အပါးမှ ပြေးထွက်ခဲ့မိပါ၏။

သည့်နေရာတွင် ကိုအံ့မောင် ရေးထားသော အကြောင်း အရာတွေက အဆုံးသတ်နေတော့သည်။ ဆက်ဖတ်စရာ မရှိတော့။

ဒေါက်တာကြည်သာသည် လေးပင်သော သက်ပြင်းတစ် ချက်ကို ချလိုက်ရင်း စာရွက်များကို သူ၏ရှေ့ရှိစားပွဲပေါ်သို့ တင်လိုက်သည်။ ပြီး စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်သည်။

စင်စစ်အားဖြင့် သူ၏ လူနာဖြစ်သော ကိုအံ့မောင်ရေးသား ထားသည့် အကြောင်းအရာတွေက အလွန်အမင်း စိတ်ဝင်စားဖွယ် ကောင်းလွန်းနေပေသည်။

ကိုအံ့မောင်သည် ဤစိတ္တဇဆေးရုံသို့ လွန်ခဲ့သည့် တစ်လ ခန့်က ရောက်ရှိလာခဲ့ခြင်းပင်၊ လာရောက်၍ ဆေးရုံပို့ပေးသွား သော

ကိုအုံ့မောင်၏ ခွေမျိုးများ အဆိုအရ ကိုအုံ့မောင်သည် ဇနီးဖြစ်သူ မသီတာလှိုင်သေဆုံးသွားကတည်းက စိတ်မမှန်ဘဲ ရူးသွပ်သွားသည်ဟုသိထားရသည်။

ကိုအုံ့မောင်၏ ရောဂါမှာ အဆန်းပင်။ ကိုအုံ့မောင်သည် မည်သူ့ကိုမှ စကားမပြော၊ ညဆိုလျှင် ဘယ်တော့မှမအိပ်။ လူခြေတိတ်ပြီဆိုလျှင်တော့ ကိုအုံ့မောင် အလန့်တကြားအော်ဟစ်တတ်သည်။

"ငါ့ကို ပေါက်တူးပေးကြပါ၊ သီတာ့အလောင်းကိုပြန်ဖော်ရမယ်၊ သီတာ မသေသေးဘူး၊ သီတာအသက် ရှင်နေတုန်းဘဲ"

ညသန်းခေါင်လောက်တွင် ကိုအုံ့မောင် အခန်းမှ စူးစူးဝါးဝါး အော်သံကို ကြားရတတ်၏။ အလွန်ပြင်းထန်သော အိပ်ဆေးကို တိုက်လိုက်တော့မှ ကိုအုံ့မောင်က အိပ်ပျော်သွားတတ်ပါသည်။

လွန်ခဲ့သည့် အပတ်ကမူ ကိုအုံ့မောင်သည် ထူးထူးခြားခြား ဒေါက်တာကြည်သာကို စကားစပြောလေသည်။

"ဆရာဆီကို အကူအညီတစ်ခု တောင်းချင်ပါတယ် ဆရာ"

ဒေါက်တာကြည်သာသည် ဤဆေးရုံတွင် ကိုအုံ့မောင်၏ ပထမဆုံးစကားပြောရသူပင် ဖြစ်ပါသည်။

"အာ....တောင်းပါ....တောင်းပါ ကိုအုံ့မောင်၊ ကျွန်တော် ပေးနိုင်တဲ့ အကူအညီကို ပေးဖို့ အဆင်သင့်ပါဘဲ၊ ကဲ....ဆိုစမ်း"

"ကျွန်တော်....စာရွက်နဲ့ ခဲတံလိုချင်ပါတယ်"

"ရပါတယ်....ရပါတယ်၊ ကိုအုံ့မောင် လိုချင်တဲ့ စာရွက်နဲ့ ခဲတံကို ကျွန်တော်ပေးပါ့မယ်၊ ဒါပေမယ့် ကျွန်တော်ပေးတဲ့ဆေးနဲ့ အစားအသောက်ကိုလဲ ဂရုစိုက်ပြီး စားရမယ်နော်၊ ကဲ.... ကြည့်စမ်း၊ ကိုအုံ့မောင်ဘယ်လောက် ပိန်နေပြီလဲ"

ဒေါက်တာကြည်သာသည် ဝမ်းသာသွား၏။ စင်စစ်အားဖြင့်

ကိုအုံ့မောင်သည် သူပြောလိုသောစကား၊ သူ ခံစားရသည့် အကြောင်းအရာများကို ထုတ်ဖော်ရေးသားလိုသဖြင့် စာရွက်နှင့်ခဲတံကို တောင်းခြင်းဖြစ်ကြောင်း ဒေါက်တာကြည်သာ သဘောပေါက်ပါ၏။

ထိုနေ့ကစ၍ ကိုအုံ့မောင်သည် သူ့အခန်းထဲတွင် စာရေးတော့၏။ သို့သော် ရေးပြီးသားစာရွက်တွေကို သူ၏ရင်ဘတ်ထဲတွင် အမြဲတစေ ထိုးသွင်းခဲ့သည်။ မည်သူ့ကိုမျှမပြ။

ယခုတော့ ကိုအုံ့မောင်တစ်ယောက် မရှိတော့ပြီ။ လူ့လောကမှ အပြီးတိုင် ထွက်ခွာသွားခြင်းလည်း ဖြစ်၏။ ယမန်နေ့ညက ကိုအုံ့မောင် သေဆုံးသွားခဲ့သည်။ ကိုအုံ့မောင်၏ အခန်းမှ ဒေါက်တာကြည်သာ ပေးထားခဲ့သော စာရွက်များကို ပြန်လည်တွေ့ရှိခဲ့ခြင်းပင်။

ဒေါက်တာကြည်သာသည် စားပွဲပေါ်တွင် တင်ထားသော စာရွက်များကို ထပ်မံ၍ ဖတ်ကြည့်ရင်း စဉ်းစားနေမိသည်။

မသီတာလှိုင်။

ဦးသက္က။

နွဲ့ယဉ်မြိုင်။

ထိုသုံးဦး၏ ရုပ်သွင်က ဒေါက်တာကြည်သာ၏ စက္ခုအာရုံတွင် ထင်ဟပ်လာရသည်။ စိတ္တဇရောဂါရှင်တစ်ယောက်၏ ခံစားမှုသည် အမှန်ဖြစ်ချင်မှ ဖြစ်ပေမည်။ သို့တစေ ကိုအုံ့မောင်၏ အရေးအသားကပကာတိ ယုံကြည်ဖွယ် ကောင်းလောက်အောင် ရှင်းလင်းပြတ်သားနေပြန်တော့ စဉ်းစားရခက်သည်ပင်။

"ဆရာ"

ဒေါက်တာကြည်သာသည် ဆေးရုံအမှုထမ်း မောင်အေးအသံကြောင့် မော့ကြည့်ဖြစ်သည်။

"ဆုံးသွားတဲ့ ကိုအုံ့မောင် အခန်းထဲက ဖျာအောက်မှာ စာရွက်တွေ တွေ့လာရတယ်ဆရာ၊ ဘာတွေ ရေးထားမှန်းတော့

မသိဘူး"

"ဟော...."

ဒေါက်တာကြည်သာ၏ မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားပါသည်။

"အေး....ပေးစမ်း။ ဖတ်ကြည့်ရအောင်၊ ဒါ အကုန်ဘဲလား"

"အကုန်ဘဲခရာ"

* * *

ကျွန်တော်သည် မြို့င်သာသို့ ပြန်ရောက်ခဲ့ပါသည်။

အိမ်တွင် လူတွေ စုံနေ၏။

ဧည့်ခန်းမဆောင်ထဲတွင် ခုတင်တစ်လုံး ပြင်ထားပါသည်။ ခုတင်၏ အပြင်အဆင်က ပန်းတွေပိတ်ဖြူတွေနှင့် လှပါဘိ။

ထိုခုတင်အထက်ဝယ် အမျိုးသမီး တစ်ယောက် လဲလျောင်းနေပါသည်။ လက်နှစ်ဖက်ကို ဗိုက်ပေါ်ပွင်ယှက်၍ ငြိမ်သက်နေပါသည်။

သီတာသည် ကျွန်တော်နှင့်အတူ လောကကြီးကိုပါအပြီးတိုင် ကျောခိုင်းသွားခဲ့ပြီကော။

"ဒါ....သီတာလေး မဟုတ်လား။ သီတာလေး မဟုတ်လား"

ကျွန်တော်မေးမိသည်။ မည်သူမျှ ပြန်မဖြေကြသော်လည်း ကျွန်တော့်အမေးကို ငြင်းကွယ်လိုဟန် မပြကြ။

မသီတာဆွေမျိုး တသိုက်သည် အလောင်းစင်၏ ဘေးတွင် ဝိုင်းနေကြပါ၏။ သီတာ၏ အဒေါ်သည် ကျွန်တော့်ထံသို့ ရောက်လာပါသည်။

"မင်း နောက်ကျသွားပြီ မောင်အံ့မောင်၊ သီတာ ဆုံးတာ

သုံးရက်ရှိပြီ"

"ဘာရောဂါလဲ"

"ဟိုက်ဘာလပ် သွေးတိုးရောဂါ၊ အခြေအနေ ပြန်ကောင်း နေပြီးတော့မှ ညဥ့်သန်းခေါင်လောက်မှာ ရုတ်တရက် ဆုံးတာ၊ မနက်ကျမှ သီတာဆုံးတာကို သိရတော့တာဘဲ"

ကျွန်တော်သည် သီတာ၏ အလောင်းစင်ဘေးသို့ ထသွားပြီး သူ့မျက်နှာကို မရဲတရဲ ကြည့်လိုက်မိပါသည်။ သီတာမျက်နှာ ကလေးမှာ အိပ်ပျော်နေသော ကလေးငယ်တစ်ယောက်ပမာ အပြစ် ကင်းစင်လှပါဘိ။

"မင်း အချိန်မီရောက်လာတာဘဲ မောင်အုံးမောင်၊ သီတာကို အခုဘဲ သင်္ဂြိုလ်တော့မလို့"

သူတို့သည် သီတာ့ အလောင်းကို မ၍ အခေါင်းထဲသို့ သွင်းလိုက်ကြပါသည်။ ကျွန်တော်အံကိုကြိတ်ထားလိုက်မိပါသည်။

ခေါင်းအဖုံးကိုသံနှင့်ရိုက်၍ ပိတ်လိုက်သံနှင့်အတူ ‘စူးရှစွာ ငိုလိုက်သံ ကျိတ်မှိတ်၍ ရှိုက်ငိုသံတွေက ကျွန်တော့်နားဝသို့ ပြန့်လွင့် လာပါသည်။

သီတာ့ ဆွေမျိုးတစ်သိုက်ပင်။

ကျွန်တော်သည် အားရပါးရဟစ်၍ ရယ်မောပစ်လိုက်ချင် သည်။ သို့ရာတွင် ကျွန်တော် လိုအင်ဆန္ဒကို ကျွန်တော့်ခန္ဓာကိုယ်က မလိုက်လျောမိပါ။

ကျွန်တော့် မျက်နှာသည် ကြေကွဲဝမ်းနည်းမှု၏ အခေါင် အဖျားသို့ ရောက်နေလေဟန်၊ ကျွန်တော်အမူအသွင်သည် ညှိုးငယ် နွမ်းလျနေဟန်။

"သိပ်လဲ စိတ်ထိခိုက်မနေပါနဲ့ မောင်အုံးမောင်ရယ်၊ သခါ ရဘဲ၊ တရားနဲ့သာ ဖြေပေတော့"

မသီတာ၏ အဒေါ်က ကျွန်တော့်ကို နှစ်သိမ့်နေပြန်ပါသေးသည်။

"ကဲ....မောင်အုံ့မောင်၊ ခေါင်းရင်းဘက်ကမ"

ကျွန်တော်သည် သီတာ လဲလျောင်းနေသော လူ့သေခေါင်း၏ ခေါင်းရင်းကထမ်း၍ အလောင်းကို အိမ်ပြင်သို့ ထုတ်ခဲ့ပါသည်။ သီတာ့အလောင်းသည် လေးလွန်းလှသည်ဟု ထင်မိပါသည်။

အသုဘရှုလူအုပ်သည် ပကတိ ငြိမ်သက်စွာ ရပ်ကြည့်နေပါသည်။

အိမ်ပေါက်မှ အထွက်တွင် ကျွန်တော့် တစ်ကိုယ်လုံး သိမ့်သိမ့်တုန်အောင် လှုပ်ရှားသွားရပါသည်။ ထမ်းထားသောအခေါင်းကို လွတ်ကျမသွားစေရန် အလွန်အမင်း ထိန်းသိမ်းလိုက် ရပါသည်။

အသံ။

မသီတာ၏အသံ။

ဟုတ်သည်။ ခေါင်းထဲမှ မသီတာ၏ ညည်းတွားသံကို ကျွန်တော်ဝိုးတဝါး ကြားလိုက်မိသည်။

ကျွန်တော်သည် နားကိုခေါင်းနှင့်ကပ်၍ အသေအချာ အာရုံစိုက်ပြီး နားထောင်လိုက်ပါသည်။ မသီတာ၏ တိုးညှင်းစွာ ပြောဆိုသံက ကျွန်တော့်နားထဲသို့ တိုတိပပ ဝင်လာပြန်၏။

"ဖွင့်ပေးပါ ကိုရယ်၊ သီတာလေးမွန်းလှပြီ"

ကျွန်တော် ခေါင်းထဲတွင် မိုက်ကနဲ ဖြစ်သွားကာ မျက်လုံးတွေက ပြာဝေသွားသည်။

"မောင်အုံ့မောင်၊ သတိထား....သတိထား"

တစ်စုံတစ်ယောက်က ကျွန်တော်အား လာရောက် တွဲလိုက်သဖြင့်သာ လဲကျမသွားခြင်းပင်။

"မင်း သိပ်စိတ်ထိခိုက်နေပြီ၊ ဒို့ကြည့်လုပ်မယ်၊ ဖယ်....

ဖယ်''

''မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျုပ် စိတ်ထိခိုက်တာ မဟုတ်ဘူး အထဲမှာ သီတာအသက် ရှင်နေသေးတယ်၊ ကျုပ် သီတာ့အသံကို ကြားရတယ်''

ကျွန်တော်က အော်ဟစ်ပြောဆို လိုက်မိပါသည်။ သို့သော် ကျွန်တော်အသံက လည်ချောင်းတွင် တစ်ဆို့ပျောက်ကွယ် သွားပါသည်။

သီတာနှင့် ဆွေမျိုးနီးစပ် တော်သူတစ်ဦးက ခေါင်းကို ကျွန်တော်လက်မှပြောင်းယူ၍ အသုဘယာဉ်ထက်သို့ တင်လိုက်သည်။

ကားတွေ စီတန်း၍ မြိုင်သာသင်္ချိုင်းသို့ ထွက်ခဲ့ကြသည်။ ကျွန်တော့် ရင်တွေပူလောင်နေပါပြီ။ သီတာ၊ မသီတာကို အရှင်လတ်လတ် မြေမြှုပ်ကြတော့မှာပါကလား။

ကားတန်းသည် မြိုင်သာ သင်္ချိုင်းဝ၌ ရပ်လိုက်ကြသည်။ ခေါင်းကို အကွင်းသို့ မ ယူသွားကြ၏။ သရဏဂုံတင်ကြသည်။ ဖိုကြသည်။ ဟစ်အော် ရှိုက်ငိုကြသည်။ သည်အသံတွေကို သီတာ ကြားပေလိမ့်မည်။ သို့ရာတွင် သူမ၏ ခန္ဓာကိုယ်က ရန်း၍ မရသဖြင့် သာ ငြိမ်နေရမည် ဖြစ်သော်လည်း သိရှိနေပေလိမ့်မည်။

သို့ရာတွင် မည်သို့ပင် ခံစားနေရပါလိမ့် မြိုင်သာသင်္ချိုင်းတွင် ဒေါက်တာကျော်ဝသည် မသီတာသေဆုံးကြောင်း အတည်ပြုပြော ဆိုခဲ့သည်။ ဆေးပညာသဘောအရ နှလုံးသွေးရပ်သွားလျှင် သေပြီ ဟု မှန်ပေမည်။

ရောဂါအမည်ကလည်း ဟိုက်ဘာလပ်ခေါ် သွေးတိုးရောဂါ သည်ရောဂါမျိုးမှာ အခန့်မသင့်လျှင် နေရင်းထိုင်ရင်း ရုတ်တရက် သက်ထွက်သွားတတ်သည်။

မသီတာတွင် သွေးတိုးရောဂါ ရှိနေခဲ့သည်ကို ကျွန်တော် သိရှိပါသော်လည်း မသီတာ သေဆုံးရသည်ကို ကျွန်တော် လက်မခံနိုင်ပါ။ မသီတာသည် အချိန်အကာနှုအသတ်နှင့် နှလုံးသွေးရပ်နေသည် ဟုပင်ယတိပြတ် ယူဆလိုက်မိပါသည်။

ခုနှစ်ရက်၊ ရှစ်ရက် အသေကောင်လို မေ့မြောနေသော ထူးဆန်းသည့် အဖြစ်အပျက်များကို ကျွန်တော်ကြားဖူးသည်။ ဖတ်ဖူးသည်။

ယခု မသီတာ မသေ။ ဒါကို ကျွန်တော်သည် ဘာကြောင့် ပတ်ဝန်းကျင်အား မပြောပြနိုင်ရပါသနည်း။

"ဖွင့်ပေးပါကိုရယ်၊ သီတာလေး မွန်းလှပြီ" ဆိုသော သီတာ၏ စကားသံကို ကျွန်တော်တိတိကကကြားခဲ့ရလေသည် မဟုတ်လော။

မသီတာ့အလောင်းကို ငုဝါပင်ခြေရင်းစုံတွင် ချလိုက်ကြ၏။ ပင်ခြေတွင် ခြောက်ပေနက်သော တွင်းတစ်တွင်းက အဆင်သင့် တူးထား၏။

ဝါရွှေသော ငုပွင့်လွှာသည် မြေကျင်းထဲသို့ တဖြုတ်ဖြုတ် ကြွေကျနေပါသည်။ ထိုအတူ မသီတာ၏အလောင်းကို မြေကျင်းထဲသို့ ချလိုက်ကြပါသည်။

"ကိုကို ခွင့်လွှတ်ပါ မသီတာ၊ သီတာ့ကို အရှင်လတ်လတ် မြေမြှုပ်ပစ်နိုင်လောက်အောင်ကိုမမုန်းသေးပါဘူး။ ဒါပေမယ့်...."

ကျွန်တော်သည် တိုးညှင်းစွာ ညည်းညူရင်း မြေစိုင်မြေခဲများကို မသီတာ၏ အခေါင်းပေါ်သို့ ဖို့ချလိုက်ပါသည်။

* * *

ညဉ့်သည် အမှောင်နှင့် ဆိတ်ငြိမ်မှုကို ဖန်းတီးထားပါသည်။ လောကသည် အိပ်မောကျနေကုန်ဟန်ရှိသည်။ သို့တစေ

သည့်လောကတွင် ကျွန်တော်မပါဝင်သည့်အလား။ အိပ်ချင်သည့် စိတ်လည်း မရှိ၊ အိပ်၍လည်း ရနိုင်ကောင်းသည့်မထင်။

ကျွန်တော်စိတ်အလျဉ်သည် မြိုင်သာ သချိုင်းသို့သာပြန်လွင့်နေပါသည်။

မသီတာ လဲလျောင်းနေသော လှူသေခေါင်းဆီသို့သာ ရောက်ရှိနေပါသည်။

မသီတာသည် မေ့မြောနေရာမှ ပြန်လည် သတိရလာသည် ရှိသော် မှောင်မိုက်သော လှူသေခေါင်းထဲတွင် မလှုးသာမလွန့်သာ ပိတ်မိနေရှာမည်ကို နှလုံးသွေးပျက်မတတ်တွေ့ကြုံခံစား ရပေမည်။ ရုန်းကန် လှုပ်ရှားမည်။ မွန်းကျပ် ပိတ်ဆို့နေရှာမည်။

''ဖွင့်ပေးပါ ကိုရယ်၊ သီတာ မွန်းလှပြီ''

မသီတာ၏ ခပ်သောင်းပန်သံ တိုးတိုးလေး ကျွန်တော်နားထဲပြန်လည် ကြားယောင်လာပြန်သည်။

မသီတာ၏ အသံသည် တိုးရာမှတဖြည်းဖြည်း ကျယ်လောင်လာ၏။ စူးစူးဝါးဝါး အော်ဟစ်ညည်းတွားသံသည် ကျွန်တော် နှလုံးသားထဲသို့တိုင် ထိုးဖောက် စူးဝင်လာသကဲ့သို့ ခံစားလာပါ၏။

''သီတာ့ကို ဖွင့်ပေးပါ၊ သီတာ မသေသေးပါဘူး။ သီတာ့ကို ကယ်ကြပါအုံး''

ကျွန်တော်သည် လက်နှစ်ဖက်နှင့် နားကိုပိတ်လိုက်ပြီး အိပ်ခန်းထဲမှ ပြေးထွက်ခဲ့ပါသည်။ တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ကျွန်တော်သည် ခြံထောင့်ရှိကိုဒေါင်ထဲမှ ပေါက်ပြားတစ်လက်၊ သံတူရွင်းတစ်ချောင်းနှင့် ကြိုးခွေကို ယူလိုက်ပြီး ခြံအပြင်သို့ ထွက်ခဲ့ပါသည်။

ကျွန်တော် ဦးတည်ချက်ကား မြိုင့်သာသချိုင်းဆီသို့သာ

ဖြစ်သည်။

* * *

မသီတာ၏ မြေပုံ မှိုမှိုကို မှုန်မွှား ဝေသီသော လရောင်အောက်တွင် တွေ့ရပါသည်။

ကျွန်တော်သည် လက်နှိပ်ဓာတ်မီးကို ဖွင့်လိုက်ပါ၏။ 'မသီတာလှိုင်၊ သက်(၂၅) နှစ်' ဟူ သော မြေပုံမှတ်တိုင်ကလေးက ဝင်းလက်သော မီးရောင်တန်းရှေ့တွင် ပေါ်လာ၏။ ထိုအတူ ကျွန်တော့်ရင်တွင် နာကျင်လာပါသည်။

အချိန်မှာ ညဉ့်သန်းခေါင်ကျော်ပေပြီ။ ကျွန်တော်လုပ်ဆောင်ရန် လေးနာရီခန့် ကျန်ပေသေးသည်။ ကျွန်တော်သည် မသီတာ၏ မြေပုံကို ပေါက်တူးဖြင့် စတင်တူးဖော်ခြင်း ပြုရတော့သည်။ မြေပုံမှာ နေ့လည်ကမှ မြှုပ်ထားသဖြင့် မြေက ကျစ်လစ်မာပြင်းခြင်း မရှိသေးချေ။

သို့သော် ကျွန်တော့်တစ်ကိုယ်လုံး ချွေးစက်တို့ဖြင့် စေးကပ်လျက်ရှိပေပြီ။ လေးဆယ့် ငါးမိနစ်ခန့် တူးဖော်လိုက်သည် ဆိုလျှင်ပင် ခေါင်းက ပေါ်လာတော့သည်။ ကျွန်တော်သည် မသီတာခေါင်းကို ကြိုးနှင့် သိုင်း၍ ခက်ခက်ခဲခဲ ဆွဲတင်နိုင်ခဲ့ပါသည်။

ကျွန်တော့်အသက်ရှူသံက မောဟိုက် ပြင်းထန်၍ နေပေပြီ။ သို့တစေလည်း ကျွန်တော့်တွင် နားနေနိုင်လောက်အောင် အချိန်က ရှိမနေပါ။

ကျွန်တော်သည် ခေါင်းအဖုံးကို သံတူရွင်းပြားနှင့် ကလန့်ထိုးခွာလိုက်သည်။ ရိုက်ထားသော သံများက တကျွိကျွိမြည်ရင်း ကွာထွက်လာပါသည်။

သည်တွင် အနံ့အသက်များက ကျွန်တော့်နှာဝသို့ ပြန့်လွင့်

လာပါသည်။ မသီတာ အမြဲတစေ သုံးလေ့ရှိသော ဂိုယာနံ့ပါတ်-၅ ရေမွှေးနံ့နှင့် ရောထွေးနေသော သွေးညှီနံ့ပင်။

မြေပေါ်သို့ လှန်ချလိုက်၏။ ပြီး လက်နှိပ်ဓာတ်မီးဖြင့် ခေါင်းအတွင်းသို့ ထိုးကြည့်လိုက်သည်။

"အား...."

ကျွန်တော့် ပါးစပ်မှ စူးစူးဝါးဝါး အသံတစ်ချက်ထွက် ပေါ်သွားသလို နှလုံးသားတွေ ပြုတ်ကြွေတော့မတတ်တုန်လှုပ် ချောက်ခြားသွားပါသည်။

သို့သော် ကျွန်တော်သည် မသီတာ၏ အခေါင်းဘောမှ ထ၍ မပြေးဖြစ်ခဲ့။ မည်သည့်အတွက်ကြောင့် မပြေးဖြစ်သည်ကိုတော့ ကျွန်တော်ကိုယ်တိုင် မတွေးတတ်ပါ။

ဟုတ်သည်။ မသီတာ မသေပါ။

မသီတာသည် ခေါင်းသွင်း၍ မြေမြှုပ်ခံရသည်အထိ မသေ ခဲ့သေးပါ။

မသီတာ၏ မျက်စိအစုံသည် ကျွတ်ကျမတတ် ပြူးထွက်နေ ၏။ တင်းကြပ်စွာ စေ့ထားသော ပါးစပ်အတွင်းမှ သွေးစေးများက ထွက်ကျ ခြောက်သွေ့နေသည်။ မသီတာ၏ ချွန်ထက်သော လက်သဲများမှာ ခေါင်းအဖုံးကို ကုတ်ခြစ်ထားသဖြင့် သွေးစိမ်းရှင်ရှင် ထွက်၍ ပွဲရွဲနေပါသည်။

ကြောက်လန့်တကြီး ရုန်းကန်ထားသဖြင့် မသီတာ၏ အနေ အထားက ပျက်ယွင်းနေပေသည်။ မသီတာသည် သေခြင်းကို နောက်ဆုံးအချိန်အထိ အကြောက်အကန် ရင်ဆိုင်သွားရဟန် ရှိသည်။ မသီတာသည် မြေမြှုပ်ပြီးချိန်တွင် လှုပ်ရှားနိုင်လောက်အောင် သတိ ရလာခဲ့ပုံရပါသည်။

ယခုတော့ မသီတာ အကယ်စင်စစ် သေခဲ့ပါပြီ။ မသီတာ

သည် အဆိုးရွားဆုံး သေခြင်းမျိုးနှင့် သေခဲ့ရခြင်းပင် ဖြစ်ပါသည်။

ကျွန်တော် အံ့ညြရ၏။

ကျွန်တော် သတ်ခဲ့စဉ်က မသီတာသည် အဘယ့်ကြောင့် မသေခဲ့ရသနည်း။ စင်စစ်အားဖြင့် မသီတာအား ကျွန်တော်ကိုယ်တိုင် သေအောင်သတ်ခဲ့လေသည် မဟုတ်လော။

ကျွန်တော်သည် လွန်ခဲ့သော သုံးရက်က မြို့င်သာယာသို့ ရောက်ခဲ့သည်။ ကျွန်တော်၏အိမ်သို့ ညသန်းခေါင်တွင် နောက်ဖေး မလွယ်ပေါက်မှ ဝင်ရောက်နိုင်ခဲ့ပြီး အိပ်ခန်းထဲ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့သော မသီတာ၏ မျက်နှာကို ခေါင်းအုံးဖြင့် ဖိ၍သတ်ခဲ့ လေသည် မဟုတ်ပါလော။

မသီတာသည် လူးလွန့် လှုပ်ရှားရာမှ အသက်ရှူရပ်၍ ငြိမ်သက်သွားခဲ့ရသည်။

သုံးရက်ခန့် အကြာတွင် ကျွန်တော်သည် နောင်လိုင်မှ ပြန် လာသည့်ဟန်ဖြင့် အိမ်သို့ပြန်ရောက်လာတော့....။

မသီတာ့ အလောင်းစင်က ပြင်နှင့်လေပြီ။

အကယ်စင်စစ်အားဖြင့် မသီတာကို သတ်ရသည်အထိတော့ မေတ္တာကလျော့နည်းသွားသည် မဟုတ်ပါ။ မသီတာကိုချစ်လျက်နှင့် သတ်ခဲ့ရခြင်း ဖြစ်ပါသည်။

ထိုညက မသီတာအလောင်းအား ပြန်လည် မြှုပ်နှံခဲ့ပြီး အိမ်သို့ ပြန်ခဲ့ပါသည်။ ထိုစဉ်မှစ၍ ကျွန်တော့်မှာ အိပ်မပျော်သော ရောဂါစတင်စွဲကပ်လာခဲ့ပါသည်။

ကျွန်တော် အလွန်အမင်း အိပ်ချင်ပါသည်။ သို့ရာတွင် အိပ်ရန် လဲလျောင်းလိုက်တိုင်း မသီတာ၏ အော်ဟစ်ညည်းတွားသံက ကျွန်တော့် နားထဲသို့ စူးစူးဝါးဝါး တိုးဝင်လာပါသည်။

"သီတာ့ကို ဖွင့်ပေးကြပါ။ သီတာ မသေသေးပါဘူး။ သီတာ့

ကို ကယ်ကြပါအုံး"

မသောဘဲ မြေမြှုပ်ခံရသော သီတာ့ကို ကျွန်တော်ပြန်လည်၍ သနားမိပါသည်။

သီတာ့ကို သတ်ခြင်းအကြောင်းအရင်းမှာ တတိယမြောက် မှဲ့တလုံး၏ တည်နေရာကို ဦးသက္ကဆိုသည့် လူသတ်သမား သိသွားသည့်အတွက်ပင် ဖြစ်ပါသည်။

သည့်အတွက် ကျွန်တော်လက်စားချေရပါဦးမည်။ ကျွန်တော်ချစ်သော မသီတာလှိုင်၏ တတိယမြောက် မှဲ့နက်တစ်လုံး၏ တည်နေရာမှာ....။

* * *

ဒေါက်တာကြည်သာသည် ဖတ်နေသော စာရွက်များကို ဒေါသတကြီး ပစ်ချလိုက်မိ၏။ ကိုအုံ့မောင်၏စာက သည်နေရာတွင် ဆုံးလေသည်။ စင်စစ်အားဖြင့် ဆက်ရေးလိုဟန်ရှိသော်လည်း စာရွက်ကမဆန့်၊ ရေးစရာ နေရာကလည်း မရှိတော့ပြီ။

ကိုအုံ့မောင်သည် စာမျက်နှာ နှစ်ဘက်စလုံး အသုံးပြု၍ စာရွက်ပြည့်မျှ ရေးသွားပါသည်။ ဒေါက်တာကြည်သာ၏ရင်တွင် အလုံးအခဲဖြစ်၍ ကျန်ရစ်ခဲ့ပါ၏။

ကိုအုံ့မောင် ရေးခဲ့သည့်အကြောင်းအရာများမှာ အမှန်ပေလော။

စိတ္တဇ ဝေဒနာရှင်တစ်ယောက်၏ ဖွင့်ဟချက်ကို အမှန်ဟု ဝန်ခံရန် ခဲယဉ်းပါသည်။ အဖြစ်အပျက်မှာ ယုံကြည်ရန် မလွယ်ကူလှ။

ဒီသံသယကိုတော့ ဒေါက်တာကြည်သာ ရှင်းရမှ ကျေနပ်ပါလေမည်။

ဒေါက်တာကြည်သာသည် မြို့သာရဲစခန်းသို့ တယ်လီဖုန်း ဆက်လိုက်ပါ၏။ အဆင်သင့်ပင် သူ၏ မိတ်ဆွေဖြစ်သော လုံခြုံရေး

မှူးညွန့်ခင်ကို တွေ့ရလေသည်။

"ညွန့်ခင်ရေ ကိုယ် ရန်ကုန်က ကြည်သာပါ။ မင်းတို့မြို့နဲ့ ပတ်သက်ပြီး ကိုယ်တစ်ခုမေးချင်လို့"

သည်တွင် လုံခြုံရေးမှူး ညွန့်ခင်က ဝမ်းသာအားရ ပြန်လည်း ဖြေကြားခဲ့ပါသည်။

"အား....ကြည်သာလား။ ဆိုစမ်း။ မင်းက ထူးထူးခြားခြား ဖုန်းမဆက်စဖူး ဆက်လို့၊ ကဲ....မင်းဘာသိချင်သလဲ"

"မင်းတို့မြို့သာမှာ ဦးသက္ကဆိုတာ ရှိသလား။ ငါ သူ့ အကြောင်း နည်းနည်းပါးပါး သိချင်တယ်"

"ဟော.........မင်းက ဒီလူအကြောင်းမှ သိချင်တာကို။ မင်း သိချင်တဲ့လူ အခုသေပြီကွ၊ မြို့သာ အရှေ့ဘက်က မယ်ညိုတောင် ခြေမှာ တောလိုက်ရင်း ဝက်ပက်ခံရတယ်ပြောတာဘဲ ဒါပေမယ့် ဒို့ ရဲအဖွဲ့က သွားစစ်ဆေးတော့ ဝက်ပက်ခံရတာ မဟုတ်ဘဲ လူသတ်ခံ ရတာလို့ ယူဆတယ်ကွ၊ ဒီကေ့စ်ကို ကိုယ်ဘဲကိုင်တယ်"

"ဟော...."

ဒေါက်တာကြည်သာ၏ အသံက မပုံးနိုင်၊ မဖိနိုင် ထွက်သွား သည်။

"မင်းက ဒီလူနဲ့ ဘယ်လို ပတ်သက်နေလို့လဲ ကြည်သာ၊ သူသေတာတစ်လခွဲလောက်ရှိနေပြီ"

"ဪ....ဪ....ဘာမှ မဟုတ်ပါဘူးကွာ၊ ဒါပဲဟေ့"

ဒေါက်တာကြည်သာသည် တယ်လီဖုန်းခွက်ကို စိတ်ပျက် လက်ပျက် ပစ်ချလိုက်မိပါ၏။

ထို့အပြင် သူ ဘာများတတ်နိုင်ဦးမည်နည်း။

* * *

## နားထိုးလည်းမျှ ပါးရိုက်ခြင်း

### (တစ်)

လရောင်သည် မှုန်ရီ ပိုးဝါးလျက်ရှိ၏။

အုံ့ဆိုင်းနေသော မိုးသားတိမ်ရိပ်များကြောင့် ပတ်ဝန်းကျင်မှာ ပီပီပြင်ပြင် မမြင်နိုင်ချေ။

ကျွန်တော်သည် ဂျစ်ကားကို လိမ့်ရုံမျှသာ မောင်းယူခဲ့မိသည်။ ကား၏ နောက်ခန်းတွင်း၌တော့ လူကောင်းသီ၏ အသွင်သဏ္ဍာန်က ငြိမ်ငြိမ်သက်သက်ပင် လိုက်ပါလာခဲ့ပေသည်။ သူ၏ မက်မောဖွယ်ရာ ခန္ဓာကိုယ်အား ကျွန်တော်က ဂုန်နီအိတ်ကြီး တစ်လုံးဖြင့် ထိုးသိပ်ထည့်လာခဲ့ခြင်းပင်။ ဝေးဝေး လံလံတော့မဟုတ်ချေ။ ဖမ္မူရွာအခြိကြီးနှင့် တစ်ခေါ်လောက်သာဝေးသော ကန်ရေစပ်သို့သာတည်း။

မည်းမှောင်နေသော ကုက္ကိုပင်ခြေ၌ ကားစက်ကို ရပ်ပစ်လိုက်သောအခါ ပတ်ဝန်းကျင်သည် တစပြင်အလား ငြိမ်သက်တိတ်ဆိတ်နေတော့၏။ ကျွန်တော်သည် ပျော့အိနေသော ဂုန်နီအိတ်ကြီးအား ကား၏ နောက်ခန်းအတွင်းမှ ဆွဲချလိုက်၏။ လက်များက မကြံ့ဖူးအောင်ပင် တုန်ယင်နေပေသည်။ ပတ်ဝန်းကျင်၏ ခြောက်လှန့် မှုကြောင့်ဖြစ်ပေမည်။

ကျွန်တော်က စိတ်ကိုတင်း၍ ဂုန်နီအိတ်ကြီးအား ထမ်းပြီး

ကန်ရေစပ်သို့ ဆင်းခဲ့၏။

လေသည် ငြိမ်သက်လျက်ပင်။ ထီလာကန် ရေပြင်၏ အပေါ် လွှာသည် ခဲသားပြင်ကဲ့သို့ တင်းလျက်ရှိ၏။ ကျွန်ုပ်တော်က အိတ်ကို ဖွင့်၍ ဂဝံကျောက်ခဲကြီး ၃ လုံးအား ထပ်မံဖြည့်လိုက်၏။ ဤအလေး ချိန်က လူကောင်အား ဆွဲချထားပေလိမ့်မည်။

ကန်ရေစပ်၌ လှေငယ်တစ်စင်းက အဆင်သင့်ရှိနေခဲ့၏။ ဤကမ်းစပ်ဝယ် တံငါလှေငယ်များ ဆိုက်ကပ်ထားလေ့ရှိကြောင်း ကို ကျွန်ုပ်တော်ကြိုတင်သိရှိပြီးဖြစ်သည်။ သည့်နောက်တွင် လုပ်ငန်း ပိုင်းက လွယ်ကူလှတော့၏။ ဂုံနီအိတ်ကြီးအား လှေငယ်နှင့် တင် ဆောင်၍ ကန်အတွင်းသို့ နစ်မြှုပ်လိုက်ရန်သာ ရှိတော့၏။

အလှအပများဖြင့် ပြည့်သိပ်နေသော လူကောင်၏ ခန္ဓာကိုယ် ကြီးအား ကန်ရေပြင်၏ နက်ရှိုင်းသော နေရာတွင် တွန်းချလိုက်၏။ လှေငယ်သည် လှုပ်လှုပ်ရှားရှားလွန်းသဖြင့် အတွင်းသို့ ရေများဝင်လာတော့၏။ မနစ်မြုပ်သွားသည်ကို ကျေးဇူးတင်ရပေမည်။ ကျွန်ုပ်တော်က ကမ်းစပ် သို့ ခက်ခက်ခဲခဲပင် လှော်ခတ်၍ ပြန်လာနိုင်ခဲ့၏။

မိုးရေများက တဖွဲဖွဲကျရောက်လာသည်။ ကျွန်ုပ်တော်က ဂျစ်ကားကို ဗျူးရားခြံကြီးထဲသို့ မောင်းဝင်ခဲ့၏။ မြို့တံခါးသည် ပွင့်နေ ဆဲပင်။

ထူထဲသော တံခါးဝမှ ကြေးဝါသော့ခလောက်ကြီးအား ဖွင့်လိုက်သောအခါ အိမ်ကြီး၏ ဘေးတစ်ဖက်မှ နာနာကြည်းကြည်း အူလိုက်သော ခွေးနက်ကြီး၏ အသံကြောင့် တစ်ကိုယ်လုံး ဖိန်းသွား၏။ ကျွန်ုပ်တော်က မည်းမှောင်နေသော အိမ်ကြီးထဲသို့ ခုန်ဝင်လိုက်ပြီး တံခါးကို အသေအချာ ပြန်ပိတ်လိုက်သည်။ ထို့နောက် မီးလင်းခလုတ် ကို စမ်း၍ ဖွင့်လိုက်သော်လည်း အလင်းရောင်က ထွက်ပေါ်မလာချေ။ ဓာတ်အားပေးစက် ပျက်နေပာန်ရှိ၏။

ခန္ဓာကိုယ်မှာ အလွန်အမင်း နွမ်းနယ်နေပေပြီ။ ဆိုဖာကြီးပေါ်၌ ကိုယ်ခန္ဓာအား ဖြေလျှော့မိလိုက်သောအခါ လှကေသီ၏ အသွင်သဏ္ဌာန်က မျက်စိထဲပေါ်လာတော့သည်။ သူမက လှလှပပတော့မဟုတ်ချေ။ ပြူးအစ်နေသော မျက်လုံးကြီးနှင့် စိုက်ကြည့်၍ ချွန်ထက်သော လက်သည်းများက ကျွန်တော့်လည်ပင်းအား ကုတ်ဖွဲ့နေသကဲ့သို့ပင်။ ကျွန်တော်ကလည်း လည်ပင်းအားယောင်၍ စမ်းကြည့်လိုက်၏။ လှကေသီ၏ လက်သည်းရာများက အသေအချာပင်ရှိနေခဲ့ပေသည်။

မိုးကသဲသဲမဲမဲ ရွာချလာတော့သည်။ လျှပ်စီးရောင်များမှာ မှန်ပြတင်းမှ တဖျပ်ဖျပ် တိုးဝင်လာတော့သည်။ ပြင်းသော မိုးချုန်းသံနှင့်အတူ ကျွန်တော်၏ တစ်ကိုယ်လုံး တောင့် တင်း အေးစက်သွားတော့၏။ ဝင်းလက်သော လျှပ်စီးရောင်များကြောင့်ကို အသေအချာပင် တွေ့လိုက်ရသည်။ ဖွာလန်ကြဲနေသော ဆံပင်များက သူမျက်စိကို ဖုံးအုပ်နေခဲ့၏။

ဤခေါင်းကြီးသည် ကျွန်တော့်အား မှန်ပြတင်းမှ စောင့်ကြည့်နေပေပြီ။

ကျွန်တော်က အိမ်ကြီးပေါ်သို့ ပြေးတက်ခဲ့၏။ အိပ်ခန်းတွင်း၌တော့ လှကေသီတစ်ယောက်က ရှိမနေခဲ့ပါချေ။ သို့ရာတွင် ကျွန်တော်၏ စိတ်တွင်မူ ဤအိမ်ကြီး၏ တစ်နေရာရာ၌ လှကေသီတစ်ယောက်ရှိနေဦးမည်ဟု ခိုင်ခိုင်မာမာပင် စွဲလမ်းလျက်ရှိ၏။

ဤအစွဲအလမ်းသည် အိပ်ပျော်ခြင်းသို့တိုင်ပင် မရောက်နိုင်အောင် ဖမ်းစားထားခဲ့၏။ ကျွန်တော်က အိပ်ဆေးပြားကို မျိုချ၍ ခုတင်ပေါ်သို့ ပစ်လှဲလိုက်၏။

နောက်တစ်နေ့နံနက် ခုနှစ်နာရီခန့်တွင် ကျွန်တော်၏ ဖျော့ဖျား တိုက်ထဲသို့ အကျွမ်းတဝင်မရှိလှသော လူစိမ်းများက ရောက်ရှိလာ

ကြတော့၏။ ခေါင်းဆောင်လုပ်သူမှာ ခြောက်လုံးပြူးသေနတ်ကို ခါးတွင် ချိတ်ဆွဲထား၍ ငွေရောင် သပြေခက်တစ်ခက်ကို ပခုံးထက်တွင် တပ်ဆင်ထား၏။ ဒုရဲအုပ်တစ်ယောက်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပင် ဖြစ်ပါသည်။

'ကျွန်တော် ဒုရဲအုပ်ကျော်လွင်ပါခင်ဗျာ'

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်က ယဉ်ယဉ်ကျေးကျေးပင် မိတ်ဆက်တော့၏။

'ကိစ္စကို သိပါရစေမောင်'

ကျွန်တော်က ၎င်းအဖွဲ့အား ဧည့်ခန်း၌ နေရာချထားပေးရင်း မေးလိုက်၏။

'ဦးရဲ့နာမည်က ဦးဘရှား ဟုတ်ရဲ့လား ခင်ဗျာ'

'ဟုတ်ပါတယ် မောင်၊ ကျုပ်နာမည်က ဦးဘရှားပါ။ အခုရင်တုန်းကတော့ ဇမ္ဗူရှားကုမ္ပဏီပိုင်ရှင်ပါပဲ'

'ကိစ္စကတော့ ဦးရဲ့ဇနီး ဒေါ်လှကေသီနဲ့ ခေတ္တ တွေ့ပါရစေဦး ခင်ဗျာ'

ကျွန်တော် ရင်ထဲက သိမ့်ကနဲ တုန်လှုပ်သွားတော့၏။

'အကြောင်းကကောကွယ်'

'ဒါကတော့ ဒေါ်လှကေသီနဲ့ တွေ့မှဖြစ်ပါလိမ့်မယ်ဦး'

ကျွန်တော်က အသံမတုန်အောင် ကြိုးစား၍ ပြောရလေတော့၏။

'ဒီလိုကွယ့်၊ အသီက မနေ့ကမနက်ကပဲ တောင်ကြီးမှာ ရှိတဲ့ ဆွေမျိုးများဆီ အလည်သွားခဲ့ပါတယ်၊ ဦးကတော့ သိပ်နေမကောင်းတာနဲ့ လိုက်မသွားနိုင်ပါဘူးကွယ်'

ဒုရဲအုပ် ဦးကျော်လွင်က ကျွန်တော့်စကားများကို ယုံကြည်ဟန်မတူပေ။ ကျွန်တော်က ငွေစီးကရက်ဗူးအား ဦးကျော်လွင် ရှေ့သို့

ထိုးပေးလိုက်ရင်း.....

'အသီနဲ့ ပတ်သက်ပြီး အထူးကိစ္စများ ရှိနေလို့လား။ မောင် အယ်.... မောင်ကျော်လွင်၊ ဦးနဲ့ မပြီးနိုင်ဘူးလားကွယ်။

'ရှိနေပါတယ်ဦး။ ကျွန်တော်တို့မှာက တာဝန်ရှိနေတော့ ဦးကိုအားနာ.....'

ဦးကျော်လွင်က စကားကိုဖြတ်ထား၍ စီးကရက် တစ်လိပ်ကို မီးညှိလိုက်၏။ သူ၏ မျက်နှာအမူအရာမှာ တစ်စုံတစ်ခုသော အကြောင်းအရာကို အပြောရခက်သည့် အသွင်က အပြည့်အဝ ဆောင်လျက်ရှိ၏။

'အသီ့မှာ အန္တရာယ်တစ်ခုခုနဲ့ ကြုံတွေ့နေလို့လားကွယ်၊ ဦးကို အားမနာပါနဲ့၊ ပြောသာပြောပါ'

'ဒီလိုပါဦး မနေ့ညက ဆယ့်နှစ်နာရီလောက်မှာ ဦးရဲ့ ဖမ်းရေး ခြံထဲက ဂျစ်ကားတစ်စီး မောင်းထွက်သွားပါတယ်၊ ကားပေါ်မှာတော့ ဒေါ်လှကေသီပါသွားတယ်လို့ ယူဆရပါတယ်ဦး။ ဒါပေမယ့် အသက် ရှင်လျက်တော့ ဟုတ်မယ်မထင်ပါဘူး'

ဦးကျော်လွင် စကားများကြောင့် တုန်လှုပ်သွားသော ကိုယ်ခန္ဓာအား ကူနွေမပျက်အောင် ကြိုးစားထိန်းသိမ်းလိုက်ရ၏။

'အလို..... ဘုရား..... ဘုရား။ မဖြစ်နိုင်တာပဲကွယ်၊ မနေ့ညက ဒီအိမ်မှာ ဦးတစ်ညလုံးရှိနေတာပဲ၊ ဦးရဲ့ဂျစ်ကားလဲ တိုက်ရှေ့ ဆင်ဝင်အောက်မှာ တစ်ညလုံး ရပ်ထားတာပဲဟာ'

ကျွန်တော်က အုံ့အားသင့်စွာ ပြောဆိုသော်လည်း ဦးကျော်လွင်သည် ကျွန်တော့်အား သက်မကင်းသော အမူအရာအယာ ဖြင့် အကဲခတ်လျက်ရှိ၏။

'ဟုတ်ပါတယ်ဦး။ အဲဒီကားဟာ ဒီအိမ်က ဝေးဝေးမသွားနိုင်ပါဘူး။ ပေဘာဟိုကန်စပ် ကုက္ကိုပင်အောက်မှာ ရပ်ပြီး ဒေါ်လှကေသီ

လိုယူဆရတဲ့ အလောင်းကို ကန်လယ်မှာ လှေနဲ့သွားပြီး ချခဲ့ပါတယ်'

'အလို.....မောင်က သေချာလှချည်လားကွဲ့၊ ဦးရဲ့ဖနီးက မနေ့ မနက်ကပဲ တောင်ကြီးကို သွားတယ်ဆိုထားမှပဲ'

ကျွန်တော်၏ အသံ တုန်ယင်နေ၏။ ဒုရဲအုပ် ဦးကျော်လွင်သည် ကျွန်တော့်အား တိုက်ရိုက်စွပ်စွဲရန် အားနာနေပုံရ၏။

'ဦးကိုများ အထင်လွဲနေလို့လားမောင်'

'အခုတော့ ဒီလိုထင်ရမလိုဖြစ်နေပြီဦး။ ဘာဖြစ်လို့လဲဆိုတော့ မနေ့ညက ဒီအိမ်မှာ ဦးတစ်ယောက်တည်း ရှိနေခဲ့တာမဟုတ်လား'

'ဟုတ်ပါတယ်၊ အစေခံတွေကလည်း တောကို အလည်ပြန်သွားကြတယ်လေ၊ ဒါနဲ့ပဲ ဦးကိုတိတိကျကျ စွပ်စွဲရရောလားကွယ်၊ ဦးက လှကေသီကို ဘာဖြစ်လို့ သတ်ရမှာလဲ'

ဦးကျော်လွင်သည် သက်ပြင်းရှည်အား မှုတ်ထုတ်လိုက်၏။

သူ၏စိတ်ကိုလည်း ယတိပြတ် ဆုံးဖြတ်လိုက်ဟန်ရှိပေသည်။

'ကျွန်တော့်မှာ ခိုင်လုံတဲ့ သက်သေအထောက်အထားရှိပါတယ်ခင်ဗျာ၊ ဒေါ်လှကေသီဟာ မနေ့ညက ဖမ္မူရှားအိမ်ကြီးထဲမှာရှိနေတဲ့အကြောင်း မျက်မြင်သက်သေ ရှိနေပါတယ်ဦး၊ ပြီးတော့ ဒေါ်လှကေသီကို ဦးက အိပ်ခန်းထဲမှာ လည်ပင်းညှစ်သတ်ပစ်လိုက်ပါတယ်'

ကျွန်တော်၏ မျက်နှာမှာသွေးရောင် လွှမ်းသွားသည်ဟု ထင်မှတ်ခံစားလိုက်ရ၏။ ဦးကျော်လွင်ကဆက်၍ ပြောပြန်သည်။

'ဦးဟာ ဒေါ်လှကေသီရဲ့ အလောင်းကို ဂုန်နီအိတ်ကြီးတစ်ခုနဲ့ထည့်ပြီး ကန်စောင်းကို ဂျစ်ကားနဲ့ တင်ခဲ့ပါတယ်၊ ဟိုရောက်တော့ အသင့်ရှိနေတဲ့ လှေနဲ့တင်သွားပြီး ကန်လယ်ရောက်တော့

၁၄၆ ဆွေဇလှိုင်ဦး

ရေထဲပစ်ချလိုက်တယ် မဟုတ်လား ဦး၊ ဒါကို ကျွန်တော်တို့က ဖိုက်ဆွဲရှာလိုက်ရင် အလောင်းကိုတွေ့ရမှာပဲ'

ကျွန်တော်သည် ဘာကိုမျှပြန်မပြောပဲ ဦးကျော်လွင်၏ စကားများကို ငြိမ်ငြိမ်သက်သက်ပင် နားထောင်နေခဲ့၏။

'ဦးဟာ ဒေါ်လှကေသီကို သတ်ပစ်ချင်လောက်တဲ့ အကြောင်းတွေ ရှိခဲ့တယ်ဆိုတာလဲ ကျွန်တော်တို့ သိထားပြီးပါပြီ'

သူက အလွန်တိကျ ခိုင်လုံတဲ့ စကားများဖြင့် ကျွန်တော့်အားစွဲချက်တင်လေပြီ။ ဤသို့ဆိုလျှင် ကျွန်တော်နှင့် လှကေသီ၏ အဖြစ်အပျက်များကို ဦးကျော်လွင်အား ခိုင်ခိုင်မာမာပြောနိုင်သော သက်သေတစ်ယောက်တော့ ရှိနေပေပြီဖြစ်၏။

ကျွန်တော်သည် လျှပ်စီးရောင်များဖြင့် တွေ့မြင်လိုက်ရသော ဆံပင်စုတ်ဖွားနှင့် ဦးခေါင်းကြီးအား အမှတ်ရလိုက်၏။ ကျွန်တော်၏ လုပ်ဆောင်ချက်များကို အစအဆုံး လိုက်ကြည့်နိုင်သူမှာ ဤသူမှတစ်ပါး မည်သူမျှ မဖြစ်နိုင်ပါချေ။ ကျွန်တော်က မျှော်လင့်ချက်ကို မစွန့်လွှတ်သေးပေ။ ကျွန်တော့်ဘဝနှင့် ဆက်၍လုပ်ကိုင်ခဲ့ရသော ကိစ္စပင် မဟုတ်ပါလော။

'ဦးလဲ အသက်ကြီးပါပြီ မောင်ကျော်လွင်၊ အဲ မောင်ရင်နဲ့ နှစ်ကိုယ်ကြား ပြောနိုင်ဖို့ ဦးကိုခွင့်ပေးပါ၊ ဦး မောင်ရင့်ကို ဝန်ခံစရာတွေရှိပါတယ်မောင်'

ဦးကျော်လွင် ကျွန်တော်၏ တောင်းပန်ချက်ကို ကျေကျေနပ်နပ်ပင် လက်ခံခဲ့၏။ ကျွန်တော်သည် စာကြည့်ခန်းအတွင်းသို့ ခေါ်ဆောင်ခဲ့ပါသည်။ လှကေသီအား နှစ်မြှုပ်ပစ်ခဲ့သော မိတ္တီယာကန်၏ အလယ်ဗဟိုကို ဤနေရာမှ ကောင်းစွာမြင်နိုင်ခဲ့လေသည်။

* * *

'မောင်ကျော်လွင်ပြောတဲ့စကားတွေကို ဦးဘာမှမငြင်း

လိုသေးပါဘူး။ မောင်က သက်သေအနိုင်အမာ ရှိနေတယ်ဆိုတာကို။ နောက်ပြီး နိုင်နိုင်မာမာ အထောက်အထား မရှိဘဲနဲ့တော့ ဦးလို လူကြီးလူကောင်းတစ်ယောက်ကို စွပ်စွဲမယ် မထင်ပါဘူး။ အဲ..... မောင်ကျော်လွင်တို့ဆီမှာ ဦးနဲ့ လှကေသီအဖြစ်တွေ အားလုံးကို သိထားတဲ့ မျက်မြင်သက်သေတစ်ယောက် ရှိနေပြီပေါ့၊ ဒီလိုဟုတ်ရဲ့လား'

'ဟုတ်ပါတယ်၊ အဲဒီ မျက်မြင်သက်သေဟာ ဦးရဲ့ဇနီး ဒေါ်လှကေသီနဲ့ မကင်းမရှင်း ဖြစ်နေသူ တစ်ယောက်ပါပဲ'

ဦးကျော်လွင် စကားများက ကျွန်တော့်အား တုန်လှုပ်ချောက်ခြားသွားစေသည်။ သူက အားနာနေပုံရနေ၏။

ကျွန်တော်က လှကေသီအား နာနာကြည်းကြည်းပင် မုန်းတီးမိ၏။

လှကေသီသည် ရက်ရက်စက်စက် လှသလောက် အလိုရမ္မက်ကြီးမားသော မိန်းမတစ်ယောက်ဖြစ်၏။ ကျွန်တော်၏ လက်ဝယ်ဖောက်ပြန်ခဲ့၏။ အေးအေးဆေးဆေးနေတတ်သော ကျွန်တော့်အား လှကေသီက နွားကြီးတစ်ကောင်လို သဘောထားခဲ့၏။

လှကေသီ၏ အမူအရာနှင့် အသည်းစွဲစရာကောင်းသော အတွေ့အထိများ၏ ဖမ်းစားမှုကို ကျွန်တော်က ခံယူခဲ့ရ၏။ သို့ရာတွင် လှကေသီတစ်ယောက် ကျွန်တော့်မျက်ကွယ်တွင် တစ်ပါးသူတစ်ယောက်အား သူမ၏မက်မောဖွယ်ရာ အတွင်းပစ္စည်းများကို ရက်ရောစွာ ပေးကမ်းနေသာအခါ၌မူ ကျွန်တော်၏ စိတ်တွင် အလွန်အမင်း ထိခိုက်ခြင်းများ ဖြစ်လာရ၏။

ကျွန်တော်က လှကေသီအား သွယ်ဝိုက်သောနည်းများဖြင့် ဆုံးမခဲ့သော်လည်း သူမက ကျွန်တော့်အား မခန့်လေးစားပင် ပြန်၍

ပြောခဲ့၏။

'အစ်ကိုကြီးက သို့ကို အခုလို အနေအထိုင် ဆင်ခြင်ရအောင် ပြောနေတော့ သီကပဲ အစ်ကိုကြီးနောက်ကွယ်မှာ ဖောက်ပြန်နေသလိုပဲ ဖြစ်နေမှာပေါ့၊ သို့ကို ဒီလိုတော့ မစွပ်စွဲပါနဲ့ အစ်ကိုကြီး'

'အစ်ကိုကြီးက စွပ်စွဲနေတာမဟုတ်ပါဘူး။ သို့ကို အနေအထိုင်အသွားအလာ ဆင်ခြင်ဖို့ပြောနေတာ၊ အရင်လက ပြင်ဦးလွင်ကို အလည်သွားခဲ့တယ်၊ အခုလဲ တောင်ကြီးကို သွားချင်နေပြန်ပြီမဟုတ်လား'

'ဒါလောက်မှ မသွားရတော့ဘူးလား အစ်ကိုကြီး။ သို့မှာ လွတ်လပ်မှု မရှိတော့ဘူးလားဟင်၊ အစ်ကိုကြီးကကော သို့ကို ဘယ်ကိုများ လိုက်ပို့ဖူးလို့လဲ'

ကျွန်တော်က သက်ပြင်းကိုသာ ချလိုက်မိတော့၏။ လှကေသီအား စကားနှင့် အနိုင်ယူရန် ကျွန်တော်က မကြိုးစားတော့ချေ။ ခရီးဝေးသွားသည်ကို ကျွန်တော်က ခွင့်လွှတ်နိုင်၏။ သို့ရာတွင် သူမတစ်ယောက်တည်းတော့ မဟုတ်ခဲ့ပေ။

'ဒီမှာ အစ်ကိုကြီး။ သီ ရှင်းရှင်းပဲပြောမယ်၊ အစ်ကိုကြီးက သို့ကို ဖောက်ပြန်နေတယ်လို့ ထင်တယ် မဟုတ်လားဟင်၊ လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲ သို့ကို စွပ်စွဲတာ လွန်လှပြီ၊ ဟုတ်တယ်ဆိုရင် သီ ဒီအိမ်ကြီးမှာ တစ်စက္ကန့်တောင် မနေဘူးသိလား။ အကျီတစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းပေးမယ်၊ နားလည်လား အစ်ကိုကြီး။ ဒါပဲ'

သူမက တစ်ပြားသားမျှ အလျှော့ပေးသူ မဟုတ်ပေ။ နောက်ဆုံး ကျွန်တော်သည် အလျှော့ပေးခဲ့ရတော့သည်။ ဒါကလည်း အကြောင်းရှိလေသည်။ လှကေသီသည် ကျွန်တော့်အား တဏှာရမ္မက်ဖြင့် မြူဆွယ်၍ လက်ထပ်ယူခဲ့၏။ ကျွန်တော်က လှကေသီ

အား မြတ်မြတ်နိုးနိုး တွယ်တာသော်လည်း ကျွန်တော်၏ ချမ်းသာ သမျှ အမွေအနှစ်အားလုံးအား သူမနာမည်ဖြင့် လွှဲပြောင်းပေးပြီးသည့် အချိန်မှ စ၍ သူမ၏ အမူအရာများအားလုံးက လှိုက်လှိုက်လှဲလှဲ မရှိတော့ပေ။

လှကေသီသည် ကျွန်တော့်ထက် ရှစ်ဆမက လည်ပေသည်။ ကျွန်တော်သည် လှကေသီ၏ ခြေလှမ်းအား မီအောင် မလိုက်နိုင်တော့ပေ။ ဤတွင် သူမနှင့်ပတ်သတ်၍ လုပ်ဆောင်စရာ တစ်ခု သာကျန်၏။

ကျွန်တော်သည် ဒုရဲအုပ်ကျော်လွင်အား လှကေသီနှင့် ကျွန်တော်၏ အတွင်းရေးများကို အသေးစိတ် ပြောပြနေခဲ့မိသည်။

'တကယ်တော့ လှကေသီဟာ ဦးကို သူ့အလှတွေနဲ့ ထောင်ဖမ်းခဲ့ပါတယ် မောင်ကျော်လွင်၊ သူကနောက်ဖနီးပေါ့ကွာ၊ လက်ထပ်တာတစ်နှစ်လောက်ပဲ ရှိသေးတယ်၊ ဦးမှာက အရင် မယားကြီးလဲဆုံး၊ သားသမီးကလဲ မရှိတော့ ဆေးပေးမီးယူ သဘော မျိုးနဲ့ လက်ထပ်လိုက်တာပဲ၊ လှကေသီကလဲ ဦးချမ်းသာသမျှ ပစ္စည်းတွေကို မက်မောခဲ့တာကိုးကွယ့်'

ဦးကျော်လွင်က ကျွန်တော်၏ စကားများကို စိတ်ဝင်စားစွာ နားထောင်နေခဲ့၏။

'ပြီးတော့ ဦးနောက်ကွယ်ရာမှာ လင်ငယ်နေခဲ့တယ်လေ၊ ဒါကို ဦးကတိတိကျကျ အထောက်အထား မပြနိုင်ခဲ့ဘူး၊ ဦးလဲ တက်နိုင်သလောက် စုံစမ်းခဲ့တယ်၊ လှကေသီဟာ အင်မတန် မှယာ မာယာများတယ် မောင်ကျော်လွင်၊တစ်ခါတစ်လေ ဦးသူ့ကို တစ်ဖက်သက်အထင်လွဲနေမိသလား ဦးကိုယ်ဦး မေးမိမတတ် ဖြစ်ရ တယ်၊ မနေ့ညကတော့ ဦးသူ့ကို လက်ပူးလက်ကြပ်မိတာနဲ့ ဦးရဲ့စိတ်ကို မထိန်းနိုင်ဘဲ လက်လွန်သွားတယ် ဆိုပါတော့ ဦးရဲ့'

ဦးကျော်လွင်က ကျွန်တော့်စကားကို ဖြတ်၍ မေးတော့၏။

'မဟုတ်ဘူးကွယ့်၊ လက်ပူးလက်ကြပ်မမိပါဘူး၊ ဦးက ပုပ္ပားဘက်ကို ခရီးထွက်ရာက မိတ္ထီလာပြန်ရောက်လာတော့ ညတစ်နာရီလောက်ပဲရှိတော့မယ်ပေါ့၊ ရေနံချောင်း အတက်မှာ ဦးရဲ့ကားပျက်နေလို့ပေါ့၊ ခြံဝရောက်တော့ ဦးကိုယ်တိုင်ပဲ ခြံတံခါးကို ဆင်းဖွင့်ပါတယ်၊ အဲဒီအချိန်မှာ ဦးရဲ့ခွေးတိုးနက်ကြီးဟာ အိမ်ဘေးကားဂိုဒေါင်ထဲက အူတယ်ကွယ့်၊ ဒီခွေးဟာ ဦးကို သိပ်သိတာ မောင်ကျော်လွင်၊ ဦးဘယ်ချိန် ပြန်ရောက်လာလာ ခြံဝကကြိုလေ့ ရှိတယ်၊ လှကေသီဟာ ခွေးကို ဂိုဒေါင်ထဲ ထည့်ပိတ်ထားတာကို ထောက်ရင် ဦးအိမ်မှာ လူစိမ်းရှိနေပြီဆိုတာကို ရိပ်မိခဲ့တယ်'

'ဦးရဲ့ ခြံတံခါးက သော့မရှိဘူးလား'

'မထားဘူး၊ ရိုးရိုးမံပြီး ဖွင့်လို့ရတဲ့ မောင်းလတ်ပါပဲ'

ကျွန်တော်က ဆေးပြင်းလိပ်ကို မီးညှိ၍ ရှိုက်ဖွာလိုက်၏။

'လှကေသီဟာ ဦးကို အိမ်တံခါး ထဖွင့်ပေးခဲ့တယ်၊ အတော်ကြာအောင် စောင့်ရတယ်၊ သူ့လူဟာ အိမ်နောက်ဖေးက ထွက်သွားချိန်ရအောင်ပေါ့လေ၊ ဒါပေမယ့် ခြံအပြင်ကိုတော့ ရုတ်တရက် ထွက်မသွားနိုင်သေးဘူး၊ ဦးအိမ်ကလဲ မောင်မြင်တဲ့အတိုင်းပဲ၊ ကန့်ရေပြင်ကို ကျောပေးပြီး ဝင်းခတ်ထားတာကိုး၊ အိမ်ခန်းထဲရောက်တော့ ဂျာကင်အင်္ကျီတစ်ထည်ကို မှန်တင်ခုံပေါ်မှာ တွေ့တော့တာပဲ၊ ကမန်းကတန်းဆင်းပြေးရလို့ မေ့ထားခဲ့တာ ဖြစ်မှာပေါ့'

ဦးကျော်လွင်က ကျွန်တော်၏စကားကို စူးစိုက်နားထောင်နေပေသည်။

'ဒါနဲ့ ဦးနဲ့ လှကေသီ စကားများကြတော့တာပဲ၊ အခန်းမီးကလဲ ဖွင့်ထားတော့ တိုက်နောက်[illegible] သူ့လူဟာ ဦးတို့နှစ်ယောက်ကို ပြတင်းပေါက်က မြင်ပါလိမ့်မယ်၊ အင်း အင်္ကျီကို မေ့ထားခဲ့တယ်

ဆိုကတည်းက သူ့လူဟာ အခြေအနေကို စောင့်ပြီး အကဲခတ်နေဦး မယ်ဆိုတာ ဦး စဉ်းစားဖို့ကောင်းတာပေါ့လေ၊ ဒါပေမယ့် စိတ်ထဲမှာက သိပ်နာကြည်းနေတော့ ဘာလုပ်လို့ လုပ်မှန်းတောင် မသိအောင် ဖြစ်သွားတော့တာပါပဲ မောင်ကျော်လွင်ရယ်၊ ကိုင်း ဦးရဲ့ ဇာတ်လမ်း ကတော့ ဒါပါပဲ၊ မောင်တို့ ဝတ္ထုရေးရှိတဲ့အတိုင်းသာ ဆောင်ရွက် ပေတော့၊ ဦးရဲ့ ကုသိုလ်ကံပေါ့လေ၊ ဒါနဲ့ လှကေသီရဲ့ လူက ဌာနမှာ လူကိုယ်တိုင် လာပြီးတိုင်သလားကွယ့်'

ကျွန်တော်က နောက်ဆုံးအနေဖြင့် ဦးကျော်လွင်အား မေးလိုက်၏။

'ဟုတ်ပါတယ်ဦး၊ သူလဲ အတော့်ကို ကယောင်ချောက်ချား ဖြစ်နေပါတယ်၊ ပြီးတော့ လှကေသီကို အရှုးအမူး စွဲလမ်းနေပုံရတယ် ဦး၊ အစကတော့ သူလဲ ဘာလုပ်ရမှန်း မသိဘူးတဲ့၊ ဒါပေမယ့် ဦးဟာ လှကေသီရဲ့ လည်ပင်းကိုညှစ်လိုက်တာကို မြင်ရသတဲ့၊ ပြီး တော့ ဂုန်နီအိတ်ကြီးထဲမှာထည့်ပြီး ကန်ထဲကိုသွားချတာတွေ အားလုံး ကို သူကစောင့်ကြည့်နေတယ်လို့ ထွက်ဆိုပါတယ်'

'ဩော် ဒီလိုကိုး'

'နောက်ပြီး ဦးဟာ တခြားကိုများ ထွက်ပြေးသွားမလားဆို တာ စောင့်ကြည့်နေသေးတယ်ဆိုပဲ၊ ကောင်လေးဟာ ဆဖယ့်ရှစ်နှစ် လောက်ပဲ ရှိဦးမယ်၊ ဘာမှ တွေးတတ်ပုံလဲ မရဘူး'

'သူက ဘယ်သူများလဲ မောင်ကျော်လွင်၊ ကျုပ် သူ့ကိုများ ခေတ္တတွေ့ပါရစေလား၊ ဒီအိမ်ကို ခေါ်လို့ရရင် ခေါ်ပေးစေချင်တယ်၊ ဦးရဲ့ နောက်ဆုံး တောင်းဆိုချက်ပါပဲကွယ်'

ဒုရဲအုပ် ဦးကျော်လွင်က ကျွန်တော်၏ တောင်းဆိုချက်အား လိုက်လျောခဲ့ပေသည်။

လှကေသီ၏ လင်ယယ်အား ကျွန်တော် ဦးကျော်လွင်၏

ရှေ့တွင် အေးအေးဆေးဆေး တွေ့ဆုံမေးမြန်းခဲ့၏။ ကျွန်တော်သည် ပင်လျှင် လှကေသီ၏ ကျောကွင်း၌ အစင်းသားမိခဲ့သေး၏။ ငယ်ရွယ် ၍ အချစ်ရူး ရူးတတ်သော လူငယ်ကလေးကို လှကေသီ အလွယ်တ ကူ ညှို့ယူဖမ်းစားခဲ့သည်မှာ အဆန်းမဟုတ်တော့ချေ။

မောင်သန်းတင်က သူ၏ ပြစ်ချက်များအတွက် ကျွန်တော် အား မျက်ရည်လည်ရွဲဖြင့် တောင်းပန်ခဲ့တော့၏။

'ကဲလေ ပြီးပြီးသားတွေကို ထားလိုက်ပါတော့၊ မောင် ကျော်လွင်ကို ကျုပ် သက်သေခံပစ္စည်းနဲ့အတူ ဝန်ခံပါရစေ၊ မောင်ရင် လဲ လိုက်ခဲ့'

ကျွန်တော်၏ နောက်မှ သူတို့အားလုံးက လိုက်ပါလာကြ၏။ ကျွန်တော်သည် အိမ်ခန်းနှင့် ကပ်လျက်ရှိသော စတိုခန်းသော့ကို ဖွင့်လိုက်ပြီး တံခါးကိုဖွင့်လိုက်၏။

လှကေသီသည် စတိုခန်း၏ ကြမ်းပြင်ပေါ်၌ ခွေခွေလေး လဲလျောင်းလျက်ရှိသည်။ သူမ၏ပါးစပ်မှာ အဝတ်တစ်ခုဖြင့် ကျပ်ကျပ် တည်းတည်း ချည်နှောင်ထားပေသည်။

သူ့တို့အားလုံးမှာ အံ့သြလွန်းသောကြောင့် ဘာမျှမပြောနိုင် ကြဘဲ ကျွန်တော်ကိုသာ စိုက်ကြည့်နေကြ၏။

'ကဲ ဟောဒါ အမိရဲ့ ယင်ငယ်ပါပဲဗျာ၊ သက်သေကတော့ ဒုရဲအုပ်ဦးကျော်လွင်နဲ့ မင်းလင်ငယ် ကိုယ်တိုင်ပါပဲ လှကေသီ'

ကျွန်တော်က နာနာကြည်းကြည်း ပြောချလိုက်မိပါတော့ သည်။ ဦးကျော်လွင်သည် ကျွန်တော့်အား နားမလည်သလို စိုက်ကြည့် နေပြီး မကျေမနပ် ဖြစ်နေပုံရသည်။

'ဘယ်လိုလဲ ဦးရဲ့၊ ကျွန်တော်တို့တော့ ဘာမှကို နားမလည် နိုင်တော့ဘူး'

မဝေခွဲနိုင်အောင် ဖြစ်နေသော ဒုရဲအုပ် ဦးကျော်လွင်အား

ကျွန်တော်က လက်တို့၍ ညှော်ခန်းသို့ ဆင်းခဲ့တော့၏။

'မောင်ကျော်လွင်ကို ဒုက္ခပေးရတာ အင်မတန်မှ အားနာပါတယ်၊ ဦးမှာက ဒီလိုမှမလုပ်ရင် ဘဝဆုံးရတော့မယ်ဆိုတာ အသေအချာ သိနေပြီကွယ့်'

'ကျွန်တော်တော့ ဘာကိုမှ နားမလည်တော့ဘူး'

'မောင်ကျော်လွင် နားလည်အောင် ဦးရှင်းပြမယ်လေ'

ကျွန်တော်သည် ဖမ္ဘူရားကြီးထဲတွင် ဖြစ်ပျက်ခဲ့သော မိုးညတတ်လမ်းကို ဦးကျော်လွင်အား အသေးစိတ် ပြန်၍ပြောပြရတော့၏။

လှကေသီမှာ အိပ်ခန်းတွင်းသို့ ရောက်သည်နှင့် ကွန်ြေမျပျက်နေတော့၏။ သူမ၏ တိတ်တခိုး ချစ်သူမှာ အိပ်ခန်းတွင်း၌ ဂျာကင်အင်္ကျီ မေ့ထားရစ်ခဲ့ပြီ မဟုတ်ပါလော။ ကျွန်တော်သည် ဘာလုပ်ရမည်ကို စိတ်ထဲ၌ အကွက်ချ၍ ကြည့်မိ၏။ သူမ၏ လင်ငယ်သည် ကျွန်တော်နှင့် လှကေသီကို ခြံနောက်ဖေးမှ စောင့်ကြည့်နေဦးမည်ဟု တွက်ဆလိုက်သည်။ ကျွန်တော်၏ အိပ်ခန်းမှာ အိမ်နောက်ဖေးစံပယ်ရုံမှကြည့်လျှင် ကောင်းကောင်း မြင်နိုင်ပေသည်။ အိပ်ခန်းကို ဖွင့်ထားသောကြောင့် လှကေသီနှင့် ကျွန်တော်၏အရိပ်သည် မှန်ပြတင်း၌ ရုပ်ရှင်ကားပမာလို မြင်တွေ့ရပေမည်။

ကျွန်တော်သည် လှကေသီ၏ ကပိုကရို ဖြစ်နေသောခန္ဓာကိုယ်အား ရွံရွံရှာရှာပင် ကြည့်လိုက်၏။ သူမမှာ အလွန်အမင်းပင်ပန်းနွမ်းနယ်နေပုံရ၏။ ကျွန်တော်သည် လှကေသီအား ဘာမှဆုဆုပ္ပပ္ပလုပ်ရန် အကြောင်းမမြင်။ သူမ၏ လည်တိုင် ဖြူဖြူဖွေးဖွေးလေးအား လက်နှစ်ဖက်ဖြင့် ညှစ်ချလိုက်မိတော့၏။ လှကေသီကသူမ၏ ချွန်ထက်သော လက်သည်းများဖြင့် ကုတ်ခြစ်ရင်း ကျွန်တော်၏ လက်တွင်းဝယ် ပျော့ခွေသွားတော့၏။ လက်ဆမှန်ဖို့က တော့အရေးကြီးပေသည်။

လှကေသီ၏ နှလုံးသားမှာ ခုန်နေဆဲပင်။ နောက်ထပ်လုပ်စရာများကို ကျွန်တော်က စနစ်တကျပင် ဆောင်ရွက်ခဲ့၏။ သူမအား စတိုခန်းထဲ၌ ကြိုးဖြင့်တုပ်နှောင်၍ ထားလိုက်၏။ မအော်ဟစ်နိုင်စေရန်လည်း သူမ၏ ပါးစပ်ထဲသို့ အဝတ်ဆို့၍ စည်းနှောင်သည်။ ပြီးမှ သူမအား ပြန်လည်သတိရလာအောင် ကြိုးစားရတော့၏။ တော်ပေသေးသည်၊ လှကေသီက စတိုခန်းထဲတွင်ပင် သတိရလာခဲ့ပေသည်။ လက်လွန်သွားပါက ၃၀၂–နှင့် တရားရုံး၌ ရင်ဆိုင်ရဖို့သာ ရှိတော့၏။ ကျွန်တော်သည် စတိုခန်း တံခါးကို သော့ခတ်လိုက်သေးသည်။

ဤနောက်တွင်တော့ ဂုန်နီအိတ်ကြီးတစ်လုံးထဲသို့ ဂွမ်းစောင်များအား ထိုးထည့်လိုက်ပြီး ကြိုးနှင့်တုပ်နှောင်လိုက်၏။ ဤတွင် လှကေသီ၏ ခန္ဓာအချိုးအစားကို ခန့်မှန်းနိုင်အောင် ပေါ်လာပေသည်။ ကျွန်တော်သည် ဂျစ်ကားကို ဇမ္ဗူရှားခြံကြီးမှ မောင်းထွက်ခဲ့သည်။ ဝေးဝေးလံလံသွား၍ မဖြစ်ကြောင်းကို ကျွန်တော် သဘောပေါက်သည်။ ကိစ္စအားလုံးကို ကျွန်တော်က စနစ်တကျပင် လုပ်ဆောင်ပြီးစီးခဲ့ပါ၏။

ကျွန်တော်၏ တွက်ဆချက်များသာ အမှန်အကန်ဖြစ်ခဲ့ပါမူ တစ်စုံတစ်ယောက်သောသူသည် ကျွန်တော်၏ လှုပ်ရှားမှုများအား စောင့်ကြည့်နေရပေမည်။ ဒါကလည်း ထီထိုးရသလောက် သေချာသောအလုပ်မျိုး မဟုတ်ပေ။ လှကေသီ၏ လင်ငယ်သည် သူမအား အရှုံးအမူး စွဲလမ်းနေသူဖြစ်ပါက ကျွန်တော်၏ လုပ်ဆောင်ချက်များ အကောင်အထည် ပေါ်လာနိုင်သည် မဟုတ်ပါလော။

ယနေ့ နံနက်တော့ ကျွန်တော်၏ ဇမ္ဗူရှားအိမ်ကြီးထဲမှနေ၍ ညေ့်များကို မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်ဆိုင်းနေခဲ့၏။ ၄င်းတို့မှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပင်တကား။

'ဦးရဲ့ နောက်ဆက်တွဲ ဇာတ်လမ်းကတော့ ဒါပါပဲ၊ ဦးရဲ့

အပြုအမူတွေနဲ့ မောင်တို့ ပြည်သူ့ဝန်ထမ်းတွေကို ကူပေးရတဲ့အတွက် တောင်းပန်ပါတယ် မောင်ကျော်လွင်'

ဒုရဲအုပ် ဦးကျော်လွင်က ကျွန်တော်၏ တောင်းပန်ချက်ကို အဝီမတန် ကျေနပ်စွာပင် လက်ခံပါသည်။ ကျွန်တော်နှင့် လှကေသီ၏ ပြဿနာမှာ ဆုံးခန်းတိုင်ခဲ့၏။ သို့ရာတွင် ကျွန်တော်၏နှလုံးသားများ၌ ကြင်နာမှု၏ အကြွင်းအကျန်ကလေးများက တည်ရှိနေပါသေးသည်။

'မင်းပြောတဲ့စကားတွေကို မှတ်မိပြီးမှာပေါ့ အသီ၊ အဲဒီတော့ မင်းအဖို့ ဒီခြံကြီးထဲက ထွက်သွားတာဟာ အကောင်းဆုံးပဲ၊ နောက်ဆုံး အခွင့်အရေးတစ်ခုအနေနဲ့ ဒီအိမ်က မင်းလိုချင်တဲ့ ပစ္စည်းတွေကို ယူသွားနိုင်တယ်၊ ဒါကလေးတော့ မင်းလက်ဖွဲ့အိတ်ထဲက ငါ ခိုးထားတာပေါ့ကွာ'

ကျွန်တော်က အသည်းနှလုံးများအား တဖြည်းဖြည်းလောင်ကျွမ်း၍ ဘဝဆုံးစေတတ်သော 'ကလိုရေးတစ်' ဆေးမှုန့် ပုလင်းလေးအား လှကေသီလက်သို့ ထည့်လိုက်၏။

သူတို့ထွက်ခွာသွားကြချိန်တွင် ကျွန်တော်သည် ဖမ့်ရှားအိမ်ကြီးထဲမှ အေးအေးဆေးဆေးပင် ကြည့်နေခဲ့၏။ လှကေသီနှင့် သူ၏ လင်ငယ်ကိုပါ ဆိုလိုပေသည်။

ဒုရဲအုပ် ဦးကျော်လွင်သည် ခြံဝတွင် အလှအပ ချိတ်ဆွဲထားသော ကြေးဆိုင်းဘုတ်ကလေးကို ကြည့်၍ သူ၏တပည့်များတို့အား တစ်စုံတစ်ခုသော စကားကို ပြောလျက် ကျေနပ်သွားသည်။ ခြံဝတွင် ဖမ့်ရှားဆိုသော စာလုံးသုံးလုံးက ရှိနေပေသည်။

ကျွန်တော်သည် အိမ်ကြီး၏ဘေးမှ ကားဂိုဒေါင်သို့ လာခဲ့သည်။ ဤတွင် တိုးနက်ကြီး၏ လှိုက်လှိုက်လှဲလှဲ အူသံကို စိတ်ချမ်းမြေ့စွာ ကြားလိုက်ပါတော့သတည်း။

* * *

## ဝေသာလီ သခင်မလေး

### (တစ်)

မုန်တိုင်းကျသည်။

လေသည် ဝေသာလီအိမ်ကြီးကို မြေပြင်ပေါ်မှ ကျွတ်ထွက်သွားအောင် မွှေ့ယမ်းဆွဲခေါ်နေသည်။ ဝေသာလီအိမ်ကြီးသည် လေမုန်တိုင်းထဲတွင် သိမ့်သိမ့်ခါနေသော်လည်း ကျွန်းသား ကျွန်းတိုင်ကြီးများနှင့် အခိုင်အခံ့ တည်ဆောက်ထားသော ဝေသာလီအိမ်ကြီးသည် ကြမ်းတမ်းရိုင်းစိုင်းသော မုန်တိုင်းထဲတွင် ကြံ့ကြံ့ခိုင် နေပါသည်။

ဝေသာလီ ကြီး၏ အပေါ်ထပ်ရှိ အခန်းတစ်ခန်း၌မူ အင်မတန်လှပသည့် အမျိုးသမီးတစ်ယောက် ရှိနေပါသည်။

သူမသည် ဝေသာလီအိမ်ကြီးကို ပိုင်သော အရှင်သခင်မလေး ဖြစ်သည်။

ထိုအတူ အလှအပ အနုအယဉ်တို့ကို ပိုင်ဆိုင်ရယူထားသည့် မိန်းမချောလေးတစ်ယောက်လည်း ဖြစ်ပါသည်။

သို့တစေ သူမသည် တစ်စုံတစ်ရာကို ရင်တမမဖြင့် စောင့်ကြို့နေပါသည်။ ထိုအရာကို စောင့်မျှော်နေရသည်မှာ နှလုံးသွေးပျက်လောက်အောင် ချောက်ချားဖွယ် ကောင်းလှပါသည်။ လိပ်ပြာလွင့်စဥ်သွားမတတ် ကြောက်ရွံ့ဖွယ်ကောင်းလှပါသည်။

သူမ စောင့်မျှော်နေသည့် အရာကတော့....

သေခြင်းတရား။

ဟုတ်ပါသည်။ မိန်းမချောလေးသည် သေခြင်းတရားကို စောင့်စားနေပါချေသည်။

အဘယ့်ကြောင့်ဆိုသော် သူမသည် မိမိ၏ သေရမည့်နေ့ရက်ကို အတိအကျ သိရှိနေသောကြောင့်တည်း။

ခင်စုလှိုင်

သို့မဟုတ် ဝေသာလီ၏ အရှင်သခင်မလေး။

## (နှစ်)

မိမိ၏ သေရမည့်နေ့ရက်ကို ကြိုတင်သိရှိနေသူ တစ်ယောက်အဖို့ မည်သည့်နည်းနှင့်မျှ ရွှင်လန်းချမ်းမြေ့ဖွယ် ရှိနေမည် မဟုတ်ပါ။

ပမာဆိုသော်

လူသတ်မှုဖြင့် တရားရုံးတော်မှ သေဒဏ်စီရင်ခြင်း ခံရသော ရာဇဝတ်သားများ။

သေဒဏ်ချမှတ်ခြင်းခံရသော ကြိုးတိုက်အတွင်းမှ အကျဥ်းသားများ။

စသည် စသည်တို့သည် မိမိ၏ သေရမည့် ကာလကို ကြိုတင်သိရှိနေကြသူများသာဖြစ်ပြီး သေခြင်းတရားကို နှလုံးသွေးပျက်မတတ် စောင့်ကြသူများသာ ဖြစ်ပါသည်။

သို့ရာတွင် ခင်စုလှိုင်သည်

ကြိုးတိုက်အတွင်းမှ အကျဉ်းသားလည်း မဟုတ်။
သေဒဏ်ချမှတ်ခံရသူလည်း မဟုတ်ပါဘဲနှင့် သူမ၏ သေရမည့်ရက်ကို ကြိုတင်သိရှိနေသည်။
ထိုနေ့မှာ စက်တင်ဘာလ ၁၃-ရက်နေ့။
ဤသို့ဆိုလျှင် ခင်စုလှိုင်သည် သေလောက်သော ရောဂါဝေဒနာတစ်ခု ကပ်တွယ်ငြိနေသဖြင့် ဆရာဝန်က လက်လျှော့၍ သေမင်းလက်သို့ ဝကွက်အပ်ထားခြင်းခံရသော ရောဂါသည်တစ်ယောက်ဟု ထင်မှတ်စရာ ရှိလေသည်။
မဟုတ်ပါ။
ခင်စုလှိုင် ကျန်းမာပါသည်။
ကျန်းမာသည့်အပြင် မိန်းမလှတစ်ယောက် ရှိသင့်ရှိထိုက်သည့် အချိုးအဆက် အလှအပတွေကို ခင်စုလှိုင်က ပိုင်ဆိုင်ထားပါသေးသည်။
ဖူးဖူးရွရွနေသည့် နှုတ်ခမ်း။
ဝင်းဝင်းပနေသည့် မျက်နှာ။
ကြွကြွလေး တင်းထားဘိသကဲ့သို့ မိုးစွင့်လှပနေသည့် ရင်အမြွှာ။
ပြည့်ဖြိုးလှပသည့် တင်အစုံ။
ပြီးတော့ ရင်နှင့်တင် အမြွှာညီမ အကြားတွင် လုပ်လီလုပ်လဲ့ ခါးသွယ်သွယ်က ရှိနေပါသည်။
အလှဆုံးကတော့ အကြောစိမ်းကလေးတွေ ယှက်သန်းနေသည့် ဖြူဝင်းသည့် ခြေသလုံးသား ကစ်ကစ်ကလေး။
ခင်စုလှိုင်သည် အသက်နှစ်ဆယ် အရွယ်တွင် သူမ၏ မိဘနှစ်ပါးစလုံး လူ့လောကမှ ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြသည်။ ကွယ်လွန်သွားကြသည်။ ထိုစဉ်ကတည်းက ခင်စုလှိုင်သည် 'ဝေသာ

လီ' အိမ်ကြီးတွင် ဦးစီးခဲ့ရသည်။

ခင်စုလှိုင်တို့သည် အိမ်ကြီးကို ရွေးဆန်သော ဖေဖေက 'ဝေသာလီ' ဟု အမည်ပေးခဲ့သလို နှစ်ထပ် ခုနစ်ဆောင်ပြိုင် အိမ်ကြီးကလည်း ရွေးဆန်သည်။ အဝေးကကြည့်လျှင် ဘုန်းကြီးကျောင်းလိုလို၊ နန်းဆောင်ကြီးလိုလို ထင်မှတ်ရသည်။ မိဘနှစ်ပါးစလုံး လူ့လောကမှ ထွက်သွားသောအခါ

ဝေသာလီတွင် ညီအစ်မ သုံးဖော် ကျန်ရစ်ခဲ့ပါသည်။

ခင်စုလှိုင်.....။

ခင်စုမြိုင်.....။

ခင်စုကြိုင်.....။

သည်အထဲတွင် ခင်စုလှိုင်က အကြီးဆုံး။ ခင်စုမြိုင်က အလတ်မ၊ အငယ်မလေး ခင်စုကြိုင်ကတော့ အငယ်ဆုံးဖြစ်သလို အဆိုးဆုံး၊ အနွဲ့ဆုံး အမှုတုံးမလေးလည်း ဖြစ်သည်။

ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီးတွင် အိမ်ထောင်ဦးစီး အဖြစ်ဆက်လက် တာဝန်ယူခဲ့သည်။ ညီမငယ် နှစ်ယောက်ကို လူလားမြောက်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

မနှစ်ကတော့ အလတ်မ ခင်စုမြိုင်က• ရုတ်တရက် အိမ်ထောင်ပြုသည်။ ဖေဖေ မေမေ အသက်ထင်ရှားခဲ့စဉ်က ခါးခါးသီးသီး ငြင်းပယ် သဘောမတူခဲ့သော သူမချစ်သူ အညတရ ပန်းချီဆရာလေး မောင်သက်ဦးနှင့်ပဲ ဖြစ်ရပါသည်။

ခင်စုလှိုင်သည် ညီမဖြစ်သူ၏ ချစ်ခြင်းကို မခွဲလို။

မောင်သက်ဦးကို ကြည်ကြည်ဖြူဖြူပင် လက်ခံခဲ့သည်။

ဂုဏ်ပကာသနတွေထက် မေတ္တာတရားကို ခင်စုလှိုင်က ပို၍တန်ဖိုးထားခဲ့သည်။ ထို့ကြောင့်ပင် ဝေသာလီ အိမ်ကြီးတွင် လူတစ်ယောက် တိုးလာသည်။ လူစိမ်းတစ်ယောက် ဝင်ရောက်လာ

တော့သည်။

မောင်သက်ဦးပင် ဖြစ်ပါသည်။

မောင်သက်ဦးနှင့် ခင်စုမြိုင်ကို ဝေသာလီ အိမ်ကြီးမှာပင် ခင်စုလှိုင်က နေစေခဲ့ပါသည်။

စင်စစ် .....

ခင်စုလှိုင်သည် မိဘနှစ်ပါး ကွယ်လွန်ပြီးကတည်းက 'ဝေသာလီ' အိမ်ကြီးကို ဦးစီးခဲ့ပါသည်။ ဝေသာလီ အိမ်ကြီး၏ အရှင်သခင်မလေး ဖြစ်ခဲ့သည်။ ဒီအိမ်ကြီးကို ခင်စုလှိုင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ ငါးနှစ်တိတိကြာမြင့်ခဲ့ပါပြီ။

ယခုတော့.....

ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီးမှ ထွက်ခွာလိုလှပါပြီ။

'ဝေသာလီ' အိမ်ကြီးသည် အသွင်သဏ္ဍာန်အားဖြင့် အေးငြိမ်းချမ်းမြေ့နေငြားလည်း ထိုအိမ်ကြီးတွင် နှလုံးသွေးပျက်မတတ် တုန်လှုပ်ချောက်ချားနေသူ တစ်ယောက်ရှိပါသည်။ သေခြင်းတရားကို စောင့်ဆိုင်းနေသူ တစ်ယောက်ရှိပါသည်။

သူကတော့.....

လှိုင်.....

ခင်စုလှိုင်.....

ဝေသာလီ အိမ်ကြီး၏ အရှင်သခင်မလေး ခင်စုလှိုင်ပင် ဖြစ်ပါသည်။ စက်တင်ဘာလ ၁၃–ရက်နေ့တွင် ခင်စုလှိုင် သေရတော့မည်။

သေတစ်နေ့.....။

သို့မဟုတ် ၁၃–ရက် တနင်္ဂနွေနေ့။

သည်အဖြစ်အပျက်ကို ပြန်လည်တွေးတောမိတိုင်း ခင်စုလှိုင်၏ အသည်းနှလုံးတွေ ပြုတ်ကြွေကျမတတ် တုန်လှုပ်ချောက်ချား

ရပါသည်။ မေ့မည်ဟု ကြိုးစားသည်။ ဆုံးဖြတ်သည်။ ဖြစ်လိုရာ ဖြစ်စေဟု သန္နိဋ္ဌာန် ချပါသော်လည်း......

ထိုတစ်ညကိုတော့ ခင်စုလှိုင် မမေ့နိုင်။

* * *

(သုံး)

ညသန်းခေါင်တွင် ခင်စုလှိုင်၏ အိပ်ခန်းသို့ မောင်မောင် ရောက်လာသည်။ မောင်မောင် တစ်ကိုယ်လုံး သွေးတွေကရွှဲရွှဲနစ်လို့ သူ့ကိုယ်အထက်ပိုင်းတွင် အင်္ကျီဝတ်မထား။ ကြွားရွှားသော ကြွက် သား တွေက သွေးရောင်ဖြင့် ပြောင်လက်နေသည်။

ပြီးတော့ ဝတ်နေကျ တက်သရက်ဘောင်းဘီ နက်ပြာရောင် ကို သားရေခါးပတ်ကြီးနှင့်ပတ်၍ ဝတ်ဆင်ထားသည်။

'ဟင် မောင်မောင်၊ ညကြီးမင်းကြီး ဘယ်လိုဖြစ်လာတာလဲ၊ ကြည့်စမ်း.....သွေးတွေလဲ ရွှဲနစ်လို့'

ခင်စုလှိုင်သည် ပါးလွှာသော စာခြင်ထောင်မှ၍ သူမ ခုတင်ဘေးတွင် ငူငူကြီးရပ်နေသော မောင်မောင်ကို အံ့ဩတကြီး မေးမြန်းသည်။ မောင်မောင်သည် သူမကို စူးစူးဝါးဝါး စိုက်ကြည့်နေ သည်။ ခင်စုလှိုင် တစ်ကိုယ်လုံး အေးစက်သွားသည်။ ကြက်သီးဖြန်း ဖြန်း ထသွားရသည်။

'မမကို ပစ္စည်းတစ်ခုပေးချင်လို့ မောင်ပြန်လာခဲ့တာပါ မမ'

'ဘာ ဘာပစ္စည်းများလဲ မောင်မောင်ရယ်'

'မောင့် အသည်းနှလုံးနဲ့ ထပ်တူထပ်မျှ တန်ဖိုးရှိတဲ့ ပစ္စည်းပါ'

'ဟင်'

မောင်မောင်သည် ခုတင်ခေါင်းရင်းတွင် ထိုင်နေသော

၁၆၂ ဆွေမှုလှိုင်ဦး

ခင်စုလှိုင်၏ ပန်းသားကစ်ကစ်ကလေးကို လက်နှစ်ဖက်နှင့် ဆွဲညှစ်၍ ရင်ခွင်ထဲသို့ ဆွဲနှစ်လိုက်သည်။

'အို.....မောင်မောင်၊ ဘယ့်နှယ်လုပ်တာလဲ၊ ဖယ်.....ဖယ်၊ လွှတ်'

ခင်စုလှိုင်သည် ယောင်ယမ်း ပြောဆိုလိုက်ရင်း မောင်မောင်ကို မော့ကြည့်လိုက်သည်။ မောင်မောင် မျက်လုံးတွေက လူသေလို အေးစက်နေသည်။

'မောင့်ကို မုန်းသွားပြီလား မမ၊ မောင့်ကို အရင်လိုမချစ်နိုင်တော့ဘူး မဟုတ်လားဟင်'

'မ.....မမုန်းပါဘူး မောင်မောင်ရယ်၊ မင်းကို မမစုလှိုင် ဘယ်တော့မှ မမုန်းပါဘူးကွယ်၊ ဒါပေမယ့်.....'

'ဒါပေမယ့် ဘာဖြစ်သလဲ မမ.....ဟင်'

ခင်စုလှိုင်သည် မောင်မောင်၏ ကျောပြင်ကို သိုင်းဖက်လိုက်သည်။

'အမယ်လေး'

ခင်စုလှိုင် လန့်၍အော်လိုက်ပါသည်။

မောင်မောင်တစ်ကိုယ်လုံး အေးစက်တောင့်တင်း နေသည်။

သည်တော့မှ သူ့မျက်နှာကို ခင်စုလှိုင် အသေအချာကြည့်မိသည်။ မောင်မောင့် မျက်နှာတွင် သွေးမရှိ၊ ပကတိဖြူရော်နေ၏။ ခင်စုလှိုင် ရင်ထဲတွင် သိမ့်ခနဲ ဖြစ်သွားသည်။ သူ့ကိုလည်း တအား တွန်းဖယ်ပစ်လိုက်မိသည်။

'မင်း မင်း မမဆီကို မလာနဲ့တော့၊ မင်း မင်းပြန်..... ပြန်ပါတော့ မောင်မောင်ရယ်'

ခင်စုလှိုင် အသံက စိုးရွံ့ထစ်ငေါ့လို့ နေသည်။ သူ့ကိုလည်း တစ္ဆေသရဲတစ်ကောင်လို ကြောက်ရွံ့စွာ ကြည့်နေမိသည်။

'ပြန်ပါမယ် မမစုရယ်၊ မောင်မောင် ပြန်ပါတော့မယ်၊ ဒါပေမယ့် မပြန်ခင် ဟော့ဒီပစ္စည်းကလေးကိုတော့ မမစုလှိုင်ကို ပြန်ပြီး ပေးခဲ့ပါရစေလား'

မောင်မောင်သည် ဆို့နင့်ကြေကွဲစွာပြောရင်း သူ၏ ဘယ်ဘက်လက်သန်းတွင် ဝတ်ဆင်ထားသော ပတ္တမြားလက်စွပ်ကလေးကို ခင်စုလှိုင်၏မျက်နှာရှေ့သို့ ထိုးပြလိုက်သည်။

'အို.....မလိုချင်ဘူး။ ဒီလက်စွပ်ဟာ မင်းကို ပေးပြီးသားပဲ မောင်မောင်၊ သွား.....သွား မင်း.....ဒီအခန်းထဲက ထွက်သွား'

'ပြန်မယူလို့ ဘယ်ဖြစ်ပါ့မလဲ မမစုရယ်၊ ဒီပစ္စည်းဟာ မမစုရဲ့ အမြတ်နိုးဆုံးပစ္စည်းပဲ မဟုတ်လား။ ဒါလေးကို ပြန်ပေးဖို့အတွက် မောင် မမဆီကိုလာခဲ့တာပဲ၊ အဲ.....လက်စွပ်ကတော့ မောင့်လက်နဲ့ အတော်ကို ကျပ်နေပြီ၊ ချွတ်လို့ မရတော့ဘူး'

မောင်မောင်သည် အေးဆေး တည်ငြိမ်စွာ ပြောရင်း ဘောင်းဘီနောက်ထဲမှ မောင်းပြန်ဓားကို ဆွဲထုတ်၍ ခလုတ်ကိုနှိပ်လိုက်သည်။ ဖြောင်းခနဲ အသံနှင့်အတူ သံမဏိ ဓားသွားက မီးရောင်တွင်တလက်လက်တောက်ပလာသည်။

ထို့အတူ ခင်စုလှိုင်၏ နှလုံးသားတွေ ပြုတ်ကြွေသွားတော့မတတ် ခံစားလိုက်ရသည်။ တုန်လှုပ်သွားရသည်။ မောင်မောင်သည် ပတ္တမြားလက်စွပ်ဝတ်ထားသော လက်သန်းလေးကို ထောင်လိုက်သည်။

'အို'

'ရော့ ယူလေ၊ ဒါ မမ မောင်မောင့်ကို ပေးထားတဲ့ လက်စွပ်၊ လက်စွပ်ကိုပြန်ယူထား မမ၊ ဒါပေမယ့် မမစုလှိုင်ကို မောင် ဘယ်တော့မှ မမုန်းဘူး။ မမကို ဆယ့်သုံးရက်နေ့မှာ မောင်လာခေါ်မယ်၊ သေသေအချာ မှတ်ထားနော် မမ၊ ဆယ့်သုံးရက်'

၁၆၄ ဆေးဒွေဂျင်ဦး

ခင်စုလှိုင်သည် သွေးစွန်းနေသော ပတ္တမြားလက်စွပ်
မတုန်မလှုပ် စိုက်ကြည့်နေမိသည်။ သို့သော်လည်း သူမကိုယ်သူ
အသက်မှရှူမိလေရဲ့လား။ နှလုံးသားတွေ ခုန်နေသေးရဲ့လား
ခင်စုလှိုင် မသိခဲ့။

ခင်စုလှိုင်သည် အော်ဟစ်ရန် ကြိုးစားနေသည်။

အသံက လည်ချောင်းဝတွင် တစ်ဆို့နေပြီး တစ်ကိုယ်လုံး
လှုပ်၍မရအောင် ဖြစ်နေသည်။

'ကဲ မောင်သွားမယ်၊ မမ မှတ်ထားနော်၊ ဆယ့်သုံးရက်
မှာ မမကို မောင် ပောဒီ ဝေသာလီ အိမ်ကြီးက အပြီးအပိုင် လာ
သွားတော့မယ်'

'ဆယ်သုံးရက်နေ့' တဲ့

မောင်မောင့်စကားက ခင်စုလှိုင်တစ်ကိုယ်လုံး ဆတ်ဆတ်
မျှ တုန်လှုပ်သွားစေသည်။ ချောက်ချားသွားစေသည်။ ခင်စုလှိုင်
အသိစိတ်ကို လှုပ်နှိုးသလို ဖြစ်သွားသည်။

'အမယ်လေး လာကြပါဦး'

ခင်စုလှိုင်သည် မျက်စိမှိတ်၍ ငယ်သံပါအောင် စူးစူးဝါး
အော်ချလိုက်သည်။

ဘယ်အထိ အော်ဟစ်နေသည်ကိုတော့ မသိတတ်၊ သူမ
အိပ်ခန်းတံခါးကို အပြင်မှ တဝုန်းဝုန်း ထုရိုက်နေသံ ကြားတော့
ခင်စုလှိုင် သတိရလာပါသည်။

'မမစုလှိုင်.....မမစုလှိုင်'

အခန်းအပြင်ဘက်မှ ခင်စုမြိုင်၏ အော်သံကို ကြားရသည်
ခင်စုလှိုင်သည် တစ်ခန်းလုံးကို လှည့်ပတ်ကြည့်ရှုလိုက်သည်
မောင်မောင်၏ အရိပ်အယောင်ကိုမျှ မတွေ့ရတော့။

အဲ.....ခုတင်ခေါင်းရင်းမှ ပြတင်းပေါက်ကတော့ ပွင့်ဟ

သည်။

'မမစုလှိုင် တံခါးဖွင့်ပါဦး၊ ခင်စုမြိုင်နဲ့ ကိုသက်ပါ'

ခင်စုလှိုင် တံခါးဖွင့်ပေးလိုက်သည်။ သူမအခန်းထဲသို့ မောင်သက်ဦးနှင့် ခင်စုမြိုင်တို့ အထိတ်အလန့် ဝင်လာကြသည်။

'ဘာဖြစ်လို့ ဒါလောက် ငယ်သံပါအောင် အော်နေရတာလဲ မမစုလှိုင်.....ဟင်'

ခင်စုမြိုင်က အလောတကြီး မေးသည်။

မောင်သက်ဦးက ပွင့်ဟနေသော ပြတင်းပေါက်မှအောက်သို့ ကြည့်နေသည်။

'ဘာမှဖြစ်တာ မဟုတ်ပါဘူး စုမြိုင်ရယ်၊ မမ အိမ်မက်မက် ပြီး ကယောင်ကတမ်းတွေ လန့်အော်မိတာပါ'

'အိမ်မက်.....ဟုတ်လား မမစုလှိုင်'

'အင်း.....အိမ်မက်၊ အိမ်မက်ဟုတ်လိမ့်မယ်ထင်တာဘဲ'

'ဟင်.....မမစုလှိုင်ကလဲ၊ အိမ်မက်မဟုတ်ရင်ဘာလဲ'

'အေး.....အေး.....ဟုတ်တယ်၊ မမစုလှိုင် အိမ်မက်မက်ပြီး ယောင်အော်မိတာ ဖြစ်မှာပါ၊ ကဲ.....ကဲ.....သွားအိပ်ကြတော့'

မောင်သက်ဦးကတော့ သွေးမရှိတော့သလို ဖြူဖွေးနေသော ခင်စုလှိုင်၏ မျက်နှာကို အသေအချာ အကဲခတ်ရင်းဝင်ပြောသည်။

မမစုလှိုင်ယောင်တာက တကယ့်ကို အထိတ်တလန့် စူးစူး ဝါးဝါးကြီးဆိုတော့ ကျွန်တော်တို့ လန့်နိုးသွားကြပြီး မမစုလှိုင် အခန်း ထဲကို သူခိုးဝင်နေပြီထင်တာ၊ အင်း....ညီမလေးမနိုးတာ တော်သေး တာပေါ့၊ ဒီကောင်မလေးက သိပ်အအိပ်ကြီးတာပဲ'

'ဟုတ်တယ် မောင်သက်ဦး၊ အိပ်မက်က သိပ်ကိုကြောက် ရကောင်းတာပဲကွယ်၊ ဟို ထမင်းလုံး တစ္ဆေခြောက်သလိုပဲ၊ ကဲ.... ကဲသွားကြတော့၊ မင်းတို့လဲ မမအတွက် အနှောင့်အယှက် ဖြစ်နေပြီ'

'လာ....မြိုင်သွားကြစို့'

မောင်သက်ဦးက ခင်စုမြိုင်ကိုခေါ်၍ အခန်းထဲမှ ထွက်
သည်။

သည်စဉ်မှာပင် ခင်စုမြိုင်၏ အကြည့်က ခုတင်ဘေးသ
ရောက်ရှိသွားသည်။

သူမ၏ မျက်လုံးတွေပြူးလာသည်။

ခင်စုမြိုင်၏ရင်တွေ လှုပ်ခတ်သွားသည်။

'ဘာ.....ဘာဖြစ်တာလဲ မြိုင်'

'သွေးတွေ ကိုသက်၊ သွေးတွေ ခုတင်ဘေးမှာ'

ခင်စုလှိုင်သည် သူမ၏ ခုတင်ဘေးသို့ ထိတ်လန့်တုန်လှု
စွာ ကြည့်လိုက်သည်။

'သွေး.....'

နီရဲသော သွေးကွက်ကြီး။

'ဘယ်ကလာ သွေးရမှာလဲ စုမြိုင်၊ မမ ညဦးပိုင်းက ဖော
တိန်မင်ထည့်ရင်း မှောက်ကျသွားတာပါ'

'မသိပါဘူး မမစုလှိုင်ရယ်၊ စုမြိုင်က ရုတ်တရက် မြင်လိုက
တော့ သွေးတွေထင်မိလို့ပါ၊ ကဲ..... လာ ကိုသက်၊ သွားကြစို့'

ခင်စုမြိုင်နှင့် မောင်သက်ဦးတို့ ထွက်သွားသည်နှင့် ခင်
လှိုင်က အခန်းတံခါးကို ပိတ်လိုက်သည်။

'ဝေသာလီသည်' ပကာတိ တိတ်ဆိတ်သွားသည်။

ခင်စုလှိုင်သည် တဒင်္ဂ ဖြစ်ပျက်ခဲ့သော ဖြစ်စဉ်တရပ်ကို
ပြန်လည်တွေးတောနေသည်။

လက်သန်းပြတ်တစ်ချောင်း။

ပတ္တမြားလက်စွပ် တင် ...

ပြီးတော့ မောင်.....မောင်မောင်။

ဒီအနိဋ္ဌာရုံမြင်ကွင်းက ခင်စုလှိုင်၏စိတ်ကို ညှို့ယူဖမ်းစား သွားပြန်သည်။

အိပ်မက်လေလား။

တကယ်ပေလား။

ဒါကိုလည်း ခင်စုလှိုင်တစ်ယောက် တိတိပပ မတွေးတတ် ပါချေ။

သို့တစေ မောင်မောင်ပြောသွားသော စကားစုကလေးကို တော့ ခင်စုလှိုင် ယုံစားမိပါသည်။ ပကတိ ယုံကြည်မိပါသည်။

'ဆယ့်သုံးရက်နေ့မှာ မောင်မောင် လာခေါ်မယ်' တဲ့။

ခင်စုလှိုင်တစ်ကိုယ်လုံး ကြက်သီးကဖြန်းဖြန်း ထသွားလေ သည်။

နှလုံးသားကို ဆုပ်ညှစ်လိုက်သလို ခံစားလိုက်ရသည်။

မောင်မောင်သည် သူ့မ၏ 'သေနေ့' ကို အတိအလင်း ပြောကြားသွားပါပကော။

အဘယ့်ကြောင့်ဆိုသော် စက်တင်ဘာလ ဆယ့်သုံးရက်နေ့ သည် မောင်မောင် သေဆုံးခဲ့သည့် တစ်နှစ်မြောက်သောနေ့ ဖြစ်သော ကြောင့်တည်း။

မနှစ်က စက်တင်ဘာလ ဆယ့်သုံးရက်နေ့တွင် ခင်စုလှိုင်၏ ချစ်သူ မောင်မောင်သည် အသေဆိုး သေခဲ့ရသည်ပင် မဟုတ်ပါလား။

* * *

(လေး)

ပြဿနာ၏အစ

ဆိုးကျိုးများနှင့် ပတ်သက်နေသော 'အနိဋ္ဌာရုံ' အာရုံ၏အစ

သည့် ဝေသာလီ အိမ်ကြီးသို့ ဘီလူးတစ်ကောင် ရောက်ရှိလာခြင်းမှ စတင်သည်ဟု ဆိုရပါလိမ့်မည်။

ထိုနေ့က ကုက္ကိုင်းတွင်ရှိသော ဝေသာလီအိမ်ကြီးတွင် ခင်စုလှိုင်နှင့် ညီမ အငယ်ဆုံးလေး ခင်စုကြိုင်တို့သာ ရှိနေကြသည်။ ခင်စုမြိုင်နှင့် သူမ၏ခင်ပွန်း ကိုသက်ဦးတို့မှာ အပေါင်းအသင်းများ လာခေါ်သဖြင့် ပွဲခုံးသို့ ဘုရားဖူးလိုက်ပါသွားခဲ့ကြသည်။

ခင်စုလှိုင်သည် ဧည့်ခန်းတွင်းရှိ ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်း ဟံသာဝတီတိုက်ထုတ် နဝဒေးကြီး၏ ရတုပေါင်းချုပ်ကို ဖတ်ရှုလို့ နေပါသည်။ အငယ်လေး ခင်စုကြိုင်ကတော့ သီချင်းက လေး တအေးအေးညည်းရင်း ဧည့်ခန်းတွင်းရှိ အိမ်ထောင်ပရိဘောဂ များကို ကြက်မွေးတစ်ချောင်းဖြင့် ဖုန်သုတ်နေပါသည်။

'အမယ်.....ဘုတ်ဘုတ်က ဒီနေ့ ဘယ့်ဆိုးလို့လဲ၊ ဖုန်တွေ ဘာတွေ သုတ်လို့ပါလား။ ငါ့ညီမက ဒီလိုကျတော့လဲ လိမ္မာသားပဲ'

ခင်စုလှိုင်သည် စိတ်လိုလက်ရ အလုပ် လုပ်နေသော ပုတ်ကလေးလို ဝသည့် ဆယ်ကျော်သက်အရွယ် ညီမလေး ခင်စုကြိုင်ကို ချီးမွမ်းမိလိုက်သည်။

ခင်စုလှိုင်ကို နှုတ်ခမ်းစူသွားသည်။

'မမစုလှိုင်ကလဲ၊ ဘုတ်ဘုတ်က အခုမှ လိမ္မာရအောင် ဘယ်တုန်းကများ မိုက်နေ့ပို့လဲလို့'

'မမိုက်ပါဘူးတဲ့ ဘုတ်ဘုတ်ရယ်၊ ကဲ ကဲ ဆက်လုပ်၊ နောက်အပတ် တနင်္ဂနွေနေ့ကျတော့ ဘုတ်ဘုတ်ကို ရုပ်ရှင်ပြမယ်'

'ဟေး.....ဒါမှတို့ မမစုလှိုင်ကွ'

ခင်စုကြိုင်သည် ဝမ်းသာအားရအော်ဟစ်ရင်း ကခေလး ငယ်လေးလို ခုန်ဆွ ခုန်ဆွ လုပ်နေသည်။

သည်အိမ်တွင် သူက အငယ်ဆုံး။

အငယ်ဆုံးမို့ အချိုးဆုံး၊ အနွဲ့ဆုံး၊ အမူတုံးမလေး ဖြစ်သည်။ ဖေဖေ မေမေ ရှိစဉ်ကပင် 'ဘုတ်ဘုတ်၊ ဘုတ်ဘုတ်' ဟု ချစ်စနိုး ခေါ်၍ အရေးပေး အလိုလိုက်ခဲ့ကြသည်။

ခင်စုလှိုင်သည် နဝဒေးရတုပေါင်းချုပ်မှ 'ပုဂံ ရွှေစည်းခုံဘုရားတိုင်ရတု'ကို ဖတ်ရင်း ရွှေရောင်တဝင့်ဝင့်ဖြင့် သပ္ပာယ်လှသော အနော်ရထာမင်း စတင် တည်ခဲ့သည့် ရွှေစည်းခုံ စေတီတော်မြတ်ကို ဖူးတွေ့ရသလို မျက်လုံးထဲတွင် မြင်ယောင်လာသည်။

ရွေးဆက်မြတ်စွာ၊ နော်ရထာဟူ
သစ္စာလေးဆူ၊ စင်ဖြူအထွဋ်
ပွင့်မည်နတ်လျှင်၊ မွေတော်တော်ပေါင်း
စွယ်ချောင်းရှိုးမြှုပ်၊ သင်းကျစ်နဖူး
ရှုမူးသရေ၊ အထွေထွေကို
သောင်းနေဖမ္ဘူ၊ လူတို့ကိုးရာ
ပြင်ကျွန်းသာထက်၊ သူဇာသိကြား
မင်ဖျားနှစ်ယောက်၊ တည်ခဲ့မြောက်သည်
မြကျောက်ချပ်လွှာ၊ မုတ္တာရည်ညက်
ရွှေလျက်လွှမ်းခြုံ၊ သမိုက်တုံက
တိမ်မှုန်မလူး၊ ရောဝှန်မြူးမျှ
ဟူးဟူးထိန်ထိန်၊ ရှိန်ရှိန်ဝါဝါ
နေခြည်ကာသည်၊ စကြာဆယ့်တစ်ဆင့်တကာ။ ။
ထိုစဉ်မှာပင်

ခင်စုကြိုင်၏ မကျေမနပ်သံကြောင့် နဝဒေးကြီး၏ ရတုကို စိတ်ဝင်စားစွာ ဖတ်နေသော ခင်စုလှိုင်သည် စာအုပ်ကြားတွင် လက်ညှိုးကလေးသွင်းရင်း ခင်စုကြိုင်ကို လှမ်းကြည့်ဖြစ်သည်။

ခင်စုကြိုင်၏ လက်ထဲတွင်တော့ တစ်ထွာတစ်မိုက်ခန့်

ရှိသော အရုပ်ကလေးတစ်ခု ရှိနေသည်။

'ဒီ ဘီလူးရုပ်က အရုပ်ဆိုးလိုက်တာ မမစုလှိုင်ရယ်၊ အစ်ကို သက်ဦး ဝယ်လာတာတဲ့၊ ဘာလုပ်ဖို့မှန်းလဲ မသိဘူး'

ခင်စုကြိုင်သည် ရေဒီယိုစင်ပေါ်တွင် တင်ထားသော ကြွေသားဖြင့် ပြုလုပ်ထားသည့် အစွယ်ပြူးပြူး ဘီးလူးရုပ်ကို ကိုင်ရင်း ပြောသည်။

'ဟဲ့..... မောင်သက်ဦး ပစ္စည်းကို သွားမကိုင်နဲ့၊ သူ ပန်းချီ ဆွဲဖို့ ရှေးဟောင်းပစ္စည်းရောင်းတဲ့ ဆိုင်က ရှားရှားပါးပါး ရှာဝယ် လာတာတဲ့'

'ပန်းချီဆွဲဖို့ဆိုရင် သူတို့ အခန်းထဲယူသွားပါလား။ ဧည့်ခန်း ထဲမှာ ကျက်သရေ မရှိလိုက်တာ'

'ပြန်ထားလိုက်စမ်း ဘုတ်ဘုတ်ရယ်၊ မတော်တဆ လွတ်ကျသွားရင် မခက်ပါလား'

ခင်စုကြိုင်က အရုပ်ကလေးကို ပြန်တင်ထားသည်။

ဟုတ်ပါသည်။

ခင်စုကြိုင် ဆိုလာသကဲ့သို့ ဘီလူးရုပ်ကလေးက အရုပ်ဆိုး လှသည်။ အစွယ်ပြူးပြူးနှင့် ဒူးတစ်ဖက်ထောက်၍ ထိုင်ရင်း သန်လျက်ကို ညာဘက်ပခုံးပေါ်တွင် ထမ်းထားသည်။ ဒီဘီလူး ရုပ်လေးကို မြင်နေရတိုင်း ခင်စုလှိုင်ရင်တုန်ရလေသည်။

ဘာကြောင့်ရယ်တော့ မသိ။

ခင်စုလှိုင်သည် ရတုပေါင်းချုပ်ကို ဆက်ဖတ်နေသည်။

ကြာတော့ အိပ်ငိုက်လာသည်။ မျက်လုံးမှေးတွ ဝိုးတဝါး ဖြစ်လာသည်။ ကိုင်ထားသော စာအုပ်က လွတ်ကျသွားပြီး အိပ်ပျော် သွားသလို ဖြစ်သွားသည်။

သို့တစေ.....

ခင်စုလှိုင်သည် ခင်စုကြိုင်၏ လှုပ်ရှားမှု ဟူကို အလိုလို မြင်နေရသည်ဟု ထင်နေသည်။ ခင်စုကြိုင်သည် ဧည့်ခန်းနံရံတွင် ချိတ်ထားသော အလှပြပန်းချီကားများကို မမီ့တမီ ကြက်မွေး တစ်ချောင်းဖြင့် ဖုန်ခါနေသည်။

'ချလွမ်း'

ရေဒီယိုစင်ထောင့်တွင်တင်ထားသော ဘီလူးရုပ်ကလေးမှာ ခင်စုကြိုင်၏ တံတောင်ဆစ်နှင့် တိုက်မိ၍ အောက်သို့ကျသွားပြီး အပိုင်းပိုင်း ကျိုးသွားသည်။

ခင်စုလှိုင်သည် အိပ်တစ်ဝက် နိုးတစ်ဝက်နှင့် အပိုင်းပိုင်း ပြတ်သွားသော ဘီလူးရုပ်ကလေးကို မြင်နေရသည်။ သို့တစေ အိပ်ချင် စိတ်က လွန်လွန်မင်းမင်း လွှမ်းမိုးနေသဖြင့် ပက်လက်ကုလားထိုင်ပေါ် မှာပင် ဆက်၍ အိပ်ပစ်လိုက်သည်။

ခင်စုလှိုင် နိုးလာတော့ နေဝင်ရီတရော။

ဧည့်ခန်းထဲသို့ အမှောင်ရိပ်က ယှက်သန်းနေပေပြီ။

မောင်သက်ဦးနှင့် ခင်စုမြိုင်တို့မှာ ယခုအချိန်အထိ ပြန်လည် ရောက်ရှိသေးဟန် မတူပါ။

ခင်စုလှိုင်သည် ဧည့်ခန်းထဲမှ မီးဖိုထဲသို့ ဝင်ခဲ့သည်။ ခင်စုကြိုင် သည် မချက်တတ် ချက်တတ်နှင့် မီးဖိုခန်းထဲတွင် ချက်ပြုတ်နေသည်။

'ဟဲ့.....ဘုတ်ဘုတ်၊ ဘာတွေချက်နေတာလဲ'

'ငါးမြင်းခေါင်း ချဉ်ရည်၊ ရှောက်သီးသုပ်၊ ပြီးတော့ ဝက်သား ဟင်းလေ။ တို့ရောကတော့ မရန်းသီး ကြွပ်ကြွပ်ကလေးတွေလေ'

ခင်စုလှိုင် သွားတွေ ကျိန်းသွားသည်။ သွားကျိန်းတာက အရေးမကြီး။ ခင်စုကြိုင်ကိုတွေ့တော့ ဘီလူးရုပ်ကလေးကို သွား၍ အမှတ်ရလိုက်သည်။

'ဘုတ်ဘုတ်'

'ရှင်'

'ဘုတ်ဘုတ် ဘီလူးရုပ်ကလေး ဘယ်ကိုလွှင့်ပစ်လိုက်သလဲ၊ မောင်သက်ဦး ပြန်လာရင်တော့ ဘုတ်ဘုတ်ကို ဆူတော့မှာပဲ၊ သူ အမြတ်တနိုး ဝယ်လာတဲ့ ပစ္စည်းဆိုတာ သိတယ်မဟုတ်လား ဘုတ်ဘုတ်ရယ်'

ခင်စုကြိုင်က နားမလည်သလို မော့ကြည့်သည်။

'ဘီလူးရုပ်ကလေးကို ဘုတ်ဘုတ်က ဘာဖြစ်လို့ လွှင့်ပစ်ရမှာလဲ မမစုလှိုင်.....ဟင်'

'မမစုလှိုင်ကို မလိမ်နဲ့ ဘုတ်ဘုတ်၊ လိမ်ပြောတာကို မမစုလှိုင် မကြိုက်ဘူးဆိုတာ ဘုတ်ဘုတ် သိတယ်မဟုတ်လား။ နေ့လည်တုန်းက ဖုန်သုတ်ရင်း တိုက်ချပစ်လိုက်တာ မမစုလှိုင် မြင်တယ်၊ ဘာလဲ ဘုတ်ဘုတ်က မမစုလှိုင်အိပ်ပျော်နေတယ်ထင်ပြီး ပြောင်လိမ်ဦးမလို့လား'

'ဟင့်အင်း ဘီးလူးရုပ်ကလေးကို ဘုတ်ဘုတ် တိုက်မချပါဘူး မမစုလှိုင်'

ခင်စုလှိုင်သည် သူမကို လိမ်ရကောင်းလားဟု ခင်စုကြိုင် လက်ကိုဆောင့်ဆွဲ၍ ဧည့်ခန်းထဲသို့ ခေါ်ခဲ့သည်။ ဧည့်ခန်းမီးများကို ဖွင့်လိုက်သည်။

'ကဲ ဟိုမှာကြည့်ပါဦး မမစုလှိုင်'

ခင်စုလှိုင် အံ့ဩသွားရပါသည်။

အစွယ်ပြူးပြူးနှင့် ဘီလူးရုပ်ကလေးမှာ ရေဒီယိုစင်ပေါ်၌ အစွင့်သား ထိုင်နေဆဲ။ ခင်စုလှိုင်သည် ဘီလူးရုပ်ကလေးအား အသေအချာကိုင်ကြည့်သည်။ ကျိုးဖို့ နေနေသာသာ အက်ရာလေး မျှပင် မထင်။ ကြွေရုပ်ကလေးမှာ သူမလက်ထဲတွင် လေးလေးပင်ပင် စီးစီးထွေးထွေးပင်။

'အေး အေး.....မမစုလှိုင် ဘုတ်ဘုတ် တိုက်ချပစ်လိုက်တယ် ထင်လို့ ပြောမိတာပါကွယ်၊ ကဲ....ကဲ...ဘာမှမဖြစ်လဲ ပြီးတာပါပဲ၊ မမစုလှိုင် မျက်စိမှားပြီး ပြောမိဆိုမိတာပါ၊ ကဲ....သွားချက်ချည်တော့၊ ဒီနေ့ ဘုတ်ဘုတ်ချက်တဲ့ လက်ရာကောင်းကောင်းကို စားရအောင်၊ ငါ့ညီမလေးက အချက်အပြုတ် သိပ်တော်တာပဲကွဲ့'

ခင်စုလှိုင်သည် ခင်စုကြိုင်ကို ချော့၍လွှတ်လိုက်ရသည်။

သို့တစေ.....

နည်းနည်းကလေးမှ မကျေနပ်။

နေ့လည်က သည့်ဘီလူးရုပ်ကလေး ကျကွဲသွားသည်ကို အတိအကျ မြင်လိုက်ရလျက်နှင့် ယခုတော့ အကောင်းပကာတိ ပြန်ဖြစ်နေသည်။ နောက်ဆုံးတွင် အိပ်ချင်သည့်စိတ်ကြောင့် မျက်စိမှားတာပဲဟု ဖြေသိမ့်လိုက်ရပါသည်။ ဒီအကြောင်းကိုလည်း ဆက်မတွေးမိတော့။

သို့ပေမယ့် နောက်တစ်နေ့တွင် သည်အကြောင်းအရာနှင့် စပ်လျဉ်း၍ တွေးတောရန် ပြဿနာတစ်ခု ပေါ်ပေါက်လာပါသည်။ ညီမဖြစ်သူ ခင်စုမြိုင်သည် သူမအခန်းရှိရာ ဝေသာလီအိမ်ကြီး၏ အပေါ်ထပ်သို့ ဒေါသတကြီး ရောက်လာပါသည်။

'ဘာဖြစ်လို့လဲ စုမြိုင်၊ မောင်သက်ဦးနဲ့ စကားများလာတာလား'

'ဘယ်က ဟုတ်ရမှာလဲ မမစုလှိုင်၊ ဘုတ်ဘုတ်ပေါ့'

'ညှော်ခန်းကို ဖုန်သုတ်တာလေ၊ MODEL ဆွဲဖို့အတွက် ကိုသက်ဦး ရှားရှားပါးပါးဝယ်ထားတဲ့ ဘီလူးရုပ်ကလေးကို တိုက်ချပစ်လိုက်တယ်'

'ဟယ်'

'ဟုတ်တယ် မမစုလှိုင်၊ ဒီကောင်မလေး ဘာပဲလုပ်လုပ်

သိမ်ရှုပ်တီးရှုပ်တစ် နိုင်တာပဲ'

ခင်စုလှိုင်သည် ဧည့်ခန်းသို့ လျှင်မြန်စွာ ရောက်ရှိသွားပါသည်။ အံ့ဩသည့်စိတ်က တစ်ကိုယ်လုံးကို ပျံ့နှံ့သွားသည်။

ဘီလူးရုပ်သည် ခေါင်းပြတ်နေသည်။

ခြေတွေ လက်တွေ ကျိုး၍ ကြမ်းပြင်ပေါ်တွင် ကျနေသည်။

မနေ့ကမြင်ခဲ့ရသည့် ပုံစံအတိုင်း ဘီလူးကလေးမှာ ကျိုးပဲ့နေလေပြီတကား။

စင်စစ်...

ခင်စုလှိုင်သည် ဘီလူးရုပ်ကလေးကို ခင်စုကြိုင်လက်နှင့်တိုက်မိ၍ အောက်သို့ကျသွားပြီး သည့်ပုံစံအတိုင်း ကျိုးပဲ့သွားခဲ့သည်ကို လွန်ခဲ့သည့်ရက်က တိတိပပ မြင်ခဲ့ရပြီးသားဖြစ်ပါသည်။

သူမ၏ အသိအာရုံတွင် တင်ကြို၍ မြင်ခဲ့ပြီးမဟုတ်လား။

ယခုတော့ တစ်သဝေမတိမ်း တူညီနေပေပြီ။

အနိဋ္ဌာရုံ အာရုံသည် ခင်စုလှိုင်၏ အသိစိတ်တွင် ကြိုတင်၍ရောက်ရှိခဲ့ပြီ ဖြစ်ပါသည်။

* * *

(ငါး)

အဲသည်နေ့က စ , လို့...

ဝေသာလီအိမ်ကြီးတွင် ဘီလူးခေါင်းပြတ်ခဲ့သည့် နေ့က စလို့....။

ခင်စုလှိုင်၏ အသိအာရုံတွင် အနိဋ္ဌာရုံမြင်ကွင်းက ကြိုတင်ထင်ဟပ်လို့ သိရှိနေပါသည်။

အစကတော့ ဒါကို တိတိပပ မသိခဲ့။

သူမကိုယ် သူမ မကောင်းမှု နိမိတ်ကို ကြိုတင် မြင်သိနေသည့် အသိစိတ်ရှိနေသည်ကို ခင်စုလှိုင် တတ်တတ်မတ်မတ် မသိခဲ့သေးပါ။

တစ်နေ့....

အဲသည်နေ့က စနေနေ့ပေါ့။

ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီး၏ အပေါ်ထပ်ရှိ သူမ အခန်းတွင် ဇိနတ္ထပကာသနီ ဖတ်ရန် အရွယ် မဟုတ်သေး။ အချစ်၊ အလွမ်း၊ စွန့်စားခန်းကလေးတွေ စိတ်အပန်းပြေစေသည့် ပေါ့ပေါ့ပါးပါး ဝတ္ထုကလေးတွေကို ဖတ်သင့်သည့်အရွယ်။

ခင်စုလှိုင် ငယ်ပါသေးသည်။

သို့ပေမယ့် ကြီးနေသည်။ ညီမငယ်လေးတွေကို မိဘသဖွယ် အုပ်ထိန်းခဲ့ရသဖြင့် သူ့စိတ်က 'ကြီး' နေသည်။ ဝေသာလီတွင် ဖေဖေ၊ မေမေတို့ မရှိကြကတည်းက ခင်စုလှိုင်က အစ်မကြီးအမိ ပမာ အုပ်ထိန်းလာခဲ့ရသဖြင့် ငယ်ငယ်ရွယ်ရွယ်နှင့် လူကြီးစိတ်ဝင်နေရသည်။ လူကြီးလိုလည်းနေသည်။ ဣန္ဒြေကြီး တစ်ခွဲသားနှင့် စကားပြောတတ်သည်။ ညီမလတ်ဖြစ်သူ ခင်စုမြိုင်၏ ခင်ပွန်းကိုသက်ဦးပင်လျှင် သူမထက် တစ်နှစ်လောက် အသက်ကြီးသော်လည်း သူမက မောင်သက်ဦးလို့ပဲ ခေါ်သည်။ ကိုသက်ဦးကလည်း မခင်စုလှိုင်တဲ့။

အရွယ်က ငယ်ပေမယ့် ဒေါ်ခင်စုလှိုင်ပေါ့။

သည်တော့လည်း ဇိနတ္ထပကာသနီကို ကိုင်ရတော့တာပေါ့။

ခင်စုလှိုင်သည် ကျမ်းစာအုပ်ထူကြီးကိုဖတ်ရင်း ညောင်းလာသဖြင့် ဇက်ကြောကို ဆန့်ထုတ်ပြီး ဖွင့်ထားသော ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်သည်။

တစ်ဖက်ခြံမှ ဖိုးအောင်သည် သူ့တို့ခြံထဲတွင် ပေါက်နေ

သော ဝိတောက်ပင်ကြီးပေါ်သို့ တက်၍နေသည်။ ဖိုးအောင်သည် အသက်ဆယ့်သုံးနှစ်အရွယ်လောက်ရှိ၍ မျောက်ရှုံးအောင် ဆော့သော သူငယ်လေး ဖြစ်ပါသည်။

'ဘုရား.....ဘုရား။ ဒီဝိတောက်ပင် အမြင့်ကြီးအပေါ်ကို ကြံကြံဖန်ဖန် တက်ဆော့ရသတဲ့လား။ လိမ့်များကျလိုက်မှဖြင့် ဒုက္ခ'

ဒီလို တွေးလို့မှ မဆုံးခင် ဖိုးအောင်တက်နေသော ဝိတောက်ကိုင်းက ဖြောင်းကနဲ ကျိုးသွားပြီး ဖိုးအောင်တစ်ယောက် အောက်သို့ ဇွတ်ခနဲ ကျသွားသည်။

'အမယ်လေး'

ခင်စုလှိုင်သည် ငယ်သံပါအောင် အော်လိုက်မိပါသည်။ ဒါပေမယ့် ဝိတောက်ပင် အောက်ကိုတော့ မကြည့်ရဲ။

သွေးသံရဲရဲဖြင့် ကျိုးပဲ့နေသော ဖိုးအောင်ကို ခင်စုလှိုင်မမြင်လိုပါ။

ခင်စုလှိုင်၏ အော်သံကြောင့် အောက်ထပ်မှ အငယ်မလေး ခင်စုကြိုင် ပြေးတက်လာသည်။

'ဘာ.....ဘာဖြစ်လို့လဲ မမစုလှိုင်'

ခင်စုကြိုင် အထိတ်တလန့် မေးသည်။

'ဟိုဘက်ခြံက ဖိုးအောင် ဝိတောက်ပင်ပေါ်က လိမ့်ကျသွားတယ် ဘုတ်ဘုတ်'

ခင်စုကြိုင်က ပြတင်းပေါက်မှ ထွက်ကြည့်လိုက်သည်။

'ဘယ်မှာ လိမ့်ကျလို့လဲ မမစုလှိုင်ရဲ့၊ အောက်ကို သူ့ဟာသူ ဆင်းသွားတာပါ၊ လာပဲ ကြည့်စမ်းပါဦး'

ခင်စုလှိုင်သည် ပြတင်းပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်ပါသည်။

ဝိတောက်ကိုင်းလည်း ကျိုးမကျ။

ဖိုးအောင်လည်း ဘာမှမဖြစ်။

မဖြစ်သည့်အပြင် ဝိတောက်ပင်ပေါ်မှ ဆင်း၍ သီချင်းတစ်ပုဒ်ကို အော်ဆိုရင်း သူ့အိမ်ထဲသို့ ဝင်သွားသည်ကို မြင်လိုက်ရသဖြင့် ကိုယ့်မျက်လုံးကိုပင် ဖောက်ထုတ်ပစ်ချင်လောက်အောင် ရှက်သွားမိသည်။

'မမစုလှိုင်က သိပ်ကြောင်တာပဲ၊ ဘာမှန်းလဲ မသိဘူး'

'အေးဟယ်.....အခုတလော မမစုလှိုင်လဲ ဘယ်လိုဖြစ်နေမှန်းကို မသိပါဘူး ဘုတ်ဘုတ်ရယ်၊ ဘာတွေ့တွေ့၊ ဘာမြင်မြင် စိုးရိမ်မိတာချည်းပဲ၊ ဩော်.....ဘုတ်ဘုတ်ရေ၊ မမစုလှိုင် ပုသိမ်က လာတဲ့ သူငယ်ချင်းတစ်ယောက်အိမ် သွားလည်လိုက်ဦးမယ်၊ မောင်သက်ဦးနဲ့ စုမြိုင်တို့ ရုပ်ရှင်က ပြန်ရောက်ရင် မမစုလှိုင်ကို မစောင့်နဲ့ ထမင်းစားနှင့်ကြလို့ ပြောလိုက်နော် ဘုတ်ဘုတ်'

'ဟုတ်ကဲ့ မမစုလှိုင်'

ခင်စုလှိုင်သည် ပုသိမ်မြို့မှ ခေတ္တ အလည်ရောက်ရှိနေသော အချစ်ဆုံးသူငယ်ချင်းခင်ခင်၏အိမ်သို့ သွားလည်သည်။ စကားကောင်းနေသဖြင့် ညရှစ်နာရီလောက်မှ ဝေဿာလီသို့ ပြန်ရောက်ခဲ့ပါသည်။

ရောက်လျှင် ရောက်ချင်း ညီမအငယ်ဆုံးလေး ခင်စုမြိုင်ဆီး၍ပြောသော စကားကြောင့် သိမ့်သိမ့်တုန်သွားရပါလေသည်။

'မမစု.....မမစုလှိုင်'

'ဘာလဲ ဘုတ်ဘုတ်'

'ဟိုဘက်ခြံက ဖိုးအောင်လေ၊ ညနေက ဝိတောက်ပင်ပေါ် တက်ပြီး ကျိုးကန်းသိုက် တက်နှိုက်တာ လိမ့်ကျလို့ စောစောကပဲ ဆေးရုံပို့လိုက်ရတယ်၊ သေမလား ရှင်မလားတော့ မသိဘူးတဲ့'

* * *

(ခြောက်)

သည်နေ့က စပြီး.....

ခင်စုလှိုင်သည် နှလုံးတုန်မိပါသည်။ ရင်ခုန်မိပါသည်။ ချောက်ချားနေခဲ့ရပါတော့သည်။

အနိဋ္ဌာရုံသည် မဖြစ်မီ တစ်နေ့၊ တစ်ရက်၊ တစ်မနက်၊ တစ်နာရီ စော၍ ခင်စုလှိုင်၏ အာရုံတွင် အလိုလိုထင်ဟပ်နေတတ်ပါသည်။ ဒါကို ဖိုးအောင် တစ်ယောက် ပီတောက်ပင်ပေါ်မှကျ၍ ဖက်ကျိုးပြီး သေသွားခဲ့သည့်နေ့က စပြီး သူမကိုယ် သူမ သိရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

ပမာအားဖြင့်ဆိုရလျှင် ခင်စုကြိုင်၏ ကျောင်းကြိုကား စတီယာရင် လက်ကိုင်ပြုတ်၍ သစ်ပင်နှင့်တိုက်မိသည်ကို လည်းကောင်း။

ကိုသက်ဦး၏ အကောင်းဆုံးလက်ရာ ပန်းချီကား ဖြစ်သော 'နတ်မိမယ်' ကို ပြပွဲသွင်းထားစဉ် ပန်းချီပြခန်း၌ ဖောက်ထွင်း ခိုးယူခံရသည်ကို လည်းကောင်း။

မဖြစ်မီကပင် ခင်စုလှိုင်၏ အသိအာရုံတွင် ကြိုတင်၍ မြင်နေခဲ့ပါသည်။ သို့ပေမယ့် ခင်စုလှိုင်က သည်အကြောင်းကို မည်သူ့ကိုမျှ ပြောမပြဘဲ သူမ စိတ်ထဲတွင်သာ ကျိတ်မှိတ်၍ သိုသိပ်ထားခဲ့သည်။ သူမ စကားမှာ ရယ်စရာဖြစ်နေမည်ကိုလည်း ခင်စုလှိုင် စိုးရိမ်မိသည်။

တခါနေတော့ သည်အကြောင်းကို တခြားသူများအား မပြောလျှင် မဖြစ်လောက်အောင် ဆိုးဆိုးရွားရွား အခြေအနေတစ်ခု ဖြစ်ပေါ်လာခဲ့ပါသည်။

ထိုနေ့ ညနေက ဝေသာလီအိမ်ကြီးသို့ အလတ်မ ခင်စုမြိုင်၏ သူငယ်ချင်းနှစ်ယောက်ကို ထမင်းဖိတ်ကျွေးခဲ့သည်။

ကျော်ဝေသက်နှင့် မာဂရက်သောင်း။

သူတို့နှစ်ယောက်မှာ ဖနီးမောင်နှံများဖြစ်ပြီး မိဘသဘောတူ စေ့စပ်ကြောင်းလမ်းထားသော ချစ်သူနှစ်ဦးလည်း ဖြစ်ကြသည်။

ညစာ စားပြီးသည်နှင့် သူတို့တစ်တွေ ဧည့်ခန်းတွင် စကားဝိုင်းဖွဲ့၍ရယ်စရာ မောစရာကလေးများ ရှေ့ဟောင်းနှောင်းဖြစ်ကလေးများကို ပြောနေကြသည်။ သည်အထဲတွင် မိကဲကလေး ဘုတ်ဘုတ်အသံက အဆူဆုံး၊ အညံ့ဆုံး။

ခင်စုလှိုင်ကတော့ ထုံးစံအတိုင်း ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်ရင်း မဓမ္မပဒကို ဖတ်နေသည်။ နုငယ်လှပသော မျက်နှာကလေးနှင့် မလိုက်ဖက်သော ပါဝါမျက်မှန်ကြီးကိုလည်း တပ်ထားလိုက်သေးသည်။

သူမကိုယ်သူမ လူကြီးပေါ့။

သည်တော့လည်း ကလေးဝိုင်းကို မဝင်လိုဘူးပေါ့။

ညရှစ်နာရီလောက်တွင် စကားဝိုင်း ပြီးသွားသည်။

သူတို့တစ်တွေ ကျော်ဝေသက်နှင့် မာဂရက်သောင်းတို့အား ဝေသာလီအိမ်ကြီး၏ ဆင်ဝင်အောက်သို့တိုင် လိုက်ပို့ကြသည်။

ခင်စုလှိုင်ကလည်း မကောင်းတတ်၍ တံခါးဝသို့တိုင် လိုက်ပါသွ
ရသည်။

'ကဲ.....ထမင်းဖိတ်ကျွေးတဲ့ အတွက် အားလုံးကို ကျေး
တင်ပါတယ်ဗျာ၊ မကြာခင် ကျွန်တော်တို့ နှစ်ယောက်ကလဲ ပြန်ကျွေ
နိုင်ပါလိမ့်မယ်၊ ကဲ.....အားလုံးပဲ သွားပြီနော်'

ကျော်ဝေသက်က နှုတ်ဆက်သည်။

ပြီးတော့ ရပ်ထားသော ဖင်မလီယာ ကားဖြူကလေးပေါ်
တက်ပြီး တံခါးကို ဒုတ်ခနဲ ဆောင့်ပိတ်လိုက်၏။

'ဒုတ်'

တံခါးပိတ်လိုက်သည်နှင့် အတူ ခင်စုလှိုင် နှလုံးသားထဲတွ
ဒုတ်ခနဲ ခုန်သွားသည်။ မျက်လုံးတွေ ပြာဝေသွားသည်။ မူးခ
မိုက်ခနဲ ဖြစ်သွားသဖြင့် လဲကျမသွားစေရန် တံခါးပေါင်ကို မှီထားလိုက်
သည်။

'ဟင်.....မမစုလှိုင်၊ ဘာ.....ဘာဖြစ်လို့လဲ'

'ခေါင်းမူးလို့လား'

'ဘယ်လို ဖြစ်သွားတာလဲ မမစုလှိုင်.....ဟင်'

ခင်စုမြိုင်၊ ကိုသက်ဦးနှင့် ခင်စုကြိုင်တို့က အကောင်းပကတိ
ရှိနေရာမှ ရုတ်တရက် ယိုင်သွားသော ခင်စုလှိုင်ကို စိုးရိမ်စွ
မေးကြသည်။ ကျော်ဝေသက်တို့ကလည်း မထွက်နိုင်သေးဘဲ
ခင်စုလှိုင်ကို ကြည့်နေကြသည်။

'မမ.....မမစုလှိုင်, ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် ဒီညတော့
မောင်ကျော်ဝေသက်တို့ ဝေဘာလီမှာပဲ အိပ်ကြပါလို့ မမစုလှိုင်
တောင်းပန်ပါရစေကွယ်'

'ဘာဖြစ်လို့လဲ မမစုလှိုင်၊ သူတို့က လက်ထပ်ရသေးတာမှ
မဟုတ်ဘဲ၊ ဘယ်သင့်တော်ပါ့မလဲ'

'ဟုတ်တယ် မမစုလှိုင်၊ ကျွန်တော် မာဂရက်ကို ည ကိုးနာရီ မထိုးခင် အိမ်ပြန်ပို့ပေးပါ့မယ်လို့ ပြောပြီးခေါ်လာတာ မမစုလှိုင်ရဲ့ နောက်မှပဲ အေးအေးဆေးဆေး ညနေ လာလည်ပါ့မယ်'

ကျော်ဝေသက်က ကားပေါ်မှ ပြောသည်။

'ဟုတ်သားပဲ မမစုလှိုင်ကလဲ'

ဘုတ်ဘုတ်က ထောက်ခံသည်။

ခင်စုလှိုင်၏ မျက်နှာလုလုလေးမှာ ဆိုးဆိုးရွားရွား ပျက်နေပါသည်။

'ဘာပဲဖြစ်ဖြစ် မင်းတို့နှစ်ယောက်စလုံး မပြန်ကြပါနဲ့ကွယ်၊ ဒီမှာလဲ၊ အခန်းလွတ်တွေ အများကြီးရှိနေတဲ့ဥစ္စာ ဒီညတော့ မပြန်ကြဖို့ မမစုလှိုင်တောင်းပန်ပါရစေကွယ်'

သို့တစေ.....

ခင်စုလှိုင် စကားက မအောင်မြင်ခဲ့ပါ။

သူမ အမျိုးမျိုး တားမြစ်သည့်ကြားထဲ ပြန်သွားခဲ့ကြသည်။ ခင်စုလှိုင်သည် ဝေသာလီအိမ်ကြီးအပေါ်ထပ်ရှိ သူမအခန်းသို့ စိတ်လက် မချမ်းမသာစွာ တက်ခဲ့သည်။

ပြီးတော့ တံခါးကို အတွင်းကပိတ်၍ ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်နေမိသည်။

ည.....ကိုးနာရီ။

ဝေသာလီသို့ တယ်လီဖုန်းလာသည်။

ခင်စုမြိုင်က ဖုန်းကို နားထောင်သည်။ တစ်ဖက်မှ ပြောစကားကြောင့် ခင်စုမြိုင်မျက်နှာမှာ အလွန်အမင်း ပျက်ယွင်းသွားပြီး တယ်လီဖုန်းကို ဂလောက်ခနဲ ပစ်ချလိုက်မိသည်။

'ဘာဖြစ်လို့လဲ မြိုင်'

'မာဂရက်အိမ်က ဖုန်းလာတယ် ကိုသက်၊ ကိုကျော်ဝေသက်

နဲ့ မာဂရက်တို့ ကုက္ကိုင်းလမ်းဆုံမှာ ကားချင်းတိုက်မိလို့ နှစ်ယောက်စလုံး ပွဲချင်းပြီး ဆုံးသွားပြီတဲ့'

ခင်စုမြိုင်အသံက တုန်ယင်နေသည်။

ပြီးတော့ 'ဝေသာလီ'အိမ်ကြီး၏ အပေါ်ထပ်သို့ ပြေးတက်၏။ ပိတ်ထားသော အစ်မကြီး ခင်စုလှိုင်၏ တံခါးကိုလည်း အမောတကော တဒုန်းဒုန်း ထုသည်။

'မမစုလှိုင်.....မမစုလှိုင် တံခါးဖွင့်ပါဦး'

တံခါးပွင့်မလာပါ။

ခင်စုလှိုင် စိတ်မကောင်းစွာ ပြောလိုက်သော စကားသံ အချို့သာ အခန်းအပြင်ဘက်သို့ လွင့်လာပါ၏။

''မမကို ဘာမှ လာပြောမနေကြနဲ့၊ အမင်္ဂလာ သတင်းတွေကို မမစုလှိုင်မကြားချင်ဘူး စုမြိုင် အခုကျော်ဝေသက်နဲ့ မာဂရက်သောင်းတို့ ကားတိုက်လို့ သေပြီမဟုတ်လား'

* * *

(ခုနစ်)

ဒေါ်စုလှိုင်ရဲ့ အဖြစ်ကတော့ အတော့်ကို အံ့ဩဖို့ကောင်းပါတယ်၊ ဒါပေမယ့် ကမ္ဘာမှာ ဒီလိုအာရုံရတဲ့လူတွေ အများကြီးရှိကြပါတယ်၊ ဒေါ်စုလှိုင်လဲ ဖတ်ဖူးမှာပေါ့၊ အဲဒါကို (Extrasensory Perception)

အင်္ဂလိပ်လိုဆိုတော့......

''(Perception of external events without the use of any the known senses)လို့ခေါ်တယ် ဒေါ်ခင်စုလှိုင်၊ ဘာပဲဖြစ်ဖြစ်လေ ဒေါ်ခင်စုလှိုင်လို လူမျိုးဟာ တစ်သိန်းတစ်ယောက်၊ တစ်သန်းတစ်ယောက်ဆိုသလို ကမ္ဘာမှာ အင်မတန်ရှားပါတယ်'

ခင်စုလှိုင်သည် သူမ၏ မိတ်ဆွေဖြစ်သူ Psychiatrist 'စိတ်ရောဂါကု ပါရဂူ'တစ်ယောက်နှင့် တိုင်ပင်ကြည့်သောအခါ အထက်ပါအတိုင်း ရှင်းလင်းပြောပြခဲ့သည်။

'ဟုတ်တယ် ဆရာ၊ ကျွန်မလဲ ကျွန်မကိုယ်ကျွန်မ အတော် အံ့ဩနေပါတယ်၊ ကျွန်မဟာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး နှစ်နှစ်ကာကာ လေးစားတဲ့ လူတစ်ယောက်ပါ၊ ညစဉ်ညတိုင်း ဘယ်လောက်ပဲ တာဝန်များများ 'ဂုဏ်တော်ကိုးပါး'နဲ့ 'သမ္ဗုဒ္ဓေဂါထာ' ကို အမြဲတမ်း ပုတီးစိပ်ခဲ့ပါတယ်၊ ဒါပေမယ့် ကျွန်မကြိုတင်ပြီး မြင်တဲ့ အာရုံတွေက အနိဋ္ဌာအာရုံတွေချည်းပဲ ဖြစ်နေတယ်ဆရာရယ်၊ ကျွန်မ အာရုံထဲမှာ ဆိုးကျိုးတွေကိုပဲကြိုတင်မြင်နေခဲ့လို့ ကျွန်မ တစ်နေ့မှ စိတ်ချမ်းသာမှုမရခဲ့ပါဘူး ဆရာ'

'ဒါလဲ အမြဲတမ်းဖြစ်နေလိမ့်မယ်လို့ ဒေါ်ခင်စုလှိုင်စိတ်ထဲမှာ စွဲလမ်းမထားပါနဲ့၊ တစ်နေ့တော့ အကြောင်းတစ်ခုခုကြောင့် ပျောက်သွားနိုင်ပါတယ်၊ ပြီးတော့ ဟိုစိတ်တော့ မရှိနဲ့နော်၊ ကျွန်တော် ကစေတနာနဲ့ အကြံပေးတာပါ၊ ဒေါ်ခင်စုလှိုင်ဟာ အခုမှ အသက် နှစ်ဆယ်ကျော် အစိတ်အတွင်းပဲ ရှိပါသေးတယ်၊ ဒီအရွယ်နဲ့ ဆိုရင် လှလှပပ ပျော်ပျော်ပါးပါး၊ စိတ်အနားပေးပြီး နေသင့်သေး တယ်လို့ ကျွန်တော်ယူဆတယ်လေ၊ အခု ဒေါ်ခင်စုလှိုင်ကို ကျွန်တော် မြင်သ လောက်ပြောရရင် ငယ်ငယ်ရွယ်ရွယ်လေးနဲ့ အိမ်ထောင်ဦးစီး ဖြစ်နေပြီး နေရာတကာ'လူကြီး'ဆန်ဆန် အစီအမံလွန်ကဲတတ်တာ လေးတွေကို တွေ့နေရတယ်၊ ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ် လား ဒေါ်ခင်စုလှိုင်'

'ဟုတ်....ဟုတ်ပါတယ်ဆရာ၊ ဆရာပြောတာတွေ မှန်ပါ တယ်၊ ကျွန်မလက်ခံပါတယ်'

ပြီးတော့ အရာရာမှာ ငါပဲသိတယ်၊ ငါပဲတတ်တယ်၊ ငါပဲ

နားလည်တယ်ဆိုတဲ့စိတ်၊ စိုးရိမ်ပူပန်တတ်တဲ့စိတ်ကို ဖျောက်လိုက်ရင် အဲဒီ အနိဋ္ဌာရုံ အာရုံတွေဟာ အလိုလိုပျောက်သွားမှာပဲ၊ ဪ.... ဒါနဲ့ စိတ်တော့မရှိနဲ့နော်'

'ပြောပါဆရာ'

'ဒေါ်ခင်စုလှိုင်လို အင်မတန်လှပတဲ့ အမျိုးသမီးတစ်ယောက်မှာ ချစ်သူတော့ ရှိမှာပေါ့၊ ဒီအရွယ်ထိ ဘာကြောင့် အိမ်ထောင်မပြုသေးတာပဲ ဟင်'

'ရှိ..... ရှိပါတယ် ဆရာရယ်၊ ဒါပေမယ့် အငယ်ဖြစ်တဲ့ ကျွန်မညီမလေးတွေကို ငဲ့နေရလို့'

'အဲ.... အဲ..... အဲဒါကြောင့်ပဲ ကျွန်တော်စောစောက ပြောခဲ့တာပေါ့ ဒေါ်ခင်စုလှိုင်၊ ကဲ..... အခုကော အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား'

ခင်စုလှိုင်သည် မောင်မောင်၏ ရုပ်အသွင်ကို ပြန်လည်၍ မြင်ယောင်လာသည်။

မောင်မောင်။

ချစ်သော မောင်မောင်။

ဘယ်လိုပင် ဟန်ဆောင်နေစေကာမူ ခင်စုလှိုင် ငိုချင်လာသည်။

'တစ်ခုတော့ရှိတယ် ဒေါ်ခင်စုလှိုင်၊ အိမ်ထောင်ပြုတဲ့ နေရာမှာ 'မေတ္တာ' ဆိုတာကို ဘာ့ အလေးအနက်ထားပြီး စဉ်းစားဖို့လိုလိမ့် မယ်၊ 'အင်းယားလိတ်'တို့ 'ကရိဝိတ်'တို့ 'ကော်ရိုလာ'တို့လို ဟာမျိုး ကိုမက်ပြီး အိမ်ထောင်ပြုလိုက်ကြလို့ ရွှေဘုံပေါ်မှာ ပျော်နေရပေမယ့် မေတ္တာမပါလို့ စိတ်မချမ်းမသာ ဖြစ်နေရတဲ့ စုံတွဲတွေ အများကြီးရှိတယ်၊ အိမ်ထောင်ပြုတဲ့အခါမှာ 'ဈေးဝယ်ကွက်' မတွက် ဖို့၊ အရှုံးအမြတ် Debit Credit မတွက်ဖို့တော့ အဓိက အချက်ပါပဲ'

'ဆရာရယ်၊ ကျွန်မဒီလိုမိန်းမမျိုး မဟုတ်ပါဘူး။ ရတာမလို လိုတာမရတာမျိုးလဲမဟုတ်ပါဘူး။ ကျွန်မ'မေတ္တာ'ကို အလေးအနက်ထားခဲ့ပါတယ်။ ဒါကြောင့်လဲ မိဘတွေ သဘောမတူတဲ့ အညာတရပန်းချီဆရာလေး မောင်သက်ဦးနဲ့ ကျွန်မညီမလေး ခင်စုမြိုင်ကို ကျွန်မကိုယ်တိုင် လက်ထပ်ပေးပြီး ဝေသာလီအိမ်ကြီးပေါ် ခေါ်တင်ထားတာကြည့်တော့'

'ဒေါ်ခင်စုလှိုင်ကို ကျွန်တော်နားလည်ပါတယ် ဒေါ်ခင်စုလှိုင်ကဲ.....စိတ်အေးအေးထားပြီးသာပြန်ပေတော့'

ခင်စုလှိုင်ပြန်ခဲ့ပါသည်။

စိတ်ကတော့မအေး။

ပို၍လေးလာတော့သည်။

မောင်မောင့်အကြောင်းကို စဉ်းစားမိတိုင်း ခင်စုလှိုင်နှလုံးတွေလေးလာရသည်ချည်း။ မောင်မောင်၊ စုလှိုင်ချစ်တဲ့မောင်မောင်၊ မောင်မောင်က စုလှိုင်ထက်ငယ်သည်။ ဒါပေမယ့် မေတ္တာချင်းတော့ သူမသာ ငါမသာ အတူတူသာဖြစ်တော့သည်။

ဩော်.....မောင်ရယ်

မင်္ဂလာဆောင်ခဲ့ရတာ တစ်နှစ်တောင်ပြည့်တော့မှာလား။

ခင်စုလှိုင်သည် 'ဝေသာလီ'အိမ်ကြီးသို့ ပြန်ရောက်လာပြီး တစ်ယောက်တည်း အတွေးနယ်ချဲ့နေမိသည်။ မောင်သက်ဦးနှင့် ခင်စုမြိုင်တို့ ဖနီးမောင်နှံ ပန်းချီပြပွဲသို့ ထွက်သွားကြသည်။ အငယ်ဆုံး အပျိုပေါက်မလေး ခင်စုလှိုင်ကတော့ ကျောင်း။

ခင်စုလှိုင်သည် သူမအကြောင်းပြန်လည်၍တွေးတော နေခဲ့မိ၏။

စင်စစ်.....

မောင်မောင်က သူမကို လက်ထပ်ဖို့ အကြိမ်ကြိမ်တောင်း

ဆိုခဲ့သည်။ သူမငြင်းပယ်ခဲ့၏။ မချစ်လို့တော့ မဟုတ်။ ချစ်ပါသည်။ မောင်မောင့်ကို အသည်းနှင့်အောင် ချစ်ပါသည်။ သို့ပေမယ့် မောင်မောင့်ကို လက်ထပ်လိုက်လျှင် ဖေဖေအမြတ်တနိုး ဆောက်ခဲ့သော 'ဝေသာလီ'အိမ်ကြီးနှင့် လူလားမမြောက်သေးသော ညီမလေးတွေကို ပစ်သွားရမည်။ ဖေဖေသည် မသေမီကတည်းက အတွင်းပစ္စည်းအတော်များများကို ရှာဖွေထားခဲ့သဖြင့် သူတို့ညီအစ်မသုံးဖော် ထိုင်းစားသော်မှ မကုန်။

သို့တစေ မောင်မောင်ကို လက်ထပ်လိုက်လျှင် သူ့နောက်သို့ သျှောင်နောင်ဆံထုံးပါ လိုက်ရတော့မည်။ မလိုက်လို့ကလည်း မဖြစ်၊ မောင်မောင်က တပ်မတော်က 'လက်ဖတင်နင်'ကလေး။

ဗိုလ်မောင်မောင်နှင့်ရမှ ဗိုလ်မောင်မောင်ကျရာ အရပ်သို့ လိုက်၍မနေနိုင်လျှင် ဖနီးကောင်းတစ်ယောက် တာဝန်မ ကျေပွန်နိုင်။ ဆရာဝန်နှင့်ရလျှင် ဆရာဝန်ကတော်ပီသရမည်။

စစ်သားနှင့်ရလျှင် စစ်သားမယား ပီသရမည်။

စာရေးဆရာနှင့် ရလို့မှ သူ့သတ္တုလေးကို ဝေဖန် မပေးနိုင်ရင်လည်း အလကား။

ပြီးတော့.....

'ကြည့်စမ်းပါဦးအေ၊ ညီမလေးတွေကိုတော့ ပစ်ထားပြီး သူကတော့ လင်ယူသွားလိုက်တော့ ကြော့လို့'

ဆိုသော ပတ်ဝန်းကျင်က မေးငေါ့မည်ကို ခံစုလိုင်ကြောက်သည်။ တစ်ကိုယ်ကောင်း ဆန်သည်ဟု အပြောခံရမှာ စိုးရွံ့သည်။

မောင်မောင်နဲ့နောက်ဆုံး တွေ့တဲ့နေ့က

ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင် ဘုရားဖူး သွားကြသည်။ လေဟာပြင်တွင်ဝင်၍ ဆီချက်ခေါက်ဆွဲ စားသည်။ ကန်တော်ကြီး အင်းလျားသွားကြသည်။ အင်းလျားတွင် လှေစီးကြရင်း မောင်မောင်

ကပူဆာခဲ့ပြန်သည်။

'လက်ထပ်ကြပါစို့ မမရယ်'

'အဲဒါကြောင့် မင်းကလေးကို မတွေ့ချင်တာ သိလား တွေ့လိုက်ရင် တကျီကျီနဲ့ ကလေးမုန့်တောင်းတာ ကျနေတာပဲ'

'ကဲ..... အဲသလိုဆို မောင့်ကိုမချစ်ဘူးလား'

'ချစ်..... သိပ်ချစ်တာပေါ့ မောင်မောင်'

'ဒါဖြင့် ဘာလို့ လက်ထပ်ဖို့ ငြင်းနေရတာလဲ မမရယ် မောင့်ဘဝက စစ်သား။ စစ်သားဆိုတော့ ချစ်မယားကလေး.....'

'ဘာ..... ဘာ၊ သူများကိုများ မယားလေး ဘာလေးနဲ့ ပိုင်စိုးပိုင်နင်း။ ဟင်းနော် မောင်မောင်'

ခင်စုလှိုင်က မျက်စောင်းလှလှလေးနဲ့ ထိုးပစ်လိုက်သည်။ သည်တော့လည်း မောင်မောင်တဟဲဟဲရယ်လို့။

သို့ဖြင့် ကျွန်းသာယာလေးသို့ ရောက်ကြသည်။

မြရောင်စိုနေသည့် တောအုပ်ကလေး ဝိုင်းဝိုင်းလည်လို့။

အဲသည်တော့မှ ခင်စုလှိုင် မျက်လုံးကြီးတွေ ဝိုင်းသွားရသည်။ အသည်းတွေ အေးသွားရသည်။ သွေးတွေ ဆူဝေသွားရပါသည်။

နမ်းတော့တာပေါ့ကွယ်။

သူ့ရင်ထဲဝယ် တလူးလူး တလွန့်လွန့် ဖြစ်ရတာပေါ့။

သူ့လက်တွေက ကြမ်းလိုက်ပါဘိ။

ကြာတော့ ခင်စုလှိုင် ရင်တွေမောလာရသည်။ သည်အထိ သူ့ကို အလိုလိုက်မိသည်ကပင် လွန်လှပြီ။

'တော်တော့ မောင်မောင်ရယ်၊ မောတယ်သိလား'

'မမကလဲကွာ'

'မမကလဲ လုပ်မနေနဲ့၊ ဒီထက်ကဲလာရင် အခက်၊ ကြည့်

ပါလားလို့'

'ချစ်လို့ပါဗျာ'

'ဘာချစ်တာလဲ၊ ချစ်ရင် လက်ထပ်ပြီးမှ'

'ကဲ..... ဘယ်တော့ လက်ထပ်မှာလဲ၊ ကမ္ဘာလဆန်းမှလား'

'ဟင်း.....နော်၊ ဒီကောင်လေး သိမ်ဆိုးတာပဲ၊ ကလေး ကျနေတာပဲ'

'ဟုတ်တယ်..... ခရေးလေးပဲ၊ အနော် ချာတယ် မေမေ ရယ်၊ မုန့်ချားချင်တယ်'

'ဒေါက်.....'

ခင်စုလှိုင်က သူ့ခေါင်းကြီးကို ပိတ်ခေါက်ပစ်လိုက်သည်။ သူ မဆွတ်ခင်က ညွတ်ချင်နေသော စိတ်တွေကို ထိန်း၍သူ့နားရွက်ကို တအားဆွဲပြီး လှေပေါ်ပြန်ခေါ်ခဲ့ရသည်။ ကန်စပ်သို့ ပြန်၍ အလှော်နိုင်းခဲ့ရသည်။

'တစ်နှစ်လောက်တော့ စောင့်လိုက်ပါဦးလား မောင်မောင် ရယ်၊ မမကို မောင်မောင်ယုံပါ၊ မောင်မောင်ကလွဲပြီး မမအသည်းမှာ ဘယ်သူ့ကိုမှ နေရာပေးဖို့ မရှိပါဘူးကွယ်၊ တကယ်ပြောတာပါ၊ ရော့..... ဟောဒါ မမ အမြတ်နိုးဆုံးဖြစ်တဲ့ ပတ္တမြားလက်စွပ်၊ ဒီလက်စွပ်ကလေးကို မောင်မောင်ဝတ်ထားသမျှ မမဟာ မောင်မောင့် အပါးမှာ တစ်ဖဝါးမှ မခွဲလိုက်နေတယ်လို့ သဘောထား၊ ကြားလား မောင်မောင်'

'ကောင်းပါပြီဗျာ၊ အဲ..... နောက်နှစ်ကျရင် နောက်နှစ်လို့ ထပ်ပြီး ရက်ချိန်းမရွှေ့လိုက်ပါနဲ့'

'မောင်မောင်ကလည်း သိပ်ကိုလောတာပဲ၊ တကတဲမှပဲ မမမှာ ဝေသာလီအိမ်ကြီးနဲ့ လူလားမမြောက်သေးတဲ့ ညီမလေးနှစ်ယောက်ရှိနေသေးတယ်၊ ဒီတာဝန်တွေက မမခေါင်းပေါ်မှာ'

'ဟာဗျာ..... ရှုပ်တယ်၊ အဲဒီအိမ်ကြီးကို မီးရှို့ပစ်လိုက်'

'ဟယ်.....'

'ပြီးတော့ မမရဲ့ ညီမနှစ်ယောက်ကို သူတို့ကြိုက်တဲ့ လူနဲ့ ပေးစားပစ်လိုက်'

'ဟင်.....'

'နောက် မောင်နဲ့မမ လက်ထပ်၊ ကလေးတွေ တစ်ပြုံကြီး မွေး'

'ခွေးကောင်လေး..... လိုပ်မျိုးကလေး၊ သူ့ဘက်ကျတော့ ယက်တတ်လိုက်တာ၊ သိပ်မုန်းဖို့ အားကြီးကောင်း၊ ဟင်း..... မျက်စောင်းကြီးနဲ့ ထိုးပစ်လိုက်လို့ ပြာဖြစ်သွားမယ်၊ မမက နဂါးမျိုး နော်'

'အောင်မာ..... မောင် ဘိုးရဲ့ ဘေးရဲ့ ဘင်က မောင်ပေါက် ကျိုင်းနဲ့ မယားညီအစ်ကို တော်သဗျ'

ရယ်သံ လှလှကလေးတွေ ဝေစီလာသည်။

သူ့အပြောကလေးတွေကို သဘောကျစွာ တခစ်ခစ် ရယ်မိ သည်။

မောင်မောင်တို့က အဲသလို ဟာသကလေးများ လည်းပြော တတ်သေးသည်။

ကမ်းစပ်ရောက်တော့ မရယ်ကြနိုင်တော့။

လမ်းသရဲသုံးကောင်က မောင်မောင်နှင့် ခင်စုလှိုင်ကို ဝိုင်းရီ ကြသည်။ လူငယ်ကလေးတွေ ဖြစ်ကြသော်လည်း ဗလကတော့ မသေးလှ။

သူတို့၏ စကားတွေကို ခင်စုလှိုင်က နားမလည်သော်လည်း မောင်မောင်ကတော့ သိသည်။

'ဆေးခြောက်တော့ ဝအောင်ရှူပြီးပြီပေ့ါ၊ ဟ.....ဟို အမျိုး

မီးက ရင်တယ်လှပါလား၊ ရင်တွေ တင်တွေက ‘ဘားဒေါ့’ ထက်တောင်သာသေးတယ်၊ သူ့အတွဲနဲ့ ဘယ်နေရာက ချစ်တင်းနှော ပြီး ပြန်လာကြသလဲ မသိဘူး၊ သူ့ငနဲကို ဘေးချိတ်ထားလိုက်စမ်းပါ ကွာ၊ ရန်စပြီး ကြည့်မနေစမ်းပါနဲ့၊ ဒီကောင်အေးအေးဆေးဆေး မဖြစ်ဘူးဆိုရင် လက်နက်နဲ့ ချလိုက်ရုံပေါ့၊ ကောင်မလေးကို ရအောင် လုပ်ရအောင်၊ အပျက်မလေးတော့ မဟုတ်ဘူးကွ’

သူတို့စကားတွေက အဲဒီလို အဓိပ္ပါယ်ရသည်။

ခင်စုလှိုင်သည် မောင်မောင့်မျက်နှာ အရိပ်အကဲကို ကြည့်၍ အတော်ဒေါသထွက်သွားမှန်း ရိပ်စားမိလိုက်သဖြင့် လက်ကိုအတင်း ဆွဲခေါ်ပါသေးသည်။

လမ်းသရဲသုံးယောက်က သူတို့နှစ်ယောက်ကို ဝိုင်းလိုက်ကြ သည်။

‘အစ်ကိုတို့ အေးအေးဆေးဆေး သွားပါရစေ ညီလေးတို့ ရာနော်’

မောင်မောင်က တောင်းပန်သေးသည်။ မရ။

တစ်ယောက်က မောင်းပြန်ဓား။

တစ်ဦးက ကြယ်ပုံသဏ္ဌာန် ပြုလုပ်ထားသော သံမဏိပြား ဝိုင်းကလေး။

တစ်ဦးကတော့ စက်ဘီးချိန်းကြိုး။

သည်လက်နက်သုံးမျိုးကို ကိုယ်စီကိုယ်ငှ ထုတ်လိုက်ကြ သော်လည်း မောင်မောင်သည် ဣန္ဒြေ တစ်စက်ကလေးမှ မပျက်၊ ခင်စုလှိုင်ကို မျက်ရိပ်ပြလိုက်သည်။

ခင်စုလှိုင်သည် ရင်တမမဖြင့် အသာခွာပေးလိုက်ရရှာသည်။

‘အမယ်လေး’

ခင်စုလှိုင်သည် ကြောက်လန့်တကြား လန့်အော်လိုက်မိ၊

သည်။ သူတို့သုံးယောက်က လက်နက်တွေနှင့် မောင်မောင့်ကို ဝိုင်း၍ တိုင်ခိုက် သတ်ပုတ်ကြသည်။

ခင်စုလှိုင် မျက်လုံးပိတ်လိုက်မိသည်။

အိုးခနဲ အင့်ခနဲ အားခနဲ အသံတွေ ကြားလိုက်ရပြီး ငြိမ်သွားသည်။

သည်အထိ ခင်စုလှိုင် မျက်စိ မဖွင့်ရဲသေး။

'လာ.....မမ၊ မောင်တို့သွားရအောင်'

'ဟင်.....'

'သွားစို့လေ'

လမ်းသရဲသုံးယောက်မှာ မှောက်သူမှောက် ကွေးသူကွေး ဖြင့် တစ်ရေးတစ်မော အိပ်နေကြပေပြီ။

'ဒီကောင်တွေလောက်တော့ မောင်ကမမှုသေး မမရဲ့၊ မောင်က တပ်ထဲမှာ ဂျူဒို၊ အိုက်ကီဒို၊ ကရာတေးတွေကို နောကျေ အောင်သင်ထားပြီးသား'

အဲသည်တုန်းကဆိုလျှင် ခင်စုလှိုင်ရင်တုန်လိုက်ရသည် ဖြစ်ခြင်း။

မောင်မောင်၏ အရည်အချင်းကို သိလာသည်။ မောင်မောင် သည် နှလုံးရည်နှင့် ပြည့်စုံသလို လက်ရုံးရည်ကိုလည်း အားကိုးနိုင် သည်။

ဒါကို ခင်စုလှိုင် သိခဲ့ရပါသည်။

သည်နောက်တော့ မောင်မောင်တစ်ယောက် အမိမြန်မာ နိုင်ငံကို လာရောက်ကျူးကျော်သော ရန်သူတွေကို တိုက်ခိုက်ရန် မြန်မာပြည်မြောက်ပိုင်းသို့ စစ်ထွက်သွားခဲ့ရပါသည်။

စုလှိုင်မှာတော့ လွမ်းလိုက်ရသည့်ဖြစ်ခြင်း မောင်မောင်ရယ်။

အဲသည့်နေ့ကစ၍ ဗိုလ်မောင်မောင်တစ်ယောက် ခင်စုလှိုင်

ထံသို့ မရောက်လာတော့ပါ။

အဲသည်နေ့က နောက်ဆုံး။

နောက်ဆုံးတွေ့လိုက်ရခြင်း။

နောက်ဆုံးကြည့်နူးလိုက်ရခြင်းပါပဲ။

မောင်မောင်မရောက်သော်ငြားလည်း မောင်မောင့်ကိုယ်စား သူ့မိခင်တပ်ရင်းမှ ပေးပို့လိုက်သည့် ကြေးနန်းစာကလေးတစ်စောင်ကတော့ ခင်စုလှိုင်လက်ဝယ်သို့ ရောက်ရှိလာပါသည်၊ သူ၏ တပ်ရင်းမှူးသည် မောင်မောင်နှင့် ခင်စုလှိုင်အကြောင်းကို သိထားခဲ့ဟန်တူပါသည်။

ခင်စုလှိုင်(ဝေသာလီ)

ဗိုလ်မောင်မောင်သည် တိုင်းပြည်တာဝန်ကို ထမ်းဆောင်ရင်း ရှေ့တန်းတစ်နေရာတွင် ရန်သူ့မိုင်းဗုံးထိ၍ စက်တင်ဘာလ(၁၃)ရက်နေ့တွင် ကျဆုံးခဲ့ပါကြောင်း ဝမ်းနည်းစွာဖြင့် အကြောင်းကြားပါသည်။

တပ်ရင်းမှူး

ခ-လ-ရ (.....)

တန့်ယန်း

ခင်စုလှိုင်သည် ကြေးနန်းစာရွက်ကိုကိုင်ရင်း လက်တွေတုန်လာသည်။ အသည်းတွေ တစ်စစီ တစ်မွှာစီ ဖွဲ့ခြွေခံရသလို ရင်တွေနာလာသည်။ ဆို့တက်လာသည်။

'အမယ်လေး..... မောင်မောင်ရဲ့'

ဟု တအားဟစ်၍ အားရပါးရ ငိုချလိုက်ချင်ပါသည်၊ သို့ပေမယ့် စိတ်ကိုထိန်းထားရ၏။ သည်တော့ ရင်ထဲက ခံစားချက်ဟာ ပိုလို့သာ ပြင်းထန်လာရ၏။

မောင်မောင် သေပြီ။

ခင်စုလှိုင် အသည်းနှင့်အောင် ချစ်ရတဲ့ မောင်မောင်သည်

ခင်စုလှိုင်ကို တစ်ယောက်တည်း ပစ်ထားခဲ့လေပြီ။

'ဩော်..... မောင်ရယ်၊ မင်းခံ့နွဲ့လေးမှ ပြည့်မသွားရရှာလေခြင်း'

ခင်စုလှိုင် ရင်ထုမနာဖြစ်မိပါသည်။

အသည်းတွေ ကွဲကြေခဲ့ရပါသည်။

ယခုသော် မောင်မောင်ကျဆုံးခဲ့သည်မှာ တစ်နှစ်ပင်ပြည့်တော့မှာပါကလား။

ဝေဘာလီသည် ပကာတိ တိတ်ဆိတ်ငြိမ်သက်လို့နေသည်။

ခင်စုလှိုင်သည် သူ၏မိတ်ဆွေ စိတ်ရောဂါကု ပါရဂူနှင့်တိုင်ပင်ဆွေးနွေးပြီး ပြန်ရောက်ကတည်းက မောင်မောင်နှင့် သူမအကြောင်းကို ညည့်ခန်းထဲတွင် ထိုင်၍စဉ်းစားနေမိခဲ့သည်။

ဩော်.....ငါဘာတွေ စဉ်းစားနေမိပါလိမ့်၊ ဒါတွေဟာဖြစ်ပြီးသားတွေပဲ။ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'လို့ ရှင်တော်ဘုရားက ဟောကြား တော်မူခဲ့တယ် မဟုတ်လား။ 'အနိစ္စ'ဘယ်အရာမှ အမြဲမရှိ ထိန်း..... ထိန်း ခင်စုလှိုင်၊ နင့်စိတ်ကိုထိန်း။

ခင်စုလှိုင်သည် ဝေဘာလီအိမ်ကြီး၏ အပေါ်ထပ်သို့ တက်ခဲ့ပါသည်။ အပေါ်ထပ်သို့ ရောက်သည်နှင့် တစ်အိမ်လုံး သိမ့်ခနဲလှုပ်သလို ခံစားလိုက်ရသည်။ မျက်လုံးတွေပြာဝေသွားသည်။

နံရံတွင် သူမအမြတ်တနိုး ချိတ်ဆွဲထားသော ပုဂံ၏ ရှေးယဉ်ကျေးမှု အနုပညာလက်ရာများဖြစ်သော သဗ္ဗညုတ၊ အာနန္ဒာ၊ ရွှေစည်းခုံ၊ ဗောဒေါကြီး၊ မနုဟာ၊ ကမ္ဘောဇပလ္လင်၊ ဗူးဘုရား ပန်းချီ ကားချပ်များမှာ သိမ့်သိမ့်ခါသွားသည်။

'ဘုရား.....ဘုရား.....ဘယ်လိုများ ဖြစ်တာပါလိမ့်၊ ငါ့စိတ်တွေ ဘယ်လိုဖြစ်လာပါလိမ့်'

ခင်စုလှိုင်သည် နံရံတွင်မှီရင်း မျက်စိကို မှိတ်ထားလိုက်

သည်။အနိဋ္ဌာရုံ အာရုံသည် ခင်စုလှိုင်၏ အသိဉာဏ်တွင် လက်ခနဲ နေရာယူလိုက်သည်။ ပြီးတော့ ပြန်လည် ပျောက်ကွယ်သွားခဲ့၏။

ထိုနေ့က ဇူလိုင်လ ခုနှစ်ရက်။

နောက်တစ်နေ့ ဇူလိုင်လ ရှစ်ရက်နေ့တွင် ပုဂံမြေလျှင်အကြောင်းကို ခင်စုလှိုင်တစ်ယောက် ရင်သိမ့်တုန်စဖွယ် ကြားသိလိုက်ရပါတော့သည်။

* * *

## (ရှစ်)

၁၉၇၅–ခု စက်တင်ဘာလ (၁၃)ရက်၊ တနင်္ဂနွေနေ့။

ခင်စုလှိုင်သည် ပြက္ခဒိန်ကို လှမ်းကြည့်လိုက်ပြီး ရင်မောစွာ သက်ပြင်းချလိုက်မိပါသည်။

သည်ကနေ့ မောင်မောင်လာခေါ်မည့်နေ့။

မောင်မောင် အသေဆိုးသေရသည့် စက်တင်ဘာလ (၁၃)ရက်နေ့။

'ကဲ......မောင်သွားမယ် မမ၊ မှတ်ထားနော်၊ ဆယ့်သုံးရက်နေ့မှာ မမကို မောင်ဟောဒီ ဝေသာလီအိမ်ကြီးက အပြီးအပိုင် လာခေါ်သွားတော့မယ်'

ညဦးသန်းခေါင်ယံတွင် သူမထံသို့ မောင်မောင်ရောက်ရှိလာခဲ့ပြီး သို့ကလို ဆိုသွားခဲ့သည်။

သူသေတဲ့နေ့တွင် ခင်စုလှိုင်ကို လာခေါ်မတဲ့။

ခင်စုလှိုင်၏ သေနေ့ကို မောင်မောင်က အတိအလင်း ပြောကြားသွားခဲ့ပါသည်။

သေသွားသော ချစ်သူက လာခေါ်နေပြီ။

ခင်စုလှိုင်လိုက်ပါ့မယ် မောင်မောင်ရယ် အသက်ရှင်တုန်း

က မောင်မောင့်အလိုဆန္ဒတွေကို မလိုက်နိုင်တဲ့ မမဟာ သေသွားပြီး တော့မှ လာခေါ်တဲ့ မောင်မောင့် ဝိညာဉ်နောက်ကို လိုက်ပါတော့ မယ်ကွယ်။

သည်အနိဋ္ဌာရုံသည် ခင်စုလှိုင်နောက်ဆုံးမြင်ခဲ့ရသည့် မကောင်းမှုအာရုံပင် ဖြစ်ပါသည်။

ဝေသာလီတွင် ဘီလူးခေါင်းပြတ်သည်။

ဖိုးအောင်ဇက်ကျိုး၍ သေသည်။

ညီမအငယ်ဆုံးလေး ခင်စုကြိုင်၏ ကျောင်းကားလက်ကိုင် ဘီးပြုတ်၍ သစ်ပင်နှင့် ဝင်တိုက်သည်။

ကိုသက်ဦး၏ နတ်မိမယ် ပန်ချီကား လူခိုးခံရသည်။

ကျော်သက်ဝေနှင့် မာဂရက်သောင်းတို့ ကားတိုက်၍ ပွဲချင်း ပြီးသေသွားကြသည်။

ပုဂံ၏ ရှေးဟောင်း အမွေအနှစ်ဖြစ်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု လက်ရာများ မြေငလျင်ဒဏ်ကြောင့် မြေခရသည်။

ဒါတွေကို မဖြစ်မီကပင် ခင်စုလှိုင်၏ အသိအာရုံတွင် ကြိုတင် သိမြင်နေရ၏။ သိမြင်ခဲ့သည့်အတိုင်းလည်း တစ်သဝေမတိမ်း ဖြစ်ခဲ့ ပါသည်။

ယခုအခါ မောင်မောင်က လာခေါ်ဦးမယ်တဲ့။

သည်နေ့ နောက်ဆုံးနေ့ပါကလား။

ခင်စုလှိုင်သည် နံနက်စောစောကပင် ထ၍ဘုရားဝတ်ပြု သည်။ ပြီးတော့ သူမကိုယ်တိုင် **မပြင်စဖူး** အလှဆုံးဖြစ်အောင် ပြင်ဆင် ခြယ်သနေသည်။

မောင်သက်ဦး၊ ခင်စုမြိုင်နှင့် ခင်စုကြိုင်တို့ကို သန်လျင် ကျောက်တန်းသို့ စနေနေ့ကပဲ ညအိပ်အလည် လွှတ်လိုက်သည်။ တစ်နည်းအားဖြင့် မောင်မောင့်နောက်ကို လိုက်ရာတွင် တစ်ဦးတည်း

တစ်ယောက်တည်း လွတ်လွတ်လပ်လပ်လိုက် လိုသည်။

ဒါကြောင့်ပင် သူတို့တစ်တွေကို အလိမ္မာနှင့် လှတ်လိုက်ခြင်းဖြစ်သည်။

ခင်စုလှိုင်သည် ဆံပင်ကိုနန်းဆန်ဆန် တစ်ပတ်ရစ် ကလေးထုံးသည်။ မျက်နှာကို အလှဆုံးဖြစ်အောင် ခြယ်သလိုက်သည်။

ချိတ်ထဘီအဝါနှင့် အဝါရောင် ဖော့အကျီ လက်ပွကလေးကို ဆင်မြန်းလိုက်၏။ ခေါင်းကပန်းကလည်း စကားဝါပန်း။

ပြီးတော့ အမြိတ်အပွင့်တွေ၊ ရွှေချည်တွေ ထိုးထားသောပဝါကြီးကို သိုင်းခြုံလိုက်ပါတော့သည်။

ရွှေစင်လိုဝင်းဝါနေသော ခင်စုလှိုင်၏ အသားအရေက အဝါနှင့် လိုက်ဖက်လွန်းသည်။

အဝါကို မောင်မောင်မြတ်နိုးသည်။

သူမြတ်နိုးသည့် အရောင်ကို ဝတ်၍သူ့နောက်လိုက်တော့မည်။

ခင်စုလှိုင်သည် သူမအခန်းထဲတွင်ထိုင်ရင်း မောင်မောင့်ကို စောင့်သည်။

ကြာတော့ နှလုံးသည်းပွတ်တွေ ပြုတ်ကြွမတတ် ခံစားနေရသည်။ စောင့်ရခြင်းဟူသော အလုပ်ကို မုန်းလာချေသည်။ သို့မို့ကြောင့် ဝေသာလီအိမ်ကြီး၏ အောက်ထပ်သို့ ဆင်းလာပါသည်။

ဝေသာလီအိမ်ကြီး၏ ကျွန်းတံခါးကြီးမှာ စေ့ထားသည်။ မှန်ပျပျ အလင်းရောင်က ဧည့်ခန်းကို လွှမ်းမိုးထားသည်။

ဝေသာလီ၏ အရှင်သခင်မလေး ခင်စုလှိုင်သည် ဧည့်ခန်းကြီးထဲတွင် ငြိမ်သက်စွာထိုင်ရင်း သေခြင်းတရားကို ရင်တမမဖြင့် စောင့်ကြိုနေပါသည်။

နေ့လယ် ဆယ်နာရီ။

တဒင်ဒင် မြည်ဟည်းသွားသော တိုင်ကပ်နာရီကြီး၏ အသံက နှလုံးသွေးပျက်ဖွယ် ကျယ်လောင်လှပါသည်။ ပြီးတော့ အပ်ကျသံ ကြားရလောက်အောင် ပကတိ တိတ်ဆိတ် ငြိမ်သက်သွားပါလေသည်။

ခင်စုလှိုင်၏ အသက်ရှုသံသဲ့သဲ့သည် အလွန်အမင်း တိတ်ဆိတ် ငြိမ်သက်လွန်းနေသော ဧည့်ခန်းဆောင်ထဲတွင် ပျံ့လွင့်နေပါသည်။

'ကျွီ......'

ဝေသာလီအိမ်ကြီး၏ ကျွန်းတံခါးကြီးမှာ ရှည်လျားစွာ မြည်ရင်း တဖြည်းဖြည်းပွင့်ဟသွားသည်။

သူ......

မောင်မောင်။

ခင်စုလှိုင်ချစ်တဲ့မောင်မောင်။

မောင်မောင့်မျက်နှာက ပြုံးနေသည်။ သူသည် ငြိမ်သက်စွာ ထိုင်နေသော ခင်စုလှိုင်ထံ ဖြည်းညင်းလေးပင်စွာ တစ်လှမ်းချင်း လျှောက်လာပါသည်။ ခင်စုလှိုင် ထလိုက်သည်။ သူနှင့် မျက်နှာချင်း ဆိုင် ရပ်လိုက်သည်။ သူမမျက်နှာက ပြုံးနေသည်။ နှလုံးသားက တဒိတ်ဒိတ်ခုန်နေသည်။

'မ......မ'

'မမကို လာခေါ်တာလားဟင်'

'အင်း မမ မောင်နဲ့လိုက်ရတော့မယ်နော်'

'လိုက်မှာပေါ့ မောင်ရယ်၊ မမ မောင်ခေါ်ရာ လိုက်ဖို့ အဆင်သင့် စောင့်နေတာပါ'

ခင်စုလှိုင်သည် သူ့ရင်ခွင်ထဲသို့ နိုဝင်လိုက်မိသည်။ သူ့လက်ကလည်း ခင်စုလှိုင်ကို တင်းကျပ်စွာ ဖက်ထားပါသည်။

'ဩော်...... မောင်ရယ်'

တိုးညင်အည့်သက်သော အသံကလေး သဲ့သဲ့သာ ခင်စုလှိုင်နှုတ်ဖျားမှ ထွက်နိုင်ပါတော့သည်။ ပြီးတော့ သူ့ရင်ခွင်ထဲတွင် ပျော့ခွေသွားပါတော့သည်။

၁၉၇၅–ခုနှစ် စက်တင်ဘာလ(၁၃)ရက်။

* * *

(ကိုး)

ပထမဆုံး အသံတွေကြားရသည်။

စကားပြောသံတွေ၊ ခြေသံတွေ။

သို့တစေ ဘာမှ ပီပီပြင်ပြင် မရှိလှ။

ဝိုးတဝါးနိုင်လှသည့် အိပ်မက်လိုဖြစ်နေသည်။

တိမ်တိုက် အိအိကြီးထဲတွင် လွင့်မျောနေသလို ခံစားရပါသည်။

'ခံစားမှုတစ်ခု ပြင်းပြင်းထန်ထန် ဖြစ်သွားလို့ မြောသွားတာပါ၊ နှလုံးလေရိုက်တယ်လို့ ပြောပြောနေကြတာမျိုးပေါ့၊ Heart Failure ဆိုပါတော့ဗျာ၊ ဒါပေမယ့် ဆေးရုံကို အချိန်မီ ပို့နိုင်ခဲ့လို့ စိုးရိမ်စရာ မရှိတော့ပါဘူး။ နှလုံးခုန်နှုန်း မှန်လာပါပြီ၊ အောက်စီဂျင်လဲ ပေးထားပြီပဲ၊ မပူပါနဲ့တော့ ဗိုလ်ကြီးမောင်မောင်'

ဆရာဝန်၏ အသံကို ခင်စုလှိုင် တိတိပပ ကြားလိုက်ရသည်။ ဗိုလ်ကြီးမောင်မောင်တဲ့။

မောင်......

မောင်မောင်။

ခင်စုလှိုင်သည် မျက်လွှာကို ညင်သာစွာ ဖွင့်ကြည့်လိုက်ပါသည်။ မောင်မောင်သည် သူမ၏ ခုတင်ဘေးတွင် ရပ်နေသည်။

ပြီးတော့ သူမ၏ လက်နှစ်ဖက်ကိုလည်း နွေးထွေးစွာ ဆုပ်ကိုင်ထားပါသည်။

'မမ သတိရပြီနော်'

ဟုတ်ပါသည်။ မောင်မောင်ပါပဲ။ သူက ခင်စုလှိုင်ကို ပြုံးရင်း အားရဝမ်းသာ ပြောလာသည်။

'မောင်'

'မမ'

'မောင် မသေဘူးနော်'

'မသေပါဘူး မမရယ်၊ ဒါကြောင့် ဝေသာလီကို ပြန်လာတာပေါ့၊ မမဟာ ကျွန်တော့်ရင်ခွင်ထဲမှာပဲ ပျော့ခွေပြီး သတိလစ်သွားလို့ ဆေးရုံကို အရေးတကြီး ပို့ခဲ့ရတာပေါ့၊ အခုကော ဘယ့်နှယ့်နေသေးလဲ ဟင်'

ခင်စုလှိုင် မဖြေပါ။

မေးချင်တာတွေကိုသာ မေးလိုက်မိပါသည်။

'ဒါဖြင့် ရှေ့တန်းမှာ မောင်မောင်ကျဆုံးသွားလို့ ဆိုတာကရော'

'ဒီလို မမရေ၊ တိုက်ပွဲအခြေအနေက အတော်ပြင်းထန်နေတုန်း မောင်မောင်ဟာ တပ်စုတစ်စုကို ဦးဆောင်ပြီး ရန်သူနောက်ပိုင်းကို ဝင်တိုက်ဖို့ ဖောက်အထွက်မှာ လုံးစွပ်ထိုးတိုက်ပွဲတွေ ဖြစ်တဲ့အပြင် ရန်သူ့မိုင်းဗုံးကိုလဲ နင်းမိခဲ့တယ်'

ခင်စုလှိုင်သည် မောင်မောင့်စကားကို အားပါတရ နားထောင်နေပါသည်။ မောင်မောင့်အသံက တက်ကြွနေပါသည်။

'ရန်သူ့အင်အားနဲ့ မောင်တို့တက်က အင်အားဟာ ဆယ်ဆတစ်ဆလောက် ကွာပေမယ့် သူတို့ကို အကျအဆုံးများအောင် တိုက်ခိုက်နိုင်ခဲ့တယ်၊ အဲ...... မောင့် တပ်စုဟာ မိုင်းဗုံးကိုလဲ

နင်းမိရော မောင်လဲ သတိမေ့သွားတယ်၊ တပ်စုတစ်စုလုံးလည်း ချေမှုန်းခံလိုက်ရတယ် မမ၊ မောင်သတိရလာတော့ ခေါင်းမှာဒဏ်ရာ ကြီးနဲ့ ရန်သူ့ လက်မှာ သုံ့ပန်းအဖြစ် အဖမ်းခံနေရတာကိုတွေ့ရ တော့တာပဲ'

'အမယ်လေး မောင်မောင်ရယ်၊ မမဝမ်းသာလိုက်တာ မမဆီ ကို မောင်တို့ တပ်ရင်းမှူးဆီက ကြေးနန်းစာရတော့ မောင် ကျဆုံး သွားပြီလို့ မှတ်ယူလိုက်မိတာ'

'ဟုတ်တယ်မမ၊ မောင့်တပ်ရင်းကလည်း ဒီလိုပဲ ယူဆ လိုက်ကြပြီး မမဆီကို ကြေးနန်းပို့ခဲ့ကြတာပေါ့၊ မောင် ရန်သူ့လက် မှာ တစ်နှစ်နီးပါး ကြာခဲ့တယ် မမ၊ သူတို့က မောင့်ကို သတ်မပစ်ဘဲ သူတို့ဘက်ပါလာအောင် အမျိုးမျိုးသိမ်းသွင်းခဲ့တာပေါ့၊ မောင်လဲ သူတို့အလိုကျ ပဗ္ဗဇ်ယာယနဲ့ နေခဲ့ပြီး အခွင့်သာတာနဲ့ သူတို့စခန်းကို ဖုံးခဲ့ပြီး ထွက်ပြေးခဲ့တာပဲ မမ'

ခင်စုလှိုင် အပြုံးကတောက်ပလာသည်။

ချစ်သော မောင်မောင်ကိုလည်း ချစ်ရည်ရွှန်းသော အကြည့် ဖြင့် ရွှန်းရွှန်းစားစား ကြည့်နေလိုက်ပါသည်။

'တပ်ရင်းက ခွင့်ရ,ရခြင်း မမဆီကို အပြေးလာခဲ့တာပဲ ဆိုပါတော့ မမရယ်၊ ဒီတစ်ခါတော့ မောင်နဲ့အတူ အပြီးလိုက်ခဲ့ရမှာ နော်'

ဟုတ်ပါသည်။

မောင်မောင် လာခေါ်မည်ကို ခင်စုလှိုင်၏ အသိအာရုံတွင် ကြိုတင်၍ သိမြင်ခဲ့ရသည်။ ဒါပေမယ့် ခင်စုလှိုင်က ဆိုးကျိုးတွေကို တွေးနေ၏။ မျှော်လင့်ထား၏။

တကယ်ဖြစ်လာသည်မှာ ကောင်းကျိုး။

ခင်စုလှိုင်၏ အသိအာရုံတွင် နောင်အခါ၌ အနိဋ္ဌာရုံတွေ

ပေါ်ပေါက်တော့မည့် မဟုတ်ပေ။ ဒါကို သူမကိုယ်သူမ စိတ်ချလက် ချ ယုံကြည်မိပါသည်။

'ဘယ့်နှယ်လဲ မမ၊ လိုက်မှာလား'

'လိုက်မှာပေါ့ မောင်မောင်ရယ်၊ ဒီတစ်ခါတော့ မောင်မောင့် နောက်ကို မမအပြီးတိုင် လိုက်ခဲ့ပါတော့မယ်ကွယ်'

'တကယ်'

'ဩော်...... မောင်မောင်ရယ်၊ တကယ်ပြောတာပါ။ မမရဲ့ အသည်းထဲ နှလုံးထဲက စကားတွေပါ'

ဆရာဝန် ဆရာမတွေမှာ သူတို့အနားက ခပ်စောစောက တည်းက ထွက်ခွါသွားခဲ့ကြပါပြီ။ စိတ်နှင့်ပတ်သတ်၍ ဖြစ်ပေါ်လာ သောရောဂါကို စိတ်နှင့်ပင် ကုစားခြင်းက အကောင်းဆုံးသောဆေး မဟုတ်ပါကလား။

မောင်မောင်လက်က သူမလက်ကလေးကို မချင့်မရဲ ဆုပ်ညှစ်လိုက်သည်။ သူမျက်နှာကြီးကလည်း မုန်းစရာကောင်း လောက်အောင် ပြုံးဖြဲဖြဲကြီး ဖြစ်လို့နေသည်။

မောင်မောင်သည်......

မနေနိုင်သည့်အဆုံး ခင်စုလှိုင်၏ နဖူးပြင့် ဝင်းဝင်းကလေး ကို တစ်နာရီ မိုင်တစ်ရာနှုန်းလောက်နှင့် လှစ်ခနဲ နမ်းလိုက်သည်။

'ဟင်းနော်...... မောင်မောင်မကဲနဲ့၊ ဒါ ဆေးရုံပေါ်မှာ ဆိုတာ လဲ သတိရဦး'

'ဆင်းဗျာ၊ အခု ဆင်းတော့'

'ဟယ်'

'ပြီးတော့ မောင်နဲ့ တစ်ခါတည်း လိုက်ခဲ့တော့'

'လွန်တာပေါ့ မောင်မောင်ရယ်'

ကြည်နူးစွာ ပြောလိုက်မိသော်လည်း သူ့စကားကို ခင်စုလှိုင်

မငြင်းပယ်နိုင်ရက်တော့ပါ။

ဟုတ်ပါသည်။

မောင်မောင့်နောက်ကို လိုက်ရပါမည်။

ဇနီးကောင်းတစ်ယောက်အနေဖြင့် ရေပူရေချမ်း ကမ်းလှမ်းရပါဦးမည်။

ပြီးတော့......ပြီးတော့ တိုင်းပြည်၏ ရတနာလေးများဖြစ်သော မောင်မောင်လိုချင်သည့် သားသား၊ မီးမီး ကလေးများကိုလည်း......

* * *

## ညှုးနင်းသူ

### (တစ်)

အကယ်၍သာ......

လူလောကနှင့် တစ်ဆယ့်ရှစ်နှစ်တိတိ လုံးဝအဆက်အသွယ် ပြတ်နေသော မနုဿ လူသားတစ်ယောက်သည် ကောလိယ စံအိမ်ကြီး၌ ရှိနေပါသည်ဆိုလျှင်

ဟုတ်ပါသည်။

သူ့အမည်မှာ ကလျာ......

ကလျာဆိုသော တစ်ဆယ့်ရှစ်နှစ်အရွယ် မိန်းမငယ်လေး တစ်ယောက်ပင်ဖြစ်ပါသည်။

* * *

### (နှစ်)

စင်စစ်အားဖြင့်......

ကောလိယသည် လျှို့ဝှက်လွန်း၏။ သိပ်သည်းလွန်း၏။ အဆန်းတကြယ် နိုင်လွန်းလှ၏။

မြို့င်သာမှသာဝတ္တိသို့သွားရာ လွင်ပြင်သာမှလမ်းမျှော်၍ ကြည့်လိုက်လျှင် သန်းအုပတ် ဘီးဖေါ်ပင်များ အလယ်တွင် ထီးတည်း ကြီး ရပ်တည်နေသော ကောလိယအိမ်ကြီးကို တွေ့နိုင်မည် ဖြစ်ပါ၏။

ရေညှိတက်နေပြီဖြစ်သော ကိုးပေအမြင့်ရှိသည့် အုတ်တံတိုင်းကြီးက ထောင်နံရံတစ်ခုပမာ ကောလိယအိမ်ကြီးကို ကာရံထား၏။

တံတိုင်းကြီး၏ အတွင်းဘက်တွင် လက်ယှက်ထိုးပေါက်ရောက်နေသော ခရေပင်များကြောင့် အိမ်ကြီးကို အလွယ်တကူ

မမြင်နိုင်သလို သည်အိမ်ကြီး၏ အရှင်သခင်မ ဖြစ်သော ဒေါ်သုဇာ အား တွေ့ဖူးမြင်ဖူးသူ မရှိသလောက် ရှားပါးလှ၏။

သို့ရာတွင် ကောယိယအိမ်ကြီးသို့ ဝင်နိုင်ခွင့်ရှိသူ တစ်ယောက်က ရှိနေပါသေးသည်။

ထိုသူမှာ သာဝတ္တိမှ ဒေါ်အေးဘုံဆိုသော အလွန်အရုပ်ဆိုးလှသည့် အဘွားကြီး တစ်ယောက်သာ ဖြစ်ပါသည်။ ဒေါ်အေးဘုံသည် ကောယိယ အိမ်ကြီးအတွက် လိုအပ်သော အစားအသောက်နှင့် ပစ္စည်းပစ္စယများကို တစ်ပတ်လျှင် တစ်ကြိမ်ကျ ဝယ်ခြမ်းပေးရသူသာ ဖြစ်သည်။ ဒေါ်အေးဘုံသည် အရုပ်ဆိုးသလောက် သဘောကောင်းသူ မဟုတ်ပါပေ။

ကောယိယ အိမ်ကြီးနှင့် ပတ်သတ်၍ မေးမြန်းသူများ၊ စူးစမ်းလိုသူများ ရှိသော်လည်း ဒေါ်အေးဘုံက တစ်ခွန်းတစ်ပါဒမျှ မဟာသည့်အပြင် မေးမြန်းစူးစမ်းလိုသူများအား မာန်မဲလွှတ်တက်၏။

သို့မို့ကြောင့်ပင် ကောလိယသည် ပတ်ဝန်းကျင်နှင့် အဆက်အသွယ် မရှိသလောက် ကွာဟနေသည်။ အထီးကျန်နိုင်လွန်းလှပေသည်။

ဒေါ်သုဇာ အနေနှင့်လည်း ဤကဲ့သို့ နေထိုင်ရသော ဘဝမျိုးကို ငြီးငွေ့ခြင်း မရှိပါ။ ဒေါ်သုဇာ၏ စိတ်အစဉ်ကို ထာဝရ ဖြေသိမ့်ပေးနိုင်စွမ်းသော လူသားတစ်ယောက်က..ကောယိယတွင် ရှိနေခဲ့ပါသည်။

'ကလျာ'

ဟုတ်ပါသည်။ ကလျာသည် ဒေါ်သုဇာနှင့် မခွဲမခွာရှိနေပါသည်။

ကလျာသည် ဒေါ်သုဇာ၏ ဘဝ၊ ဒေါ်သုဇာ၏ အသက်ဟု ဆိုနိုင်ကောင်းသော် ရအုံ့ထင်၏။

ဒေါ်သူဇာသည် ကျွန်းသားခုတင်ကြီးပေါ်မှ ထလိုက်သည်။ နေ့လယ် တစ်ရေးတစ်မောအိပ်သည့် အကျင့်က ဒေါ်သူဇာ၌ စွဲကပ်နေသည်မှာ ကြာပြီဖြစ်၏။

အိပ်ရာမှ နိုးလေတိုင်း မန်ကျည်းဖျော်ရည် တစ်ခွက်ကို အဆင်သင့် ဖျော်ထားရသော ကလျာတာဝန်ကား ယနေ့ပျက်ခဲ့လေပြီ။

ဒေါ်သူဇာသည် ပထမတော့ အံ့ဩသွား၏။ နောက်တော့ စိတ်ဆိုးလာသည်။

'ကလျာ..... ကလျာ'

ဒေါ်သူဇာ၏ အသံက တစ်အိမ်လုံး ပျံ့နှံ့သွားပါသည်။ သို့သော် ကလျာ၏ ထူးသံကို မကြားမိခဲ့။

'ကလျာ.....ကလျာ ညည်းဘယ်မှာလဲ'

ဒေါ်သူဇာ၏ အသံက သိသိသာသာ မာပြင်းလာခဲ့၏။ စင်စစ်အားဖြင့် ကလျာကို သည်လို ကျယ်ကျယ်လောင်လောင် မခေါ်ရဖူးပါ။ ဒေါ်သူဇာစိတ်တွင် ထင့်ခနဲ ဖြစ်သွားရသည်။

သူမသည် ခုတင်ပေါ်မှာ ခေါင်းအုံးကို ရုတ်တရက် ဆွဲလှန်လိုက်သည်။ ဒေါ်သူဇာ၏ အမူအသွင်မှာ သိသိသာသာ ပျက်ယွင်းသွား၏။

သော့၊ ကောလိယ ခြံကြီး၏ တစ်ခုတည်းသော ထွက်ပေါက်ကိုဖွင့်သည့် ကြေးဝါသော့ကြီးကား မရှိပြီ။

ဒေါ်သူဇာသည် အရွယ်နှင့် မလိုက်ဖအောင် သွက်လက်ဖျတ်လတ်စွာနှင့် အိပ်ခန်းပြတင်းပေါက်ကို ပြေးဖွင့်လိုက်၏။ ဘုရား..... ဘုရား။ ကလျာတစ်ယောက် ကောလိယခြံကြီး၏ ကျွန်းသားတံခါးကြီးကို ဖွင့်နေပါပကောလား။

'ကလျာ.....ကလျာ၊ မဖွင့်နဲ့၊ အပြင်ကိုမထွက်နဲ့'

ကလျာသည် ဒေါ်သူဇာ၏ ရှုံးရှုံးဝါးဝါး အော်သံကြောင့် အိမ်ကြီးပေါ်သို့ အထိတ်တလန့် လှည့်ကြည့်ဖြစ်၏။ ပြီး.....ပွင့်ဟနေပြီဖြစ်သော တံခါးမှ အပြင်သို့ ထွက်ပြေးခဲ့သည်။

'ကလျာ.....ကလျာ၊ မပြေးနဲ့၊ ပြန်လာခဲ့'

ပြေးလို့သာ ပြေးခဲ့ရသည်။ ဘယ်ဆီသို့ ဦးတည်ရမှန်း ကလျာ မသိခဲ့ပါ။ တစ်ဆယ့်ရှစ်နှစ်အတွင်း ကောလိယခြံကြီးအထဲမှ ပထမဆုံး အကြိမ်ထွက်ခဲ့ဖူးခြင်းလည်း ဖြစ်ပါသည်။

သူမနောက်မှ ဒေါ်သူဇာ၏ အော်သံကို ကလျာကြားလိုက်ရ၏။ နောက်သို့လှည့်ကြည့်လိုက်သည်။ ဒေါ်သူဇာသည် သူမနောက်သို့ မောဟိုက်တုန်ယင်စွာ ပြေးလိုက်လာပါသည်။ သည်မျှ မြန်မြန်ဆန်ဆန်ကြီး လိုက်လာနိုင်သည်ကိုပင် ကလျာ အံ့ဩရတော့သည်။

'မပြေးပါနဲ့တော့ ကလျာရယ်၊ ဒေါ်လေးသူဇာမောလှပါပြီ'

ကလျာရင်ဝယ် တစ်ဆို့သွားသည်။ ကလျာအပြေးရပ်လိုက်၏။ ပြီးတော့ အားရပါးရ ရှိုက်ငိုလိုက်မိပါသည်။

'ကလျာသွားပါရစေတော့ ဒေါ်လေးသူဇာရယ်၊ ကလျာ့ကို သတ်ချင်သတ်ကြပါတော့၊ တကယ်ဆိုတော့ ကလျာဟာ အမှောင်ထဲမှာ နစ်မြုပ်နေတဲ့ ညမင်းသမီးလေးရယ်ပါ ဒေါ်လေးသူဇာ'

ဒေါ်သူဇာသည် တသိမ့်သိမ့် ရှိုက်နေသော ကလျာအား ထွေးပွေ့လိုက်သည်။

'မသတ်ရဘူး။ ကလျာ့ကို ဘယ်သူမှ မသတ်စေရဘူး။ ဒေါ်လေးသူဇာနဲ့သာ ပြန်လိုက်ခဲ့ပါ ကလျာ၊ ဒီလမ်းက သာဝတ္ထိက ကုန်တင်လှည်းတွေ လာတတ်တယ်၊ ပြန်လိုက်ခဲ့ပါကွယ်'

ဒေါ်လေးသူဇာ၏ အသံက စိုးရိမ်ခြင်း၊ ဝမ်းနည်းပူပန်ခြင်း၊ ယူကျုံးမရခြင်းတွေနဲ့ ယှက်နွယ်နေပါသည်။

ကလျာသည် ဒေါ်သုဇာနှင့်အတူ ကောလိယအိမ်ကြီးသို့ ပြန်၍ လိုက်လာခဲ့ပါသည်။ ပူနွေးသော မျက်ရည်များနှင့် အတူ ကလျာ့နှလုံးသားက ပေါက်ကွဲမတက် နာကျင်လာသည်။

'ကလျာ့ကို လူတွေက ဘာကြောင့် မုန်းတီးနေကြတာလဲ ဒေါ်လေးသုဇာရယ်'

* * *

(သုံး)

သည်ဘဝမျိုးနှင့် နှစ်ပေါင်းမည်မျှကြာအောင် နေရဦးမည် မသိပါ။

ခေါင်းအုံးနှင့် မျက်နှာအပ်မိပြီဆိုလျှင် မျက်ရည်က ထိန်း မရအောင် ထွက်ကျလာတော့၏။ ငိုသည်။ ရှိုက်သည်။ မည်သည့် ကာလသို့တိုင်အောင် ဆက်ငိုရဦးမည်ကို ကလျာမသိပါ။ ကလျာ ရင်မှာ ပေါက်ကွဲမတက် နာကျင်လာသည်။

ကောလိယအိမ်ကြီးနှင့် ဒေါ်သုဇာသည် သူမဘဝအား အစွမ်း ကုန် ချုပ်ချယ်ထားသည်ဟုလည်း အထင်ရှိလာသည်။ တစ်ဆယ့် ခြောက် နှစ်လုံးလုံး ခံစားခဲ့ရသည့် ဝေဒနာသည် အထွတ်အထိပ်သို့ ရောက် ရှိလာခဲ့ပါပြီ။

သည်ကနေ့တော့ ဒေါ်လေးသုဇာအား ပြတ်ပြတ်သားသား မေးတော့မည်ဟုလည်း ကလျာ ဆုံးဖြတ်လိုက်ပါသည်။ ကလျာ မျက်ရည်သုတ်လိုက်သည်။

ဒေါ်သုဇာသည် ခြူပန်းခြူနွယ်များဖြင့် ပြုလုပ်ထားသော လက်ရန်းပါသည့် ကုလားထိုင်အိုကြီးပေါ်တွင် ထိုင်ရင်း ကလျာအား စောင့်နေခဲ့ပါသည်။

'ညည်းဘာပြောချင်လို့လဲ ကလျာ'

'ကလျာပြောချင်တာ မဟုတ်ပါဘူး ဒေါ်လေးသုဇာ၊ ကလျာဟာ ဒေါ်လေးသုဇာပြောမယ့် စကားတွေကို စောင့်နေတဲ့ သူပါ'

ကလျာ့ အသံက နာကျည်းနေပုံရသည်။ ဒေါ်လေးသုဇာသည် သက်ပြင်းတစ်ချက်ကို ခပ်လေးလေး ချလိုက်၏။

'ညည်းကို ဒေါ်လေးသုဇာ ပြောပါပကောကွယ်၊ လူတွေက ကလျာ့ရုပ်ကိုမြင်သွားကြရင်.....'

'ဒါကိုပြောတာမဟုတ်ပါဘူး ဒေါ်လေးသုဇာ၊ ကလျာ သေရမှာ မကြောက်ပါဘူး။ ဒါပေမယ့် ကလျာ့အကြောင်းကို ကလျာ သိပါရစေ၊ ကလျာဟာ ဒီအိမ်ကြီးကို ဘယ်လိုရောက်လာတာလဲ၊ ပြီးတော့ ဒီအိမ်ကြီးထဲက တစ်သက်လုံး မထွက်ရဘူးလားဆိုတာ သိချင်တယ် ဒေါ်လေး'

ဒေါ်သုဇာသည် ကလျာ့မေးခွန်းကို ဖြေလိုစိတ်မရှိခဲ့ပါ၊ သို့တစေ ဒီမေးခွန်းကို မဖြေလျှင် မဖြစ်နိုင်တော့သည့် အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း ဒေါ်သုဇာ သဘောပေါက်လိုက်မိသည်။

'အေးလေ...... ညည်းက ဒါလောက် သိချင်နေမှတော့ ဖွင့်ပြောရတော့မှာပေါ့လေ'

ဒေါ်သုဇာသည် ကုလားထိုင်အိုကြီးမှ လေးတွဲစွာထလိုက်သည်။ ပြီး အခန်းထောင့်မှ သေတ္တာကြီးကိုဖွင့်လိုက်သည်။ ကလျာ့ တစ်သက်တာတွင် ဤသေတ္တာကြီးကို ပထမဆုံးအကြိမ် မြင်ရခြင်းလည်းဖြစ်ပါသည်။

ဒေါ်သုဇာသည် သေတ္တာအတွင်းမှ ကတ္တီပါစ အနီဖြင့် ပတ်ထားသော ဓလေးထောင့်ကားကြီးတစ်ချပ် တစ်ခုကို ထုတ်ယူလိုက်၏။

'ကလျာ့ မေမေနာမည်က မှယာတဲ့'

ကလျာသည် ပထမဆုံးကြားလိုက်ရသော မိခင်၏ အမည်

ကို ရှေ့ရှုလိုက်မိပါသည်။

'မှုယာ......မှုယာ ကလျာမေမေနာမည်က မှုယာတဲ့လား'

'ဟုတ်တယ် ကလျာ၊ အဲဒီမှုယာဆိုတာ ဒေါ်လေးသူဇာရဲ့ အမျိုးအရင်းတစ်ယောက်ပဲ၊ တို့များမိဘတွေ ကွယ်လွန်သွားတဲ့နောက် ဒေါ်လေးသူဇာတို့ ညီအစ်မနဲ့ ယောဒိကောလိယအိမ်ကြီး ကျန်ခဲ့တယ် ကလျာ၊ အဲ......ပြီးတော့ ဒေါ်လေးတို့ တစ်သက်လုံး မကုန်နိုင်တဲ့ အတွင်းပစ္စည်းတွေပေါ့'

ဒေါ်သူဇာသည် ကတ္တီပါအနီစပေါ်တွင် စနစ်တကျချည် နှောင်ထားသော ပန်းပွားကြိုးများကို ဖြေလိုက်၏။

'ဒေါ်လေးသူဇာတို့ ညီအစ်မနှစ်ယောက်ဟာ ဒီအိမ်ကြီး မှာပဲ တစ်သက်လုံး မခွဲမခွာနေကြမယ်လို့ ကတိပြုကြတယ်ကွယ်၊ ဒါပေ မယ့်......'

ဒေါ်သူဇာ၏ စိတ်ကာအတိတ်သို့ ပျံ့လွင့်နေဟန်ရှိသည်။

'တစ်နေ့တော့ ဒေါ်လေးတို့ညီအစ်မရဲ့ သာယာနေတဲ့ ဘဝကို ဖျက်ဆီးမယ့် လူတစ်ယောက် ပေါ်လာတယ် ကလျာ၊ သူ့နာမည်က မိုးဟိန်း။ မိုးဟိန်း......'

'အဲဒီနေ့ကလဲ မိုးတွေက ရွာလိုက်တာ သဲသဲမဲမဲပေါ့။ ဒေါ်လေးတို့ အိမ်ကို သူရောက်လာတယ်၊ တံခါးပြလာတိုက်ကြတာ၊ ခေါင်းရှောင်က မိုးဟိန်းပေါ့'

ဒေါ်သူဇာ၏ အသံက မာပြင်းလာသည်။

'အတွင်းပစ္စည်းတွေရဲ့ တချို့တစ်ဝက်ကို သူတို့ရသွား ကြတယ် ကလျာ၊ ဒါ့အပြင် မိုးဟိန်းဟာ မမှုယာကိုပါ ခေါ်သွား ခဲ့တယ်'

'ဟင်......ဒါဖြင့် မေမေ့ကို အဲဒီ တံခါးပြကြီးက ခေါ်သွား တာပေါ့နော်...... ဒေါ်လေး'

ကလျာက အထိတ်တလန့် ဝင်မေးလိုက်သည်။

'ဒါပေါ့ကွယ်၊ အဲဒီတုန်းက ဒေါ်လေးတစ်ယောက်တည်း ဘယ်လောက်အထီးကျန်နိုင်လိုက်မလဲ စဉ်းစားကြည့်စမ်း ကလျာ၊ ဒေါ်လေးသုဇာဟာ မမကို တစ်နှစ်နီးပါး စောင့်ခဲ့ရတယ် ကလျာ၊ တစ်နေ့တော့ မမမှုယာဟာ ကောလိကကို ပြန်ရောက်လာတယ်'

ဒေါ်သုဇာ့အသံက တစ်ဆို့လာသည်။

'ပြီးတော့ ကလျာကိုမွေးပြီး သွေးတက်လို့သေဆုံးသွားပါပကောလား ကလျာရယ်'

ကလျာသည် ဒေါ်သုဇာ၏ စကားကို နားမလည်နိုင် သကဲ့သို့ တွေဝေနေသည်။ စဉ်းစားနေသည်။ စင်စစ်အားဖြင့် ဒေါ်သုဇာစကားကို လက်ခံစဉ်းစားနိုင်လောက်သည့် အတွေ့အကြုံနှင့် အသိဉာဏ်ကို ကလျာက ရရှိမထားခဲ့ပါ။

'ကလျာ့ကိုမွေးတယ်၊ ဟုတ်လား ဒေါ်လေးသုဇာ'

'အင်းပေါ့ ညည်းဒါတွေကို မတွေးနိုင်သေးပါဘူး ကလျာရယ်၊ အဲ......ကလျာ တစ်ခုသိထားဖို့က ကလျာအဖေဟာ မိုးဟိန်း၊ တားပြခေါင်းဆောင် မိုးဟိန်း'

ကလျာသည် နာနာကြည်းကြည်း တစ်ချက်ရှိုက်လိုက်မိသည်။

ဒေါ်သုဇာသည် ကတ္တီပါစပေါ်တွင် တုပ်နှောင်ထားသော ကြိုးများကို အပြီးသတ် ဖြေချလိုက်၏။ ကလျာသည် မမြင်ဖူးသော မိခင်နှင့် ဖခင်ကို စိတ်နာလိုက်မိသည်။

'ကလျာ့မေမေဟာ ကလျာ့ကို လူ့ထဲမတိုးဝံ့အောင်၊ လူမြင်မခံဝံ့အောင် ဘာလို့များ မွေးခဲ့ရတာလဲ ဒေါ်လေးသုဇာရယ်၊ ကလျာ့ကို လူတွေမုန်းတီးအောင်၊ သတ်ချင်အောင် မွေးခဲ့ရတာလဲလို့'

ကလျာအော်လိုက်သည်။ ဒေါ်သုဇာသည် ကလျာ့အဖြစ်ကို

ကျေနပ်စွာကြည့်နေမိ၏။

'ညည်းဟာ တကယ်တော့ သူခိုးဓားပြရဲ့သမီးပဲ ကလျာ၊ ပြီးတော့ ညည်းရဲ့ရုပ်ဟာ လူနဲ့မတူအောင် ရုပ်ဆိုးတယ်၊ အကျည်းတန်တယ်၊ လူတွေသာ ညည်းရဲ့မျက်နှာကို မြင်သွားရင် စက်ဆုပ်ရွံ့ရှာပြီး ဝိုင်းသွတ်ကြမှာ အမှန်ပဲ၊ တိရစ္ဆာန်တစ်ကောင်လောက်တောင် သူတို့ကထင်မှာ မဟုတ်ဘူး။ ဒါကြောင့်လဲ ဒေါ်လေးသုဇာဟာ ညည်းကို လူတွေနဲ့ မတွေ့အောင် ဆယ့်ရှစ်နှစ်လုံးလုံး ဖုက်ထားခဲ့ရတာပေါ့ ကလျာ'

ကလျာတွေဝေသွားသည်။ ပြီးဒေါ်သုဇာ၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်သည်။

'အဲဒီလူတွေက ဘယ်လောက်လှကြလို့လဲ ဒေါ်လေးသုဇာ၊ လူတွေရဲ့ရုပ်ကို ကလျာမြင်ဖူးချင်လိုက်တာ'

ဒေါ်သုဇာသည် နှစ်သိမ့်စွာ ပြုံးလိုက်၏။

'လူတွေရဲ့ရုပ်ဟာ ဒေါ်လေးသုဇာလိုပေါ့ ကလျာ'

ကလျာသည် သူမ၏ မျက်နှာအား လက်နှင့် အသာစမ်းလိုက်မိသည်။ ပြီး မွတ်သိပ်တောင့်တစွာ ပြောလိုက်သည်။

'အင်မတန် အရုပ်ဆိုးလှပါတယ်ဆိုတဲ့ ကလျာ့ရုပ်ကိုလည်း ကလျာပြန်ပြီး မြင်ဖူးချင်လိုက်တာ ဒေါ်လေးသုဇာရယ်'

ဒေါ်သုဇာသည် ကတ္တီပါစဖြင့် အုပ်ဆိုင်းထားသော လေးထောင့်ကားချပ်ကြီးကို လက်ဖြင့်ပွတ်သပ်လိုက်၏။ ပြီး ကလျာ့မျက်နှာကို စိတ်ပျက်စွာ ကြည့်လိုက်ပါသည်။

'ဟုတ်တာပေါ့ကွယ်၊ ဆယ့်ရှစ်နှစ်လုံးလုံး ကိုယ့်ရုပ်ကို ပြန်ပြီး မမြင်ဖူးခဲ့ဘူးကိုး။ ဒါပေမယ့် ကိုယ့်ရုပ်ကို ပြန်ပြီးအတိအကျ မြင်နိုင်တဲ့ ပစ္စည်းရှိပါတယ် ကလျာ၊ ဒီကနေ့တော့ ညည်းရဲ့ အရုပ်ဆိုး အကျည်းတန်တဲ့ရုပ်ကို ပြန်မြင်ရတော့မယ် ကလျာ'

ဒေါ်သူဇာသည် လေးထောင့် ကားချပ်ကြီးပေါ်တွင် အုပ်ထား သော ကတ္တီပါစအနားကို ခွာချလိုက်၏။ ကလျာသည် ဒေါ်သူဇာ ၏ လုပ်ဆောင်မှုကို အံ့ဩစွာဖြင့် စောင့်ကြည့်နေပါသည်။

'ဟောဒါ မှန်လို့ခေါ်တယ် ကလျာ'

'မှန်'

'ဟုတ်တယ် သူက ညည်းရုပ်ကို မြင်ရအောင် ရုပ်ပေးနိုင် တယ်'

''ကလျာ မကြားဖူးပါလား ဒေါ်လေးသူဇာ၊ ကလျာ့ တစ်သက်မှာ မှန်ဆိုတဲ့ ပစ္စည်းကို လုံးဝမကြားဖူး မမြင်ဖူးခဲ့ပါလား'

ဒေါ်သူဇာက ကျေနပ်နှစ်သိမ့်စွာ ရယ်လိုက်သည်။

'ညည်းဘယ်မြင်ဖူးပါ့မလဲအေ၊ မှန်ဆိုတဲ့ ပစ္စည်းကို ဆယ့်ရှစ် နှစ်လုံးလုံး ညည်းမမြင်အောင် ဝှက်ခဲ့တာပဲဟာ၊ အဲ ညည်းရုပ်ကို ညည်းပြန်မြင်ရရင် စိတ်ပျက်သွားမှာစိုးလို့ပေါ့၊ ကဲ.... ကြည့်ကြည့် ဝအောင်သာ ကြည့်ပေတော့'

ဒေါ်သူဇာသည် ရွှေဘောင်ကွပ်ထားသော မှန်ကြီးကိုကိုင် ၍ ကလျာ့ရှေ့တွင် ရပ်လိုက်၏။

ကလျာ အံ့ဩသွားသည်။ တုန်လှုပ်သွားသည်။ ယခင်က လုံးဝမမြင်ခဲ့ဖူးခဲ့သော အသွင်သဏ္ဍာန်တစ်ခုက ရွှေပေါင်ကွပ် မှန်ကြီးထဲမှ သူမကို စိုက်ကြည့်နေ၏။

ဝမ်းသာခြင်း၊ အံ့ဩခြင်း၊ မယုံကြည်နိုင်ခြင်းတွေက သူမ၏ မျက်နှာတွင် ထင်ဟပ်လာသည်။

ကလျာသည် နဖူးပြင်တွင် ဝဲကျနေသော ဆံယဉ်စကို လက်ဖြင့် သပ်တင်လိုက်သည်။

မှန်ထဲမှ အရိပ်ကလည်း သူမနည်းတူ လိုက်၍ လှုပ်ရှား သွားသည်။ ကလျာ ပြုံးကြည့်၏။ မဲ့ကြည့်၏။ ခေါင်းကို စောင်းငဲ့

ကြည့်သည်။

သည့်တော့မှ မှန်ဆိုသည်မှာ ကိုယ်ပွားတစ်ခုဟု ကလျာ နားလည်လိုက်သည်။ ထို့အပြင် မှန်ထဲတွင်မြင်ရသော သူမ၏ ရုပ်အသွင်ကိုလည်း အသေအချာ ဂရုစိုက်ကြည့်မိသည်။

အလှဆိုသည်မှာ မည်သည့်အရာနည်း။ အရုပ်ဆိုးသည် ဆိုသည်မှာကော မည်ကဲ့သို့နည်း။

ပြီး မှန်ကိုကိုင်ထားသော ဒေါ်လေးသူဇာ ရုပ်နှင့်လည်း နှိုင်းယှဉ်ကြည့်မိသည်။ မတူသည်တော့ အသေအချာပင်။

'ကြည်.....ကြည့်၊ ဝအောင်ကြည့်စမ်း မိကလျာ၊ ညည်းရုပ် ဟာ ငါနဲ့တူသလားဟင်၊ အရုပ်ဆိုးတဲ့ ညည်းရုပ်ကို 'လူတွေ ဘာကြောင့်မုန်းတီးကြတယ်ဆိုတာ မြင်ပြီမဟုတ်လား ကလျာ'

'ဆယ့်ရှစ်နှစ်လုံးလုံး လူမြင်မခံဝံ့တဲ့ ညည်းရုပ်ကို မြင်ပြီ မဟုတ်လား ကလျာ'

ကလျာ ဝမ်းပန်းတနည်း ရှိုက်လိုက်၏။

'ဒါလောက် အရုပ်ဆိုးတဲ့ ကလျာကို ဘာလို့များ မွေးခဲ့ ရတာလဲ မေမေရယ်'

ကလျာသည် နာနာကျည်းကျည်း ညည်းညူလိုက်ရင်း သူမ၏မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်၍ ငိုချလိုက်၏။

ဒေါ်သူဇာ ကျေနပ်သွားသည်၊ ဝမ်းသာသွားသည်။ သို့တစေ သူမ၏ ဝမ်းသာကျေနပ်မှုက ကလျာ၏ စကားကြောင့် ကြေပျက် သွားတော့သည်။

'ဒါပေမယ့် ဒေါ်လေးရယ်၊ ကလျာလို အရုပ်ဆိုးတဲ့ လူမျိုး လဲရှိပါသေးတယ်'

'ဘာ'

ဒေါ်သူဇာ အော်လိုက်သည်။

'ကလျာလို အရုပ်ဆိုးတဲ့ လူတစ်ယောက်ကို ကလျာ တွေ့ဖူး လို့ပါ ဒေါ်လေးသူဇာ'

ဒေါ်သူဇာ၏ ခန္ဓာကိုယ်ကြီးမှာ တောင့်ခနဲ ဖြစ်သွား၏။ ရင်ထဲဖွင်လည်း တုန်ယင်လှုပ်ရှားစ ပြုလာသည်။

'ပြောစမ်း မိကလျာ၊ ငါ့ကို မှန်မှန်ပြောစမ်း၊ ညဦးက ငါနဲ့ ဒေါ်အေးဘုံကလွဲပြီး ဘယ်သူ့ကိုများ တွေ့ဖူးသေးလို့လဲ'

'ဒေါ်သူဇာ၏ စကားလုံးက ဗလုံးဗထွေး ဖြစ်နေသည်။ မာန်မဲ အော်ဟစ်နေပုံမျိုးလည်း ဖြစ်ပါသည်။

'သူ ခြံထဲကို ကျော်ဝင်လာတယ်၊ ဒါပေမယ့် ကလျာကို မသတ်ပါဘူး၊ မသတ်တဲ့အပြင် ပြောသွားသေးတယ်'

'သူက ဘာပြောသွားသလဲ ဟင်'

'ကလျာဟာ သိပ်လှတာပဲတဲ့'

ဒေါ်သူဇာ၏ ပါးစပ်က ပွင့်ဟသွား၏။ သို့တစေ တစ်ခွန်း တစ်ပါဒမျှ အသံထွက်မလာခဲ့တော့ပါ။

'သူ....သူ့ နာမည်က ကိုလတ်တဲ့'

ဒေါ်သူဇာ၏ လက်မှ မှန်ကြီးမှာ အောက်သို့လွတ်ကျ သွား တော့၏။ မှန်သားပြင်သည် အစိတ်စိတ် အမွှာမွှာကွဲကြေခဲ့လေပြီ

* * *

(လေး)

ဆိတ်ငြိမ်မှုသည် ကောလိယအား လုံးဝ ဥသုံ လွှမ်းမိုးထား ၏။

ညသည်ပင်လျှင် နက်ရှိုင်း[illegible]လာပြီ ဖြစ်သည်။

ကလျာသည် ငြိမ်သက်စွာ လဲလျောင်းနေ၏။ မျက်စိ အစုံမှာ ပိတ်ရန် မဆိုထားနှင့် မှေးစင်းခြင်းပင် မရှိသေး။ အတွေးက ပျံ့လွင့်

လွန်းနေသည်။

ဦးဆိုးဟိန်း၊ မေမေမူယာ၊ မှန်၊ ကိုလတ် ပြီးတော့ ဒေါ်လေးသူဇာတို့က ကလျာ့အတွေးတွင် လုံးထွေးရစ်ပတ်နေ၏။ ဆယ့်ရှစ်နှစ်လုံးလုံး အနည်ထိုင်ခဲ့ရသော စိတ်ရေအိုင်ကား နောက်ကျိခဲ့ရလေပြီ။

ဒေါ်လေးသူဇာသည် ကိုလတ်နှင့် ပတ်သက်၍ ဆိုးဆိုးရွားရွား ထိခိုက်နာကျည်းနေဟန် ရှိသည်။

ကိုလတ်ဟူသော လူစိမ်းတစ်ယောက် ကောလိယ အိမ်ကြီးနှင့် ပတ်သက်လာသည်ကို ဒေါ်လေးသူဇာ အနေဖြင့်လုံးဝ လက်ခံလိုဟန်မတူ။

သို့တစေ အဖြစ်ကားဖြစ်ခဲ့ပြီ။ သည်အဖြစ်ကို ပျက်စီးခြေမှုပစ်လိုသော ဆန္ဒရှိသော်ငြားလည်း အသို့လျှင် တတ်နိုင်ပါတော့မည်နည်း။

ကလျာသည် ကိုလတ်နှင့် တွေ့ဆုံခဲ့ရသည့် အကြောင်းတွေကို ဒေါ်လေးသူဇာအား တိတိပပ ပြောပြခဲ့ပြီး ဖြစ်ပါသည်။

ကိုလတ်နှင့် တွေ့ခဲ့သည့် တစ်နေ့သော နေ့လယ်။

သည်နေ့လယ်တွင် ထုံစံအတိုင်း ကလျာ အိမ်ကြီးပေါ်မှ ဆင်းခဲ့သည်။ ဒေါ်သူဇာတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပေပြီ။

ကလျာသည် ထိုင်နေကျ ခရေပင်အောက်သို့ လာခဲ့၏။ ခရေပင်ပေါ်တွင် ဟစ်ကိုင်းမှ တစ်ကိုင်းသို့ ခုန်ကူးဆော့ကစားနေသော ငှက်ကလေးတွေကို မြင်နေရလျှင် ကလျာ့ရင်မှာ အလိုလို ကြည်နူးနေတက်သည်။ ချမ်းမြေ့နေတက်သည်။

'ငါလဲ မင်းတို့လိုသာ အတောင်ရှိရင် ဟောဒီခြံကြီးထဲက ပျံထွက်သွားချင်လိုက်တာ ငှက်ကလေးတွေရယ်၊ ပြီးတော့ငါ့ကို မုန်း

ပါတယ်ဆိုတဲ့ လူတွေကို ကြည့်ချင်ပါတယ်ကွယ်'

ကလျာသည် အလုံပိတ်ထားသော ကျွန်းသားဝင်းတံခါးကြီးကို ကြည့်ရင်း နာနာကြည်းကြည်း ရွက်ဆိုလိုက်ပါ၏။

ချိုးလည်ပြောက် နှစ်ကောင်သည် အတောင်တဖျပ်ဖျပ် ခတ်ရင်း အုတ်တံတိုင်းကြီးဘေးတွင် ကပ်၍ပေါက်နေသော ခရေပင်၏ အကိုင်းများတွင် နားလိုက်ကြသည်။ ကလျာသည် ချိုးကလေးနှစ်ကောင်ကို မှတ်မိနေ၏။ သည့်အချိန်ဆိုလျှင် သူတို့နှစ်ကောင် အနောက်ဘက်မှ ပြန်လာရေ့ ရှိကြပြီး သည်အကိုင်းတွင် တစ်အောင့်တစ်နား နားတက်ကြပါသည်။

ကလျာသည် တစ်ကောင်နှင့်တစ်ကောင် ပွတ်သပ်ကစားနေသော ချိုးကလေးနှစ်ကောင်ကိုကြည့်ရင်း ပျော်နေ၏။

ထိုစဉ်မှာပင် ဖောက်ကနဲ အသံကို ကြားလိုက်ရပြီး ချိုးကလေးတစ်ကောင်မှာ အောက်သို့ကျလာသည်။ တစ်ကောင်မှာ အလန့်တကြား ပျံပြေးသွား၏။

ကလျာသည် အောက်သို့ကျလာသော ချိုးကလေးထံ အပြေးရောက်ရှိသွားပါသည်။

'ဘုရား....ဘုရား....ချိုးကလေး တစ်ကိုယ်လုံး သွေးခြင်းခြင်းနီနေပါပကောလား'

ကလျာရင်မှာ နာကျင်သွား၏။ ချိုးကလေးသည် ကလျာ လက်ထဲမှာပင် လူးလွန့်ရင်း ငြိမ်သက်သွား၏။ ထိုစဉ်မှာပင်....

ကလျာ့နောက်ကျောဘက်မှ ဖုတ်ခနဲအသံ ကြားလိုက်ပါသည်။ ကလျာလှည့်ကြည့်ဖြစ်သည်။ သူမ တစ်ကိုယ်လုံး သိမ့်သိမ့်တုန်သွား၏။

လူတစ်ယောက်....

အသွင်အပြင်က ဓါးလေးသူခနှင့်လည်းမတူ၊ ဓါးအောဘို့

နှင့်လည်း မတူ။

ကလျာသည် အိမ်ကြီးပေါ်သို့ တက်ပြေးရန် ဟန်ပြင်လိုက်သည်။ သို့တစေ သူမ၏ ခြေထောက်တွေက အလိုလို တုံ့ဆိုင်းနေခဲ့၏။

'ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော်ပစ်လိုက်တဲ့ ငှက်ကလေးတစ်ကောင် ဒီခြံထဲကျသွားလို့ ကျော်ဝင်လာတာပါ'

ကလျာသည် ကိုင်ထားသော ချိုးသေလေးကို ယောင်ယမ်းလွှတ်ချမိလိုက်ပြီး သူ့ကို စူးစူးဝါးဝါး ကြည့်နေမိ၏။ ဘာကြောင့်ရယ် မသိ၊ သူ့အသွင်က တစ်မျိုးပင်။

'ရှင်.....လူလား'

ကလျာက အရဲစွန့်ပြီးမေးလိုက်၏။ သူက ဘာမှပြန်မဖြေဘဲ ကလျာ့ကို ပြုံးပြနေသည်။ ကလျာက အနည်းငယ်ရဲတင်းလာ၏။

'ရှင်.... ကလျာ့ကို သတ်မလို့လားဟင်'

သူ့မျက်နှာပေါ်တွင် အပြောင်းအလဲဖြစ်သွား၏။

'ကိုယ်က မင်းကိုဘာလို့ သတ်ရမှာလဲ၊ အဲ.... ကလျာ'

'ဒါပေမယ့် ကလျာဒီအိမ်ကြီးထဲမှာ ရှိနေတယ်ဆိုတာကို လူတွေသိသွားရင် လာသတ်ကြလိမ့်မယ်၊ ကလျာ ဒီမှာနေတာကို ဘယ်သူ့မှ မပြောပါနဲ့နော်'

သူသည် ကလျာ့စကားကို အံ့ဩနေဟန်တူသည်။

'ကလျာ့ကို လူတွေက ဘာလို့သတ်ရမှာလဲဟင်'

သည်အဖြေကို ပေးသင့်မပေးသင့် ကလျာစဉ်းစားနေစဉ်မှာပင် သူ့မနှုတ်က အလိုလိုထွက်သွားမိသည်။

'ကလျာ့ ရုပ်ကဆိုးတယ်မဟုတ်လား။ လူတွေက ကလျာ့ကိုမြင်သွားရင် အသေအချာ သတ်ကြတော့မှာ၊ ရှင်လဲ ကလျာ့ကို သတ်ချင်သတ်မှာပါ၊ ငှက်ကလေးကိုတောင် ရှင်သတ်သေးတာပဲ'

သူ့မျက်နှာတွင် ဝမ်းနည်းသွားဟန်ရှိလာသည်။

'ကလျာ့ငှက်ကလေးတွေကို ပစ်သတ်မိတဲ့ အတွက် ကိုယ်တောင်းပန်ပါတယ်၊ ဒါပေမယ့်လို့ ကလျာ့ကို ဘယ်တော့မှ သတ်မှာမဟုတ်ပါဘူး'

'ရှင့်စကားကို ကလျာမယုံဘူး'

ကလျာက ရူးစမ်းလိုစိတ် ရှိလာ၏။ လူစိမ်း တစ်ယောက်နှင့် ပထမဆုံးအကြိမ် စကားပြောရသဖြင့်လည်း ကျေနပ်မိသလိုရှိလာသည်။

'ကိုယ့်နာမည်က ကိုလတ်တဲ့ မှတ်ထားနော်၊ ဟောဒီနားက အသစ်ဖွင့်ထားတဲ့ ထွန်စက်စခန်းမှာ နေတယ်၊ ဒီကနေ့တော့ အားတာနဲ့ ငှက်ပစ်ထွက်ရင်း ဒီကိုရောက်လာတာ၊ ကလျာ တို့ခြံနဲ့ဆို ဘာဝေးတာ မှတ်လို့၊ ကိုယ်တို့စခန်းကို လာလည်ပါလားဟင်'

ကလျာ့ရင်ဝယ် ထိတ်ခနဲဖြစ်သွား၏။ ပြီး အိမ်ကြီးပေါ်သို့ လှမ်းကြည့်လိုက်ရင်း ပြောလိုက်သည်။

'အို..... ကလျာ မလာရဲပါဘူး။ ခြံထဲက မထွက်ရဲဘူး။ ပြီးတော့ ဒေါ်လေးသူဇာက ဘယ်ကိုမှ မသွားရဘူးတဲ့'

'ဪ..... မင်းက အဒေါ်နဲ့နေတာလား'

'ဟုတ်တယ်၊ ကဲ.....ရှင်သွားတော့၊ တော်ကြာ ဒေါ်လေး သူဇာ နိုးလာတော့မယ်'

ကလျာက ပြောပြောဆိုဆို အိမ်ကြီးပေါ်သို့ ပြေးတက်ခဲ့သည်။

အပေါ်ထပ်သို့ ရောက်သောအခါ ကလျာ့ရင်တွေက အလိုလို ခုန်နေသည်။ ဒေါ်သူဇာကား နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲပင်။

ကလျာသည် ပြတင်းပေါက်ကို အသာအယာဟ၍ ခြံထဲသို့

ကြည့်လိုက်သည်။

သူသည် အုတ်တံတိုင်းဘေးတွင် ပေါက်နေသော ခရေပင်မှ တစ်ဆင့် တွယ်တက်၍ ခြံအပြင်သို့ ထွက်သွားခဲ့ပါသည်။

'သူ့နာမည်က ကိုလတ်တဲ့'

ကလျာသည် တိုးတိုးကလေး ရေရွတ်မိ၏။

နောက်တစ်နေ့ နေ့လယ် ဒေါ်သူဇာအိပ်ပျော်နေချိန်တွင် ကလျာ ခြံထဲသို့ ဆင်းခဲ့မိသည်။ ဘာကြောင့်ရယ်မသိ ကလျာ့ရင်က အလိုလို ခုန်ချင်လာသည်။

သည်ကနေ့ သူများလာဦးလေမလား။

ကလျာသည် ခရေပင်ခြေရင်းတွင် ထိုင်ရင်း သူ့အကြောင်းကို စဉ်းစားနေမိသည်။ သည်မှာတင် သူ့အသံကို ကြားလိုက်ရ၏။

'ကလျာ....'

ကလျာ ရင်တုန်သွားသည်။ အသံလာရာသို့ မော့ကြည့်ဖြစ်သည်။

သူ....ကိုလတ်၊ အုတ်တံတိုင်းပေါ်တွင် ရောက်နေလေပြီ။

'ရှင်....ရှင် ဘာလို့လာတာလဲ၊ အောက်ကိုမဆင်းခဲ့နဲ့နော်၊ ဒေါ်လေးသူဇာတွေ့ရင် ကလျာ့ကို သတ်လိမ့်မယ်'

သူက ကလျာ့ကို ပြုံးပြနေ၏။ ပြီး ခရေပွင့်လေးတွေ ကို ကလျာ့ထံ ပစ်ချနေ၏။

'ကလျာတစ်ယောက်တည်း ပျင်းနေတယ် မဟုတ်လား။ ကိုယ် အောက်ကိုမဆင်းပါဘူး။ ပြီးတော့ ဒီနေရာက ခရေပင်တွေနဲ့ ကွယ်နေတာပဲ၊ အိမ်ပေါ်က မမြင်နိုင်ပါဘူး ကလျာ'

ကလျာ၏ စိုးရိမ်စိတ်က လျော့နည်းသွား၏။ သို့သော် သိပ်တော့ စိတ်မချရသေး။

'ရှင်အောက်ကို ဆင်းလာရင် ကလျာ ထွက်ပြေးမှာ သိလား'

'ကိုယ့်ကို ဒီလောက်ပဲ ကြောက်နေရသလား.....ကလျာ'

'အို.... ကြောက်ဘေပေါ့၊ ရှင်က လူပဲ'

'ဒါဖြင့် ကလျာက လူမဟုတ်ဘူးလားဟင်'

ကလျာတွေဝေသွားသည်။ ငေးငိုင်သွားသည်။ ဘာကိုပြန်ပြောရမှန်းမသိတော့။

'ဒါပေမယ့် ကလျာက လူဆိုလို့ ရှင်တစ်ယောက်တည်းသာတွေ့ဖူးသေးတာပါ'

ကလျာ့စကားကို အံ့ဩသွားဟန် ရှိပါသည်။ ကလျာသည်သူ့အား ဒေါ်လေးသူဇာ အကြောင်းတွေကို ပြောပြနေမိ၏။

ပြီး ဆယ့်ရှစ်နှစ်လုံးလုံး ကောလိယအိမ်ကြီးထဲတွင် နေခဲ့ရသည့် အဖြစ်ကိုလည်း ပြောမိလျက်သား ဖြစ်နေသည်။

'မင်းဟာ သိပ်သနားစရကောင်းတဲ့ မိန်းကလေးပဲ ကလျာ၊ အဲ....မင်းရဲ့ ဒေါ်လေးသူဇာကို ကိုလတ်တွေ့ချင်တယ်'

ကလျာ့ စကားအဆုံးတွင် သူကပြော၏။

'ဒေါ်လေးသူဇာဟာ ဒီအိမ်ကြီးထဲကို လူစိမ်းအဝင်ခံတာမဟုတ်ဘူး။ ပြီးတော့ ဘယ်တော့မှလဲ အပြင်ထွက်တာ မဟုတ်ဘူး'

'အေးလေ.... တစ်နေ့တော့ ကလျာ့ဘဝဟာ အပြောင်းအလဲ ဖြစ်လာဦးမှာပေါ့'

ကိုလတ်ပြန်သွားသည်။

နောက်တော့ နေ့လယ် ဒေါ်လေးသူဇာအိပ်ချိန်တွင် ကလျာနှင့် လာ၍စကားပြောတက်သည်။ ကိုလတ်ပြောတာ တွေက အစုံပင်၊ လူတွေအကြောင်း။ လောကအကြောင်း။ ကမ္ဘာအကြောင်း။

ကလျာ နားမလည်နိုင်တာတွေ အများကြီးပင်၊ သို့သော်သူ့စကားကို ကလျာနားထောင်ရလျှင် စိတ်ထဲ၌ အလိုလို ကြည်နူးနေမိသည်။

တစ်နေ့တော့ ကလျာမကြားဖူးသည့် စကားတစ်မျိုးကို ကိုလတ် ပြောလာသည်။ ကလျာ့ကို ချစ်တယ်တဲ့။ သည့်စကားကို ကလျာနားမလည်၊ သည့်တော့ ကလျာက မေးရသည်။

'ချစ်တယ်၊ ကလျာ့ကို ချစ်တယ်၊ ချစ်တယ်ဆိုတာ ဘာလဲဟင်'

သူသည် အုတ်တံတိုင်းပေါ်မှ ရုတ်တရက်ဆင်းလာ၏။ ကလျာမပြေးနိုင်မီ လက်ကိုဆွဲထားသည်။ ကလျာ့ တစ်ကိုယ်လုံး ရှိန်းသွားသည်။

'မပြေးပါနဲ့ ကလျာရယ်'

ကလျာရပ်နေမိသည်။ ပြီးတော့ သူကပြောသေးသည်။

'ချစ်တယ်ဆိုတာ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ် ရှိတာပေ့ါ ကလျာ၊ ကြင်နာတာ၊ ယုယတာ၊ မြတ်နိုးတာတွေပေ့ါ'

'အဲ့ဒီ ကြင်နာတာ၊ ယုယတာဆိုတာ ဘာလဲဟင်'

သူသည် ကလျာ့အမေးကို ဖြေရခတ်နေဟန်ရှိ၏။

ပြီး ကလျာ့ကို သူ့ရင်ခွင်ထဲ ပွေ့ထားလိုက်သည်။ ပူနွေးသော အထိအတွေ့ တစ်ခုက ကလျာ့ပါးပြင်ထက်တွင် ထင်ဟပ်လာသည်။ ကလျာသည် ရှန်းကန်လှုပ်ရှားရန် မေ့လျော့နေမိ၏။ တစ်ခါမျှ မခံစားခဲ့ဖူးသည့် အထိအတွေ့တစ်ရပ်က ကလျာ့ရင်ကို လှိုက်ဖိုစေခဲ့ပါသည်။

သို့တစေ ရုက်တက်ခြင်းဟူသော မိန်းမတို့၏ ဘဝပေးအသိက အလိုအလျောက် ဖြစ်ပေါ်လာ၏။

'အို....ဘယ်နှယ့်လုပ်တာလဲ၊ လွှတ်....လွှတ်၊ ကလျာ့ကို လွှတ်'

သူသည် ကလျာ့ကို ညင်ညင်သာသာပင် လွှတ်ပေးလိုက်သည်။

'အဲဒါလဲ ချစ်တဲ့အထဲမှာ တစ်ခုပါတယ် ကလျာ'

ကလျာသည် သူ့မျက်နှာကို မကြည့်တော့ပဲ အိမ်ကြီးပေါ်သို့ ပြန်ပြေးခဲ့သည်။

အိမ်ပေါ်ရောက်သည်အထိ ကလျာ့ရင်တွေ ခုန်နေတုန်း။ နောက်နေ့များတွင်တော့ ကလျာခြံကြီးထဲ မဆင်းဖြစ်တော့၊ ဒါပေမယ့် သူလာသည်။ ကိုလတ် လာသည်။

ကလျာသည် ပြတင်းပေါက်ကို အသာဟ၍ သူ့ကိုစောင့်ကြည့်နေမိသည်။ သူ့ကို ခရေပင်များကြားမှ ဗိုးတဝါး တွေ့ရတော့သည်။ သူပြန်သွားတော့ ကလျာငိုချင်လာသည်။

နောက်တော့ သူ့အရိပ်အယောင်ကိုမျှ ကလျာမမြင်ရတော့။ ကိုလတ်မလာတော့ပါ။ ကလျာသည် ခရေပင်ခြေရင်းမှ သူ့ကို မျှော်နေမိသည်။

'ကိုလတ်ကို ပြောပေးကြပါကွယ်၊ ကလျာစောင့်နေတယ်လို့'

ကလျာသည် ခရေပင်ထက်မှ ငှက်ကလေးတွေကို တိုးတိုးပြောမိသည်။

သို့တစေ ကလျာတစ်ယောက်တည်းသာ။

ကလျာ့ရင်ဝယ် တင်းကျပ်လာ၏။ သူပြောခဲ့သော လောကနှင့် လူတွေကို ကလျာပြေးကြည့်ချင်လာသည်။

ဆယ့်ရှစ်နှစ်လုံးလုံး အပိတ်အနှောင် ခံခဲ့ရသည့် ဘဝမှ ရုန်းထွက်လိုလာသည်။ ပြီး သူနှင့်တွေ့ချင်သည်။

ကလျာ ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်သည့်အတိုင်း ကောလိယအိမ်ကြီးမှ ကလျာထွက်ပြေးခဲ့၏။

သို့ရာတွင် ဒေါ်လေးသူဇာကို ပစ်၍ ကလျာပြေးနိုင်စွမ်း

မရှိခဲ့ ပါ။

ယခုတော့....

ကလျာအဖြစ်ကို ဒေါ်လေးသုဇာ သိခဲ့လေပြီ၊ ကလျာသည် ကိုလတ်နှင့် တွေ့ရပုံကို ဒေါ်လေးသုဇာအား ပြောပြခဲ့ရပြီ။

သည်အကြောင်းတွေကို ဒေါ်လေးသုဇာ သိသွားလျှင် သူမအား ဆူပူမာန်မဲလိမ့်မည်ဟု ကလျာထင်ခဲ့၏။ သို့သော် ဒေါ်လေး သုဇာသည် ကလျာအား ဆူဆူပူပူ မလုပ်ခဲ့ပါ။

'အေးပေါ့ကွယ်....တစ်နေ့နေ့တော့ ဒီလိုဖြစ်လာလိမ့်မယ် မယ်ဆိုတာ ဒေါ်လေးသုဇာ တွေးမိခဲ့ဇါတယ်'

ဒေါ်သုဇာ၏ အသံက နူးညံ့သိမ်မွေ့လွန်းနေသည်။ တွေ့ရခဲ့ သော မျက်ရည်စီးကြောင်းများက ဒေါ်သုဇာ၏ ပါးပြင်တစ်လျှောက် စီးကျနေသည်။

'ကဲလာကလျာ အိပ်တော့၊ ဒေါ်လေးသုဇာ အိပ်ယာထဲ ဝင်ချင်ပြီ'

ဒေါ်သုဇာသည် စောစောစီးစီး အိပ်ရာ ဝင်သွားခဲ့၏။ ကလျာ လည်း အိပ်ရာသို့ ဝင်ခဲ့လေသည်။

သို့တစေ ယခုတိုင် ကလျာမအိပ်နိုင်သေး။

ညသည် တိတ်ဆိတ်လွန်းနေပေသည်။

ကလျာနိုးလာတော့ နေမြင့်လှပြီ။

မိုးလင်းခါနီးမှ အိပ်ခဲ့ရသဖြင့် မနိုးခဲ့ခြင်းပင်။

ကလျာသည် အိပ်ယာပေါ်မှ ညင်သာစွာ ထလိုက်၏။ တစ် အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ ကလျာသည် ဒေါ်သုဇာ၏ အိမ်ခန်းထဲသို့ ဝင်ခဲ့၏။

ဒေါ်သုဇာသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်။ ကလျာအံ့ဩသွား၏။ ဒေါ်လေးသုဇာသည် တစ်ခါမျှ နေမြင့်အောင်

မအိပ်ဖူး။

'ဒေါ်လေးသုဇာ ထတော့လေ၊ နေမြင့်လှပြီ'

ကလျာသည် ဒေါ်သုဇာ၏ ဘေးတွင် အသာထိုင်ရင်း နှိုးလိုက်၏။ ဒေါ်သုဇာ၏ မျက်လုံးများက ပွင့်ဟမလာခဲ့ပါ။ ကလျာသည် ဒေါ်သုဇာ၏ လက်ကို အသာဆုပ်ကိုင်လိုက်သည်။ အေးစက်သော အထိအတွေ့တစ်ခုက သူမလက်ကို ကူးစက်လာသည်။

'ဒေါ်လေးသုဇာ၊ ဒေါ်လေးသုဇာ'

ကလျာ့ အသံက ကျယ်လာ၏။ သို့စဉ်တိုင်အောင် ဒေါ်လေးသုဇာက နိုးမလာခဲ့ပါ။ ကလျာသည် ဒေါ်သုဇာ၏ ကိုယ်ကို အတင်းလှုပ်နှိုးလိုက်သည်။

ဒေါ်သုဇာ၏ ကိုယ်ခန္ဓာကြီးမှာ အေးစက်တောင့်တင်းနေပြီ ဖြစ်၏။

'ဒေါ်လေးသုဇာ'

ကလျာ့အသံက ငိုသံပါလာ၏။ အားငယ်စိတ်၊ ကြောက်စိတ်တွေက သူမ တစ်ကိုယ်လုံး ပျံ့နှံ့လာသည်။ ကလျာသည် ဒေါ်လေးသုဇာ၏ ခုတင်ဘေးမှ စားပွဲဗီဒိုလေးပေါ်သို့ ကြည့်လိုက်သည်။

ကောလိယအိမ်ကြီး၏ ဝင်းတံခါးကိုဖွင့်သော ကြေးဝါသော့ကြီးကား လျောင်းစင်းလျက်.....

ကလျာ့ရင်ဝယ် သိမ့်သိမ့်တုန်ရလေပြီ။ ကလျာသည် ဒေါ်သုဇာကို ပြန်ကြည့်လိုက်၏။ ဒေါ်သုဇာကား ပကတိ ငြိမ်သက်နေဆဲ။

ကလျာသည် ကောလိယ ဝင်းတံခါးကြီး၏ သော့ကြီးကို ဆတ်ခနဲ ကောက်ယူလိုက်ပြီး ကောလိယအိမ်ကြီးပေါ်မှ ပြေးဆင်းခဲ့၏။ တုန်ယင်သော လက်များဖြင့် ကျွန်းသားတံခါးကြီးကို ဖွင့်လိုက်သည်။ အပြန့်အပြူး ကျယ်လွန်းသော လောကသည် ကလျာ

အား စောင့်ကြို့နေလေသည်။

ကလျာပြေးသည်။ ခြေဦးတည့်ရာ ပြေးသည်။ ဘယ်ကိုမှ မကြည့်။ ကြာတော့ ရင်တွေပေါက်ကွဲလုမတက် ဟိုက်လာသည်။

အသည်းနှလုံးတွေကို ဆုပ်ညှစ်ထားသလို နာကျင်လာ၏။ မျက်လုံးတွေက ဝိုးတဝါးဖြစ်လာသည်။

နောက်ဆုံး တစ်စုံတစ်ခုနှင့် ဝင်တိုက်မိမှ ကလျာအပြေး ရပ်သွားသည်။ ကလျာမျက်လုံးကို ဖွင့်ကြည့်လိုက်၏။

'အမယ်လေး'

ရှုပါကလား။ ကလျာ ငယ်သံပါအောင် အော်လိုက်မိသည်။ ပြီး.....သူ့ရင်ခွင်မှလည်း အကြောက်အကန် ရုန်းထွက်မိ၏။

'ကလျာ.....ကလျာ၊ ကိုလတ်လေ.....ကိုလတ်'

ကလျာသည် သူ့ရင်ခွင်ထဲသို့ တင်းကျပ်စွာ တိုးဝင်လိုက်၏။

'အို.....ကိုလတ်ရယ်'

ကလျာ့တစ်ကိုယ်လုံး ပျော့ခွေသွားပါသည်။

* * *

'ကောလိယ'

နှစ်ပေါင်းများစွာ လူ့လောကနှင့် အဆက်အသွယ်ပြတ်နေသော အိမ်ကြီးထဲသို့ ကိုလတ်ဝင်ခဲ့၏။ သူ့ဘေးတွင် ကလျာပါလာသည်။

ဒေါ်သူဇာ၏ အိပ်ခန်းထဲသို့ ဝင်လိုက်သည်နှင့် ကိုလတ်၏ မျက်နှာမှာ ဆိုးဆိုးရွားရွား ပျက်ယွင်းသွားသည်။

ခြေလှမ်းသည် အလိုလို ရပ်ဆိုင်းသွား၏။ သူ့တသက်တာတွင် ထူးဆန်းသော မြင်ကွင်းတစ်ရပ်ကို တွေ့လိုက်ရ ခြင်းပါပေ။

'ဘာဖြစ်သွားတာလဲ ကိုလတ်'

'အဲဒါ ဒေါ်လေးသူဇာပေါ့ ကိုလတ်၊ ကလျာကို ဆယ့်ရှစ်နှစ်လုံးလုံး ဒီခြံကြီးထဲမှာ ပိတ်လှောင်ထားခဲ့တဲ့ ဒေါ်လေးသူဇာပေါ့'

ကိုလတ်သည် ဒေါ်သူဇာ၏ လက်ကောက်ဝတ်ကို စမ်းကြည့် လိုက်ရင်း သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ချမိသည်။

လူ့အသိုင်းအဝိုင်းနှင့် နှစ်ပေါင်းများစွာ အဆက်အသွယ် မလုပ်ဘဲ နေခဲ့သော ဒေါ်သူဇာ၏ ဘဝကို တစ်စွန်းတစ်စ ရိပ်စားမိလာသလို ကလျာ၏စိတ်ကို ဒေါ်သူဇာ မည်ကဲ့သို့ စိုးမိုးလာခဲ့သည် ကိုပါ ကိုလတ်သိရှိလာ၏။

ကိုလတ်သည် ဒေါ်သူဇာ၏ ခုတင်အောက်တွင် ကျနေသော ပုလင်းတစ်လုံးကို ကောက်ယူ၍ နမ်းကြည့်လိုက်၏။

တင်ချာအိုင်အိုဒင်းနံ့က နှာခေါင်းထဲသို့ တိုးဝင်လာ၏။

'နောက်ဆိုရင် သူဟာ ကလျာ့ကို ဘယ်တော့မှ ချုပ်ချယ်နိုင်တော့မှာ မဟုတ်တော့ဘူး ကလျာ၊ မင်းဒေါ်လေး သေပြီ'

'သေပြီ ဟုတ်လား ကိုလတ်'

ကိုလတ်သည် ခေါင်းကို လေးပင်စွာ ညိတ်လိုက်ရ၏။

'သေရှာပါပြီ ကလျာ၊ အမှန်တော့ မင်းဒေါ်လေးဟာ အင်မတန်သနားစရာကောင်းတဲ့ မိန်းမကြီး တစ်ယောက်ပါပဲ၊ အထီးကျန်လှတဲ့ လူ့ဘဝမှာ ကလျာတစ်ယောက်သာ တွယ်တာရမယ့်သူရှိခဲ့လို့ ကလျာ့သူ့ကို ပစ်မသွားအောင် လူတွေနဲ့ လှည့်ပြီးခြောက်ထားခဲ့တာပဲ'

ကလျာသည် ကိုလတ်၏ စကားကို နားမလည်နိုင်သကဲ့သို့ တွေဝေနေဟန်ရှိသည်။

'ကလျာကို လူတွေနဲ့ ခြောက်ထားတယ် ဟုတ်လား။ ကလျာဟာ အရုပ်ဆိုးလွန်းလို့ လူတွေနဲ့ မတွေ့အောင် နေရမယ်ဆိုတာ မဟုတ်ဘူးလားဟင်'

ကိုလတ်သည် ကလျာ၏ စကားကို ပြန်မဖြေပဲ ဒေါ်သူဇာ၏ မျက်နှာကိုကြည့်၍ ခပ်တိုးတိုး ပြောလိုက်သည်။

'တို့.....သူ့အတွက် အကောင်းဆုံး လုပ်ပေးရမှာက သူ့အလောင်းကို မြေကြီးထဲ မြှုပ်ပစ်လိုက်ဖို့ပါပဲ ကလျာ၊ ပြီးတော့ သင်္ချိုင်းဂူ လှလှလေးတစ်လုံး တည်ဆောက်ပေးလိုက်တာပေါ့'

'ဒေါ်လေးသူဇာကို ဘာပြုလို့ လူတွေ မမြင်စေချင်ရတာလဲ ကိုလတ်ရယ်'

ကိုလတ်သည် ဒေါ်သူဇာ၏ မျက်နှာကို စောင်နှင့်ဆွဲ၍ ဖုံးလိုက်ပြီး ကျောခိုင်းလိုက်သည်။ ပြီ.....အမှောင်ကမ္ဘာမှ ညမင်းသမီးကလေး ကလျာ၏ ပခုံးလေးကို ညင်သာစွာ ထွေးပွေ့ရင်း ပြောမိပါသည်။

'ဘာဖြစ်လို့လဲဆိုတော့ ဒေါ်သူဇာရဲ့ ရုပ်ဟာ လူတွေ ချောက်ချားကြောက်လန့်အောင် အရုပ်ဆိုးနေပြီး ကလျာဟာ နတ်သမီးလို လှပနေလို့ပေါ့ကွယ်'

* * *

## ဝေဟင်မှ လေယာဉ်

အသံလွင်လွင်ကလေးက ကြည်ကြည်လင်လင်.....

'ကျေးဇူးပြု၍ နားဆင်ကြပါရှင်၊ အချိန် အနည်းငယ် အတောအတွင်းမှ ကျွန်မတို့ရဲ့ လေယာဉ်ဟာ လွိုင်ကော်မြို့ကို စတင် ပျံသန်းတော့ပါမယ်ရှင်၊ အမြင့်ပေတစ်သောင်း သုံးထောင်က ပျံသန်း ပြီး ပျံသန်းချိန်မှာ တစ်နာရီခန့် ဖြစ်ပါတယ်ရှင်၊ ခရီးသည်များ မိမိ တို့ ထိုင်ခုံခါးပတ်များကို ပတ်ထားကြပြီး ရှေ့ပိုင်းက အချက်ပြမီး မငြိမ်းမချင်း ဆေးလိပ် မသောက်ကြပါရန် မေတ္တာရပ်အပ်ပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်'

လေယာဉ်ပေါ်ရှိ ကမ္ဘာလှည့် ခရီးသည်များနှင့် နိုင်ငံခြား သားများမှာ မြန်မာသံချိုချို အေးအေးလေး၏ အဓိပ္ပါယ်ကို မသိကြ။

"May I have Attention, Please Ladies and Gentlemen, Infew Minute We Shell Be Departing For Loi-kow Our Flying Time is Approxima Tely One Hour And We Shell Be climbing To 13,000 Ft: for take off. Please Fasten your Seat belt Nosmoking Until the Cabin are Switch-off Thank you"

အင်္ဂလန်သူလေး၏ လေသံအတိုင်း ထွက်လာတော့မှ ကမ္ဘာလှည့် ခရီးသည်များနှင့် နိုင်ငံခြားသားများ နားလည်သွားကြသည်။

ကျွန်တော်သည် ထိုင်ခုံရှိ ခါးပတ်ကို ခပ်ကျပ်ကျပ် ပတ်လိုက်သည်။

တပ်မတော်(လေ)တွင် ကြာရှည်စွာ အမှုထမ်းခဲ့ဖူးသူ တစ်ယောက် ဖြစ်ခဲ့သဖြင့်လည်း လေယာဉ်တက်ရာတွင် ခါးပတ်ပတ်ထားရန် အရေးကြီးကြောင်း သိပါသည်။

မသိသည်မှာ လေယာဉ်းစီး ခရီးသည်များဖြစ်ပါသည်။

အဲသည်တော့ လေယာဉ်မယ်လေးက သူမဝတ္တရားအတိုင်း သိအောင် ပြောပါသည်။

မြန်မာသုံးစကားရော ကမ္ဘာသုံးစကားနှင့်ပါ အသံချဲ့စက်မှ ပြောကြား၍ မေတ္တာရပ်ခံသည်။

ပတ်သူပတ်သည်။

မပတ်သူက များသည်။

လေယာဉ်သည် ရပ်ထားနေရာမှ ပြေးလမ်း Run way ထိပ်သို့ တရွေ့ရွေ့ ဘီးလိမ့်လာသည်။

'အန်တီ၊ ကျေးဇူးပြုပြီး ခါးပတ်ကလေး ပတ်ထားပါလား ရှင့်'

အသံကလေးက တောင်းပန်လေသံ။

'အမယ်လေးအေ၊ လေယာဉ်ပျံကို ခုမှ စီးဖူးတာ မဟုတ်ပါဘူး၊ မွေးကတည်းက စီးလာတာပါ၊အနေရခက်ကခက်နဲ့ မပတ်လဲ ဘာမှမဖြစ်ပါဘူး'

အသံကြီးက ဘာသံလို့ ခေါ်ရမလဲ မသိ။

ကျွန်တော် လှည့်ကြည့်လိုက်မိသည်။

စိန်တွေ၊ ရွှေတွေညှတ်သော လှလှပပ မိန်းမကြီးတစ်ယောက်နှင့် လေယာဉ်မယ်ကလေးကို မြင်ရပါသည်။

လေယာဉ်မယ်ကလေးက ချိုသာစွာ ဆက်ပြောပါသည်။

'အန်တီပြောတာလဲ မှန်ပါတယ်ရှင်၊ ဘာမှ မဖြစ်ရင်တော့ ကိစ္စမရှိဘူးပေါ့၊ အဲ.....အရေးပေါ်ကိစ္စ တစ်ခုခုဖြစ်ရင် လေယာဉ်ထိုင်ခုံက ခါးပတ်ကို ပတ်ထားမှ စီးသူအတွက်ရော မောင်းသူအတွက်ပါအန္တရာယ် ကင်းပါတယ် အန်တီ၊ ကဲ.....ကျွန်မ ပတ်ပေးမယ်နော်'

ပြောပြောဆိုဆို မျက်နှာတော်ညို့ အလိုတော်မကျ ဖြစ်သွားသော အန်တီမမကြီးကို ခါးပတ်ပတ်ပေးသွားသည်။ ပြီးတော့ သူမဝတ္တရားအတိုင်း ကျန်ခရီးသည်များကို ခါးပတ်ပတ်ရန် လိုက်လံနှိုးဆော်သည်။ ကိုယ်တိုင်လည်း ပတ်ပေးသည်။

ကျွန်တော် မကျေနပ်။

အထူးသဖြင့် လေယာဉ်ဖြင့် မကြာခဏ ခရီးသွားနေသူတွေက ပို၍ဆိုးသည်။

ငါတို့သွားနေကျပဲဆိုပြီး ဂရုမစိုက်၊ အလေးမမူ။

သူတို့တစ်တွေ ပေါ့ပေါ့ဆဆ နေကြသည်။

ဘယ်လောက်အန္တရာယ်ကြီးသည်ကိုသူတို့မသိကြ။

လေယာဉ်တစ်စင်းအဖို့ အတက်နှင့် အဆင်း Take off and Landing သည် အလွန်အရေးကြီးသော ကာလဖြစ်ပါသည်။ စက်အား Engine Power ကို အပြည့်အဝ အသုံးချရသည်။ သည်တော့ အတောင်ပံတွင် ပင့်အားlift ရပြီး လေထဲသို့ ငှက်တစ်ကောင်လို ကြွတက်သည်။

ထိုအချိန်တွင် လေယာဉ်ကို တည်ငြိမ်စွာ ထိန်းသိမ်းထားရသည်။ ခရီးသည်များ ငြိမ်သက်စွာ ထိုင်နေဖို့ အရေးကြီးသည်။

လေယာဉ်အတက်၌ စက်ချုတ်ယွင်းသော် လည်းကောင်း၊

အခြားအကြောင်း တစ်စုံတစ်ခုသော်လည်းကောင်း။ လေယာဉ် အတိမ်းအစောင်း ဖြစ်သွားသည့် အခါတွင် ထိုင်ခုံရှိခါးပတ်ကို ပတ်မထားပါက ဆီးဖြူသီးကို ဆန်ကောထဲ ထည့်မွှေသလို ကမြောင်းကပြန် ဖြစ်သွားတက်သည်။

ဥပမာ.....

'အေဘရှန်'Alerion ခေါ် ဘယ်ညာစောင်းသည့် ပုံခို့ ယွင်းသွား၍ လေယာဉ်ကြီးသည် ညာဘက်သို့ တစ်သမတ်တည်း စောင်းသွားပြီ ဆိုပါစို့။

ဘယ်ဘက်ထိုင်ခုံတွင် ခါးပတ်မပတ်ဘဲ ထိုင်နေသော ခရီးသည်များ ညာဘက်သို့ စုပြုံသွားမည်။

လေယာဉ်၏'ဟန်ချက်' 'ဂျီ'သည် ညာဘက်သို့ စုပြုံ ရောက်ရှိသွားမည်။

မည်ကဲ့သို့ ဖြစ်မည်ကို စာရှုသူများ စဉ်စားသာ ကြည့်ကြပါတော့။

လေယာဉ်ကို ဒမောင်းနှင်နေသော လေယာဉ်မှူးသည် အရေးပေါ်ကိစ္စဖြစ်ပေါ်လာလျှင် ကာကွယ်မောင်းနှင်နိုင်ရန် နည်းလမ်းများစွာ ရှိပါသည်။ သင်ကြားထားပါသည်။

အင်ဂျင်စက်တစ်လုံးပျက်သွားလျှင် မည်ကဲ့သို့ လုပ်ရမည်။

ဘာဖြစ်လျှင် ဘာလုပ်ရမည် ဆိုသော အရေးပေါ် အန္တရာယ် ကာကွယ်နိုင်သည့် နည်းလမ်းတွေကို လေယာဉ်မှူးတွေ လေ့ကျင့်ထားပြီး ဖြစ်ပါသည်။

ပြီးတော့.....

လေယာဉ်၏ ကိုယ်ထည်စတင် တည်ထောင်စဉ်ကတည်းက လေထဲတွင် အင်ဂျင်စက်နှစ်လုံးစလုံး ရပ်သွားသည့်တိုင် အောင် ငှက်လို လေဟုန်စီးပြီးဆင်းနိုင်အောင်ပြုလုပ်ထားပြီး ဖြစ်သည်။

အထူးသဖြင့် F.27 'ဖော်ကာ ဖရင်းရှစ်' လေယာဉ်ကဲ့သို့ တောင်ပံမြင့် High wing တပ်ဆင် တည်ဆောက်ထားသော လေယာဉ်မျိုးမှာ အင်မတန် စိတ်ချရပါသည်။

မင်္ဂလာဒုံ လေယာဉ်ကွင်းကို ကြည့်ပါ။

အင်ဂျင်စက်ပိတ်၍ လေ့ကျင့်ဆင်းသက်နေသော ဖော်ကာ ဖရင်းရှစ် လေယာဉ်များကို တွေ့နိုင်ပါလိမ့်မည်။

သို့သော်လည်းပဲ.....

အဲ.....ခပ်စောစောက ဆိုခဲ့သလို ခါးပတ်ကို အတင်းအကျပ် ပတ်ပေးရသော အန်တီမမကြီးတွေ၊ အန်ကယ်ကြီးတွေ၊ အစ်ကို ဝဝကြီးတွေ ခပ်များများ ပါလာသော လေယာဉ်မျိုးတွင်.....

လေယာဉ်မယ်က တစ်ယောက်တည်း။

လေယာဉ်ထဲမှာ ခရီးသည် လေးဆယ်။

အဲသည်လေးဆယ်စလုံးကို လေယာဉ်မယ်ကလေးက ခါး ပတ် ပတ်မပေးနိုင်၊ ပေးနိုင်အောင်လည်း အချိန်မရ။

ထိုအချိန်တွင် လေယာဉ်သည် အရေးပေါ်အခြေအနေနှင့် ကြုံကြိုက်ခဲ့လျှင် လေယာဉ်မှူးမှာ မိုးပျံအောင် တော်နေဦး လေယာဉ် တစ်စင်းလုံးကို ထိန်းနိုင်တော့မည် မဟုတ်ပါ။

ကောင်းပါပြီ။

လေယာဉ်မိုးပေါ်ရောက်သွားပြီ။

သတ်မှတ်ထားသော စိတ်ချရသည့် အမြင့်ပေသို့ ရောက် သွားပြီ။ ခါးပတ်တွေ ဖြုတ်နိုင်ပြီ၊ ဆေးလိပ်လည်း သောက်နိုင်ပြီ။

သို့သော်လည်း.....

တစ်နာရီမိုင် သုံးဆယ်လောက် မောင်းနေသော မော်တော် ကားကို ဝုန်းကနဲ ဆောင့်ရပ်ကြည့်၊ ရှေ့သို့ ဝုန်းကနဲ ခုန်ထွက်သည်။ ခေတ်မီကားတွေ ထိုင်ခုံတွင် ခါးပတ်တွေ တပ်ထားကြသည်ကို မြင်

ဖူးကြပါလိမ့်မည်။ မော်တော်ကားတောင် ခါးပတ်ပတ်ထားမှ စိတ်ချရလျှင် လေယာဉ်ပေါ် ခါးပတ်ပတ်ထားဖို့ ဝန်မလေးကြပါနှင့်။ မကြာမီ ရက်ပိုင်းအတွင်းက ကျွန်တော်ခရီးထွက်ရာမှ ရန်ကုန်ကို ပြန်လာသည်။ လမ်းတွင် ရာသီဥတု ဆိုးရွား၍ ခါးပတ်ပတ်ထားကြရန် စာတန်းပေါ်လာသည်။

ကျွန်တော်မောင် လေတပ်သားဟောင်းက ပတ်ပါသည်။ ခရီးသည် တော်တော်များက မပတ်ကြပါ။

'အဲဒါတာကြည့်တော့ ကိုဆွေလှိုင်ဦးရေ ကျွန်မတို့မှာ အဲဒီ ခါးပတ်ပတ်ဖို့ ပြောရတာကိုက အာပေါက်လှပြီ၊ တချို့က သုံးလေးခေါက်ပြောလဲ မရဘူး။ ပြောပါများတော့ လေယာဉ်မယ် အပေါက်ဆိုးတယ်လို့ ထင်ကြတယ်၊ အန္တရာယ်မရှိတဲ့ ကျွန်မတို့ ဘယ်အမုန်းခံပြီးပြောပါ့မလဲရှင်'

လေယာဉ်မယ်ကလေး နွယ်အေးမူက ညည်းသည်။

ဟုတ်သည်။

လေယာဉ်မယ်ကလေးတွေ အပေါက်မဆိုးကြပါ။

အလှအပ။

အယဉ်အကျေး။

အပြုအစု။

အပြောအဆို။

အားလုံး 0.K ကြသည်။ ကောင်းကြသည်၊ ခရီးသည်များ စိတ်ချမ်းသာအောင် ပြုစုသည်။

ဝတ္တရား ကျေကြသည်။

ယခုနှစ် မိုးမကျခင် ကျွန်တော့်'ချစ်'ဝတ္ထုအတွက် ပေလီသို့ သွားသည်။ အပြန်ခရီးတွင် ကျွန်တော့် စာချစ်သူများပေးလိုက်သော သန္တာခတ်၊ ခရုလိုက်ကာ၊ ခရုရုပ်မေခလာတွေနှင့် ရှုပ်ယှက်

ခတ်နေသည်။ ကျွန်တော့် ပစ္စည်းတွေကများတော့ အလေးချိန် ပေါင်ပို တွေများသည်။ လေယာဉ်တစ်စင်းအဖို့ တင်ဆောင်နိုင်သော၊ ပျံသန်း နိုင်သော လူနှင့် ပစ္စည်း၏အလေးချိန် Weight သတ်မှတ်ချက်များ အတိအကျ ရှိပါသည်။

ဥပမာ.....

ဖော်ကာဖရန်ရှစ် F.27 လေယာဉ်တစ်စင်း၏ သယ်ဆောင် ပျံသန်းနိုင်သော အလေးချိန်မှာ လေယာဉ်၊လူ၊ဓာတ်ဆီ၊ စုစုပေါင်း ပေါင်ချိန် (၄၂,၅၀၀) ရှိသည်ဆိုပါဆို့။ ခရီးသည် တစ်ယောက်လျှင် ယူဆောင်နိုင်သော အလေးချိန်နှင့် နှစ်ပေါင်ပိုသည်ထား။

တစ်ယောက်နှစ်ပေါင်။

လူက လေးဆယ်။

လေးဆယ်ဆိုတော့ ရှစ်ဆယ်၊ သယ်ဆောင်နိုင်သော အလေးချိန်နှင့် ပေါင်ရှစ်ဆယ်ပို၍ သယ်ဆောင်ပျံသန်းရပါသည်။

ဒါ.....နှစ်ပေါင်ပဲ ပိုသေးသည်။ အလေးချိန်သတ်မှတ်ချက် ထက် ဆယ်ပေါင်၊ ဆယ့်ငါးပေါင်၊ ပေါင်နှစ်ဆယ်ပိုလျှင် တွေးသာ ကြည့်ပါတော့၊ တစ်ပိဿာလောက်သာ မ,နိုင်သော ကလေးငယ် တစ်ယောက်ကို ဆန်အိတ်ထမ်းပြီး အပြေးခိုင်းသလို ဖြစ်မနေဘူး လား။ ပေါင်ပိုလျှင် ပိုသည့် အလေးချိန်အတွက် အပိုကြေးပေး ရပါသည်။

ပေးကြပါ။

ဒါ သိပ်အရေးကြီးသည်။

ဒါမှ လူနှင့် ပစ္စည်းများ၏ အလေးချိန်ကို အတိအကျ တွက်၍ တင်ဆောင်နိုင်ပါသည်။ ငွေကလေး တစ်ဆယ်၊ နှစ်ဆယ် အတွက် ကိုယ့်အသက်ကို ဖက်ရွက်မထုတ်ကြပါနှင့်။ တချို့ ခရီးသည် တွေက ပစ္စည်းတွေ ဗရပွနှင့် လစ်ရင် လစ်သလို ပေါင်ချိန်မှုတင်

ဘဲ လက်ကခွဲကြပါသည်။ ယေယာဥ်မောင်မယ်မျှ နှင့် လေယာဉ် မှူးများ အလစ်တွင် ခွဲတင်ကြပါသည်။

မှားပါတယ်။

မတင်ကြပါနှင့်။

မော်တော်ကားကို လူတွေ၊ ကုန်တွေ ဖိတင်လျှင် လေးကျိုး မည်။ ဘီးပေါက်မည်။

အောက်ကို ထိုးမကျ။

လေယာဉ်ပျံဆိုတာ လေထဲမှာ ပျံရသည်။ အောက်ကို ထိုးကျမည်။ အားလုံးမသာ ပေါ်နိုင်သည်။ ဒါကြောင့် ပေလီမှ အပြန်တွင် ကျွန်တော် ပေါင်ပိုပစ္စည်းတွေကို အတိအကျ ပေါင်ချိန် ခဲ့ပါသည်။ ကျသင့်ငွေကို ထမ်းဆောင်ခဲ့ပါသည်။ ဖော်ကာလေယာဉ် သည် ပေလီလေဆိပ်မှ တက်ခဲ့သည်။ ပင်လယ်ပြာနှင့် အဏ္ဏဝါကျွန်း တွေကျော်ခဲ့သည်။ အဲသည် နေ့ကလည်း တာဝန်ကျသော လေယာဉ် မယ်ကလေးမှာ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော နွယ်မူအေးပင် ဖြစ်ပါသည်။

လေယာဉ်သည် တိမ်တိုက်တွေပေါ်တွင် ညင်သာစွာ ပျံသန်းနေသည်။ နွယ်မူအေးက ကော်ဖီလာပေးသည်။

'ဝတ္ထုဘယ်နှစ်ပုဒ် ရခဲ့သလဲ ကိုခွေလှိုင်ဦး'

'အများကြီးပဲကွာ'

'ဟိုတစ်ခါ ပုဂံသွားတုန်းကရော'

'ဘယ်သွားသွား ရေးကွက်တော့ရတာပဲ၊ အခုရေးနေတယ်၊ သိရိုပစ္စယာသူ'

ဒါနဲ့ အစ်ကို့ ခရုလိုက်ကာတွေ ပစ္စည်းတင်တဲ့ အခန်းမှာ ပါရဲ့လား'

'ကြည့်ပေးမယ်လေ'

သူကြည့်ပေး၏။ မရှိ။

ခရုလိုက်ကာထုပ်တွေ ပေလီလေဆိပ်တွင် ကျန်ရစ်ခဲ့ပြီ။ တန်ဖိုးမရှိပေမယ့် အမှတ်တရ ပစ္စည်းတွေမို့ ကျွန်တော် နမြောမိသည်။

'ဘာလဲ ကိုဆွေလှိုင်ဦး။ သိပ်နမြောနေသလား'

'လက်ဆောင်တွေမို့ပါ'

'ကိစ္စမရှိပါဘူး။ ကျွန်မ ဝါယာလက်စ်နဲ့ လှမ်းမေးနိုင်းပေးမယ်'

လေယာဉ်မယ်ကလေးသည် လေယာဉ်မောင်းခန်းသို့ သွား၍ လေယာဉ်ရေဒီယို အရာရှိမှ R.O တစ်ဆင့် သံတွဲမျှော်စင် Sandoway Control Tower သို့ မေးပေးသည်။

ဟုတ်သည်။

ဆွေလှိုင်ဦး ခရုထုတ်တွေ ကျန်ခဲ့သတဲ့။

'ကျွန်မ သံတွဲကို နောက်တစ်ခါ ဖလိုက်ရှိသေးတယ်။ ကိုဆွေလှိုင်ဦး ခရုတွေကို ယူခဲ့ပေးမယ်၊ စိတ်သာချ ညနေကျတော့ လေဆိပ် Security Section (လုံခြုံရေးဌာန)မှာ လာယူလှည့်'

'ဟုတ်ကဲ့ ကျေးဇူးကမ္ဘာပါ နွယ်မူအေးရာ'

'ကိစ္စမရှိပါဘူး။ ခရီးသည်တွေ စိတ်ချမ်းသာဖို့က ကျွန်မတို့ရဲ့ ဝတ္တရားပါ'

ကျွန်တော့် ခရုလိုက်ကာတွေကို ထိုနေ့ညနေမှာပင် နောက်တစ်ခေါက်လေယာဉ်နှင့် လေယာဉ်မယ် မချောလေး နွယ်မူအေး သယ်ဆောင်လာ၍ ပြန်ရသည်။

သူတို့ ဝတ္တရား ကျေကြပါသည်။

ခရီးသည်များကလည်း ဝတ္တရားကျေကြပါ။

'ပေါင်ပို(အလေးချိန်) ခိုးမတင်ကြပါနှင့်'

ကိုယ့်လိပ်သက်ကို ဖက်ရှက်နှင့် မထုပ်ကြပါနှင့်။ ထိုနေ့က ကျွန်တော်ငှဲ့လိမ့် အပြန် စီးလာသော လေယာဉ်ကို အတိအကျ မှတ်မိပါသေးသည်။

XY-ADK

'အိတ်စ်ဝိုင်–အေဒီကေ'

အိတ်စရေး ဒယ်လတာကီလို အမည်ရှိ ဖော်ကာဖရင်း ရှစ်လေယာဉ်၊ အခု ထိုလေယာဉ် မရှိပါ။ မင်္ဂလာဒုံ လေဆိပ်မှ အတက် ပျက်ကျသွားပါပြီ။

ထိုလေယာဉ်ထဲတွင် ကျွန်တော်ခင်မင်လေးစားရသော အစ်မကြီး မဝင်းမြင့် (စာရေးဆရာမကြီး) ပါသွားရှာသည်။

* * *

## မယ်ကလိမ်

အဲဒီရွာကလေးက ကလိမ်လည် ရွာကလေး။
သာယာလိုက်ပါဘိ။
ရွာဦးကျောင်းရဲ့ ဆည်းလည်းသံကလေး တချွင်ချွင်ကြားနေရသကဲ့သို့ မြောက်လေလေးကလည်း ဖြူးနေသည်။
သိပ်လှတဲ့ အပျိုမလေးတစ်ယောက်။
ရွှေရင်သိမ်းသစ် တစ်ဆယ့်ခြောက်နှစ်။
အဲ.....သူကလေးကတော့ လှသလောက် လိမ်သည်။ တော်သလောက်ညာသည်။
အတော်ခက်တဲ့ အပျိုမလေးတစ်ယောက်ပေါ့။
မလိမ်ရ၊ မညာရလျှင် စားမဝင် အိပ်မပျော်။
မယ်လိမ်သည် အင်မတန်လှသည်။ အင်မတန်ချောသည်။
ဘယ်လိုလှသည်၊ ဘယ်လိုချောသည်ကို စာမဖွဲ့တတ်။
ဥမ္မာဒန္တီ၊ ပပဝတီလိုမျိုးလား။
သူမ အသားကို သွားနှာသည့် ခြင်တွေတောင် ဆီကွက်

ကိုတက်နှင်းမိသလို ချော်လဲကုန်သည်။

အဲသလောက် ချော၏။

အပြောကလေးကလည်းကောင်း၊ ကြာမျက်စောင်း ကလေး ကလည်း ထက်ထက်၊ အသက်ကလေးကလည်း (သပြေခက်) ဆို တော့ စွဲမက်စရာကောင်းလောက်အောင် လှပတောင်းတင်းတဲ့ ကိုယ် ခန္ဓာ ပိုင်ရှင်မလေး။

အပြည့်သား၊ အနှင့်သား၊ အစွင့်သား၊ အမိစားလေး။

မယ်လိမ့် နာမည်ရင်းက မယ်လှ။

မယ်လှကနေ လိမ်လွန်းအားကြီးသဖြင့် မယ်လိမ်ဟုခေါ် ကြသည်။

တခြားလူအား မလိမ်ရလျှင် ဝိတ်ဘီလုန်၍ ကိုယ့်ပေါင်ကိုယ် ပြန်လိမ်ရမှ ကျေနပ်သည်။ အဲ.....နာလာတော့ ရေဆွတ်ပြီး လိမ်သည်။

ကြာတော့ မယ်လိမ်ကို ရွာက ကြောက်လာကြသည်။ လိမ် လွန်း၊ ညာလွန်းသဖြင့် ကြောက်ကြသည်။ ကလိမ်လည် ရွာတွင် မယ်လိမ် မလိမ်ဖူးသည့် သူဆို၍ ရွာထိပ်က သူဌေးလူပျိုသိုးကြီး ဦးဘော့ဂရယ်၊ အရက်သမား လူရမ်းကားကြီး ကိုညိုတုတ်ရယ်၊ ရွာဦးကျောင်းသို့ မကြာခင်က ရောက်လာသော ဘိုးသူတော်ကြီး ဦးသူတော်ရယ်.....

သည်သုံးယောက်သာ ကျန်တော့သည်။ ဒါကို မယ်လိမ် မကျေနပ်၊ ဘဝင်မကျ၊ သူတို့သုံးယောက်ကို မယ်လိမ် မလိမ်နိုင်သေး သဖြင့် စားမဝင် အိပ်မပျော်ဖြစ်နေရသည်။

'ငါတစ်ရွာလုံး လိမ်ပြီးပြီ၊ ဒီငနဲ သုံးပွေပဲ ကျန်တော့တယ်၊ ဒီသုံးပွေကလဲ ငါ့အထာတွေကို သိနေတော့ ငါ့ကို လန့်နေကြတယ်၊ ခတ်တာပဲ၊ သူတို့တွေကို လိမ်ရရင် ငါ့ဘဝတော့ သေပျော်ပါပြီ'

သို့ကလို စိတ်ကူးရင်း လိမ်ဖို့ရာအတွက် အကြံဉာဏ်

ထုတ်နေမိသည်။

မယ်လိမ်ကြော့လျှင် ခံနိုင်ရိုးလား။

တစ်နေ့တော့ ဦးဘောဂအိမ်ကြီးသို့ မယ်လိမ်ရောက်သွားသည်။ သူမကိုယ်သူမ အလှအပ အပျံစား ခြယ်မှုန်းသွားသည်။

လည်ဟိုက်ဘလောက် လက်ပြတ်အဝါနု အင်္ကျီလေးနှင့် ကီမိုနို အဝါရောင် လုံချည်လေးကို ဝတ်ဆင်ထားပုံက တင်းတင်းရစ်ရစ်။

လက်ကလေးက အလွှဲ၊ တင်ကလေးက အမြှင့်။

အဲ.....အဲ၊ ဆင်မယဉ်သာ ဆိုတာမျိုးလား။

ဒီလို.....ဒီလိုနဲ့ သူဌေးကြီး ဦးဘောဂထံသို့ ရောက်သွားလေတော့ ဦးဘောဂ အံ့အားသင့်သွားသည်၊ အလှဖူးမလေး မယ်လိမ် အိမ်ပေါ်တက်လာသည်ကို ရင်တထိတ်ထိတ်နှင့် ကြည့်နေမိသည်။

လှပါဘိ၊ ချောပါဘိ။

အဟိ.....အသားစိုင်တွေကလည်း မိုးဦးကျပေါက်တဲ့ ဝါးပိုးမျှစ်စို့ကြီး တွေလိုပါပဲလား၊ ကီမိုနို ထဘီလေးကလည်း ခြေသလုံးသား မပေါ်တပေါ် ဝင်းဝင်းကလေး၊ ကိုင်ညှစ်ပစ်ချင်စရာ ကောင်းလောက်အောင် လှတဲ့ကောင်မလေး။

သို့ကလို စိတ်က ပြစ်မှားမိသော်လည်း ဦးဘောဂ၏ နားထဲသို့ မယ်လိမ်၏ သတင်းဆိုးတွေက ပြည့်လျှံနေလေတော့ မယ်လိမ်ကို ဦးဘောဂ ကြောက်နေသည်။

'ဦးဘောဂ'

'ဗျာ.....ဗျ'

'ဦးဘောဂ နှုတ်ခမ်းမွေး ကားကားကြီးက သိပ်လှတာပဲနော်၊ အခုထိ ဘာလို့ လူပျိုသိုးကြီး လုပ်နေတာလဲ'

'အ.....ဟဲ'

ထင်တယ်၊ ကဲ.....မယ်လိမ် မလှဘူးလား'

'လှပါ့'

'မနုဘူးလား'

'ငှက်ပျောဖူးလေးလို နုပါ့'

'ငယ်ကော မငယ်ဘူးလား'

'သပြေခက်ကလေးလို ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦး မယ်ထင်တယ်'

'မပြည့်သေးဘူး ဦးဘောဂရဲ့၊ တစ်ရက်လိုသေးတယ်'

'အပါး'

'မယ်လိမ့်ကို ဦးဘောဂ သဘောမကျဘူးလား ရှင်'

ဦးဘောဂ စဉ်းစားရတော့သည်။

'ကျတော့ ကျပါတယ်၊ ဒါပေမယ့် နင်ကသိပ်ပြီး လိမ်တယ် ညာတယ် သတင်းကြီးနေတော့ ငါ့ကို လိမ်သွားမှာ ကြောက်တယ်ဟ'

ကျွန်မနောင်တရပါပြီ ဦးဘောဂရယ်၊ နောင်ကို မလိမ် တော့ပါဘူးလို့ ကျိန်ပြီး ပြောရဲပါတယ်၊ အခုဆိုရင်လေ ရွာက ကာလ သားတွေလဲ ကျွန်မကို မပိုးရဲကြတော့ဘူး၊ ကျွန်မ အိမ်ထောင်ပြုပြီး တည်တည်တံ့တံ့ လိမ်လိမ်မာမာ နေပါတော့မယ်၊ ဦးဘောဂ ကျွန်မ ကို ယူပါလားရှင်'

'ဟင်.....'

'တကယ်ပြောတာပါ၊ ဒါပေမယ့် ငွေငါးထောင်တော့ တင် ရပါလိမ့်မယ်၊ ဘယ့်နှယ်လဲ'

'ယုံရမှာလား မယ်လိမ်ရယ်၊ နင်က သိပ်လိမ်တယ်လို့ သတင်းကြီးနေတာဟ'

'ဩော်.....ဦးဘောဂရယ်၊ ကျွန်မတကယ်ပြောနေတာပါ၊ ကဲ.....ဒီလိုဆိုရင် ဒီညရှစ်နာရီမှာ ကျွန်မအိမ်ကို လာခဲ့တော့၊ ဘယ့်

နယ့်လဲ'

ဤသို့ဖြင့် လူပျိုသိုးကြီးဦးဘောဂမှာ မယ်လိမ်၏ မာယာကွန်ယက်တွင် မိသွားပြီး ငွေငါးထောင် ပေးလိုက်ရလေ၏။

'ဒီညနော်.....မယ်လိမ်'

'အိမ်ကိုသာ တန်းလာခဲ့ပေတော့ ဦးဘောဂရေ၊ ရှစ်နာရီ တိတိနော်'

မယ်လိမ်ပီတိတွေ ဖြာဝေသွားသည်။ ဆင်းရဲသား တောင်သူ လယ်သမားများအပေါ် မတရား အမြတ်ထုတ် စီးပွားရှာ ကုပ်သွေးစုပ်နေတဲ့ ဝိသမလောဘသားကြီး ဦးဘောဂအား သည်နေ့ တော့ဖြင့် အပြတ်ချွတ်ရတော့မည် ဟူသောစိတ်ဖြင့် မယ်လိမ်ပြုံးမိသည်။

ညနေ ရေခပ်ချိန်။

ထဘီရင်ရှားနှင့် ရေအိုးကလေးကို ရွက်ရင်း ရွာဦးကျောင်းဘေးရှိ ရေတွင်းသို့ ရေခပ်လာသော မယ်လိမ်ကို ဦးသူတော်က မျက်လုံးကျွတ်ကျမတတ် ကြည့်နေသည်။

'ဦးသူတော်ကြီး'

'အဟို..... ဘာလဲ မယ်လိမ်ရဲ့'

'ကျွန်မကို ယူမလား'

'ဟာ.....နင်ကလဲ'

တကယ်ပြောတာ၊ ဦးသူတော်ကြီး ဘုန်းကြီးကျောင်းမှာ ကပ်နေရမယ့်အစား ကျွန်မနဲ့ အတူ အိမ်ထောင်ရက်သား မပြုချင်ဘူးလားရှင်'

'ပြု.....ပြု.....ပြု.....ပြုချင်တယ် ဆိုပါတော့'

'ဒါဖြင့် ငွေဘယ်လောက်စုမိပြီလဲ'

'ငါးစုထားတဲ့ငွေ ငါးရာရှိတယ်၊ နင်ငါ့ကို တကယ်ယူမယ်

ဆိုရင် အဲဒီငွေငါးရာ ပေးလိုက်မယ်ဟာ၊ အဲ.....ဒါပေမယ့် ငါ့ကိုတော့ မလိမ်နဲ့'

'တကယ်လား ဦးသူတော်ကြီးရဲ့'

'နင်ကယ်ပါ မယ်လိမ်ရဲ့'

'ဒါဖြင့် အဲဒီငွေငါးရာ ကျွန်မကိုပေး၊ ဒီညရှစ်နာရီ ကျော်ကျော်လောက် ကျွန်မအိမ်ကို တစ်ခါတည်းသာ လာခဲ့ပေတော့'

ဦးသူတော်ကိုတော့ သိပ်ပြီးခက်ခက်ခဲခဲ မသိမ်းသွင်းလိုက်ရ၊ ငွေငါးရာရခဲ့သည်။

မယ်လိမ်၏ဘဝ။ မွေးရာပါဗီဇပဲလားတော့ မပြောတတ်။

* * *

## (နှစ်)

'ဟော့.....ဒီရွာမှာ ဘယ်သူမှ လူမထင်ဘူးကွ၊ ညိုတုတ်တဲ့၊ တစ်တုတ်တည်းရှိတယ်၊ သတ္တိရှိရင် ထွက်ခဲ့ကြ၊ အူပွင့်သွားမယ်'

ကိုညိုတုတ် ဓားတဝင့်ဝင့်ဖြင့် လေးကွက်သိုင်းနင်းရင်း ရွာစွန်ရှိ သာအေးတိုပ ထန်းတောမှ မူးလာသည်။ ပါးစပ်ကလည်း ဤသို့ဤနှယ် ကြိမ်းဝါးလာသည်။

တွေ့လိုက်ပါပြီ။

မယ်လိမ်နှင့်.....

'အို.....ကိုညိုတုတ် ဘယ်လိုဖြစ်လာတာလဲရှင်၊ ကြည့်စမ်းပါဦး။ သိပ်မူးလာတယ် ထင်တယ်'

အရက်သမား လူရမ်းကားကြီး ကိုညိုတုတ် အနားသို့ လူမပြောနှင့် ခွေးတောင်မှ မကပ်ရဲ။

သို့သော် မယ်လိမ်ကပ်သည်။

ကိုညိုတုတ်အား ဖေးဖေးမမ ဝင်၍တွဲသည်။

'ဘယ်.....ဘယ်.....သူ.....လဲ'

'မယ်လိမ်ပါ ကိုညိုတုတ်၊ အသေအချာလဲ ကြည့်စမ်းပါဦးလို့'

မယ်လိမ်က ချွဲသံလေးဖြင့် ညုသည်။

'မယ်လိမ်.....မယ်လိမ် ဘာလဲ၊ နင်ငါ့ကို လိမ်မလို့လား'

'တော်ကြီးကလဲ ဘယ်လိုဖြစ်နေတာလဲ၊ တော်ကြီးကို မယ်လိမ် လိမ်ရင် အူပွင့်သွားမှာပေါ့တော့၊ တော်မူးလာတာ မြင်လို့ မယ်လိမ်က စေတနာသန့်သန့်နဲ့ အိမ်ကို တွဲပို့ပေးမလို့ပါ တော်ရဲ့'

'အမယ်.....မင်းကလေးက ငါ့ကိုတော့ ကြောက်သားပဲ'

'ကြောက်လဲ ကြောက်တယ်၊ အားလဲအားကိုးပါတယ် တော်

ရယ်၊ ရွာက ကာလသားတွေက ကျွန်မကို ရိသဲ့သဲ့လုပ်ကြတယ် ကိုညိုတုတ်ရဲ့'

ဘယ်ကောင်တွေလဲ၊ နင့်ကို ရိသဲ့သဲ့လုပ်တဲ့ကောင်တွေ ပြောစမ်း။ ရွာထိပ်က ဖန်းအောင်တို့၊ သောင်းညွှန့်တို့၊ ကျော်စိန်တို့လား'

'ဟုတ်.....ဟုတ်ပါတယ် ကိုညိုတုတ်ရယ်၊ တော့်ကို မယ်လိမ် အားကိုးပါရစေနော်၊ ဒါနဲ့ တော်ဘယ်ကပြန်လာတာလဲ'

'ဟဲ.....ဟဲ.....ဟဲရွာထိပ် ့ သာအေးတို့ ထန်းတောက ထန်းရည်သောက်ပြီး တောင်ဘက်ရွာက မောင်ဝင်းတို့နဲ့ ကြက်တိုက်တာ ငါးရာလောက်နိုင်ခဲ့သဟ'

'ဩော်..... ဟုတ်လား'

မယ်လိမ်ပြုံးမိသည်။ ရင်ထဲက ကျစ်လစ်သိပ်သည်းတဲ့အပြုံးမျိုး။

'အင်း.....တော့်မလဲ အခုအချိန် အိမ်ထောင်ရက်သားလေး ပြုဖို့ အချိန်ရောက်နေပြီ သားမယားမရှိတော့ ဖြစ်ချင်တိုင်း ဖြစ်နေတာပေါ့၊ လာ.....လာ၊ မယ်လိမ့်ကိုတွဲပြီး အသာလေး မှေးလိုက်ခဲ့၊ မယ်လိမ် ကိုညိုတုတ်အိမ်ရောက်အောင် လိုက်ပို့ပေးပြီး တော့်ကို ပြုစုပေးမယ်'

မယ်လိမ်က ကိုညိုတုတ်ကို မနိုင့်တနိုင်တွဲပို့သည်။ မယ်လိမ်၏ ထူးခြားသော အထိအတွေ့ကြောင့် ကိုညိုတုတ်တစ်ယောက် ထန်းရည်မူးတာတွေ ပြေသလောက် ဖြစ်သွားသည်။

'တော်ဘာလို့ အိမ်ထောင်မပြုသေးတာလဲ ကိုညိုတုတ်ရဲ့'

'ငါ့လို ထန်းရည်သမား၊ ကြက်သမားကို ဘယ်သူကလာကြိုက်မှာလဲဟ'

'အမယ်..... ဒီလိုစကားမျိုးမပြောစမ်းပါနဲ့၊ တကယ် ပြော

ရရင် ကျွန်မတော့ ရှင့်ကို အားကိုးချင်နေတာ ကြာပြီသိရဲ့လား'

'ဟ.....နင်တကယ်ပြောတာလား။ ငါ့ကိုတော့ မလိမ်နဲ့နော်'

'ဩော်.....ကိုညိုတုတ်ရယ်၊ ကျွန်မကိုညိုတုတ်ကို ဘယ်လိမ်ရဲပါ့မလဲ၊ လိမ်ရင်ဟောဒီဓားနဲ့ မယ်လိမ့်ကို တစ်ခါတည်း ထိုးသတ်ပစ်လိုက်၊ မယ်လိမ်သေရဲတယ် သိလား'

'အေး.....ဟုတ်တာပေါ့၊ ညိုတုတ်ကို ဘယ်လိမ်လို့ရမလဲ၊ ကဲဟာ.....နင့်ကိုငါယူမယ်'

'ကြည့်.....ချက်ချင်းကြီးဖြစ်လာပြီ'

'အေး.....ငါက ငါးပိဆိုရင် ဖုတ်ပြီးသားမှ၊ ငါးခြောက်ဆိုရင် လှဲ ကင်ပြီးသားမှ၊ မိန်းမဆိုရင်.....'

'အို.....ကိုညိုတုတ်ကလဲ ဘာတွေလျှောက်ပြောနေတာလဲ လို့၊ ကဲ.....ဒီလောက်တောင် ဖြစ်နေရင် ဒီနေ့ည ကိုးနာရီလောက် မယ်လိမ့်အိမ်ကို လာခဲ့ပေတော့'

ညိုတုတ်ရင်ထဲ ကုလားဘုရား လှည့်ပြီ။

မီးရထား အစင်းတစ်ရလောက် ဖြတ်မောင်းသလို ရင်တွေ ပန်းတွေ တုန်ကုန် ခုန်ကုန်ပြီ။

'ကဲပါ.....လာမယ် ဟုတ်လားလို့၊ ကိုညိုတုတ်ကြီးကလဲ'

'အေးပါဟ ဆက်ဆက်လာခဲ့ပါ့မယ်'

'ကဲ.....ကဲ.....ကဲ ဒီ ငွေငါးရာပေးလိုက်၊ တော်ကြာ မူးမူး ရူးရူးနဲ့ ကျပျောက်နေဦးမယ်'

'ရော့ဟာ'

'အသေအချာလာနော် ကိုညိုတုတ်၊ မယ်လိမ်က တော်ကြီးကို မျှော်နေမှာ၊ ရွှေဘိုသနပ်ခါးလေးလဲ ခြေဆုံးခေါင်းဆုံး လိမ်းထားမယ်'

မယ်လိမ်အိမ်ပြန်ခဲ့သည်။ အသပြာ ခြောက်ထောင်ရခဲ့

လေ၏။ တစ်နေ့တည်းနှင့် ဦးဘောကဆီက ငါးထောင်။
ဦးသူတော်ဆီက ငါးရာ။
ကိုညိုတုတ်ဆီက ငါးရာ။
အားလုံး ခြောက်ထောင်။
ငနဲကြီး သုံးကောင်သည် သည်ညလာကြတော့မည်။

* * *

(သုံး)

ညရှစ်နာရီ။

ဦးဘောဂရောက်လာသည်။

'လာ.....လာ.....ဦးဘောဂ၊ ကျွန်မလဲမျှော်နေတာနဲ့ အတော်ပဲ၊ ဟောဒီပိတ်ခြင်ထောင်ထဲ ခဏဝင်နေ၊ ကျွန်မရေချိုးလိုက်ဦးမယ်'

ဦးဘောဂသည် ထောင်၍ကားနေသော နှုတ်ခမ်းမွေးကြီးတွေကို ကော့ပျံနေအောင် လက်နှစ်ဖက်ဖြင့် သပ်လိုက်ပြီး ပြုံးဖြဲဖြဲနှင့် ခြင်ထောင်ထဲကို ဝင်သွားသည်။

အလို.....ကတ္တီပါမွေ့ရာကြီးကလဲ အိစက်ညက်ညောလို့ပါလား။ ဟား.....ဟား.....ဟား.....ဟား။ လေးဆယ်ကျော်မှာ ကံပေါ်တယ်ဆိုတာ ဒါမျိုးနေမှာပေ့ါ၊ အင်း.....အိုရချည်သေးရဲ့'

ဦးဘောဂသည် ပိတ်ခြင်ထောင်ကြီးထဲတွင် အတွေးနယ်ချဲ့စိတ်ကူးရင်း ပီတိတွေဖုံးလွှမ်းလျက် မယ်လိမ်ကို စောင့်မျှော်နေသည်။

ရှစ်နာရီကျော်ကျော်လောက်တွင် ခြင်ထောင် အနားသားလေး ကြွသွားပြီး ဝင်လာသည်။

'ဟိုက်'

'ဟာ'

ခေါင်းတုံးပြောင်ပြောင်နှင့် လူကြီးတစ်ယောက် ခြင်ထောင်ထဲဝင်လာသည်။

ဦးသူတော်ပေင်။

သူတို့နှစ်ယောက် တစ်ယောက်နှင့်တစ်ယောက် မသိကြ။ 'ဟိုက်'ခနဲ 'ဟာ'ခနဲ ဖြစ်သွားကြပြီး ခြင်ထောင် ထောင့်တစ်နေရာစီတွင် ခပ်ကုပ်ကုပ်လေး ထိုင်ရင်းစဉ်းစားနေကြသည်။

'ဒီနွတ်ခမ်းမွေးကားကားနဲ့ ငနဲကြီးက မယ်လိမ့် ဦးလေးလား။ အဖေပဲလား။ ငါလာမယ်ဆိုတာ သိလို့များ ခြင်ထောင်ထဲက ပုန်းပြီး စောင့်နေတာ ထင်ပါရဲ့၊ သူ့ကိုတော့ အလွတ်ပေးလို့ မဖြစ်ဘူး။ သတိနဲ့နေမှ အခုနေ ထွက်ပြေးရင် ရတော့မှာ မဟုတ်ဘူး' ဦးဘောဂသည် ကြောက်ကြောက်လန့်လန့်နှင့် ခြင်ထောင်ကြီး၏ ထောင့်တွင် ဆောင့်ကြောင့်ထိုင်ရင်း စဉ်းစားနေသည်။ ခေါင်းတုံးပြောင်ကြီးကို အလစ်မပေးဝံ့။

ထိုအချိန်တွင် အိမ်ရှေ့က ခုနစ်သံချီဟစ်လိုက်သော အရက်သမား လူမိုက်ကြီး ညိုတုတ်၏ အသံကို ခြင်ထောင်ထဲမှ ကြားလိုက်ရသည်။

'ဟဲ့.....ကောင်မ မယ်လိမ်'

'လာပြီ..... ကိုညိုတုတ်ရေ.....'

'မြန်မြန်လာစမ်း။ ငါ ပါးပိတ်ရိုက်ပစ်လိုက်ရမလား'

'လာပါပြီ ကိုညိုတုတ်ရယ်၊ ကြည့်...... သူအရက်တွေ သောက်လာပြန်ပြီ၊ လက်ထဲမှာကလဲ ဓားကြီးနဲ့၊ လူကို ထိုးမိပါဦးမယ်'

'ဒီမိန်းမ စကားမများနဲ့၊ ငါအိပ်ချင်တယ်'

'ထမင်းအရင်စားလိုက်ပါဦးလား ကိုညိုတုတ်ရယ်.....၊ ပြီးတော့ အိပ်တာပေါ့၊ မယ်လိမ်အိပ်ယာလဲ ခင်းပြီးသား။ ခြင်ထောင်လဲ ထောင်ပြီးပါပြီ၊ တော်က ဘာမဆို အရောင်သင့်ဖြစ်မှ ကြိုက်တယ် မဟုတ်လားတော်'

'မြတ်စွာဘုရား။ အရက်သမား လူမိုက်ကြီး ညိုတုတ်နဲ့

မယ်လိမ် ညားနေပါပကောလား။ မယ်လိမ်တော့ ငါ့ကို 'လိမ်'ပြီ၊ အကယ်၍ ညိုတုတ်များ ငါ့ဒီခြင်ထောင်ထဲ ရောက်နေမှန်း သိရင်တော့ ငါ အသေပဲ၊ ဒီကောင်က လူမိုက်တစောက်ကန်း'

ဤသို့လျှင် အထက်ပါအတိုင်း တွေးရင်း ဦးဘောဂတစ်ယောက် ဇောချွေးများ တဖြိုက်ဖြိုက်ကျလာသည်။

ဦးဘောဂနှင့် ဦးသူတော်တို့ နှစ်ယောက်စလုံး သို့ကလို စဉ်းစားမိကြရင်း ကြောက်ဒူးတွေ တုန်နေကြသည်။ ထွက်လည်း မပြေးရဲ။ ညိုတုတ်အကြောင်းကို သူတို့နှစ်ယောက်စလုံးက သိကြသည်။

မလွယ်ကြောပါလား။

ကိုညိုတုတ်သည် အိမ်ရှေ့ထမင်းဝိုင်းတွင် ထိုင်ရင်း မွှေးမွှေးနှင့် တွေ့ကရာတွေ ကြိမ်းဝါးလေလေ ခြင်ထောင်ထဲက ဦးဘောဂနှင့် ဦးသူတော်တို့က ကြောက်ဒူးတုန်တုန်လေ။

ကြည့်ပါဦးလေ။

ဟင်းကလည်း ဘဲဥရေလုံးပြုတ်၊ ပြီးတော့ နုတ်ခမ်းမွှေးကြီးတွေရှိတဲ့ ပုစွန်တုပ်အကောင်ကြီးတွေကို ရဲနေအောင်ကြော်ထားသည်မို့လား။

'ကဲ.....စားလေ ကိုညိုတုတ်'

'စားတာပေါ့ မယ်လိမ်ရယ်၊ ဖြည်းဖြည်းပေါ့၊ ငါ့ကို အရက်ငှဲ့ပေးစမ်းပါဦးဟ၊ ဩော်.....ဒါနဲ့ နင့်ကိုစော်ကားတယ်ဆိုတဲ့ အကောင်တွေကိုငါ ဒီညသတ်မယ်'

'ဒါလောက် ဒေါသမကြီးပါနဲ့ဦး ကိုညိုတုတ်ရယ်၊ ရှင်သတ်ချင်ရင် သတ်ရပါစေမယ်၊ သူတို့တွေကို မယ်လိမ် မာယာနဲ့ ခေါ်ထားပါတယ်တော်ရဲ့'

မယ်လိမ်က တိုးတိုးပြောသည်။

ဒါကို ဦးဘောကနဲ့ ဦးသူတော်တို့နှစ်ယေ ာက် ကြားလိုက်ရသဖြင့် ကြက်သီးတဖြန်းဖြန်း ထသွားကြသည်။ ဖျားချင်သလိုဖြစ်ကုန်ကြသည်။

'ကဲ.....စားလေ ကိုညိုတုတ်ရဲ့'

ဟင်းပန်းကန်နှစ်ခွက်ကို ကိုညိုတုတ်ရှေ့သို့ မယ်လိမ်က မသိမသာ ရွှေ့ပေးသည်။ ကိုညိုတုတ်သည် နှုတ်ခမ်းမွေးကားကားနှင့် ပုစွန်တုပ်ကြီးကို ကြည့်ရင်းပြောလိုက်သည်။

'နှုတ်ခမ်းမွေးကို အရင်စားမလား'

ဦးဘောဂသည် ထောင်နေသော သူ၏ နှုတ်ခမ်းမွေးကို ယောင်ယမ်း၍ လက်ဖြင့် စမ်းလိုက်ရင်း တုန်သွားသည်။

'ခေါင်းတုံးပြောင်ကို အရင်စားရမလား'

ဘဲဥပြောင်ပြောင်ကိုကြည့်ရင်း ရွတ်ဆိုလိုက်သော ကိုညိုတုတ်အသံကြောင့် ဦးသူတော်သည် ခေါင်းတုံးကို လက်ဖြင့်ပွတ်လိုက်ရင်း လန့်သွားသည်။

နှုတ်ခမ်းမွေးနှင့် ကတုံး။

သူတို့နှစ်ယောက် ထခုန်မိမတတ် ဖျားသွားသည်။

'ဘယ်ဟာ အရင်စားရမလဲ မယ်လိမ်'

'ကြိုက်တာပေ့ါတော်၊ နှုတ်ခမ်းမွေးဖြစ်ဖြစ်၊ ခေါင်းတုံးဖြစ်ဖြစ် တော့်လက်ထဲမှာ ဥစ္စာ'

'အမယ်လေး'

'ဗုဒ္ဓေါ'

'ဒုက္ခပါပဲ'

ခြင်ထောင်ထဲ နှစ်ယောက်သား မျက်လုံးတွေ ပြူးအစ်ကုန်ပြီး အသားတွေ တဆတ်ဆတ်တုန်နေလေပြီ။

'ကိုညိုတုတ်'

'ဗျ.....'

'ကျုပ်ကို ရိသဲ့သဲ့လုပ်ပြီး စော်ကားတဲ့ ကောင်နှစ်ကောင်ကိုတော့ မသတ်ပါနဲ့တော်'

'သတ်မယ်ဟာ'

'သနားပါတယ်တော်'

'ဒီကောင်တွေကို သတ်ရမှ ကျေနပ်မယ်ကွ၊ ဘယ်မလဲ ဒီကောင်တွေ'

ခြင်ထောင်ကြီးမှာ ဝုန်းခနဲပွင့်သွားပြီး ထမင်းပွဲရှေ့မှ ဖြတ်၍ နှစ်ယောက်သား ဖနောင့်နဲ့တင်ပါး တစ်သားတည်းနေအောင် ထွက်ပြေးကြတော့သည်။

ဦးဘောဂနဲ့ ဦးသူတော်တို့ပေါ့။

မယ်လိမ်အော်ပါလေတော့သည်။

'သူတို့ပေါ့.....သူတို့ပေါ့လိုက်.....လိုက်၊ မြန်မြန်လိုက် ကိုညိုတုတ်'

မူးနေသော ကိုညိုတုတ်သည် ဓားကိုကိုင်ရင်း ဦးဘောဂနှင့် ဦးသူတော်တို့နောက်သို့ တအားလိုက်တော့သည်။

ဦးဘောဂက ရှေ့ဆုံးမှပြေးသည်။

ဦးသူတော်က အလယ်ကလိုက်သည်။

နောက်ဆုံးတွင် ကိုညိုတုတ်။

လသာသာတွင် ပြေးတမ်းလိုက်တမ်း ကစားနေကြသည်။

ဦးဘောဂက ဝသည်။

ဦးသူတော်က ဖက်တီး။

ကိုညိုတုတ်က အရက်ဖော ဖောနေသဖြင့် တစ်နာရီ ခန့်အကြာတွင် မပြေးနိုင်ရှာတော့။ ကသစ်ပင်ကြီး ခြေရင်းတွင် သုံးယောက်စလုံး အမောဆို့၍ သေမတတ်ဖြစ်နေကြရင်း ဆုံးမိကြ

သည်။

အမောပြေသည်နှင့် ဦးဘောဂဂ သူ့အဖြစ်အပျက်ကို ပြောပြရင်း မသတ်ရန် ကိုညိုတုတ်ကို ရှိခိုးဦးချတောင်းပန်သည်။

ဦးသူတော်ကလည်း သူ့အကြောင်းကို ပြောပြသည်။

ကိုညိုတုတ်တစ်ယောက် အမူးပြေလေပြီ။

ပြီးတော့ သူ၏ငွေငါးရာကိုလည်း မယ်လိမ် လိမ်ယူသွားပုံများကို ပြန်ပြောပြသည်။

သုံးယောက်စလုံး လုလုပပလေး အလိမ်ခံလိုက်ရပါပြီကော။

'တောက်.....ဒီကောင်မကို သတ်မယ်'

'ကျုပ်က အရေခွာပစ်မယ်'

'အို.....အရေခွာပြီး ဆားနဲ့နယ်မယ်'

သို့ကလို တစ်ယောက်တစ်ပေါက် ကြိမ်းဝါးကြ၏။

အမောပြေလောက်တော့ သူတို့သုံးယောက် ရွာပြန်ရောက်သွားကြသည်။

မယ်လိမ်မရှိတော့။

မြေလျှိုးသွားပြီလား။

မိုးပျံသွားပြီလား။

လစ်သွားပြီ။

အသပြာ ခြောက်ထောင်ပိုက်၍ မယ်လိမ်တစ်ယောက် လစ်ပြေးသွားပြီ ဖြစ်ပါ၏။

မယ်လိမ်.....မယ်လိမ်။

ပြေးလေဦးတော့ မယ်လိမ်။

* * *

(လေး)

ဤအချိန်မှစ၍ မယ်လိမ်တစ်ယောက် ကလိမ်လည် ရှာမှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေသည်။ ဦးဘောဂတို့ သုံးဦးမှာလည်း မယ်လိမ်အား ထမင်းထုပ်ကြီးနှင့် ရှာပေဦးတော့။ မတွေ့ရေးချ မတွေ့။

မယ်လိမ်တစ်ယောက် မည်သို့သော ပုရိသလူသားများကို ဆက်လက် လိမ်ညာဦးမည်နည်း။ သို့သော် သူမ၏ လိမ်ညာမှုများသည် တစ်နေ့နေ့တစ်ချိန်ချိန် သူမအား ကြီးမားသော နောင်တတရားရလိမ့်မည်ကို သူမ သိရှိလာပေလိမ့်မည်။

ထိုနေ့သည် မယ်လိမ့်ဘဝကောင်းမွန်လာသော နေ့ပင် ဖြစ်ပေလိမ့်မည်။

ဆွေလှိုင်ဦး

အမြန်ဝယ်ယူပြီး လေ့လာသင့်သော
အင်္ဂလိပ်စကားပြောစာအုပ်

# ဆရာ ဦးမိုးမြင့် B.Sc

# အမေးအဖြေ

# အင်္ဂလိပ်စကားပြော

# Q & A

အင်္ဂလိပ်စကားပြောကြရာတွင် အလွန်အသုံးဝင်
အသုံးများသော မေးခွန်းများနှင့် အဖြေများကို
စာသင်သက် (၃၅)နှစ်ရှိပြီဖြစ်သော
ဆရာကြီးတစ်ဦး၏
ထူးထူးခြားခြား ရေးသားတင်ပြချက်များကို
စုစည်းထားသည်။

ထွက်နေပြီ

စာမူခွင့်ပြုချက်အမှတ် ၆၇/၂၀၀၂(၂)

(စာအုပ်တန်ဘိုးနည်းသော်လည်း အထင်မသေးနှင့်)